# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


### အကျိုးစီးပွားဖြစ်ထွန်းနိုင်

မိမိရရှိထားသော ဥစ္စာပစ္စည်းတို့သည် လည်းကောင်း၊ သဒ္ဓါတရားတို့သည် လည်းကောင်း ပိုင်ဆိုင်ထားရုံ၊ မိမိနှင့် အတူရှိရုံမျှနှင့် အကျိုးမရှိချေ။ ယင်းတို့ကို အသုံးပြု၍ ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ပြုလုပ်နိုင်ခြင်းသည်သာလျှင် အကျိုးစီးပွားဖြစ်ထွန်းနိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)


၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၁ ရက် ၂၀၁၈ ခုနှစ်၊ ဩဂုတ် ၇ ရက်၊ အင်္ဂါနေ့ အတွဲ (၅၇)၊ အမှတ် (၁၀၉)


# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဂျပန်နိုင်ငံခြားရေးဝန်ကြီးအား လက်ခံတွေ့ဆုံ

## မြန်မာ - ဂျပန် နှစ်နိုင်ငံ ပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ဖော်ဆောင်ရေးဆွေးနွေး



**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ တာရိုခိုနို အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။**
သတင်းစဉ်

**နေပြည်တော် ဩဂုတ် ၆**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ တာရိုခိုနို ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ဂျပန် နှစ်နိုင်ငံ ဆက်ဆံရေးနှင့် နှစ်နိုင်ငံပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ဖော်ဆောင်ရေး၊ မြန်မာနိုင်ငံတွင် ဖြစ်ပေါ်လျက်ရှိသည့် ရေကြီးရေလျှံမှုများအတွက် အကူအညီများပေးအပ်ရေး၊ ရန်ကုန်မြို့ပြဖွံ့ဖြိုးရေး၊ မြန်မာနိုင်ငံ ဒီမိုကရေစီဖြစ်စဉ်၊ ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ကဏ္ဍအသီးသီးတွင် ပူးပေါင်းဆောင်ရွက်ရေး၊ ရခိုင်ပြည်နယ်အတွင်းမှ နေရပ်စွန့်ခွာသူများကိစ္စနှင့်စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ❐

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဂျပန်နိုင်ငံခြားရေးဝန်ကြီးအား လက်ခံတွေ့ဆုံ

## လူသားချင်းစာနာထောက်ထားမှုအကူအညီများ ပေးအပ်မည့် ကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေး



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ တာရိုခိုနို အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**
သတင်းစဉ်

**နေပြည်တော် ဩဂုတ် ၆**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ တာရိုခိုနိုအား နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ယနေ့နံနက် ၁၀ နာရီတွင် လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ဂျပန်နိုင်ငံက မြန်မာနိုင်ငံရှိ ရေဘေးသင့်ပြည်သူများအတွက် ရေတိုင်ကီများ၊ ရွက်ဖျင်တဲများ ကူညီပံ့ပိုးလှူဒါန်းမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများအား ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကို အထောက်အပံ့ပြုနိုင်ရေးအတွက် မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂအေဂျင်စီတို့အကြား လက်မှတ်ရေးထိုးခဲ့သည့် နားလည်မှုစာချွန်လွှာအား အကောင်အထည်ဖော်ရာ၌ တိုးတက်မှုများရရှိနေသည့်ကိစ္စ၊ ရခိုင်ပြည်နယ်၏ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အသိုက်အဝန်းများအကြား ရင်ကြားစေ့ရေးနှင့် သဟဇာတဖြစ်ရေးအတွက်

*စာမျက်နှာ ၃ ကော်လံ ၅* ◆


KBZ BANK
STRENGTH OF MYANMAR

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

# လယ်ယာလုပ်သားရှားပါးမှုနှင့် ရိုးစင်းသေးငယ်သော စက်ကိရိယာများ

တိုင်းပြည်လူဦးရေ၏ သုံးပုံနှစ်ပုံသည် လယ်ယာစိုက်ပျိုးရေးအပေါ်မှီခိုနေရသော ကျေးလက်ပြည်သူများ ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံတော်၏အမျိုးသားရေးလိုအပ်ချက်ဖြစ်ပါသည်။ ပစ္စုပ္ပန်ကာလ၌ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၏ အဓိကအခက်အခဲတစ်ရပ်မှာ လယ်ယာလုပ်သားရှားပါးခြင်းဖြစ်ပါသည်။ ဤကဲ့သို့ လယ်ယာလုပ်သားရှားပါးခြင်း၏ အဓိကအကြောင်းရင်းမှာ လယ်ယာလုပ်သားတို့၏ ဝင်ငွေသည် ဘဝရပ်တည်ရေးအတွက် မလုံလောက်သောကြောင့် ဖြစ်ပါသည်။

တိုင်းပြည်၏လယ်သမားအများစုဖြစ်သော လုပ်ကွက်ငယ်လယ်သမားတို့အနေဖြင့် လယ်ယာလုပ်သားတို့၏လုပ်အားခကို ယခုထက်သိသိသာသာတိုးမြှင့်ပေးရန် အခက်အခဲရှိပါသည်။ လယ်ယာလုပ်သားရှားပါးလာခြင်းနှင့်အတူ ကျွဲ၊ နွားများအလုံအလောက်ရရှိရန်ခက်ခဲမှုက ဤပြဿနာကို ဖြေရှင်းရန် ပိုမိုခက်ခဲစေပါသည်။ လေ့လာသုံးသပ်သူတို့၏ တင်ပြချက်အရ မြန်မာနိုင်ငံ၏စပါးကျီဟု ပြောနိုင်သော ဧရာဝတီတိုင်းဒေသကြီးအပါအဝင် ပဲခူးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် လယ်ယာလုပ်သားများ ရှားပါးနေသကဲ့သို့ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင်လည်း လယ်ယာလုပ်သားများ ရှားပါးလျက်ရှိပါသည်။

စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်မည်ဆိုပါက ဤလယ်ယာလုပ်သားရှားပါးမှုပြဿနာကို ကိုင်တွယ်ဖြေရှင်းနိုင်မည် ဖြစ်ပါသည်။ သို့သော် ပစ္စုပ္ပန်ကာလ လယ်သမားတို့၏ ဝင်ငွေအဆင့်အတန်းနှင့် တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးမှုအနေအထားတို့က စက်မှုလယ်ယာကူးပြောင်းရေးအား အပြည့်အဝဆောင်ရွက်ရန် အဟန့်အတားဖြစ်စေလျက်ရှိပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တောင်သူလယ်သမားတို့အနေဖြင့် လယ်ယာသုံးထွန်စက်ကြီးများ ဝယ်ယူနိုင်ရန် ကုမ္ပဏီများနှင့်ချိတ်ဆက်၍ အရစ်ကျဝယ်ယူရေးစနစ်တို့ကို ဖန်တီးပေးလျက်ရှိပါသည်။ သို့သော် လယ်ယာသုံးထွန်စက်ကြီးတို့၏ တန်ဖိုးသည် ကျပ်သိန်း ၂၀၀ မှ ၃၀၀ ဝန်းကျင်အထိ ရှိသည်ဖြစ်၍ လယ်သမားအများစုအနေဖြင့် အဆိုပါ လယ်ယာသုံးထွန်စက်ကြီးတို့ ဝယ်ယူရန် မတတ်နိုင် ဖြစ်ကြရပါသည်။ ကောက်ရိတ်သိမ်းစက်ကြီးများနှင့် ခြွေလှေ့စက်ကြီးများဝယ်ယူနိုင်ရေး၌လည်း လယ်သမားအများစုအနေဖြင့် အလားတူပြဿနာကိုပင် ရင်ဆိုင်ကြရပါသည်။

ဖွံ့ဖြိုးမှုအဆင့်အတန်း၌ မြန်မာနိုင်ငံနှင့်မတိမ်းမယိမ်းရှိသော တချို့သောဖွံ့ဖြိုးဆဲနိုင်ငံများတွင် လယ်ယာလုပ်သားရှားပါးမှုပြဿနာကို ဖြေရှင်းနိုင်ရန် နှစ်ဘီးတပ် လက်တွန်းထွန်စက်ငယ်တို့ကို တွင်တွင်ကျယ်ကျယ် အသုံးပြုကြပါသည်။ နှစ်ဘီးတပ် လက်တွန်းထွန်စက်ငယ်တို့သည် စက်မှုပိုင်းဆိုင်ရာတည်ဆောက်မှု၌ ရိုးစင်းသကဲ့သို့တန်ဖိုး၌လည်း များစွာသက်သာပါသည်။ သို့ဖြစ်ပါ၍ လယ်သမားအများစုသည် နှစ်ဘီးတပ်လက်တွန်းထွန်စက်တို့ကို ဝယ်ယူနိုင်စွမ်းရှိကြပြီး ပြင်ဆင်ရန်လိုအပ်ပါကလည်း လေ့ကျင့်မှု အနည်းငယ်ပံ့ပိုးပေးရုံမျှဖြင့် ဤနှစ်ဘီးတပ်လက်တွန်းထွန်စက်ငယ်တို့ကို ကျေးလက်ဒေသ၌ပင် ပြင်ဆင်နိုင်ကြပါသည်။ အလားတူ သဘောတရားအပေါ် အခြေခံထုတ်လုပ်ထားသည့် ရိုးစင်းသေးငယ်သောခြွေလှေ့စက်၊ ကောက်စိုက်စက်နှင့် ပေါင်းရှင်းစက်တို့သည်လည်း ကျယ်ပြန့်ကြီးမားသော ဖွံ့ဖြိုးမှုတို့ဖြစ်ပေါ်စေရန် ပံ့ပိုးပေးကြပါသည်။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ အနေဖြင့် တိုင်းပြည်၏ လယ်ယာလုပ်သားရှားပါးမှုပြဿနာအား ဖြေရှင်းနိုင်ရေးအတွက် ရိုးစင်းသေးငယ်သော လယ်ယာသုံးစက်ကိရိယာများ သုံးစွဲနိုင်ရေးအပေါ် အလေးအနက်သုံးသပ်သင့်ပါကြောင်း လေးစားစွာအကြံပြုတင်ပြအပ်ပါသည်။ ။

## သန်လျင်မြို့နယ်မှ ရွှေကျင်ရေဘေးသင့်ဒေသများသို့ သွားရောက်လှူဒါန်း

**ရန်ကုန် ဩဂုတ် ၆**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(သန်လျင်မြို့နယ်)အလုပ်အမှုဆောင်အဖွဲ့မှ ဦးဆောင်၍ ရပ်ကွက်ကျေးရွာ အမှုဆောင်များနှင့်စေတနာရှင်များ စုပေါင်းလှူဒါန်းထားသည့် အလှူငွေကျပ်သိန်း ၂၀ နှင့် ဆန်အိတ် ၁၀၀ အား ရွှေကျင်မြို့နယ်တံခွန်တိုင်ကျေးရွာတွင် သန်လျင်မြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးနေလင်းအောင်နှင့် အဖွဲ့ဝင်များက ယမန်နေ့က သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သန်းဝင်း (သန်လျင်)**

## မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၆**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**မိုး/ဇလ**




# တမူးမြို့၌ မြန်မာ- အိန္ဒိယ အပြည်ပြည်ဆိုင်ရာနယ်စပ် ဝင်/ထွက်ပေါက်ဖွင့်ပွဲ ဩဂုတ် ၈ ရက်၌ ကျင်းပမည်

**တမူး ဩဂုတ် ၆**

စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့၌ မြန်မာ- အိန္ဒိယအပြည်ပြည်ဆိုင်ရာနယ်စပ်ဝင်/ထွက်ပေါက်အား Border Pass စနစ်ဖြင့်ဖြတ်သန်းသွားလာခွင့်ပြုနိုင်ရေးအတွက် မြန်မာ- အိန္ဒိယနှစ်နိုင်ငံမှ မေ ၁၀ ရက်က နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးထားခဲ့ပြီး လာမည့်ဩဂုတ် ၈ ရက်တွင် မြန်မာ- အိန္ဒိယအပြည်ပြည်ဆိုင်ရာနယ်စပ် ဝင်/ထွက်ပေါက်ဖွင့်ပွဲ အခမ်းအနားကျင်းပရန် စီစဉ်ထားရှိကြောင်း သိရသည်။

အဆိုပါဂိတ်ဖွင့်လှစ်ပြီးပါက သက်တမ်းရှိသော နိုင်ငံကူးလက်မှတ်၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးမှ ထုတ်ပေးသည့် ပြည်ဝင်ဗီဇာနှင့် e-Visa ပါရှိသော မြန်မာနိုင်ငံသားများက အိန္ဒိယနိုင်ငံသို့ လည်းကောင်း၊ သက်တမ်းရှိသော နိုင်ငံကူးလက်မှတ်၊ သက်ဆိုင်ရာနိုင်ငံ၏ မြန်မာနိုင်ငံသံရုံးမှ ထုတ်ပေးသည့် ပြည်ဝင်ဗီဇာသို့မဟုတ် e-Visa ရှိသည့် အိန္ဒိယနိုင်ငံသားနှင့် အိန္ဒိယနိုင်ငံသားမဟုတ်သည့် တခြားနိုင်ငံခြားသား(တတိယနိုင်ငံသား)များသည် မြန်မာနိုင်ငံသို့ ဝင်ထွက်သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် သံတမန်နိုင်ငံကူးလက်မှတ်နှင့် အထူးနိုင်ငံကူးလက်မှတ်ကိုင်ဆောင်ထားသည့် အိန္ဒိယနိုင်ငံသားများအား ပြည်ဝင်ဗီဇာကင်းလွတ်ခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းမင်းအောင်(ကဘော်မြေ)**

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ဂျပန်နိုင်ငံခြားရေးဝန်ကြီးအား နေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံ

**နေပြည်တော် ဩဂုတ် ၆**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ တာရိုခိုနို ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ Park Royal ဟိုတယ်၌ နေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ **(အောက်ပုံ)**

**သတင်းစဉ်**



## သထုံနှင့် ကျိုက်မရောရှိ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများလှူဒါန်း

**နေပြည်တော် ဩဂုတ် ၆**

သထုံမြို့နယ်အတွင်း ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လျက်ရှိသည့် ရှမ်းစုကျေးရွာနှင့် ဒလပန်းကျေးရွာတို့ရှိ ရေဘေးသင့်ပြည်သူများအတွက် ထမင်းထုပ်များ၊ ရေသန့်ဘူးများ၊ ဖယောင်းတိုင်များ စုစုပေါင်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀ အား ယမန်နေ့က သထုံမြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များက သွားရောက်လှူဒါန်းသည်။

အလားတူ ကျိုက်မရောမြို့နယ် ထားဝယ်ကျောင်းဓမ္မာရုံ ရေဘေးကယ်ဆယ်ရေးစခန်းရှိ ရေဘေးသင့်ပြည်သူများအတွက် ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး သက်နိုင်၊ ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များ စုပေါင်းလှူဒါန်းသည့် ခေါက်ဆွဲခြောက်ထုပ်များနှင့် သောက်ရေသန့်ဘူးများကို ယနေ့နံနက်က ကယ်ဆယ်ရေးစခန်းသို့ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ချင်းတွင်း၊ စစ်တောင်း၊ သံလွင်နှင့် ငဝန်မြစ်များ၏ စိုးရိမ်ရေမှတ်အခြေအနေ

**နေပြည်တော် ဩဂုတ် ၆**

ယနေ့မွန်းလွဲ ၂ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မင်းကင်းမြို့တွင် ပေဝက်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း နှစ်ပေခွဲခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**စစ်တောင်းမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် သုံးပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း တစ်ပေခွဲခန့် ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**သံလွင်မြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် သုံးပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း တစ်ပေခန့် ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ငဝန်မြစ်ရေ စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ငဝန်မြစ်ရေသည် သာပေါင်းမြို့တွင် နှစ်လက်မခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။ သို့ဖြစ်ပါ၍ မဒေါက်မြို့ မင်းကင်းမြို့နယ်၊ ဘားအံမြို့နယ်နှင့် သာပေါင်းမြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

## တက္ကသိုလ်ဝင်ခွင့်စာရင်း ကြေညာမည့်ရက် ပြောင်းလဲခြင်း

ပညာရေးဝန်ကြီးဌာနရှိ သီးခြားတက္ကသိုလ်ဝင်ခွင့် လျှောက်လွှာခေါ်ယူသည့် အောက်ဖော်ပြပါ တက္ကသိုလ်(၁၁)ကျောင်း၏ ဝင်ခွင့်စာရင်းကြေညာမည့်ရက်၊ ငွေသွင်း မှတ်ပုံတင်ရမည့်ရက်များကို ကြေညာထားပြီးဖြစ်သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ရက်ပြောင်းလဲကြောင်း အသိပေးအပ်ပါသည်-

(၁) ရန်ကုန်နည်းပညာတက္ကသိုလ်
(၂) မန္တလေးနည်းပညာတက္ကသိုလ်
(၃) နည်းပညာတက္ကသိုလ်(မန္တလေး)
(၄) သတင်းအချက်အလက်နည်းပညာတက္ကသိုလ်
(၅) မန္တလေးကွန်ပျူတာတက္ကသိုလ်
(၆) ရန်ကုန်တက္ကသိုလ်
(၇) မန္တလေးတက္ကသိုလ်
(၈) ရန်ကုန်စီးပွားရေးတက္ကသိုလ်(ရွာသာကြီးနယ်မြေ)
ရန်ကုန်စီးပွားရေးတက္ကသိုလ်(လှိုင်နယ်မြေ)
(၉) ရန်ကုန်ပညာရေးတက္ကသိုလ်
(၁၀) ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်
(၁၁) မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်

ဝင်ခွင့်စာရင်းကြေညာမည့်ရက် - ၁၇-၉-၂၀၁၈
ငွေသွင်းမှတ်ပုံတင်ရမည့်ရက် - ၁၇-၉-၂၀၁၈ မှ ၁၇-၁၀-၂၀၁၈ ထိ



◆ *ရှေ့ဖုံးမှ*

မြန်မာအစိုးရမှ ကြိုးပမ်းဆောင်ရွက်နေသည့်ကိစ္စနှင့် လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်တစ်ရပ် ဖွဲ့စည်းခဲ့ခြင်းကိစ္စတို့အပေါ် ကြိုဆိုကြောင်း ပြောကြားခဲ့သည်။

ရခိုင်ပြည်နယ်အရေးကိစ္စတွင် ဂျပန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်လာမည့်သူများအတွက် အိမ်ရာများ ဆောက်လုပ်ရာတွင် လိုအပ်သည့်အကူအညီများပေးအပ်ရေး၊ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မော်တော်ကားလမ်းများနှင့် ကျောင်းများ ဆောက်လုပ်ပေးရေးနှင့် ရခိုင်ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးအတွက် ကူညီဆောင်ရွက်ပေးမည်ဖြစ်ပြီး မြန်မာနိုင်ငံနှင့် အပြုသဘော ဆက်လက်ပူးပေါင်းဆောင်ရွက်ကာ လူသားချင်းစာနာထောက်ထားမှုအကူအညီများ ပေးအပ်မည့်ကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ တာရိုခိုနို ဦးဆောင်သည့်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။**
သတင်းစဉ်

# မြန်မာ-ဂျပန် နှစ်နိုင်ငံ ပူးတွဲ သတင်းစာရှင်းလင်းပွဲ ကျင်းပ

နေပြည်တော် ဩဂုတ် ၆

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ တာရိုခိုနိုတို့သည် ယနေ့နံနက်ပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ တွေ့ဆုံကြသည်။**

တွေ့ဆုံပွဲအပြီးတွင် မြန်မာ-ဂျပန် နှစ်နိုင်ငံပူးတွဲသတင်းစာ ရှင်းလင်းပွဲကို ကျင်းပရာ ရှေးဦးစွာ ဂျပန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ တာရိုခိုနိုက "မြန်မာနိုင်ငံ နေရာတော်တော်များမှာ ဖြစ်ပွားနေတဲ့ ရေကြီးမှုနဲ့ပတ်သက်ပြီး ဒုက္ခတွေခံစားနေရတဲ့ ပြည်သူပြည်သားတွေကို စာနာမိပါကြောင်း ပြောကြားလိုပါတယ်။ ဂျပန်အစိုးရအနေနဲ့ ရေတိုင်ကီနဲ့ ရွက်ဖျင်တဲတွေ ပေးအပ်ဖို့ ချဉ်းကပ်ခဲ့ပါတယ်။ နေထိုင်မှုဘဝတွေ အမြန်ဆုံး ပြန်လည်ထူထောင်နိုင်ရေးအတွက် ဆုတောင်းအပ်ပါတယ်။

## ကူညီထောက်ပံ့ရေးအစီအစဉ်တွေဆောင်ရွက်နေ

ဂျပန်နိုင်ငံ အနောက်ပိုင်းဒေသ ရေကြီးမှုနဲ့ပတ်သက်ပြီး နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နဲ့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့က မြန်မာပြည်သူပြည်သားတွေအားလုံးကို ကိုယ်စားပြုပြီး နွေးထွေးစွာစာနာမိပါကြောင်း ပြောကြားပေးတဲ့အတွက် အထူးကျေးဇူးတင်ပါကြောင်း ပြောကြားလိုပါတယ်။ ဒီနေ့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နဲ့ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုတွေ မူဝါဒတွေနဲ့ ပတ်သက်ပြီး ထပ်မံအတည်ပြုခဲ့ပါတယ်။ အရင်ဇူလိုင်လ ခရီးစဉ်တုန်းက ရန်ကုန် မြို့ပြ ဖွံ့ဖြိုးတိုးတက်ရေး၊ သယ်ယူပို့ဆောင်ရေးနဲ့ လျှပ်စစ်မီးကဏ္ဍတွေမှာ မြန်မာပြည်သူတွေရဲ့ နေထိုင်မှုဘဝအဆင့်မြှင့်တင်သွားဖို့ လက်တွေ့ခံစားနိုင်အောင် ကူညီထောက်ပံ့သွားမယ်ဆိုတာ ကတိပြုခဲ့ပါတယ်။ ဂျပန်နိုင်ငံ အနေနဲ့ ကူညီထောက်ပံ့ရေးအစီအစဉ်တွေကို သေသေချာချာဆောင်ရွက်နေပါတယ်။

ရခိုင်ပြည်နယ်ရဲ့ အခြေအနေနဲ့ပတ်သက်လို့ အင်မတန်တန်ဖိုးရှိတဲ့ အမြင်ချင်းဖလှယ်မှုကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ရခိုင်ပြည်နယ်ငြိမ်းချမ်းမှုနဲ့ တည်ငြိမ်အေးချမ်းမှုဟာ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီနိုင်ငံ ထူထောင်နိုင်ရေး အောင်မြင်စေဖို့အတွက် အရေးကြီးတယ်လို့ ယူဆပါတယ်။ ဂျပန်အစိုးရအနေနဲ့ မြန်မာအစိုးရရဲ့အခုတလော ဆောင်ရွက်ချက်ဖြစ်တဲ့ လွတ်လပ်တဲ့ စုံစမ်းစစ်ဆေးရေးကော်မရှင် ဖွဲ့စည်းမှု၊ ကုလသမဂ္ဂ အဖွဲ့အစည်းတွေနဲ့ MoU လက်မှတ်ရေးထိုးခဲ့တာကို တန်ဖိုးထားပါတယ်။ ဒီဆောင်ရွက်ချက်ကို အခြေခံပြီး မြန်မာအစိုးရအနေနဲ့ လွတ်လပ်တဲ့ စုံစမ်းစစ်ဆေးရေးကော်မရှင်ထံက ယုံကြည်နိုင်မှုနဲ့ ပွင့်လင်းမြင်သာမှုရှိတဲ့ စုံစမ်းစစ်ဆေးမှု ဆောင်ရွက်နိုင်ဖို့၊ ကုလသမဂ္ဂနဲ့ ပူးပေါင်းဆောင်ရွက်ရေးကို တိုက်တွန်းသွားဖို့ ၊ ဒုက္ခသည်တွေကို ပြန်လည်နေရာချထားရေး နေရာဖန်တီးပေးဖို့၊ ပြည်တွင်းဒုက္ခသည်စခန်း IDP စခန်းတွေပိတ်သိမ်းဖို့ကိစ္စတွေနဲ့ ပတ်သက်လို့ ပိုမိုပြီး ဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားခဲ့ပါတယ်။

## နှစ်နိုင်ငံပြည်သူသွားလာမှုတွေ များပြား

ဂျပန်အစိုးရအနေနဲ့ ဆက်လက်ပြီး ဒီကိစ္စကိုဖြေရှင်းနိုင်ဖို့အတွက် မြန်မာပြည်သူပြည်သားတွေနဲ့လက်တွဲပြီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နဲ့အတူ စဉ်းစားသုံးသပ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဂျပန်နိုင်ငံကနေ မြန်မာနိုင်ငံကို နှစ်စဉ်လာရောက်တဲ့ခရီးသည်ဦးရေဟာ ၂၀၁၆ ခုနှစ်မှာ တစ်သိန်းကျော်သွားပြီ ဖြစ်ပါတယ်။ ဂျပန်နိုင်ငံမှာ နေထိုင်တဲ့ မြန်မာနိုင်ငံသားဦးရေဟာ ၂၀၁၇ ခုနှစ်မှာ နှစ်သောင်းကျော်သွားပြီ ဖြစ်ပါတယ်။ နှစ်နိုင်ငံပြည်သူသွားလာမှုတွေ ပိုပြီးများပြားလာတာ တွေ့ရပါတယ်။

ဒီနှစ် အောက်တိုဘာလ ၉ ရက်နေ့မှာ မဲခေါင် - ဂျပန် ထိပ်သီးအစည်းအဝေးကို ဂျပန်နိုင်ငံ တိုကျိုမြို့မှာ ကျင်းပသွားဖို့ရှိပါတယ်။ ဂျပန်နိုင်ငံနဲ့ မြန်မာနိုင်ငံအပါအဝင် မဲခေါင်ဒေသနိုင်ငံတွေ၊ ပြည်သူပြည်သားတွေ ဆက်ဆံမှုတိုးပွားစေရေး၊ ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုတွေနဲ့ပတ်သက်ပြီး ဆောင်ရွက်ချက်တွေကို ဆွေးနွေးသွားဖို့ ရှိပါတယ်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ မဲခေါင်- ဂျပန် ထိပ်သီးအစည်းအဝေးကိုတက်ရောက်ပြီး နှစ်နိုင်ငံဆက်ဆံရေး မြှင့်တင်ဖို့အတွက် အခွင့်အလမ်းကောင်း ဖြစ်လာမယ်လို့ မျှော်လင့်ပါတယ်" ဟု ပြောကြားသည်။

## တူညီတဲ့အတွေ့အကြုံတွေကို ဖြတ်သန်းခဲ့

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က "ဂျပန်နိုင်ငံခြားရေးဝန်ကြီး လာရောက်ခြင်းဟာ နှစ်နိုင်ငံရေရှည်ပူးပေါင်းဆောင်ရွက်မှုနဲ့ ပြည်သူပြည်သားများရဲ့ ခင်မင်ရင်းနှီးမှုဟာ ပိုပြီးတော့ အဓိကကျတယ်ဆိုတာ ပြသခြင်းဖြစ်ပါတယ်။ အစိုးရနှစ်ခုကြားမှာ အပြန်အလှန်နားလည်မှု၊ အပြန်အလှန်လေးစားမှုရှိတဲ့အတိုင်း ပွင့်ပွင့်လင်းလင်းဆွေးနွေးနိုင်ခဲ့ပါတယ်။ ဒီလို ပွင့်ပွင့်လင်းလင်း ဆွေးနွေးနိုင်ခြင်းဟာ နှစ်နိုင်ငံစလုံးအတွက် အကျိုးဖြစ်မယ်လို့ ထင်ပါတယ်။ ကျွန်မတို့နှစ်နိုင်ငံဟာ ဘဝတူတွေပဲဖြစ်တယ်လို့လည်း ပြောလို့ရပါတယ်။ အင်မတန်မှ တူညီတဲ့အတွေ့အကြုံတွေကို ဖြတ်သန်းခဲ့ရပါတယ်။

ဂျပန် နိုင်ငံခြားရေးဝန်ကြီး ပြောသွားတဲ့အတိုင်း မကြာခင်က ကျွန်မတို့နိုင်ငံမှာ ရေကြီးမှုတွေဖြစ်ပါတယ်။ ဂျပန်နိုင်ငံမှာလည်း ရေကြီးမှုတွေ ဖြစ်ပါတယ်။ ကျွန်မတို့က ဖွံ့ဖြိုးစနိုင်ငံ၊ ဂျပန်နိုင်ငံကတော့ ဖွံ့ဖြိုးတိုးတက်ပြီးသားနိုင်ငံတစ်နိုင်ငံဖြစ်ပေမယ့် နှစ်နိုင်ငံစလုံးဟာ သဘာဝဘေးအန္တရာယ်တွေ၊ လူတို့နဲ့ ပတ်သက်တဲ့ အန္တရာယ်တွေဆိုရင် ရင်ဆိုင်ရတာချင်းဟာ စိန်ခေါ်မှုအတူတူပဲလို့ဆိုတာကို ကျွန်မတို့တွေ့ရတဲ့အတွက် ပိုပြီးတော့ နီးစပ်မှုဖြစ်ရပါတယ်။ ကျွန်မတို့ရဲ့ ဘေးဒုက္ခသည်တွေနဲ့ ပတ်သက်လို့ ဂျပန်နိုင်ငံကပေးတဲ့ အကူအညီတွေအတွက် ကျေးဇူးတင်ပါတယ်။ ကျွန်မတို့ကတော့ စေတနာတွေပဲ ပေးနိုင်ပါတယ်ဆိုရင်လည်း စေတနာတွေ အများကြီးပေးပါတယ်။

## အပြုသဘောဆောင်တဲ့ အကျိုးဆက်

အခုအချိန်မှာဆိုရင် တစ်ကမ္ဘာလုံးက စိတ်ဝင်စားနေတဲ့ ရခိုင်အရေးကိုလည်း ပွင့်ပွင့်လင်းလင်း ဆွေးနွေးနိုင်ခဲ့ပါတယ်။ ဒီလိုဆွေးနွေးတဲ့အခါမှာ ဂျပန်နိုင်ငံက မိတ်ဆွေတစ်ယောက်အနေနဲ့ ဘယ်လိုကူညီရမလဲ၊ ပြဿနာကို ဘယ်လိုဖြေရှင်းရမလဲဆိုပြီး အဓိကထားချဉ်းကပ်တာမို့ အင်မတန်မှ တန်ဖိုးထားပါတယ်။ အခုလတ်တလောအကြောင်းအရာတွေကိုသာမက နောင်ဖြစ်လာနိုင်တဲ့ ကမ္ဘာကြီးရဲ့ ပြဿနာတွေကိုလည်း ကျွန်မတို့နိုင်ငံ နှစ်နိုင်ငံအနေနဲ့ ပူးပေါင်းဆောင်ရွက်ပြီး အပြုသဘောဆောင်တဲ့ အကျိုးဆက်တွေပေါ်အောင်လုပ်နိုင်မယ်လို့ ကျွန်မတို့ မျှော်လင့်ပါတယ်။

## ခိုင်မာအောင်လုပ်နိုင်မယ်လို့ ယုံကြည်

အောက်တိုဘာလမှာ ဂျပန်နိုင်ငံကို နောက်ထပ်သွားလည်ဖို့ အခွင့်အရေးရတဲ့အတွက်လည်း ဝမ်းသာပါတယ်။ အဲဒီအတွက် ဂျပန်နိုင်ငံကို သွားလည်တဲ့အခါ နှစ်နိုင်ငံရဲ့ မိတ်ဆွေဖြစ်ရေးကို ထပ်ပြီးတော့ခိုင်မာအောင်လုပ်နိုင်မယ်လို့ ယုံကြည်ပါတယ် "ဟု ပြောကြားသည်။

ထို့နောက် သတင်းမီဒီယာများ၏ မေးမြန်းမှုများကို ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

## ရုပ်ပိုင်းဆိုင်ရာမှာ အများကြီးကူညီနိုင်

မြန်မာ-ဂျပန် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က "နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးတက်ဖို့ဆိုရင် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ နှစ်ခုစလုံး တိုးတက်အောင်လုပ်ဖို့ လိုပါတယ်။ ရုပ်ပိုင်းဆိုင်ရာဆိုတာ ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍတွေ ပူးပေါင်းဆောင်ရွက်ခြင်းပါ။ ဒီဟာက ဒီအချိန်မှာ နည်းနည်း တစ်ဖက်သတ်ဖြစ်နေတယ်လို့ မြင်ပါတယ်။ အမှန်ပြောရရင် ဂျပန်နိုင်ငံက ကျွန်မတို့ကို ရုပ်ပိုင်းဆိုင်ရာမှာ အများကြီးကူညီနိုင်ပါတယ်။ သို့သော်ငြားလည်း တစ်ချိန်တစ်ခါမှာ ကျွန်မတို့လည်း တုံ့ပြန်နိုင်မယ်လို့ ဒီလိုမျှော်လင့်ချက် အများကြီးရှိပါတယ်။

စိတ်ပိုင်းဆိုင်ရာကတော့ ပြည်သူလူထု အချင်းချင်းကြားမှာ ပိုပြီးတော့နားလည်မှုရှိဖို့၊ ပိုပြီးတော့ ခင်မင်မှုရှိဖို့ ဖြစ်ပါတယ်။ ဒါကတော့ ကျွန်မတို့ နှစ်ပေါင်းများစွာ မြန်မာနိုင်ငံသူ၊ နိုင်ငံသားတွေနဲ့ ဂျပန်နိုင်ငံသူ၊ နိုင်ငံသားတွေ အချင်းချင်းကြားမှာ မိတ်ဆွေစစ်တွေ အင်မတန်များပြားပါတယ်။

*စာမျက်နှာ ၄ သို့*



**မြန်မာ - ဂျပန် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများ သတင်းစာရှင်းလင်းပွဲ ကျင်းပစဉ်။** သတင်းစဉ်



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် အဖွဲ့ဝင်များ၊ ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ တာရိုခိုနို ဦးဆောင်သည့်အဖွဲ့နှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။
သတင်းစဉ်


❐ *ရှေ့ဖုံးမှ*

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E.Mr. Ichiro Maruyama လည်း တက်ရောက်သည်။ **သတင်းစဉ်**

# ရာဇဝတ်အထူးအယူခံမှု(၃)မှုနှင့် တရားမအထူးအယူခံမှု (၈)မှု စီရင်ချက်ချ တရားမအထူးအယူခံမှု (၇)မှုကို ရုံးထိုင်ကြားနာ

**နေပြည်တော် ဩဂုတ် ၆**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ အားလုံးပါဝင်သော စုံညီခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ် (၁) ၌ ရုံးထိုင်၍ ရာဇဝတ် အထူးအယူခံမှု(၃)မှုနှင့် တရားမအထူးအယူခံမှု (၈)မှုကို စီရင်ချက်ချမှတ်သည်။ ထို့ပြင် တရားမအထူးအယူခံမှု (၇) မှု တို့ကို ကြားနာခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ ဂျပန်နိုင်ငံခြားရေးဝန်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၆**

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေသည် မြန်မာနိုင်ငံသို့ ရောက်ရှိနေသည့် ဂျပန်နိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ တာရိုခိုနို ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး တိုးမြှင့်မှုဆိုင်ရာ ကိစ္စရပ်များနှင့် ရခိုင်ပြည်နယ်ဆိုင်ရာကိစ္စရပ်များ ဆွေးနွေးကြသည်။

ယင်းသို့ တွေ့ဆုံရာ၌ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H .E.Mr. Ichiro Maruyama နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

# တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်

**နေပြည်တော် ဩဂုတ် ၆**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး တနင်္သာရီတိုင်းဒေသကြီးတွင် ဒေသအလိုက်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးနှင့်မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။ မြန်မာ့ ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့ တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၂ ပေခန့်နှင့် ရခိုင်ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ကိုးပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

*စာမျက်နှာ ၃ မှ*

ဒါတွေကို ပိုပြီးတော့ ခိုင်မာလာအောင် လူငယ်တွေအချင်းချင်း ပိုပြီးထိတွေ့မှုရှိအောင် ကြိုးစားချင်ပါတယ်။ ဂျပန်နိုင်ငံခြားရေးဝန်ကြီး ပြောသွားတဲ့အထဲမှာ ဂျပန်နိုင်ငံက ဧည့်သည်တွေလာတာလည်း များလာတယ်၊ ကျွန်မတို့ဘက်ကလည်း ဂျပန်နိုင်ငံကို သွားတာများလာတယ်။ ဒါဟာ နိုင်ငံနှစ်နိုင်ငံကြားမှာ ပိုပြီးတော့ ခိုင်မာတဲ့ မိတ်ဆွေစစ်ဖြစ်အောင်လို့ လုပ်ပေးနိုင်တဲ့ အနေအထားလို့ မျှော်လင့်ပါတယ်၊ ယုံကြည်ပါတယ်" ဟု ဖြေကြားသည်။

### ဂျပန်နိုင်ငံက တတ်နိုင်သမျှ ထောက်ပံ့ပေးသွားမှာဖြစ်

ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျပန်နိုင်ငံမှ ကူညီထောက်ပံ့ပေးသွားမည့် အခြေအနေနှင့် စပ်လျဉ်း၍ ဂျပန်နိုင်ငံခြားရေးဝန်ကြီးက "ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးဆောင်နေတဲ့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နဲ့ မြန်မာအစိုးရရဲ့ ဆောင်ရွက်ချက်တွေကို ဂျပန်နိုင်ငံက တတ်နိုင်သမျှ ထောက်ပံ့ပေးသွားမှာ ဖြစ်ပါတယ်။

### ဒီမိုကရေစီနိုင်ငံအဖြစ် ထူထောင်ရေးမှာ အရေးကြီး

ဂျပန်နိုင်ငံအနေနဲ့ နေရပ်စွန့်ခွာသွားသူတွေ ပြန်လည်နေရာချထားဖို့အတွက် ဆောင်ရွက်တာကို တိုက်တွန်းသွားမှာဖြစ်ပါတယ်။ ရခိုင်ပြည်နယ် တစ်ခုလုံးရဲ့ဆင်းရဲနွမ်းပါးမှုလျှော့ချရေး နဲ့ ပြည်သူလူထုတွေရဲ့နေထိုင်မှုဘဝ အဆင့်မြှင့်တင်ရေးကလည်း အင်မတန် အရေးကြီးပါတယ်။ ဒေသအတွက် ရထားလမ်းတွေ၊ ကားလမ်းတွေ တည်ဆောက်ရေး၊ လျှပ်စစ်မီးရရှိရေးနဲ့ ကျောင်းဆောက်လုပ်ရေးတွေအတွက် ကူညီထောက်ပံ့မှုတွေ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးဟာ မြန်မာနိုင်ငံ ဒီမိုကရေစီနိုင်ငံအဖြစ် ထူထောင်ရေးမှာ အရေးကြီးတယ်လို့ ယူဆပါတယ် "ဟု ဖြေကြားသည်။

### အချက် ၈၈ ချက် အဆိုပြုထား

နေရပ်စွန့်ခွာသွားသူများ ပြန်လည်လက်ခံရေးအတွက် မြန်မာနိုင်ငံအစိုးရအနေဖြင့် ထိရောက်စွာ ဆောင်ရွက်သွားမည့်အခြေအနေနှင့် ဂျပန်နိုင်ငံမှ ကူညီထောက်ပံ့မှုအခြေအနေနှင့် စပ်လျဉ်း၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က "မေးခွန်းက ရေတိုကိစ္စတွေနဲ့ ရေရှည်ကိစ္စတွေ ဒီနှစ်ခုရောပြီး မေးသွားတာ ဖြစ်ပါတယ်။ ဒီဟာတွေအတွက် ဒေါက်တာ ကိုဖီအာနန်ရဲ့ အစီရင်ခံစာကို ကြည့်လိုက်ရင် ဒီနှစ်ခုစလုံးကို ကိုင်တွယ်ထားတာ ပါပါတယ်။ ဥပမာဆိုရင် နိုင်ငံသားဖြစ်ရေးဆိုတာ ရေရှည်ကိစ္စပါ။ ဒေါက်တာ ကိုဖီအာနန် ကော်မရှင်က အချက် ၈၈ ချက် အဆိုပြုထားပါတယ်။ အဲဒီအချက်တွေထဲက ၈၀ ကျော် ပြီးသွားပါပြီ။ ၈၁ ချက် ပူးပေါင်းဆောင်ရွက်အကောင်အထည်ဖော်လို့ ပြီးသွားပါပြီ။ ကျန်တဲ့ ၆ ချက်၊ ၇ ချက်က ကော်မရှင်ရဲ့ အစီရင်ခံစာထွက်လာကတည်းက တချို့ကိစ္စတွေက ရေရှည်ကိစ္စတွေမို့ တစ်လှမ်းချင်း၊ တစ်လှမ်းချင်းလုပ်ရမယ်လို့ ပြောထားပြီးသား ဖြစ်ပါတယ်။ ဒီအတိုင်းပဲ တစ်လှမ်းချင်းတစ်လှမ်းချင်း လုပ်ရမှာပါ။

### အမျိုးမျိုးသောအမြင်တွေကို နားထောင်ရ

နိုင်ငံတစ်နိုင်ငံရဲ့ နိုင်ငံသားဥပဒေဆိုတာလည်း တစ်လှမ်းချင်း တစ်လှမ်းချင်း လုပ်ရမယ့်ကိစ္စပါ။ အရင် ဒီပြဿနာတွေမဖြစ်ခင် ကျွန်မတို့ အစိုးရတက်ပြီး ၂၀၁၆ ခုနှစ် မေလကတည်းက ရခိုင်ပြည်နယ် တရားဥပဒေစိုးမိုးရေးနဲ့ ဖွံ့ဖြိုးရေးအတွက် ဗဟိုကော်မတီတစ်ခုဖွဲ့ပါတယ်။ အဲဒီကော်မတီဟာ ရခိုင်ပြည်နယ်ရဲ့ ရေရှည်ပြဿနာတွေ ဖြေရှင်းဖို့လိုတယ်ဆိုတာ သဘောပေါက်လို့ ဖွဲ့တာ ဖြစ်ပါတယ်။ ဒါပေမယ့် ဒီဗဟိုကော်မတီကနေပြီး အလုပ်မစတင်နိုင်ခင်ပဲ ပထမဦးဆုံး အကြမ်းဖက်တိုက်ခိုက်မှုတွေ ဖြစ်ပေါ်လာပြီးတော့ တခြားကိစ္စတွေပေါ်လာတာဖြစ်ပါတယ်။ ကျွန်မတို့ဟာ တစ်လှမ်းချင်း တစ်လှမ်းချင်း ပြဿနာတွေ ဖြေရှင်းသွားရမှာပါ။ ခုနက သတင်းထောက်ပြောသွားတဲ့အထဲမှာ နိုင်ငံအထဲမှာကို အမြင်တွေအမျိုးမျိုးရှိတယ်လို့ ပြောပါတယ်။ ဒါမှန်ပါတယ်။ ကျွန်မတို့ အစိုးရအနေနဲ့ အမျိုးမျိုးသော အမြင်တွေကို နားထောင်ရပါတယ်။ ပြင်ပက ပုဂ္ဂိုလ်တွေကတော့ ကိုယ်ကြိုက်တဲ့အမြင်၊ ကိုယ်စိတ်ဝင်စားတဲ့ အမြင်ကိုပဲ ကြည့်လို့ရပါတယ်။ ပြည်တွင်းမှာရှိတဲ့ အစိုးရတစ်ခုဆိုတာက အမြင်အားလုံးကို စဉ်းစားရပါတယ်။

### နည်းပညာပိုင်းဆိုင်ရာ အထောက်အကူပေး

အမြင်အားလုံးကို ထည့်သွင်းပြီးတော့ အဲဒီဟာအားလုံးအပေါ်မှာ ဖြေရှင်းနိုင်တဲ့ အမြင်တစ်ခုကို ရှာရပါတယ်။ ကျွန်မတို့ အခု စုံစမ်းစစ်ဆေးရေး ကော်မရှင်အနေနဲ့တော့ သူတို့ရဲ့ လုပ်ပိုင်ခွင့်တွေကို ကျယ်ကျယ်ပြန့်ပြန့်ပေးထားမှာပါ။ စုံစမ်းစစ်ဆေးရေးအဖွဲ့ထဲမှာပါတဲ့ အဖွဲ့ဝင်တွေကလည်း အရည်အချင်းပြည့်စုံတယ်လို့ ကျွန်မတို့ ထင်ပါတယ်။ ဂျပန်နိုင်ငံရော၊ တခြားမိတ်ဆွေနိုင်ငံတွေကရော လိုအပ်လို့ရှိရင်တော့ နည်းပညာပိုင်းဆိုင်ရာ အထောက်အကူတွေ ပေးလိမ့်မယ်လို့ မျှော်လင့်ပါတယ်"ဟု ဖြေကြားသည်။

### နှစ်ရှည်ဆောင်ရွက်သွားဖို့လို

ရခိုင်ပြည်နယ် အရေးကိစ္စနှင့် ပတ်သက်၍ ဂျပန်နိုင်ငံ၏ သဘောထား အခြေအနေနှင့် စပ်လျဉ်း၍ ဂျပန်နိုင်ငံခြားရေးဝန်ကြီးက "ရခိုင်ပြည်နယ်မှာဖြစ်တဲ့ကိစ္စတွေက အင်မတန်နက်နဲ ရှုပ်ထွေးတဲ့ ကိစ္စတွေဖြစ်ပါတယ်။ လူ့အခွင့်အရေး၊ လူသားချင်းစာနာထောက်ထားမှုတွေသာမကဘဲ ပြည်နယ်တစ်ခုလုံးရဲ့ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက်ပါ ကူညီဆောင်ရွက်ပေးသွားပါမယ်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဒီလိုမျိုးကိစ္စတွေအတွက် ခိုင်ခိုင်မာမာဆောင်ရွက်နေတဲ့ အခြေအနေမှာ ရှိပါတယ်။ ဒီလိုမျိုးဆောင်ရွက်မှုက ပိုပြီးတော့ မြန်မြန်ဆန်ဆန် ဆောင်ရွက်ရမယ်ဆိုတဲ့အသံလည်း ကြားပါတယ်။ သို့သော်လည်း လူ့အသိုင်းအဝိုင်း နှစ်ခုအကြား ပြေလည်မှုရရှိဖို့ ကိစ္စအပါအဝင် ဆောင်ရွက်မှုတွေက ခိုင်ခိုင်မာမာနဲ့ နှစ်ရှည်ဆောင်ရွက်သွားဖို့ လိုအပ်ပါတယ်။

ဂျပန်အစိုးရအနေနဲ့ ခက်ခဲတဲ့ အခြေအနေကိစ္စတွေကို ဖြေရှင်းဆောင်ရွက်နေရတဲ့ မြန်မာအစိုးရနဲ့အတူ ကူညီဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ မြန်မာအစိုးရရဲ့ ဆောင်ရွက်မှုတွေကို ဂျပန်အစိုးရအနေနဲ့ နိုင်ငံတကာအသိုင်းအဝိုင်းကို ရှင်းပြသွားမှာ ဖြစ်ပါတယ်။ လွတ်လပ်တဲ့ စုံစမ်းစစ်ဆေးရေးကော်မရှင်ကို ဂျပန်နိုင်ငံက ကုလသမဂ္ဂနဲ့ ပူးပေါင်းဆောင်ရွက်တဲ့ကိစ္စတွေ၊ ဒီလို ကိစ္စမျိုးနဲ့ ပတ်သက်ပြီး ဆောင်ရွက်ပေးဖို့ မြန်မာဘက်ကို တောင်းဆိုခဲ့ပါတယ်။ ပြီးတော့ ဒီလိုမျိုးကိစ္စတွေကို မြန်မာအစိုးရ တစ်ခုပြီးတစ်ခု ဆောင်ရွက်နေတဲ့အတွက် ကျွန်တော်တို့ အစိုးရက တန်ဖိုးထားပါတယ်" ဟု ဖြေကြားသည်။ **သတင်းစဉ်**



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တံတားဦးမြို့နယ်၌ ပြုလုပ်သည့် ဒုတိယအကြိမ် ပြန်လည်စွန့်လွှတ်မြေ ၃၀၁၉ ဒသမ ၄၄ ဧကအား မူလပိုင်ရှင်တောင်သူများထံသို့ ပြန်လည်ပေးအပ်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

❒ *ကျောဖုံးမှ*

ထို့နောက် ဒုတိယသမ္မတအား ရှင်းလင်းဆောင်၌ မြို့ကြီးရေလှောင်တမံနှင့် ဇော်ဂျီရေလှောင်တမံဆိုင်ရာ အချက်အလက်များ၊ စိုက်ပျိုးရေ ဖြန့်ဝေပေးနေမှုနှင့် ကျိုင်းခမ်းရေလှောင်တမံ တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေသည့် ဗီဒီယိုမှတ်တမ်းကို ပြသသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးအတွက် လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပတ်သက်ပြီး ရှင်းလင်းတင်ပြသည်။

**စိုက်ပျိုးရေပေးဝေ**

မြို့ကြီး ရေလှောင်တမံ တည်ဆောက်နိုင်ခြင်းကြောင့် တည်ဆောက်ပြီး ဇော်ဂျီရေလှောင်တမံမှ လျှပ်စစ်ဓာတ်အားအတွက် ထုတ်လွှတ်လိုက်သော ရေများနှင့် ရေလှောင်တမံနှစ်ခုအကြား စီးဆင်းလာသည့် ရေများကို စုပေါင်းသိုလှောင်၍ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၃၀ ထုတ်လွှတ်နိုင်ပြီး ကျောက်ဆည်ခရိုင်အတွင်းရှိ ဇော်ဂျီဆည်ရေသောက် ဧက ၈၂၀၀၀ ကို ရေပိုပေးဝေနိုင်ခဲ့သည့်အပြင် မိတ္ထီလာလွင်ပြင်ရှိ ဧက ၃၃၀၀၀ကိုလည်း စိုက်ပျိုးရေပေးဝေလျက်ရှိကြောင်း သိရသည်။

**ထုတ်လွှတ်ပေးနိုင်မည်**

ထို့ပြင် ဇော်ဂျီရေလှောင်တမံ အထက်ပိုင်းတွင် တည်ဆောက်ဆဲ ကျိုင်းခမ်းရေလှောင်တမံ ပြီးစီးပါက စီးဆင်းလာမည့် ရေ ၁၁ ဒသမ ၅သိန်း ဧကပေကို ထိန်းချုပ်နိုင်ပြီး ဇော်ဂျီရေသောက်စနစ်အတွက် ရေပမာဏ ၇ သိန်းနှင့် ကင်းတားလက်ယာမြောင်း၏ ပြောင်းပြာလိုင်းဇင်ရေသောက် ဧရိယာအတွက် ရေပမာဏ ၄ ဒသမ ၅သိန်းကိုလည်း ထုတ်လွှတ်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် မြို့ကြီး ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ရောက်ရှိပြီး စက်လည်ပတ်မှု အခြေအနေနှင့် စက်ရုံအတွင်း လိုက်လံကြည့်ရှုသည်။

**ချိတ်ဆက်ဖြန့်ဖြူး**

အဆိုပါ စက်ရုံမှာ ၁၅ မဂ္ဂါဝပ် စက်နှစ်လုံး တပ်ဆင်ထားပြီး တစ်နှစ်လျှင် ယူနစ်သန်းပေါင်း၁၃၅သန်းခန့် ထုတ်လုပ်နိုင်ပြီး ထွက်ရှိလာသည့် လျှပ်စစ်ဓာတ်အားကို နိုင်ငံတော်ဓာတ်အားစနစ်နှင့် ချိတ်ဆက်ဖြန့်ဖြူးလျက်ရှိကြောင်း သိရသည်။

**လိုက်လံကြည့်ရှု**

ထို့နောက် ဒုတိယသမ္မတသည် ရေလှောင်တမံမှ ဇော်ဂျီမြစ်နှင့် သစ်မမိချောင်းဆုံသည့်နေရာသို့ ကူးတို့ရေယာဉ်ဖြင့် သွားရောက်ပြီး ရေလှောင်တမံဝန်းကျင်ကျေးရွာများတွင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေး ဆောင်ရွက်နိုင်မည့် အခြေအနေအား လိုက်လံကြည့်ရှုသည်။

**တိုက်တွန်းမှာကြား**

ကြည့်ရှုစဉ် ဒုတိယသမ္မတက မိမိတို့နိုင်ငံတွင် ခရီးသွားဧည့်သည်များကို ဆွဲဆောင်နိုင်မည့် စိတ်ဝင်စားစရာ သဘာဝတောတောင်ရေမြေ အလှအပများ ကြွယ်ဝစွာရှိပါကြောင်း၊ ယခု မြို့ကြီးရေလှောင်တမံ ဝန်းကျင်နေရာသည်လည်း မြန်မာနိုင်ငံအတွက် သဘာဝမှ လက်ဆောင်အဖြစ် ရရှိထားသည့် ခရီးသွားများ စိတ်ဝင်စားစေမည့် အလားအလာကောင်းသော နေရာတစ်ခု ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ယင်းပတ်ဝန်းကျင်နေရာတွင် လူထုအခြေပြုခရီးသွားလုပ်ငန်းနှင့် သဘာဝအခြေပြုခရီးသွားလုပ်ငန်းအစီအစဉ်သစ်များ ဖော်ထုတ်နိုင်ရေးအတွက် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ခရီးသွားလုပ်ငန်းနယ်ပယ်အတွင်းမှ အဖွဲ့အစည်းများ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားသည်။

**အမှာစကားပြောကြား**

ထို့နောက် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် တံတားဦးမြို့နယ် အင်းဝခန်းမ၌ ကျင်းပသည့် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်က ဒုတိယအကြိမ် ပြန်လည်စွန့်လွှတ်မြေ ၃၀၁၉ ဒသမ ၄၄ ဧကအား မူလပိုင်ရှင်တောင်သူများထံသို့ ယာယီလုပ်ပိုင်ခွင့်ပြု လက်မှတ်( ပုံစံ- ၃)များ ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။

ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတက ယနေ့အခမ်းအနားသည် တံတားဦးမြို့နယ်အတွင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်မှ အမှန်တကယ်လိုအပ်သည့် မြေကိုသာ အသုံးပြုပြီး ကျန်မြေ ၉၀၅၅ ဧကအား ၂၀၁၄ ခုနှစ်တွင် ပထမအကြိမ် စွန့်လွှတ်ခဲ့ကာ ယခုအခါ ဒုတိယအကြိမ်အဖြစ် ဧက ၃၈၃၀ ကို ပြန်လည်စွန့်လွှတ်အပ်နှံနိုင်ရေး စိစစ်ဆောင်ရွက်ခဲ့ရာ မူလပိုင်ရှင်တောင်သူပေါင်း ၁၀၈၇ ဦး၊ မြေဧရိယာ ၃၀၁၉ ဒသမ ၄၄ ဧကကို လွှဲပြောင်းပေးအပ်မည့် အခမ်းအနား ဖြစ်ပါကြောင်း။

**အမြန်ဆုံးဖြေရှင်း**

မိမိတို့နိုင်ငံအတွင်း မြို့ပြဆိုင်ရာ အခြေခံဆိုင်ရာ အဆောက်အအုံများ တိုးချဲ့တည်ဆောက်ခြင်း၊ လုံခြုံရေးဆိုင်ရာ စီမံကိန်းများ အကောင်အထည်ဖော်ခြင်း၊ စီးပွားရေးဆိုင်ရာ အထူးစီးပွားရေးဇုန်များ၊ စက်မှုဇုန်များ တည်ဆောက်ခြင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးစီမံကိန်းများအတွက် ဌာနဆိုင်ရာနှင့် ပုဂ္ဂလိကများသို့ မြေနေရာချထားပေးခြင်း စသည့် အကြောင်းအရင်း အမျိုးမျိုးကြောင့် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ရှိခဲ့ပါကြောင်း၊ ထိုသို့ လယ်ယာမြေသိမ်းဆည်းခံရသည့် ဒေသခံပြည်သူများအနေဖြင့် စီးပွားရေး၊ လူမှုရေး၊ စားဝတ်နေရေး စသည့်အခက်အခဲမျိုးစုံ ရင်ဆိုင်ကြုံတွေ့ခဲ့ရခြင်းကြောင့် ပြည်သူများ၏ နစ်နာဆုံးရှုံးနေရမှုများကို မိမိတို့ အစိုးရအဖွဲ့အနေဖြင့် စာနာထောက်ထားကာ ဥပဒေနှင့်အညီ တရားမျှတမှုရှိအောင် ရှင်းလင်းလွယ်ကူသော မူဝါဒများနှင့် လုပ်ငန်းစဉ်များ ချမှတ်ကာ အမြန်ဆုံး ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

**ထိထိရောက်ရောက်ဖွဲ့စည်း**

သိမ်းဆည်းမြေဆိုင်ရာ တိုင်ကြားစာများ၊ ပြန်လည်စွန့်လွှတ်သည့် သိမ်းဆည်းမြေများနှင့် ပတ်သက်ပြီး စိစစ်ဆောင်ရွက်မှု ပိုမိုအားကောင်း လာစေရန်နှင့် တွန်းအားပေးဆောင်ရွက်နိုင်ရန် အတွက် ပြည်ထောင်စုဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများပါဝင်သည့် သိမ်းဆည်းမြေဆိုင်ရာ လုပ်ငန်းစိစစ်ရေးအဖွဲ့ ၄ ဖွဲ့ကို တိုင်းဒေသကြီးများနှင့် ပြည်နယ်များကို ကွင်းဆင်းစိစစ်စေခဲ့ပါကြောင်း။ အဆိုပါ အဖွဲ့များ၏ တင်ပြချက်များအရ အောက်ခြေတွင် ဖွဲ့စည်းထားသည့် ရပ်ကွက်၊ ကျေးရွာနှင့် မြို့နယ် မြေစစ်ကော်မတီ များ ပီပီပြင်ပြင်ဖွဲ့စည်းထားမှုမရှိခြင်း၊ ဗဟိုက ချမှတ်ပေးထားသည့် မူဝါဒ (၅၂)ချက်ကိုအောက်ခြေတွင် ဖြေရှင်းဆောင်ရွက်နေသူများ ကျေကျေလည်လည် မသိရှိခြင်းများကို တွေ့ရသည့်အတွက် မြေစစ်ကော်မတီအဆင့်ဆင့်အနေဖြင့် ထိထိရောက်ရောက်ဖွဲ့စည်း လုပ်ကိုင်ကြရန် တိုက်တွန်းလိုပါကြောင်း။

**ညှိနှိုင်းဆောင်ရွက်ပေး**

လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီအနေဖြင့် ဝန်ကြီးဌာနများက စီမံကိန်းအတွက် ရယူထားသည့် မြေများအပေါ်တွင် စီမံကိန်းအတိုင်း အကောင်အထည်ဖော်မှု မရှိသည့် မြေများကို မူလတောင်သူများ လက်ထဲကို ပြန်လည်စွန့်လွှတ်လွှဲပြောင်းနိုင်ရန်နှင့် စီမံကိန်းအတိုင်း ဆက်လက်အသုံးပြုမည်ဆိုပါက လျော်ကြေးငွေပေးဆောင်ခြင်း၊ မြေအစားပေးခြင်းများ မရှိခဲ့သေးပါက လျော်ကြေးငွေ၊ နစ်နာကြေးငွေပေးကြရန် သက်ဆိုင်ရာမြေ ရယူထားသည့် ဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

**နှောင့်နှေးနေ**

ပြန်လည်စွန့်လွှတ်မြေများ မူလပိုင်ရှင်ထံသို့ ပြန်လည်လွှဲပြောင်းပေးသည့် အချို့ကိစ္စများတွင် သက်ဆိုင်ရာ ဝန်ကြီးဌာနမှ စွန့်လွှတ်ထားပြီးဖြစ်သော်လည်း ကာယကံရှင် လက်ဝယ်သို့ ရောက်ရှိရန်မှာ အချိန်ကြန့်ကြာနေမှုများ၊ ကာယကံရှင် လက်ဝယ်သို့ ရောက်ရှိခြင်းမရှိဘဲ အခြားသူထံသို့ ပေးအပ်ထားခြင်းများ၊ မူလလက်ငုတ်နှင့် လက်ရှိလက်ငုတ် အငြင်းပွားနေမှုများ ကျူးကျော်သူများအား ရှင်းလင်းနေရသည့် အခြေအနေများ ဖြစ်ပွားနေသည်ကိုလည်း စိစစ်တွေ့ရှိရခြင်းကြောင့် အမှုတွဲများ ပြီးပြတ်မှုမရှိဘဲ နှောင့်နှေးနေသည်ကို တွေ့ရှိရပါကြောင်း။

မြေယာ ပြဿနာများသည် ရှုပ်ထွေး၊ နက်နဲ၊ ကျယ်ပြန့်သည့်အတွက် မြေများနှင့် ပတ်သက်ပြီး ဖြေရှင်းဆောင်ရွက်ပေးရသည့် အဖွဲ့အစည်း အသီးသီးမှ ပုဂ္ဂိုလ်များအနေဖြင့်လည်း စိတ်ရှည်စွာသည်းခံဖြေရှင်း ဆောင်ရွက်ပေးပြီး စေတနာထားဆောင်ရွက်ပေးစေလိုကြောင်း။

**ရင်းနှီးမြှုပ်နှံလုပ်ကိုင်**

မိမိတို့ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီဖွဲ့စည်းပြီးနောက် မန္တလေးတိုင်းဒေသကြီးအတွင်း ယခုကျင်းပသည့် အခမ်းအနားအပါအဝင် စွန့်လွှတ်အပ်နှံမြေများ မူလတောင်သူများထံ လွှဲပြောင်းပေးအပ်ပွဲ (၆)ကြိမ် ကျင်းပနိုင်ခဲ့သည့်အတွက် တိုင်းဒေသကြီး၊ ပြည်နယ်အားလုံးတွင် အများဆုံး ကျင်းပနိုင်ခြင်းဖြစ်ပြီး ယခုလို မူလလက်ငုတ် တောင်သူလယ်သမားများ လက်ထဲကို လက်ရောက်ပေးအပ်နိုင်အောင် ဆောင်ရွက်ပေးခဲ့ကြသည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာအသီးသီးက တာဝန်ရှိသူအားလုံးကို ကျေးဇူးတင် အသိအမှတ်ပြုပါကြောင်း၊ တောင်သူလယ်သမားကြီးများအနေဖြင့်လည်း မိမိတို့ပိုင်ဆိုင်လုပ်ကိုင်ခွင့်ရမြေယာများကို သားစဉ်မြေးဆက်တိုင် အဘက်ဘက်ကတိုးတက်အောင် ရင်းနှီးမြှုပ်နှံလုပ်ကိုင်ရင်း စားနပ်ရိက္ခာဖူလုံစေရုံသာမက ပြည်ပပို့ကုန် ထုတ်လုပ်တင်ပို့သူများအဖြစ်ပါ လုပ်ကိုင်ဆောင်ရွက်သွားနိုင် ကြပါစေကြောင်း ပြောကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က မန္တလေးတိုင်းဒေသကြီးအတွင်း အသုံးမပြုသည့်သိမ်းဆည်းမြေများအား ဥပဒေနှင့်အညီ အမြန်ဆုံး ပြန်လည် စွန့်လွှတ်နိုင်ရေးအတွက် ဆောင်ရွက်ပေးနေမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

**လွှဲပြောင်းပေးအပ်**

ယင်းနောက် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်ဌေးက စွန့်လွှတ်မြေများနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ကျောက်ဆည်ခရိုင် အုပ်ချုပ်ရေးမှူးထံ ပြန်လည်လွှဲပြောင်းပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူ၊ ဦးလှကျော်နှင့် ဦးကျော်မျိုး၊ မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုးသန်းတို့က ပန်းတင်၊ စကားအင်း၊ ဇီးချောင်း၊ သူငယ်တော်ကျေးရွာအုပ်စုများမှ မူလတောင်သူများထံ ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ- ၃) များကို တောင်သူကိုယ်စားလှယ်များထံ ပေးအပ်သည်။

ယင်းနောက် ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ- ၃)ရရှိကြသည့် တောင်သူများကိုယ်စား တောင်သူ ဦးထွန်းလွင်က ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**




မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် တောင်သူတစ်ဦးထံ ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ- ၃)ကို ပေးအပ်စဉ်။

❍ *ကျောဖုံးမှ*

၂၇ မိနစ်တွင် ဒင်သန်ထရန်က ဗီယက်နမ်အတွက် ချေပဂိုးပြန်သွင်းခဲ့သောကြောင့် ပထမပိုင်းအပြီးတွင် တစ်ဂိုးစီသရေကျနေသည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံးဂိုးထပ်ရရန် အားကုန်ထုတ်ကစားခဲ့ပြီး ၅၉ မိနစ်တွင် ဇော်ဝင်းသိန်းက မြန်မာအသင်းအတွက် ဒုတိယဂိုးထပ်သွင်းခဲ့သည်။

ဗီယက်နမ်အသင်းအတွက် မိနစ် ၇၀ တွင် ဒင်သန်ထရန်က ချေပဂိုးထပ်သွင်းခဲ့သော်လည်း ပွဲပြီးသည်အထိ မြန်မာအသင်းက သရေရလဒ်ကိုထိန်းကာ ဆီမီးဖိုင်နယ်တက်ခွင့်ရယူခဲ့သည်။

အုပ်စု (က) ပွဲစဉ်များအပြီးတွင် အင်ဒိုနီးရှားအသင်းက အုပ်စုပထမ၊ မြန်မာအသင်းက အုပ်စုဒုတိယရခဲ့ပြီး ဩဂုတ် ၇ ရက် **(ယနေ့)** ကစားမည့် အုပ်စု(ခ) ပွဲများပြီးဆုံးမှသာ ဆီမီးဖိုင်နယ်တွင်တွေ့ဆုံမည့်အသင်း ထွက်ပေါ်မည်ဖြစ်သည်။

**ရဲရင့်ရှိုင်း**

# မြန်မာနိုင်ငံ လမ်းကွန်ရက်စနစ်ကောင်းမွန်စေရန် ရေတိုရေရှည်စီမံချက်များ ၂၀၃၀ ပြည့်နှစ်အထိ ချမှတ်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၆**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ဆဌမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ကြယ်ပွင့်ပြမေးခွန်းများနှင့်စပ်လျဉ်း၍ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းတို့က ရှင်းလင်းဖြေကြားသည်။

အစည်းအဝေးတွင် မြန်အောင်မဲဆန္ဒနယ်မှ ဦးခင်မောင်လတ်၏ **ရွှေကျင်-ထူးကြီးလမ်းအရှည်၏ အလယ်တွင်ရှိသော မြန်အောင်မြို့နယ် တောင်ဘက်ဒေသ အရှေ့အနောက်ထွက်ပေါက် အဓိကတံတားဖြစ်သည့် အုန်းနဲ့ကုန်းတံတားအား တည်ဆောက်ပေးနိုင်ခြင်းရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် အုန်းနဲ့ကုန်း (မမြချောင်းတံတား)သည် ဟင်္သာတ-ဆုံကုန်း- မြန်အောင်လမ်းမကြီးနှင့် ဆက်သွယ်ထားသည့် လမ်းမပေါ်တွင်တည်ရှိပြီး လမ်းအဆင့်သတ်မှတ်ချက်အရ Class(A) အဆင့်ရှိ လမ်းပေါ်တွင် တည်ရှိပါကြောင်း။

## တံတားတည်ဆောက်ပြီးပါက ကျေးရွာပေါင်း ၅၂ ရွာ အကျိုးပြုမည်

လမ်းရှိချောင်း၏ အကျယ်မှာ ပေ ၂၄၀ ရှိပြီး အမြင့် ၂၄ ပေခန့်ရှိပါကြောင်း၊ အဆိုပါတံတားသည် ထူးကြီးမြို့နှင့် ရွှေကျင်တိုက်နယ်ရှိ ကျေးရွာများကို ဆက်သွယ်ထားသောကျေးလက်လမ်းပေါ်တွင်ရှိပြီး အသစ်တည်ဆောက်ပေးရန် လိုအပ်သော တံတားတစ်စင်းဖြစ်ပါကြောင်း၊ တံတားတည်ဆောက်ပြီးပါက ကျေးရွာပေါင်း ၅၂ ရွာ၊ အိမ်ခြေပေါင်း ၄၅၉၀နှင့် လူဦးရေပေါင်း ၁၈၄၀၀ တို့ကို အကျိုးပြုမည်ဖြစ်ပါကြောင်း၊ အုန်းနဲ့ကုန်း (မမြချောင်းတံတား) တည်ဆောက်ရေးလုပ်ငန်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ပါဝင်နိုင်ခြင်းမရှိသောကြောင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ရန်ပုံငွေခွဲဝေလျာထားမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

မြေပုံ မဲဆန္ဒနယ်မှ ဦးဖေသန်း၏ **မြေပုံမြို့နယ် ရေခေါင်းချိန်ကျေးရွာနှင့် အမ်းမြို့နယ် ရှူးကျေးရွာကို ဆက်သွယ်ပေးမည့် ရှူး-ရေခေါင်းချိန် ကျေးရွာချင်းဆက်မြေသားလမ်းနှင့် ယင်းလမ်းပေါ်ရှိ တံတားများကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ရခိုင်ပြည်နယ် မြေပုံမြို့နယ် ရှူး-ရေခေါင်းချိန် ကျေးရွာချင်းဆက်လမ်း၏ လက်ရှိအခြေအနေတွင် မြေပုံမြို့နယ်အပိုင်းတွင် မြေသားလမ်း (၃/၄)မိုင်၊ အမ်းမြို့နယ်အပိုင်းတွင် မြေသားလမ်း ၄ မိုင် စုစုပေါင်း မြေသားလမ်း (၇/၄)မိုင်ရှိပြီး လမ်းသတ်မှတ်ချက်အရ Class(C) ဦးစားပေးအဆင့်(၁) လမ်းဖြစ်ပါကြောင်း။

အဆိုပါလမ်းပေါ်တွင် ပေ ၁၈၀ အကျယ်ရှိ ရေခေါင်းချိန်ရွာချောင်းနေရာ၌ တံတားတစ်စင်း၊ ပေ ၁၅၀ အကျယ်ရှိ မညင်းပြွန်ချောင်းနေရာ၌ တံတားတစ်စင်း၊ ပေ ၂၀ အကျယ်ရှိ ချမ်းဗိန်တူးမြောင်းနေရာ၌ တံတားတစ်စင်း၊ ပေ ၃၀ အကျယ်ရှိ ဘုန်းကြီးပြွန်နေရာ၌ တံတားတစ်စင်းနှင့် ရေပြွန်များဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် အမ်းမြို့နယ်အပိုင်းတွင် မြေသားလမ်း (၁/၄) မိုင်ကို ဆောင်ရွက်ခဲ့ရာ ရှူးကျေးရွာထိပ်မှ (၀/၃) မိုင်ကို လယ်သမားများအား လျော်ကြေးပေးပြီး ဆောင်ရွက်နိုင်ခဲ့သော်လည်း ကျန်ရှိသော (၁/၁) မိုင်သည် လမ်းသမားများမှ လျော်ကြေးအဆမတန်တောင်းဆိုသဖြင့် ညှိနှိုင်းမရဘဲ ပြည်နယ်အစိုးရအဖွဲ့သို့ လုပ်ငန်း ပြန်လည်အပ်နှံခဲ့ပါကြောင်း။

ရှူး-ရေခေါင်းချိန်ကျေးရွာ ကျေးရွာချင်းဆက်လမ်းနှင့် တံတားများကို လယ်ယာမြေလျော်ကြေးငွေကိစ္စများ ဖြေရှင်းဆောင်ရွက်ပြီးပါက ဘဏ္ဍာရေးနှစ်အလိုက် ဘဏ္ဍာငွေ လျာထားထည့်သွင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

မင်းတပ် မဲဆန္ဒနယ်မှ ဦးနေလင်းအောင်၏ **မင်းတပ်မြို့နှင့် မကွီးအိမ်နူးမြို့ကို ဆက်သွယ်ထားသော လမ်းပေါ်ရှိ အုံရွာနှင့် ကင်းလိုရွာကြား မုန်းချောင်းကိုဖြတ်၍ ကွန်ကရစ်တံတားတည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်းနှင့် စပ်လျဉ်း၍** ဒုတိယဝန်ကြီးက ချင်းပြည်နယ် မင်းတပ်မြို့နှင့် မကွီးအိမ်နူးမြို့ကို ဆက်သွယ်ထားသော လမ်းပေါ်ရှိ အုံရွာနှင့် ကင်းလိုရွာကြားရှိ မုန်းချောင်းတံတားသည် ဆောက်လုပ်ရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသော လမ်းပေါ်တွင် တည်ရှိသော တံတားဖြစ်ပါကြောင်း၊ အဆိုပါလမ်းပေါ်တွင် အရှည် ၂၂၇ ပေ၊ အကျယ်လေးပေရှိ မုန်းချောင်းကို ဖြတ်ကျော်သည့် ဆိုင်ကယ်ကူး ကြိုးတံတားတစ်စင်းရှိပြီး ကျေးရွာ ၁၄ ရွာနှင့် မကွီးအိမ်နူးမြို့သစ်ရှိ ပြည်သူများ ရာသီမရွေးအသုံးပြုလျက်ရှိကြပါကြောင်း။

## မုန်းချောင်းကူးတံတား တည်ဆောက်ရန်အတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် လျာထားဆောင်ရွက်ပေးသွားမည်

အုံကျေးရွာနှင့် ကင်းလိုကျေးရွာကြားရှိ မုန်းချောင်းကူးတံတား တည်ဆောက်ရန်အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေပါဝင်ခြင်း မရှိသေးသောကြောင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

ကောလင်း မဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင်၊ တိုက်ကြီး မဲဆန္ဒနယ်မှ ဦးကျော်မြင့်နှင့် ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးအောင်သိုက်တို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုနှင့် ဒုတိယဝန်ကြီး ဦးကျော်လင်းတို့က ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ နည်းဥပဒေများနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်သို့ အသိပေးပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူသည်။



ဒုတိယဝန်ကြီး
ဦးကျော်လင်း



မြန်အောင် မဲဆန္ဒနယ်မှ
ဦးခင်မောင်လတ်

အဆိုပါ နည်းဥပဒေများနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲမှုရှိသောကြောင့် ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်းကို ဥပဒေကြမ်းကော်မတီဝင်က အဆိုတင်သွင်းပြီး ပြည်ထောင်စုလွှတ်တော်သို့ ဆုံးဖြတ်ရန် တင်ပြမည်ဖြစ်ကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

## ပြည်သူ့ဝန်ဆောင်မှု စနစ်ကောင်းများ ဖြစ်ပေါ်လာစေရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်း

ကော့မှူးမဲဆန္ဒနယ်မှ ဦးကျော်ဆွေဝင်း တင်သွင်းသည့် **ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်းတွင် BOT(Build, Operate,Transfer) စာချုပ်များဖြင့် ဆောင်ရွက်လျက်ရှိကြသော လမ်းမကြီးများသည် နိုင်ငံတော်နှင့် ချုပ်ဆိုခဲ့ကြသော စာချုပ်ပါ စည်းမျဉ်းစည်းကမ်းအတိုင်း လိုက်နာဆောင်ရွက်ကြခြင်း ရှိ၊ မရှိ စိစစ်၍ တာဝန်ကျေ၊ တာဝန်ခံမှုမရှိသူများကို အရေးယူဆောင်ရွက်မှုများပြုလုပ်ရန်နှင့် စည်းမျဉ်းစည်းကမ်းများအတိုင်း လိုက်နာလာစေရေး စီမံခန့်ခွဲထိန်းချုပ်ခြင်းဖြင့် နိုင်ငံတော်-ပုဂ္ဂလိက ပူးပေါင်းသည့်** PPP ( Private Public Partnership) **ပြည်သူ့ဝန်ဆောင်မှု စနစ်ကောင်းများဖြစ်ပေါ်လာစေရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူး ရဲစိုးက BOT စနစ်ကျင့်သုံးခြင်းအားဖြင့် နိုင်ငံတော်အစိုးရနှင့် ဝန်ကြီးဌာနများ၏ အခြေခံအဆောက်အအုံ ဆောက်လုပ်ရမည့် ကုန်ကျစရိတ်များသက်သာစေပြီး ၎င်းအသုံးစရိတ်များကို အခြားကဏ္ဍများတွင် သုံးစွဲနိုင်ခြင်း၊ အခြေခံအဆောက်အအုံများ တည်ဆောက်ရာတွင် ပုဂ္ဂလိက အခန်းကဏ္ဍများ ပါဝင်လာစေခြင်း၊ ဘဏ္ဍာငွေပိုမိုသုံးစွဲခြင်းကာကွယ်နိုင်ခြင်း၊ ပုဂ္ဂလိက ကဏ္ဍသို့ စွန့်စားမှုများ လွှဲပြောင်းပေးခြင်း၊ အခြေခံအဆောက်အအုံများ၏ စီးပွားရေးအလားအလာကို ပိုမိုသိနားလည်စေခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါကြောင်း။

BOT လမ်းများနှင့် ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ်များ ယခင်က မေးခွန်းများ မေးမြန်းခဲ့ကြသော်လည်း ဥပဒေပိုင်း၊ စည်းမျဉ်းစည်းကမ်းပိုင်း၊ ကြီးကြပ်ကွပ်ကဲမှုအပိုင်းများတွင် လိုအပ်ချက်များ ရှိနေဆဲဖြစ်ပြီး အထူးသဖြင့် ကြီးကြပ်မှုအပိုင်းကို ပိုမို ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံလမ်းကွန်ရက်စနစ် ကောင်းမွန်တိုးတက်စေရန်အတွက် ရေတိုရေရှည်စီမံချက်များ ၂၀၃၀ ပြည့်နှစ်အထိ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ Regulatory Body အဖြစ် ပြောင်းလဲရန် ဆောင်ရွက်နေကြောင်းသိရှိရပြီး ယင်းကဲ့သို့ ဆောင်ရွက်ခြင်းကြောင့် လုပ်ငန်းဆောင်ရွက်မှုများ ပိုမြန်ဆန်လာမည်ဖြစ်သော်လည်း ထိရောက်သည့် ဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ စည်းကမ်းသတ်မှတ်ချက်များ လိုအပ်မည်ဖြစ်သကဲ့သို့ ကြီးကြပ်ကွပ်ကဲမှုအပိုင်းတွင်လည်း ထိရောက်ရန်အတွက် လိုအပ်နေမည်ဖြစ်ပါကြောင်း၊ ယခုအချိန်သည် နိုင်ငံတော်၏ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရန် တည်ဆောက်ဆဲကာလဖြစ်သောကြောင့် အစကောင်းမှအနှောင်းသေချာမည်ဖြစ်သောကြောင့် အားနည်းချက်များကို အမြန်ဆုံးပြင်ဆင်ရန်၊ အားသာချက်များကို ပိုမိုအားကောင်းစေရန် လုပ်ဆောင်သွားရမည်ဖြစ်ပါကြောင်း။

BOT စနစ်သည် အစိုးရနှင့် ပုဂ္ဂလိက လုပ်ငန်းရှင်များ အကျိုးတူပူးပေါင်းဆောင်ရွက်ကြသည့်အတွက် နှစ်ဦးနှစ်ဖက် အကျိုးရှိစေရုံသာမက ပြည်သူများလည်း အကျိုးခံစားခွင့်ရရှိပြီး (Win-Win-Win Situation) ဖြစ်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ လက်ရှိချုပ်ဆိုထားသည့် ပဋိညာဉ်စာချုပ်များကိုလည်း ခေတ်စနစ်နှင့် လျော်ညီရန် ကျွမ်းကျင်သူပညာရှင်များ၏ အကူအညီနှင့် လေ့လာသုံးသပ်ပြီး ပြင်ဆင်သင့်ပါက ပြင်ဆင်ရန် လိုအပ်မည်ဖြစ်သကဲ့သို့ BOT စနစ်နှင့် လမ်း၊ တံတား စသည့်အခြေခံအဆောက်အအုံများကို အကျိုးတူပူးပေါင်းဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှုရှိစေရန် အလေးထားဆောင်ရွက်ရမည်ဖြစ်ပြီး ခိုင်မာသည့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့် ထိန်းကျောင်းသွားရမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် Regulatory Body အဖြစ် ရည်မှန်းဆောင်ရွက်နေသည့်အတွက် (Private Public Partnership) စနစ်ကို ဆောင်ရွက်မည်ဆိုလျှင် မူဝါဒ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ၊ အဖွဲ့အစည်းဆိုင်ရာ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ခြင်းများ၊ လူ့စွမ်းအားအရင်းအမြစ်နှင့် ငွေကြေးဆိုင်ရာ အရင်းအမြစ်များ၊ PPP စီမံကိန်းများအတွက် အစိုးရ၏ ပံ့ပိုးမှုများ၊ PPP လုပ်ငန်းစဉ်များနှင့် ဆက်စပ်သည့် အကြောင်းအရာများအတွက် ဥပဒေပိုင်းဆိုင်ရာများကို ပွင့်လင်းမြင်သာစွာ ကြိုတင်ပြင်ဆင်ထားသင့်ကြောင်း အကြံပြုဆွေးနွေးသည်။

မင်းဘူး မဲဆန္ဒနယ်မှ ဦးဝင်းဝင်းက ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အဆောက်အအုံများဖွံ့ဖြိုးတိုးတက်စေရန်အတွက် BOT (Build, Operate,Transfer) အပါအဝင် စနစ် ၇ မျိုးလုပ်ကိုင်နေပြီး အစိုးရပိုင်မြေပေါ်တွင် လုပ်ကိုင်ရသည့်အတွက် တိကျသေချာသည့် စည်းမျဉ်းများ၊ စည်းကမ်းများနှင့် ကန့်သတ်ချက်အများအပြား ထည့်သွင်းကာ စာချုပ်ချုပ်ဆိုကြကြောင်း လေ့လာသိရှိရပါကြောင်း၊ BOT သည် PPP ဆိုသည့် (Private Public Partnership) ၏ လုပ်ငန်းစဉ်များထဲမှ တစ်ခုဖြစ်ပါကြောင်း၊ PPP သည် ရင်းနှီးမြှုပ်နှံမှုပုံစံတစ်ခုဖြစ်ပြီး အစိုးရအနေဖြင့် ရင်းနှီးမြှုပ်နှံရန် အမှန်လိုအပ်နေသော်လည်း အရင်းအနှီးမလုံလောက်သည့်အခါ ဆောင်ရွက်ကြသည့် စနစ်ဖြစ်ပါကြောင်း။

အဆိုရှင် တင်ပြသွားသကဲ့သို့ စာချုပ်ပါ စည်းမျဉ်းစည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်ကြခြင်းရှိ၊ မရှိ သိနိုင်ရန်အတွက် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ရုံးတာဝန်ရှိသူများထံတွင် စာချုပ်စည်းကမ်း၊ မိတ္တူများ ပေးထားရန်လိုအပ်ပါကြောင်း၊ သတ်မှတ်ထားသည့် စည်းကမ်းများသည် မည်သည့်အကြောင်းအရာဆိုသည်ကို ဒေသခံ မြို့နယ်အဆင့်၊ ခရိုင်အဆင့် တာဝန်ရှိသူများ သိရှိနေမှသာ ပိုမိုအဆင်ပြေမည် ဖြစ်ပါကြောင်း၊ လမ်းအသုံးပြုခများကိုလည်း သတ်မှတ်နှုန်းထားများအတိုင်း ကောက်ခံစေရေးဆောင်ရွက်သင့်ပါကြောင်းနှင့် အဆိုအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

အလားတူ အောင်လံမဲဆန္ဒနယ်မှ ဦးအောင်ထူးမြင့်၊ လေးမျက်နှာ မဲဆန္ဒနယ်မှ ဦးဇော်မင်းသိန်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ်မှ ဒေါက်တာဦးခင်မောင်မောင်၊ သိနီမဲဆန္ဒနယ်မှ ဦးစိုင်းဦးခမ်း၊ ကျေးသီးမဲဆန္ဒနယ်မှ ဦးစိုင်းအောင်ကျော်၊ စဉ့်ကူးမဲဆန္ဒနယ်မှ ဒေါက်တာဦးဇော်ဝင်းမြင့်၊ တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင်၊ တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူး ဆွေမြင့်ဦး၊ ရွှေကူမဲဆန္ဒနယ်မှ ဦးဇာနည်မင်း၊ ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်၊ မုံရွာ မဲဆန္ဒနယ်မှ ဦးညွန့်အောင်၊ ဒီပဲယင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်အောင်၊ ချောက် မဲဆန္ဒနယ်မှ ဦးဘိုကြီး၊ ကျောက်ဖြူ မဲဆန္ဒနယ်မှ ဦးဘရှိန်နှင့် ဒေးဒရဲ မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်ညိုတို့က ဆွေးနွေးကြသည်။

ယင်းအဆိုနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက B.O.T စာချုပ်ချုပ်ဆိုပြီး စာချုပ်ပါ စည်းကမ်းချက်အတိုင်း မလိုက်နာသည့်အတွက် ၂၀၀၆ ခုနှစ်မှ ၂၀၁၆ ခုနှစ် ၁၀ နှစ်တာ ကာလအတွင်း ကုမ္ပဏီပေါင်း ၂၃ ခု၊ လမ်းပိုင်း ၃၂ ခုကို ပြန်လည်သိမ်းဆည်းခဲ့ပြီး ဖြစ်ပါကြောင်း၊ ထိုသို့ သိမ်းဆည်းနိုင်ခဲ့သည့် အကြောင်းအရင်းအနေဖြင့် ကုမ္ပဏီများမှ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် B.O.T စာချုပ်ချုပ်ဆိုပြီး စတင်တည်ဆောက်ဆဲ ကာလအတွင်းတွင် အောင်မြင်အောင် မဆောင်ရွက်နိုင်သော ကုမ္ပဏီများကို ဆောက်လုပ်ရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးဖြင့် ဆုံးဖြတ်ခဲ့ပြီး မိမိတို့ဝန်ကြီးဌာနတစ်ခုတည်း၏ အခွင့်အာဏာဖြင့်ပင် သိမ်းဆည်းနိုင်ခဲ့ခြင်း ဖြစ်ပါကြောင်း။

သို့သော် B.O.T စနစ်ဖြင့် ဆောင်ရွက်သော ကုမ္ပဏီများသည် သတ်မှတ်ကာလတွင် လုပ်ငန်းများပြီးစီးပါက သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များ၏ ထောက်ခံချက်ဖြင့် B.O.T နှုန်းနှင့် လမ်းအသုံးပြုခ ကောက်ခံခွင့်ရရှိပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) ၏ ခွင့်ပြုမိန့်ကို ထုတ်ပေးခဲ့ပါကြောင်း၊ MIC ၏ ခွင့်ပြုမိန့် ထုတ်ပေးပြီးသည့်အချိန်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် အဆိုပါကုမ္ပဏီကို တိုက်ရိုက်အရေးယူ၍ မရနိုင်တော့ပါကြောင်း။

## အငြင်းပွားမှုရှိပါက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေအရ အနုညာတခုံရုံးတွင် နှစ်ဦးနှစ်ဖက် အပြန် အလှန် ဖြေရှင်းရမည်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေအခန်း(၁၄)၊ ပုဒ်မ (၅၂) ဖြင့် ရင်းနှီးမြှုပ်နှံမှုကို အကာအကွယ်ပေးထားသောကြောင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအရ မိမိတို့အရေးယူမည်ဆိုပါက MIC သို့ ဦးစွာတင်ပြရမည် ဖြစ်ပါကြောင်း၊ ထို့နောက် MIC မှ ကုမ္ပဏီကို တွေ့ဆုံမေးမြန်း၍ အဆိုပါကုမ္ပဏီမှ ပြန်လည်ရှင်းလင်းတင်ပြချက်ပေါ်မူတည်ပြီး MIC ၏ ဖြေကြားချက်ကို ပြန်လည်စောင့်ဆိုင်းရပါကြောင်း၊ အငြင်းပွားမှုရှိပါက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေအရ အနုညာတခုံရုံးတွင် နှစ်ဦးနှစ်ဖက် အပြန်အလှန် ဖြေရှင်းရမည်ဖြစ်ပြီး ထိုသို့ ဖြေရှင်းရသည့်အပိုင်းသည် အချိန်များစွာယူပြီး ဆောင်ရွက်သွားရမည့် အခြေအနေပင် ဖြစ်ပါကြောင်း။

မိမိတို့ဝန်ကြီးဌာနအနေဖြင့် လမ်း/တံတားများနှင့် ပတ်သက်သော B.O.T အလုပ်ရုံဆွေးနွေးပွဲကို ဆောင်ရွက်ခဲ့ပါကြောင်း၊ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် B.O.T နှင့် ပတ်သက်သော မူဝါဒများကို အသစ်ပြန်လည်ရေးဆွဲရန်၊ စည်းမျဉ်းစည်းကမ်းဥပဒေသများကို အသစ်ပြန်လည်ရေးဆွဲရန်နှင့် B.O.T စာချုပ်များကို ပြင်ဆင်ချုပ်ဆိုရန်တို့ ကို အတည်ပြုနိုင်ခဲ့ပါကြောင်း၊ အဆိုပါ အချက်များကို P.P.P Law ရေးဆွဲမပြီးမီ ကာလအတွင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ သဘောတူညီချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးသို့ တင်ပြ၍ အမြန်ဆုံးဆောင်ရွက်သွားရန်ကိုလည်း ထည့်သွင်းဆုံးဖြတ်ခဲ့ပါကြောင်း။

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် B.O.T ကုမ္ပဏီများ ချုပ်ဆိုထားသည့် စာချုပ်အရ အရပ်ကတိစာချုပ်လိုမျိုး ဖြစ်နေသည့်အတွက် ခိုင်မာမှုအားနည်းသည့်အပြင် B.O.T ကုမ္ပဏီများကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေအခန်း(၁၄)၊ အပိုဒ် (၅၂) မှ ပြန်လည်ကာကွယ်ပေးထားသည့်အတွက် အဆိုပါ ဥပဒေနှင့်ချုပ်ဆိုထားသည့် စာချုပ်သည် လိုက်လျောညီထွေမှုမရှိဘဲ စာချုပ်ကတစ်မျိုး၊ ဥပဒေကတစ်မျိုးဖြင့် ဆန့်ကျင်ဘက်ဖြစ်နေမှုကို ဝန်ကြီးဌာနအနေဖြင့် အလုပ်ရုံဆွေးနွေးပွဲတွင် ချမှတ်ထားသည့်အတိုင်း ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် B.O.T Task Force ဖွဲ့စည်း၍ B.O.T လုပ်ငန်းများကို အမြဲမပြတ်စစ်ဆေးကြပ်မတ်ဆောင်ရွက်လျက်ရှိနေပြီး ရှေ့ဆက်၍ B.O.T လုပ်ငန်းများကို တိုးတက်အောင်မြင်ရန်အတွက် ကိုယ်စားလှယ်ကြီးများနှင့် ညှိနှိုင်းပေါင်းစပ်၍ တိုးတက်အောင် ဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် လွှတ်တော်မှ အတည်ပြုပေးစေလိုပါကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး သတ္တမနေ့ကို ဩဂုတ် ၈ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **အေးအေးသန့်(သတင်းစဉ်)**

# အကျိုးဖြစ်ထွန်းစေမည့်လုပ်ငန်းများကို ဒေသ၏လိုအပ်ချက်အပေါ် အခြေခံဆန်းစစ်ပြီး အကောင်အထည်ဖော်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၆**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမ ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့ နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ကြယ်ပွင့်ပြ မေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ အစီရင်ခံစာ ၁ ခု ဖတ်ကြားခြင်း၊ ဥပဒေကြမ်း ၁ ခု အတည်ပြုခြင်းနှင့် အဆို ၁ ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာ ဦးကြွယ်ကြွယ်၏ **အရက်ကြော်ငြာများ စည်းကမ်းမဲ့စွာ ကျင့်ဝတ်သိက္ခာကင်းမဲ့စွာ အလွန်အကြူး ပြုလုပ်နေခြင်းများကို ထိန်းသိမ်းကြပ်မတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ထုတ်ပြန်ထားသည့် ကြော်ငြာမူဝါဒအရ နိုင်ငံတော်အလံ၊ နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်၊ နိုင်ငံတော်သီချင်း၊ နိုင်ငံတော်အကြီးအကဲနှင့် ငွေကြေးသင်္ကေတများကို မလေးစားသည့် တင်ပြမှုများ၊ နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့်နယ်မြေပိုင်ဆိုင်မှုကို ထိခိုက်စေသည့် ဖန်တီးတင်ပြမှုများ၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ ညွှန်ကြားချက်၊ လမ်းညွှန်ချက်မှအပ နိုင်ငံရေးဆိုင်ရာ ကြော်ငြာများ၊ နိုင်ငံရေးပါတီ တစ်ရပ်ရပ်၏ နိုင်ငံရေးမူဝါဒ(သို့မဟုတ်) ရပ်တည်ချက်များနှင့် ပတ်သက်သည့် ကြော်ငြာများကို လက်ခံခွင့်ပြုခြင်း မရှိပါကြောင်း။



ဒုတိယဝန်ကြီး
ဦးအောင်လှထွန်း



မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်
အမှတ်(၆)မှ ဒေါက်တာ ဦးကြွယ်ကြွယ်

## ယဉ်ကျေးမှုကို ထိခိုက်မုန်းတီးစိတ်ဖြစ်စေသည့် ကြော်ငြာများ လက်ခံဆောင်ရွက်ခြင်းမပြု

အလားတူ နိုင်ငံတွင်း နေထိုင်ကြသည့် တိုင်းရင်းသားတစ်မျိုးမျိုး၏ လူမျိုးရေး (သို့မဟုတ်) ယဉ်ကျေးမှုကို ထိခိုက်မုန်းတီးစိတ်ဖြစ်စေသည့် ကြော်ငြာများ၊ ကိုးကွယ်ယုံကြည်မှုများကို နှိမ့်ချစော်ကားရာရောက်သည့် ကြော်ငြာများ၊ ကာမရာဂကို လှုံ့ဆော်ရာရောက်သည့် စာများ၊ ပုံများ၊ ဝတ်စားဆင်ယင်မှုများ၊ ရာဇဝတ်မှု၊ အကြမ်းဖက်မှု၊ လောင်းကစားမှုနှင့် မူးယစ်ဆေးဝါးသုံးစွဲခြင်းများကို အားပေးလှုံ့ဆော်သည့် ကြော်ငြာများ၊ လူကုန်ကူးမှုကို အားပေးသည့် ကြော်ငြာများ၊ မသန်စွမ်းသော ပုဂ္ဂိုလ်များအား နှိမ့်ချစော်ကား ပြက်ရယ်ပြုလှောင်ပြောင်သည့် ကြော်ငြာများ၊ ဆေးဝါးများနှင့် ပတ်သက်၍လည်း သမားရိုးကျမဟုတ်သော ကုထုံးများ၊ လောကီပညာ(ဂမ္ဘီရပညာ) သို့မဟုတ် အလားတူ ကုထုံးများ၊ အလွန်အကြူးအမွှမ်းတင်ထားသည့် ပစ္စည်းနှင့် စားသောက်ကုန်များ၊ ဘီယာနှင့် ဝိုင်အပါအဝင် အရက်ကြော်ငြာများနှင့် ဆေးလိပ်၊ စီးကရက်၊ ဆေးပြင်းလိပ်၊ ဆေးရွက်ကြီးဖြင့်လုပ်သော ပစ္စည်းများ၊ ရောင်းချမှု၊ ဝယ်ယူသုံးစွဲမှုများအပေါ် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်သော အားပေးသည့် ကြော်ငြာများကို လက်ခံဆောင်ရွက်ခြင်း မပြုပါကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံပိုင်မီဒီယာများဖြစ်သည့် မြန်မာ့ရုပ်မြင်သံကြား၊ ရေဒီယို၊ နိုင်ငံပိုင်သတင်းစာများ၊ Website များအပြင် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ရုပ်သံလွှင့်ကုမ္ပဏီများနှင့် FM ကုမ္ပဏီများတွင် အများပြည်သူ ဝန်ဆောင်မှုမီဒီယာဆိုင်ရာ ကြော်ငြာမူဝါဒကို ထုတ်ပြန်ကြေညာထားသည့် အတိုင်း တိကျစွာလိုက်နာရန် ဆောင်ရွက်လျက် ရှိပါကြောင်း၊ လိုအပ်ချက်များ တွေ့ရှိပါကလည်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ သတိပေးကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

## ယစ်မျိုးဥပဒေများနှင့်အညီ လိုင်စင်များခွင့်ပြုရာတွင် အရက်သောက်သုံးသူလျော့နည်းစေရန် မူဝါဒထားရှိ ဆောင်ရွက်လျက်ရှိ

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက ထုတ်ပြန်ထားသည့် သတင်းမီဒီယာကျင့်ဝတ် အပိုဒ် (၂၃) တွင် ကြော်ငြာခြင်း၊ ကုန်ပစ္စည်းများ ထည့်သွင်းဖော်ပြခြင်းနှင့် ကြော်ငြာမဟုတ်သော အစီအစဉ်များတွင် နိုင်ငံပိုင်မီဒီယာများနှင့် ပုဂ္ဂလိကပိုင် မီဒီယာများအနေဖြင့် လိုက်နာဆောင်ရွက်ရန် လိုအပ်သည်များကို အတိအကျ ပြဋ္ဌာန်းထားရှိပြီး ဖြစ်သည့်အတွက် လိုက်နာဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ထို့ပြင် ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် အရက်၊ ဘီယာထုတ်လုပ်သည့် ကုမ္ပဏီများသို့ ယစ်မျိုးဥပဒေများနှင့်အညီ လိုင်စင်များခွင့်ပြုရာတွင် အရက်သောက်သုံးသူ လျော့နည်းစေရန် မူဝါဒထားရှိဆောင်ရွက်လျက်ရှိပါကြောင်း။

ယစ်မျိုးလုပ်ငန်းများကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရေးအတွက် နိုင်ငံတော်မှ မူဝါဒများ ချမှတ်ဆောင်ရွက်လျက်ရှိရာ လက်ရှိကျင့်သုံးလျက်ရှိသည့် ယစ်မျိုးမူဝါဒများမှာ အရက်သေစာသောက်စားခြင်း အလေ့အထ ပြန့်ပွားခြင်းကို အားပေးခြင်း မပြုစေရန်၊ သေရည်သေရက် ဖြန့်ဖြူးရောင်းချရာတွင် တရားမဝင်ထုတ်လုပ်မှု၊ ရောင်းချမှုမရှိစေဘဲ အရက်များပေါ်တွင် အခွန်ကြီးမြှင့်နိုင်သမျှ ကြီးမြှင့်ကောက်ခံရန်၊ မူးယစ်စေသော သေရည်သေရက်ကို ရောင်းချခြင်းဖြင့် အခွန်ငွေ ရရှိစေရန် အတွက်သာမဟုတ်ဘဲ ၎င်းကို သောက်သုံးသုံးစွဲခြင်း နည်းပါးစေရန် ရည်ရွယ်၍ အခွန်ကောက်သည်ဟု မှတ်ယူရန် တို့ဖြစ်ပါကြောင်း။

အရက်၊ ဘီယာကြော်ငြာများ ထည့်သွင်းဖော်ပြနေခြင်းသည် အရက်သောက်သုံးမှုကို အားပေးရာ ရောက်သည့်အတွက် အရက်၊ ဘီယာထုတ်လုပ်သူများအား စည်းကမ်းသတ်မှတ်ရာတွင် ပြည်တွင်းထုတ် သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ စာစောင်များတွင် အရက်၊ ဘီယာကြော်ငြာများ ထည့်သွင်းမဖော်ပြစေရေးအတွက် သက်ဆိုင်ရာ ယစ်မျိုးလိုင်စင်ရယူထားသည့် ကုမ္ပဏီများကို သက်ဆိုင်ရာဝန်ကြီးဌာနများက ကြပ်မတ်ဆောင်ရွက်သွားရန် လိုအပ်မည် ဖြစ်ပါကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအနေဖြင့် သက်ဆိုင်ရာစည်ပင်သာယာရေးကော်မတီများ၏ ခွင့်ပြုချက်ဖြင့် ကြော်ငြာဆိုင်းဘုတ်များ စိုက်ထူခြင်းကို ဆောင်ရွက်လျက်ရှိရာ ပြန်ကြားရေးဝန်ကြီးဌာနမှ ချမှတ်ထားသည့် ကြော်ငြာမူဝါဒအတိုင်း လိုက်နာလျက်ရှိသည်ကို သိရှိရပါကြောင်း၊ တစ်မျိုးသားလုံး၏ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု စသည်တို့ကို ဆိုးရွားစွာ ထိခိုက်နိုင်သည့် အရက်သောက်သုံးမှုကို ထိန်းချုပ်ရန်အတွက် တစ်ဖက်က အခွန်စည်းကြပ်ခြင်းနှင့် ဆောင်ရွက်သလို အခြားတစ်ဖက်ကလည်း မီဒီယာများအပိုင်းက ကျင့်ဝတ်နှင့်အညီ ထိန်းသိမ်းဆောင်ရွက်ခြင်းဖြင့် လည်းကောင်း၊ လုပ်ငန်းရှင်များအနေဖြင့် တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ တိကျစွာလိုက်နာဆောင်ရွက်ကြရန် လိုအပ်မည် ဖြစ်ပါကြောင်း၊ ယင်းသို့ ဆောင်ရွက်ခြင်းမပြုပါက သက်ဆိုင်ရာ ဥပဒေများကို ကျင့်သုံးကိုင်တွယ်နေသည့် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများက ထိရောက်စွာ အရေးယူဆောင်ရွက်မှုများ ပြုလုပ်သင့်ပါကြောင်း ဖြေကြားသည်။

## ရခိုင်ပြည်နယ်အတွင်း လယ်ယာကဏ္ဍ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်စေရန် ရေငန်တား တာများနှင့်ရေထိန်းတံခါးများ ဆက်စပ်တည်ဆောက်

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ် ၏ **၂၀၁၁ ခုနှစ်၊ အစိုးရသစ်တက်လာသည်မှ ယနေ့ထိ ရခိုင်ပြည်နယ်၏ စိုက်ပျိုးရေးကဏ္ဍ၌** UNDP, ဂျပန် ODA, World Bank, ADB, JFAD, AFD, EXIM Bank **စသည့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဘဏ်များ၏ ထောက်ပံ့ငွေ သို့မဟုတ် ချေးငွေများဖြင့် ရင်းနှီးမြှုပ်နှံပြီး အကောင်အထည်ဖော်မှု ပမာဏ မည်မျှရှိကြောင်းနှင့် တိုးမြှင့်ရင်းနှီးမြှုပ်နှံမည့် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ရခိုင်ပြည်နယ်အတွင်း စိုက်ပျိုးရေတိုးတက်ရရှိပြီး လယ်ယာကဏ္ဍ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အဓိကကျသည့် ရေငန်ဝင်ရောက်မှုမှ ကာကွယ်ရန်နှင့် ရေချိုထိန်းသိမ်းထားနိုင်ရန် ရေငန်တားတာများနှင့်ရေထိန်းတံခါးများကို ဆက်စပ်တည်ဆောက်ပေးခြင်း လုပ်ငန်းကို ဦးစားပေးဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။

နိုင်ငံတကာအဖွဲ့အစည်းများ၏ နည်းပညာအကူအညီများ၊ ထောက်ပံ့ငွေ (သို့မဟုတ်) ချေးငွေများနှင့် ရင်းနှီးမြှုပ်နှံ အကောင်အထည်ဖော်မည်ဆိုပါက စိုက်ပျိုးမြေ တစ်ဆက်တစ်စပ်တည်း တည်ရှိမှုအခြေအနေ၊ စီမံကိန်းကုန်ကျစရိတ်နှင့် အကျိုးအမြတ် တွက်ခြေကိုက်မှု ရှိ၊ မရှိ၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားဘဝထိခိုက်ပျက်စီးနိုင်မှု အခြေအနေများကို လေ့လာဆန်းစစ်ရန် လိုအပ်လာမည် ဖြစ်ပါကြောင်း၊ လက်ရှိ အခြေအနေအရ အဆိုပါ အချက်များသည် နိုင်ငံတကာအဖွဲ့အစည်းများ၏ ထောက်ပံ့ငွေ သို့မဟုတ် ချေးငွေဖြင့် ရင်းနှီးမြှုပ်နှံရန်အတွက် ၎င်းတို့၏ စံနှုန်းများအရ ဒေသတွင် ကန့်သတ်ချက်များ ရှိနေပါကြောင်း။

အဆိုပါ ကန့်သတ်ချက်များ ရှိနေသေးသည့်အတွက် အခြေအနေပေးလာမှု အပေါ်တွင် နိုင်ငံတကာအဖွဲ့အစည်းများ၏ အထောက်အပံ့ သို့မဟုတ် ချေးငွေများနှင့် ရင်းနှီးမြှုပ်နှံဆောင်ရွက်သွားနိုင်မည်ဖြစ်ပြီး လတ်တလောအခြေအနေတွင် ဆည်မြောင်းဆိုင်ရာလုပ်ငန်းများကို နိုင်ငံတကာအဖွဲ့အစည်းများ၏ အထောက်အပံ့ သို့မဟုတ် ချေးငွေများဖြင့် ဆောင်ရွက်ပေးနိုင်မှု မရှိသေးသည့် အခြေအနေဖြစ်ပါကြောင်း၊ လတ်တလောအားဖြင့် အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းများကို ဒေသ၏ လိုအပ်ချက်အပေါ် အခြေခံလေ့လာဆန်းစစ်ပြီး နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ထို့ပြင် ကိုရီးယားသမ္မတနိုင်ငံ အထောက်အပံ့ဖြင့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ အသက်မွေးဝမ်းကျောင်းပညာ သင်တန်းဖွင့်လှစ်မည့် လုပ်ငန်းစီမံချက်နှင့် တရုတ်နိုင်ငံ၏ ထောက်ပံ့မှုဖြင့် စွမ်းဆောင်ရည်မြှင့်တင်ရေး အစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ညှိနှိုင်းစီမံထားရှိပြီးဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်အတွင်းရှိ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းများ ဖွံ့ဖြိုးရေးအတွက် China EXIM Bank ချေးငွေဖြင့် အသေးစားအရင်းအနှီးချေးငွေထုတ်ပေးလျက်ရှိရာ ၂၀၁၈ ခုနှစ် ဇွန်လကုန်အထိ အသင်းသား ၄၀၆၀၃ ဦးကို ငွေကျပ် ၅၅၆၅ သန်း ထုတ်ချေးပေးခဲ့ပြီး ဖြစ်ပါကြောင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် ဂျပန်နိုင်ငံ JICA အဖွဲ့အစည်းမှ ရရှိသည့် Two Step Loan ဖြင့် နှစ်တို၊ နှစ်ရှည် ချေးငွေများကို လယ်ယာကို အခြေခံသည့် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ထုတ်ချေးပေးလျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ နိုင်ငံတကာအဖွဲ့အစည်းများ၏ အထောက်အပံ့ သို့မဟုတ် ချေးငွေများနှင့် စိုက်ပျိုးရေးတိုးတက်ရရှိရေးအတွက် ရင်းနှီးမြှုပ်နှံမှုကို အခြေအနေပေးလာမှု အပေါ် မူတည်ပြီး ဆောင်ရွက်သွားနိုင်မည်ဖြစ်ပြီး လတ်တလော အခြေအနေတွင် မြေပြင်အခြေအနေ၏ ကန့်သတ်ချက်များနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ စံနှုန်းနှင့်အညီဆောင်ရွက်နိုင်ရန် လိုအပ်ချက်များ ရှိနေသေးသည့်အတွက် အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်မှု မရှိသေးသည့် အခြေအနေ ဖြစ်ပါကြောင်း ဖြေကြားသည်။

အလားတူ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခင်ဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမင်းနိုင်နှင့် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၄) မှ ဦးထိန်ဝင်းတို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးလားလ်မင်းထန်က မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၁၇ ခုနှစ်) နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြားရှင်းလင်းသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၁၇ ခုနှစ်) အား အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူသည်။

ဆက်လက်၍ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀) မှ ဦးလားလ်မင်းထန်က အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့ သဘောကွဲလွဲသည့်အချက်ကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် အဆိုတင်သွင်းသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့် အချက်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန် ဆုံးဖြတ်ကြောင်း ကြေညာသည်။

ယင်းနောက် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်းက **မြန်မာနိုင်ငံတွင် လယ်ယာဥယျာဉ်ခြံမြေများကို စည်းကမ်းမဲ့စွာ အကွက်ဖော်ရောင်းစားနေကြခြင်းတို့ကြောင့် စိုက်ပျိုးမြေများ အလျင်အမြန်လျော့နည်းလာခြင်း၊ မြို့ပေါ်နှင့် ကျေးရွာများတွင် နောင်တစ်ချိန် လိုအပ်ပါက အသုံးပြုနိုင်ရန် ချန်လှပ်ထားသော မြေလွတ်များ ပျောက်ဆုံးကုန်ခြင်း စသည်တို့နှင့် အဓိကသက်ဆိုင်သော စီမံခန့်ခွဲမှုကော်မတီ၊ စည်ပင်သာယာရေးကော်မတီနှင့် လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီအဆင့်ဆင့် (ကော်သုံးကော်)တို့၏ လျော့ရဲပြီး အဂတိတရားမကင်းသည့် လုပ်ဆောင်ချက်များကို ထိရောက်စွာ ထိန်းညှိပေးနိုင်မည့် အစီအမံတစ်ခုကို အလျင်အမြန် ရေးဆွဲပြဋ္ဌာန်း အကောင်အထည်ဖော်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုတင်သွင်းရာတွင် မြန်မာနိုင်ငံတစ်ဝန်းတွင်ရှိသည့် လယ်ယာမြေ၊ ဥယျာဉ်၊ ခြံမြေများကို အခြားနည်းအသုံးပြုခွင့် လျှောက်ထားလာကြခြင်း၊ မြေယာပြဿနာများကို ဖြေရှင်းကြခြင်း၊ မြို့ပြနှင့် ကျေးရွာများတွင်ရှိသည့် ဘုံပိုင်မြေများကို စီမံထိန်းသိမ်းကြခြင်း၊ မြို့ပြကို သာယာစနစ်ကျအောင် ဖော်ဆောင်ကြသည့်အခါများတွင် အဆိုတွင် ပါဝင်သည့် ကော်မတီ ၃ ရပ်က အဓိက တာဝန်ယူ ဆောင်ရွက်ရပါကြောင်း။

မိမိတို့နိုင်ငံသည် လူနေရပ်ကွက်နှင့် မြေယာများကို ဥပဒေနှင့်အညီ စနစ်တကျ အသုံးပြုစေရန် စီမံခန့်ခွဲမှုမပြုလုပ်နိုင်ခဲ့သည်မှာ ရာစုနှစ် တစ်ဝက်ကျိုးလာခဲ့ပြီ ဖြစ်ပါကြောင်း၊ ထိုသို့ မပြုလုပ်နိုင်ခဲ့ခြင်းမှာ စီမံခန့်ခွဲခွင့် တာဝန်ကိုရယူထားကြသူ ကိုယ်တိုင်ကိုက လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြု ကိုယ်ကျိုးရှာခဲ့ကြသည့်အတွက် ပရမ်းပတာဖြစ်နေသည့် မြို့ပြလူနေမှုစနစ်များ၊ စည်းစနစ်မရှိသည့် လူနေကွက်သစ်များနှင့် ထိန်းမနိုင်သိမ်းမရဖြစ်ခဲ့ရသည့် အမွေများကို မိမိတို့ ဆက်ခံခဲ့ရပါကြောင်း။

## ထိရောက်စွာ ဆောင်ရွက်နိုင်မည့် အစီအမံတစ်ခုကို အလျင်အမြန် ရေးဆွဲချမှတ် အကောင်အထည် ဖော်ပေးပါရန် တိုက်တွန်း

ထို့ကြောင့် မိမိတို့လက်ထက်တွင် စနစ်တကျဖြစ်အောင် ပြန်လည်ပြုပြင်တည်ဆောက် ကြရမည်ဖြစ်ပါကြောင်း၊ မိမိဒေသကို ချစ်မြတ်နိုးသူ၊ ကိုယ့်ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေး၍ ရေရှည်အကျိုးမျှော်ကြည့်တတ်သူ၊ အများအတွက် ကိုယ်ကျိုးစွန့်နိုင်သူ၊ အဂတိတရားကို မနှစ်မြို့သူများနှင့် ဖွဲ့စည်းထားသည့် ကော်မတီများက စီမံခန့်ခွဲကြမှသာ နိုင်ငံတစ်ဝန်းမှ ဒေသအသီးသီးသည် ရေရှည်တွင် စနစ်တကျနှင့် ပြန်လည်ဖွံ့ဖြိုးလာမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် မြေယာကိစ္စနှင့် ပတ်သက်သည့် ကိစ္စရပ်များကို အဓိက အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကော်မတီ ၃ ရပ်နှင့်အတူ ဆက်စပ်ဌာနဆိုင်ရာ ဝန်ထမ်းများ၏ လုပ်ရပ်များကို အချိန်မီထိန်းညှိနိုင်ရန်အတွက်လည်းကောင်း၊ နောင်လာမည့် အနာဂတ်ကာလအတွက် စည်းနှောင်မှု အားကောင်းသည့် မြေယာစီမံ ခန့်ခွဲမှုစနစ်နှင့် အဆိုပါ စနစ်ကို တိကျစွာ အကောင်အထည်ဖော်နိုင်မည့် ကော်မတီများ ဖြစ်ထွန်းပေါ်ပေါက်လာစေရန်အတွက် လည်းကောင်း၊ ထိရောက်စွာ ဆောင်ရွက်နိုင်မည့် အစီအမံတစ်ခုကို အလျင်အမြန် ရေးဆွဲချမှတ် အကောင်အထည် ဖော်ပေးပါရန် တိုက်တွန်းကြောင်း အဆိုကို တင်သွင်းအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းအဆိုနှင့် စပ်လျဉ်း၍ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခင်ဝင်းက ထောက်ခံဆွေးနွေးသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုနှင့် စပ်လျဉ်း၍ လက်ခံဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်းနှင့် ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး သတ္တမနေ့ကို ဩဂုတ် ၈ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်**

# အရှေ့တောင်အာရှဒေသ စပါး-ငါးစနစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေး နှီးနှောဖလှယ်ပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၆**

စပါး-ငါးတွဲဖက်စိုက်ပျိုးမွေးမြူရေး သုတေသနရလဒ်များအရ စပါး တစ်မျိုးတည်း သီးသန့်စိုက်ပျိုးခြင်းထက် စပါး- ငါးရောနှော စိုက်ပျိုးမွေးမြူခြင်းစနစ်သည် စီးပွားရေးအရသာမက အာဟာရ ရရှိမှုအတွက်ပါ ပိုမိုအကျိုးရရှိကြောင်း၊ စပါးခင်းအတွင်း ငါးရှိခြင်း သည် မြေဩဇာဓာတ် ပိုမိုကောင်းမွန်စေပြီး စပါးပင်အတွက် လိုအပ်သည့် အာဟာရကို တိုးတက်ရရှိစေသည့်အပြင် အသေး စားတောင်သူများနှင့် မိသားစုများအတွက် အာဟာရပြည့်ဝ ရေးနှင့် ဝင်ငွေတိုးတက်ရရှိရေးကိုပါ အကျိုးပြုနိုင်မည်ဖြစ်သည့် အတွက် အလားအလာကောင်းသော လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ ယနေ့ နံနက် ၈ နာရီခွဲက နေပြည်တော် ဟိုတယ်ဇုန်ရှိ Kempinski Hotel၌ ကျင်းပသည့် အရှေ့တောင်အာရှဒေသ စပါး-ငါး စနစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေး နှီးနှောဖလှယ်ပွဲတွင် စိုက်ပျိုး ရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာအောင်သူက ဆွေးနွေးပြောကြားသည်။



အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မျိုးအောင်နှင့် နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံ သံအမတ်ကြီး H.E. Nicholas Coppel၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာခင်ဇော်၊ ACIAR ငါးလုပ်ငန်းဆိုင်ရာ ညွှန်ကြား ရေးမှူး Dr. Ann Fleming ၊ WorldFish ညွှန်ကြားရေး မှူးချုပ် Dr. Gareth Johnstone၊ IRRI ညွှန်ကြားရေးမှူးချုပ် Dr. Matthew Morell ၊ FAO ဌာနေကိုယ်စားလှယ်၊ IWMI မှ ဌာနေကိုယ်စားလှယ်၊ Bilateral ဖွံ့ဖြိုးမှုဆိုင်ရာ အေဂျင်စီများ၊ တာဝန်ရှိသူများ၊ ပညာရှင်များ တက်ရောက် ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူ(**အပေါ်ပုံ**)က အဖွင့်အမှာစကားပြောကြားပြီး ဩစတြေးလျနိုင်ငံ သံအမတ်ကြီး H.E. Nicholas Coppel၊ ACIAR ငါးလုပ်ငန်းဆိုင်ရာ ညွှန်ကြားရေးမှူး Dr. Ann Flemingနှင့် World Fish Myanmar မှ Country Director Mr. Michael Akester တို့က နှုတ်ခွန်းဆက် စကားများ ပြောကြားကြသည်။

ဩစတြေးလျ နိုင်ငံတကာစိုက်ပျိုးရေး သုတေသနဌာန (ACIAR)၏ ရန်ပုံငွေအထောက်အပံ့ဖြင့် "မြန်မာနိုင်ငံ ရောဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် စပါး-ငါးစနစ်များ ဖွံ့ဖြိုး တိုးတက်လာစေရေး"စီမံကိန်းကို ရောဝတီမြစ်ဝကျွန်းပေါ်ဒေသရှိ ဂေဟစနစ် ဇုန်များအပေါ်အခြေခံပြီး သင့်လျော်သည့် စပါး- ငါးစနစ်များ၏ ထုတ်လုပ်နိုင်စွမ်းနှင့် အကျိုးအမြတ်ဖြစ်ထွန်းနိုင် စွမ်းတို့ တိုးတက်စေရေးရည်မှန်းကာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနတို့နှင့် အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ယင်းစီမံကိန်းကို ၂၀၁၇- ၂၀၂၁ ခုနှစ်အထိ CGIAR (Consultative Group for International Agricultural Research)၊ World Fish၊ IRRI (International Rice Research Institute) နှင့် IWMI (International Water Management Institute) စသည့်အဖွဲ့အစည်းများက အားဖြည့်ပြီး အကောင် အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေဖြင့် နိုင်ငံ့ဝန်ထမ်းကဏ္ဍ ပြုပြင်ပြောင်းလဲရေးအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်လျက်ရှိ

**ရန်ကုန် ဩဂုတ် ၆**

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး စီမံခန့်ခွဲမှုသင်တန်း၊ အမှတ်စဉ်(၂)သင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)၊ ပြည်သူ့ဝန်ထမ်း အကယ်ဒမီ ကေတုမတီခန်းမ၌ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးဝင်းမော်၊ အဖွဲ့ဝင် ဒေါက်တာဦးပွား၊ ဗဟိုဝန်ထမ်း တက္ကသိုလ် (အောက်မြန်မာပြည်) ပါမောက္ခချုပ် ဦးအောင်တင်စိုးနှင့် တာဝန်ရှိသူများ၊ တက္ကသိုလ်မှ အရာထမ်း၊ အမှုထမ်းများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။



ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ က သင်တန်းဖွင့် အမှာစကား ပြောကြားရာတွင် ယခုသင်တန်းကို ဝန်ကြီးဌာန အဖွဲ့အစည်းအသီးသီး၏ စီမံခန့်ခွဲအုပ်ချုပ်မှုပိုင်း၌ အဓိကတာဝန် ထမ်းဆောင်နေပြီး အနာဂတ်တွင် နိုင်ငံ တော်၏ ပိုမိုကြီးမားသည့် တာဝန်များ ကို ပခုံးပြောင်းထမ်းဆောင်ကြမည့် အဆင့်မြင့်အရာရှိကြီးများ၏ အရည် အသွေးများ မြင့်မားထက်မြက်လာစေပြီး မိမိတာဝန်ယူရမည့် ဝန်ထမ်းအဖွဲ့အစည်း ၌ ဦးဆောင်နိုင်မှု စွမ်းရည်တိုးတက်လာ စေရန်နှင့် အနာဂတ်ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးကောင်းများ ပေါ်ထွက်လာ စေရန် ရည်ရွယ် ဖွင့်လှစ်ခြင်းဖြစ် ကြောင်း။

သင်တန်းကာလအတွင်း ပြည်တွင်း၊ ပြည်ပ ဘာသာရပ်များကို ဆွေးနွေးပို့ချ ပေးသွားမည်ဖြစ်ကြောင်း၊ သင်တန်းများ ပြုလုပ်ခြင်းဖြင့် နိုင်ငံ့ဝန်ထမ်း အဆင့်မြင့် အရာရှိကြီးများသည် မြန်မာနိုင်ငံ၏ အနေအထားနှင့် ကိုက်ညီမှုရှိသည့် ဗဟို ချုပ်ကိုင်မှု လျှော့ချခြင်း၊ ဖက်ဒရယ်စနစ် ဖန်တီးပုံဖော်မှု၊ ဒီမိုကရေစီနှင့် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ဖွင့်ဆိုချက်များ အယူအဆများနှင့် သဘောတရားများ စသည်တို့ကို ကျယ်ကျယ်ပြန့်ပြန့် သိရှိလာ နိုင်မည်ဖြစ်ကြောင်း၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့အနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေးတွင် အဓိကကျသည့် နိုင်ငံ့ ဝန်ထမ်းများ၏ အခန်းကဏ္ဍ ပြုပြင် ပြောင်းလဲရေးအတွက် အဘက်ဘက်မှ ဆောင်ရွက်လျက်ရှိပါကြောင်း။

လက်ရှိ နိုင်ငံတော်အစိုးရလက်ထက် တွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေ ဖြင့် ဝန်ကြီးဌာန၊ အဖွဲ့အစည်းအသီးသီးရှိ ပြန်တမ်းဝင်အရာရှိအဆင့် စတင် ခန့်ရာထူးနေရာများကို စနစ်တကျ စိစစ် ရွေးချယ်ပေးခြင်း၊ ထိရောက်စွာ လေ့ကျင့် ပျိုးထောင်ပေးခြင်း၊ ဝန်ထမ်းများ လိုက်နာ စောင့်ထိန်းရမည့် ကျင့်ဝတ်များ၊ စည်းမျဉ်း စည်းကမ်းများ၊ လုပ်ထုံး လုပ်နည်းများ၊ စံနှုန်းများ သတ်မှတ်ရေး နှင့် မူဝါဒလမ်းညွှန်ချက်များ ချမှတ်နိုင် ရေးအတွက် ပြည်ထောင်စုအစိုးရအား အထောက်အကူပြုခြင်း၊ ဝန်ထမ်းအဖွဲ့ အစည်းများနှင့် တိုင်းဒေသကြီး (သို့မဟုတ်)ပြည်နယ် ဝန်ထမ်းအဖွဲ့ အစည်းများ၏ ဝန်ထမ်းရွေးချယ်ခန့်ထား ရေး၊ လေ့ကျင့်ပျိုးထောင်ရေး၊ စည်းကမ်း ထိန်းသိမ်းရေးကိစ္စများနှင့် စပ်လျဉ်း၍ စိစစ်ညှိနှိုင်း ဆောင်ရွက်ခြင်းစသည့် တာဝန်များကို ၂၀၀၈ ခုနှစ် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ လည်းကောင်း၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဥပဒေ၊ နည်းဥပဒေများ၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်း နည်း ဥပဒေများပါ ပြဋ္ဌာန်းချက်များအရ လည်းကောင်း၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက် လျက်ရှိပါကြောင်း။

ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA)နှင့် ပူးပေါင်းပြီး (နေပြည်တော်) ပြည်ထောင်စုရာထူးဝန်အဖွဲ့ ရုံးပရဝဏ် အတွင်း ပြည်သူ့ဝန်ထမ်းအကယ်ဒမီ လေ့ကျင့်ရေးသင်တန်းကျောင်း တည် ဆောက်နိုင်ရေးကို ညှိနှိုင်းဆွေးနွေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါ သင်တန်းကျောင်းတွင် အဆင့်ဆင့်သော နိုင်ငံ့ဝန်ထမ်းများအတွက် Short Term, Medium Term , Long Term Training Course များ Generalized Training Program နှင့် Specialized Training Program များ၊ Bachelor Degree International Training Program များကို ဖွင့်လှစ်သင်ကြားလေ့ကျင့်ပေး သွားမည်ဖြစ်ပြီး အာဆီယံနိုင်ငံ့ဝန်ထမ်း ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်း ကျင်းပသည့် အစည်းအဝေးများကိုလည်း ကျင်းပသွားမည် ဖြစ်ပါကြောင်း။

နိုင်ငံတော် အသွင်ကူးပြောင်းဆဲ ကာလတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အနေဖြင့် နိုင်ငံ့ဝန်ထမ်းကဏ္ဍ ပြုပြင် ပြောင်းလဲရေးအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်အစိုးရ ၏ မူဝါဒများကို လက်တွေ့အကောင် အထည်ဖော်ပေးနေသည့် သင်တန်းသား၊ သင်တန်းသူများကလည်း ပြည်သူလူထု အတွက် ကောင်းမွန်ထိရောက်သည့် ဝန်ဆောင်မှုများကို ဆောင်ရွက်ရန် တာဝန်ရှိသူများလည်း ဖြစ်ကြောင်း၊ သင်တန်းသား၊ သင်တန်းသူများသည် နိုင်ငံတော်အစိုးရကို ကိုယ်စားပြုသူများ ဖြစ်သောကြောင့် နိုင်ငံတော်အစိုးရနှင့် ပြည်သူကြား ယုံကြည်မှုတည်ဆောက် ရာမှာ အခရာကျသူများဖြစ်ပြီး ကောင်းမွန်သော အုပ်ချုပ်မှုစနစ် ပေါ်ထွန်းလာအောင် စွမ်းဆောင်ပေး နိုင်မည့်သူများဖြစ်ပါကြောင်း ပြောကြား သည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၁၆ ဦး၊ သင်တန်းသူ လေးဦး စုစုပေါင်း ၂၀ တက်ရောက်မည်ဖြစ်ပြီး သင်တန်း ကာလမှာ စက်တင်ဘာ ၂၈ ရက်ထိ ရက်သတ္တရှစ်ပတ်ကြာ ဖွင့်လှစ်မည် ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

## မှတ်သားဖွယ်ရာမိုးရေချိန်

**နေပြည်တော် ဩဂုတ် ၆**

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ လောင်းလုံးမြို့တွင် ၆ ဒသမ ၆၉ လက်မ၊ ထားဝယ်မြို့တွင် ၆ ဒသမ ၃၀ လက်မ၊ ကိုကိုးကျွန်းမြို့တွင် ၅ ဒသမ ၄၀ လက်မ၊ ရေးမြို့တွင် ၄ ဒသမ ၂၂ လက်မ၊ ဟိုင်းကြီးကျွန်းမြို့တွင် ၃ ဒသမ ၇၄ လက်မ၊ မင်းကင်းမြို့တွင် ၃ ဒသမ ၁၁ လက်မ၊ မော်လိုက်မြို့တွင် ၂ ဒသမ ၈၄ လက်မ၊ ချောင်းဆုံမြို့တွင် ၂ ဒသမ ၇၂ လက်မ၊ ကျိုက္ခမီမြို့တွင် ၂ ဒသမ ၅၂ လက်မ၊ ဖာပွန်မြို့တွင် ၂ ဒသမ ၃၂ လက်မ၊ ဂွမြို့တွင် ၂ ဒသမ ၂၄ လက်မ၊ ရှမ်းရွာသစ်မြို့တွင် ၂ ဒသမ ၂၂ လက်မ၊ တမူးမြို့တွင် ၂ ဒသမ ၁၃ လက်မ၊ ကလေးဝမြို့တွင် ၂ ဒသမ ၀၀ လက်မ နှင့် ပူတာအိုမြို့တွင် ၁ ဒသမ ၈၉ လက်မစီတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ အင်ဒိုနီးရှားအဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၆**

မြန်မာနိုင်ငံအဂတိလိုက်စားမှု တိုက်ဖျက် ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည် သည် အင်ဒိုနီးရှားနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် (Corruption Eradication Commission- KPK) ဒုတိယဥက္ကဋ္ဌ Mr. Laode Muhammad Syarif နှင့် အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီက နေပြည်တော်ရှိ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ရုံး ဧည့်ခန်းမ၌ လက်ခံ တွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် အဂတိလိုက်စားမှုများနှင့် ပတ်သက်၍ တားဆီးကာကွယ်ရေး၊ စုံစမ်း စစ်ဆေးရေး၊ ကိုယ်ကျင့်သိက္ခာမြှင့်တင် ရေး၊ ပညာပေးရေးလုပ်ငန်းများတွင် အပြန်အလှန် အကူအညီပေးရေးနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေးတို့အတွက် ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ KPK ဒုတိယဥက္ကဋ္ဌ နှင့်အဖွဲ့သည် အတွင်းရေးမှူး ဦးဆောင် သော ကော်မရှင်အဖွဲ့ဝင်များ၊ ရုံးအဖွဲ့များ နှင့် စုပေါင်းခန်းမတွင် တွေ့ဆုံ၍ မြန်မာ နိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်၏ သမိုင်းကြောင်း၊ ဖွဲ့စည်းမှုနှင့် လုပ်ငန်း ဆောင်ရွက်ချက်များအား ရှင်းလင်းပြောကြားခဲ့ပြီး KPK ဒုတိယ ဥက္ကဋ္ဌက KPK ၏ အမှုစစ်ဆေးခြင်း၊ တရားစွဲဆိုခြင်း၊ တားဆီးကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ခြင်းအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေး၍ အမြင်ချင်း ဖလှယ်ခဲ့ကြသည်။

**သတင်းစဉ်**




မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည် အင်ဒိုနီးရှားနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌ **Mr. Laode Muhammad Syarif** အား လက်ခံတွေ့ဆုံစဉ်။

# စီးပွားရေးစကားဝိုင်း ဆွေးနွေး

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နွဲ့နွဲ့ဝင်း၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်တင့်နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန(အကြံပေး) ဦးကြည်ရှိန်တို့ ပါဝင်သော စီးပွားရေးစကားဝိုင်း အစီအစဉ်ကို ဇူလိုင် ၅ ရက် နံနက်ပိုင်းက နေပြည်တော်ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ပြုလုပ်ခဲ့ပါသည်။ အဆိုပါစကားဝိုင်းတွင် ဆွေးနွေးခဲ့သည်များကို ပြန်လည်ဖော်ပြအပ်ပါသည်။**




**အစီအစဉ်မှူး ။** ။ ပထမဦးဆုံးအနေနဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးကို မေးချင်ပါတယ်။ ပြည်ထောင်စုလွှတ်တော် န၀မ ပုံမှန်အစည်းအဝေးမှာ တင်သွင်းခဲ့တဲ့ အမျိုးသားစီမံကိန်း ဥပဒေကြမ်းနဲ့ ပြည်ထောင်စုရဲ့အရအသုံးဆိုင်ရာ ဥပဒေကြမ်းကို လွှတ်တော်ကို တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ အဲဒါနဲ့ ပတ်သက်ပြီး ပြည်သူတွေသိရှိအောင် ရှင်းပြပေးစေချင်ပါတယ်။

**ဒုတိယဝန်ကြီး ။** ။ ဟုတ်ကဲ့ပါ။ နှစ်စဉ် နှစ်စဉ် ပြည်ထောင်စုလွှတ်တော်ကို ကျွန်တော်တို့ ဝန်ကြီးဌာနကနေပြီးတော့ ဥပဒေကြမ်းတွေ တင်သွင်းတာနဲ့ ပတ်သက်လို့ ပထမဦးဆုံး အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၀ (ခ)ကို လေ့လာကြည့်မယ်ဆိုရင် အဲဒီပုဒ်မ ၁၀၀ (ခ)မှာ နှစ်စဉ် ပြည်ထောင်စုကနေပြီးတော့ ပြည်ထောင်စုအစိုးရအဖွဲ့ကသာ တင်သွင်းခွင့်ရှိတဲ့ ဥပဒေကြမ်းသုံးခုကို ဖော်ပြထားပါတယ်။ ဒီဥပဒေကြမ်းသုံးခုကတော့ နှစ်စဉ် အမျိုးသားစီမံကိန်းဥပဒေကြမ်း၊ နှစ်စဉ် ပြည်ထောင်စုရဲ့ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်း၊ နှစ်စဉ် ပြည်ထောင်စုရဲ့အခွန်အကောက်ဥပဒေကြမ်းတို့ ဖြစ်ပါတယ်။ အဲဒီဥပဒေကြမ်းသုံးခုကို အခြားအဖွဲ့အစည်းက တင်သွင်းခွင့်မရှိဘဲ ပြည်ထောင်စုအစိုးရအဖွဲ့ကပဲ တင်သွင်းခွင့်ရှိတယ်လို့ ပြဋ္ဌာန်းထားပြီးတော့ ဒီဥပဒေကြမ်းသုံးခုစလုံးကိုလည်း ပြည်ထောင်စုလွှတ်တော်ကပဲ ဆွေးနွေးဆုံးဖြတ်ရမယ်လို့ ပြဋ္ဌာန်းထားပါတယ်။ အဲဒီပြဋ္ဌာန်းချက်နဲ့အညီ ကျွန်တော်တို့ ဝန်ကြီးဌာနကနေ နှစ်စဉ်တာဝန်ယူပြီး သတ်မှတ်တဲ့အချိန်အတိုင်း ပြည်ထောင်စုလွှတ်တော်ကို ပေးပို့ပြီးတော့ တင်သွင်းရပါတယ်။ ဒီလိုပေးပို့ တင်သွင်းဖို့အတွက်ကို ကျွန်တော်တို့ သက်ဆိုင်ရာ ဦးစီးဌာနတွေက ကြိုတင်ပြင်ဆင်ဆောင်ရွက်ကြရပါတယ်။ ဒီလို ကြိုတင်ပြင်ဆင်တဲ့ အချိန်ကာလက ရှစ်လကနေ ကိုးလလောက်အထိ ကြိုတင်ဆောင်ရွက်ရပါတယ်။

### စိစစ်ရေးအဖွဲ့တွေ ဖွဲ့စည်းပြီး ထပ်ပြီးစိစစ်

ဒီလိုပြင်တဲ့အပိုင်းမှာ အမှာစာတွေ ထုတ်ပြန်ရတယ်။ တောင်းခံစရာတွေရှိတာကို တောင်းခံရတယ်။ ပြည်ထောင်စုမှာဆိုရင် ဝန်ကြီးဌာနတွေက ရေးဆွဲပြီးတင်ပြကြတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေကလည်း ရေးဆွဲပြီးတင်ပြကြတယ်။ စီမံကိန်းကော၊ ဘတ်ဂျက်ကောပေ့ါ။ အဲဒါတွေကို အပြန်အလှန်ညှိနှိုင်းသေးတယ်။ ညှိနှိုင်းပြီးတော့ တင်ပြလာတာတွေကို ကျွန်တော်တို့ဌာနကနေ ထပ်ပြီးစိစစ်ပါတယ်။ စိစစ်ပြီး ပြင်ဆင်တာတွေ ထပ်လုပ်ပါတယ်။ ပြီးတော့မှ ဒုတိယသမ္မတအဆင့် စိစစ်ပါတယ်။ ပြီးမှ စီမံကိန်းကော်မရှင်၊ ဘဏ္ဍာရေးကော်မရှင်ကို ပေးပို့ပါတယ်။ ပြီးမှသာ အစိုးရအဖွဲ့ကနေ ပြည်ထောင်စုလွှတ်တော်ကို ပေးပို့လိုက်တာဖြစ်ပါတယ်။ ပြည်ထောင်စုလွှတ်တော်ကို ရောက်တဲ့အခါကျတော့ ပြည်ထောင်စုလွှတ်တော်က ဒါကို သက်ဆိုင်ရာ ပူးပေါင်းကော်မတီတွေအပြင် စိစစ်ရေးအဖွဲ့တွေ ဖွဲ့စည်းပြီး ထပ်ပြီးစိစစ်ပါတယ်။ အဲဒီလုပ်ငန်းစဉ်တွေ အားလုံးပြီးတဲ့အချိန်ကျမှ ဥပဒေအဖြစ် ထွက်ရှိလာတာဖြစ်ပါတယ်။

နှစ်စဉ်အခွန်အကောက် ဥပဒေကြမ်းကိုလည်း ဒီလိုပဲ ဆောင်ရွက်ပါတယ်။ ဒီဥပဒေကြမ်းကတော့ စီမံ/ဘဏ္ဍာက ယခင်နှစ်ဥပဒေအပေါ် အခြေခံပြီး ပြင်ဆင်ပြဋ္ဌာန်းဖို့ လိုအပ်တာတွေကို ထည့်သွင်းရေးဆွဲတာ၊ သက်ဆိုင်ရာတွေနဲ့ တိုင်ပင်ဆွေးနွေးတာတွေ ပြုလုပ်ပြီးမှ ပြည်ထောင်စုလွှတ်တော်ကို ပေးပို့တာဖြစ်ပြီး ပြည်ထောင်စုလွှတ်တော်မှာလည်း Public Consultation တွေ လုပ်ပြီးတော့မှ အခွန်အကောက်ဥပဒေအဖြစ် ပြဋ္ဌာန်းတာပါ။ မကြာသေးခင်ကပဲ ၂၀၁၈-၂၀၁၉ ခုနှစ်အတွက် စီမံကိန်းဥပဒေကြမ်းနဲ့ အရအသုံးဥပဒေကြမ်းတို့ကို တင်သွင်းထားပြီးပါပြီ။ လွှတ်တော်မှာ စိစစ်နေဆဲအဆင့်ဖြစ်ပါတယ်။ အမျိုးသားစီမံကိန်းဆိုတာကတော့ ပြည်ထောင်စုနဲ့ တိုင်းဒေသကြီး၊ ပြည်နယ်တွေအနေနဲ့ ပြည်ထောင်စုဆိုရင် ဝန်ကြီးဌာနတွေက ဌာနအလိုက် Sectoral Plan ခေါ်တဲ့ စီမံကိန်းတွေ ရေးဆွဲပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေက ဒေသန္တရ Regional Plan တွေကို ရေးဆွဲပါတယ်။ ဒါတွေကို ပေါင်းစပ်ပြီးတော့မှ အမျိုးသားစီမံကိန်းဆိုတာ ဖြစ်လာတာပါ။ ဒါက National Plan ပါ။

အလားတူပဲ ရသုံးမှာလည်း ပြည်ထောင်စုအရ/အသုံးရှိသလို တိုင်းဒေသကြီးနဲ့ ပြည်နယ် အရ/အသုံးတွေလည်း ရှိပါတယ်။ ပြည်ထောင်စုမှာလည်း ပြည်ထောင်စု ဥပဒေသီးသန့်ပြဋ္ဌာန်းရေးဆွဲသလို တိုင်းဒေသကြီးနဲ့ ပြည်နယ်မှာလည်း ရသုံးဥပဒေ သီးခြားစီရှိပါတယ်။ အခွန်အကောက်မှာလည်း ပြည်ထောင်စုက ကောက်ရမယ့် အခွန်တွေ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြဋ္ဌာန်းထားတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်မှာ ကောက်ရမယ့် အခွန်တွေကိုလည်း ပြဋ္ဌာန်းထားပါတယ်။ အဲဒီမှာမှ တိုင်းဒေသကြီးနဲ့ ပြည်နယ်မှာ ကောက်ရမယ့်အခွန်တွေက သုံးစွဲရမယ့် အသုံးစရိတ်ကို မလုံလောက်တဲ့ အတွက် ပြည်ထောင်စုကနေ တိုင်းဒေသကြီး၊ ပြည်နယ်ကို အခွန်ဝေစုတွေ ထပ်ပြီး ခွဲဝေပေးပါတယ်။ ဒါတွေကလည်း ရေးဆွဲပြီးတင်ပြတဲ့ ဥပဒေကြမ်းတွေမှာ ပါဝင်ပြီး ဖြစ်ပါတယ်။

**အစီအစဉ်မှူး ။** ။ အမျိုးသားစီမံကိန်း ဥပဒေကြမ်းနဲ့ ပတ်သက်ပြီးတော့ ဘယ်လို ရေးဆွဲရတယ်ဆိုတာကို စီမံကိန်းရေးဆွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကို မေးမြန်းလိုပါတယ်။

**ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်တင့် ။** ။ အမျိုးသားစီမံကိန်း ဥပဒေကြမ်းကို ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၁၀၀ (ခ)မှာ ပြဋ္ဌာန်းထားတာနဲ့အညီ လိုက်နာဆောင်ရွက်ရတာ ဖြစ်ပါတယ်။ အမျိုးသား စီမံကိန်းဆိုတာက နိုင်ငံတော်ကချမှတ်ထားတဲ့ မူဝါဒနဲ့ ရည်မှန်းချက်တွေအပေါ်မှာ မူတည်ပြီးတော့ ကျွန်တော်တို့နိုင်ငံရဲ့အရင်းအမြစ်တွေကို အကျိုးရှိထိရောက်အောင် နေရာချထားရတဲ့ လုပ်ငန်းစဉ်ဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ ဦးစားပေးတည်ဆောက်ခြင်း Priority Architecture ဆိုတာကို အရင်ဆုံးဆောင်ရွက်ပါတယ်။

### နိုင်ငံတော်ရဲ့မူဝါဒ၊ ရည်မှန်းချက်တွေအတိုင်း နေရာချထားဖို့က အရေးကြီး

အဲဒီလို အရင်ဆောင်ရွက်တဲ့အခါမှာ နည်းလမ်း နှစ်သွယ်ရှိပါတယ်။ ဒီနည်းလမ်း နှစ်သွယ်ကို ပေါင်းစပ်ပြီးတော့ ဆောင်ရွက်ရတာဖြစ်ပါတယ်။ ပထမနည်းလမ်းကတော့ မူဝါဒပိုင်းဆိုင်ရာ ရှုထောင့်ပါ။ ဒုတိယနည်းလမ်းက အရင်းအမြစ်ပိုင်းဆိုင်ရာ ရှုထောင့်ပါ။ ဒီမူဝါဒပိုင်းဆိုင်ရာ ရှုထောင့်မှာ ဘာတွေပါမလဲဆိုရင် ဖွဲ့စည်းပုံအခြေခံဥပဒေပါမယ်။ ကျွန်တော်တို့နိုင်ငံမှာ လက်ရှိတည်ဆဲဖြစ်တဲ့ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းတွေ၊ အမိန့်ညွှန်ကြားချက်တွေ ပါပါမယ်။ နောက်တစ်ချက်က နိုင်ငံတော်အကြီးအကဲတွေရဲ့ ညွှန်ကြားချက်တွေရှိပါတယ်။ ပြီးတော့ လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးတွေကို ဆောင်ရွက်နေတဲ့ ဗဟိုအဖွဲ့အစည်းတွေ ရှိပါတယ်။ ပြည်ထောင်စုဝန်ကြီးဌာနတွေနဲ့ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့တွေ ရှိပါတယ်။ အဲဒီအဖွဲ့တွေရဲ့မူဝါဒတွေ၊ ရည်မှန်းချက်တွေကို ကျွန်တော်တို့က ပေါင်းစပ်ထည့်သွင်းစဉ်းစားပြီးတော့ မူဝါဒနဲ့ ရည်မှန်းချက်တွေကို ဖော်ထုတ်ရတာ ဖြစ်ပါတယ်။ အရင်းအမြစ်ပိုင်းမှာ ကြည့်မယ်ဆိုရင်လည်း သဘာဝသယံဇာတ၊ ဥပမာအားဖြင့် သဘာဝသယံဇာတဆိုတာ အကန့်အသတ်နဲ့ ရှိတာဖြစ်ပါတယ်။ ဒီအကန့်အသတ်နဲ့ ရှိတဲ့အရာတွေကို ကျွန်တော်တို့ရဲ့ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်ဖို့ဆိုရင် နိုင်ငံတော်ရဲ့မူဝါဒ၊ ရည်မှန်းချက်တွေအတိုင်း နေရာချထားဖို့က အရေးကြီးပါတယ်။ နောက်တစ်ခုက မြေသယံဇာတပေ့ါ။ မြေသယံဇာတကလည်း ကျွန်တော်တို့မှာ အဓိကကျပါတယ်။ မြေဆိုတာ ကျွန်တော်တို့ရဲ့အချုပ်အခြာ အာဏာနဲ့ ဆက်စပ်နေတဲ့အတွက် ထိရောက်စွာ နေရာချထားနိုင်ဖို့ အရေးကြီးပါတယ်။

လူအင်အားကလည်း ကျွန်တော်တို့ရဲ့ အရင်းအမြစ်တွေ ဖြစ်ပါတယ်။ ပြီးတော့ ကျွန်တော်တို့ရဲ့ငွေကြေးနဲ့ဘဏ္ဍာရေး အရင်းအမြစ်တွေကလည်း အဓိကကျတဲ့ အရင်းအမြစ်တွေ ဖြစ်ပါတယ်။ နည်းပညာအရင်းအမြစ်တွေနဲ့လည်း လိုက်လျောညီထွေဖြစ်ဖို့ အရေးကြီးပါတယ်။ နောက်တစ်ချက်က ရာသီဥတုနဲ့ တည်နေရာပါ။ ရာသီဥတုနဲ့ လိုက်လျောညီထွေဖြစ်ဖို့ အရေးကြီးပါတယ်။ တည်နေရာဆိုရင်လည်း ဥပမာ မြန်မာနိုင်ငံဟာ တရုတ်နိုင်ငံနဲ့ အိန္ဒိယနိုင်ငံကြားမှာ ရှိနေတယ်။ ဒီနိုင်ငံတွေကြားမှာ မရှိချင်ဘူးဆိုပြီး မရပါဘူး။ လက်ရှိ အခြေအနေတွေကို လက်ခံကျင့်သုံးရမှာ ဖြစ်ပါတယ်။ မူဝါဒ၊ ရည်မှန်းချက်နဲ့ အရင်းအမြစ်တွေကို ကျွန်တော်တို့က ပေါင်းစပ်စဉ်းစားပြီးတဲ့အခါကျတော့မှ ဦးစားပေးအစီအစဉ်တွေကို ဆောင်ရွက်ပါတယ်။ ဦးစားပေးမှုအစီအစဉ်တွေကို ဆောင်ရွက်တဲ့အခါ ရည်မှန်းချက်တွေဖြစ်လာတဲ့အချိန်မှာ ကျွန်တော်တို့က ဘာစဉ်းစားလဲဆိုရင် ဒီရည်မှန်းချက်တွေဟာ အစီအစဉ်ကျသလား၊ နောက်တစ်ခုက ကျွန်တော်တို့ရဲ့ရည်မှန်းချက်တွေဟာ ဖြစ်နိုင်ခြေရှိနိုင်သလား၊ မရှိနိုင်ဘူးလားဆိုတာကို လေ့လာဆန်းစစ်ရပါတယ်။ နောက်တစ်ချက်က ဒီရည်မှန်းချက်တွေကို လုပ်မယ်ဆိုရင် အကျိုးအမြတ်ဖြစ်မလား၊ ပြီးတော့ လုပ်လိုက်တဲ့ အလုပ်တွေကလည်း အချိန်နဲ့ တစ်ပြေးညီဖြစ်မလား ကျွန်တော်တို့စဉ်းစားရမယ်။ ကျွန်တော်တို့ ချလိုက်တဲ့ရည်မှန်းချက်တွေက ကြီးလွန်းနေလား၊ သေးလွန်းနေလား၊ အနေတော်ဖြစ်ရဲ့လား ဒါတွေကို ကျွန်တော်တို့ စဉ်းစားဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

ပြီးရင်တော့ စီမံကိန်းရည်မှန်းတဲ့ အဆိုပြုချက်တွေ ဖြစ်သွားပါတယ်။ ဒီစီမံကိန်း ရည်မှန်းချက်၊ အဆိုပြုချက်တွေကို စောစောက ကျွန်တော်တို့ ဒုတိယဝန်ကြီး တင်ပြသွားသလို ကျွန်တော်တို့က နှစ်ပိုင်းခွဲပြီး စိစစ်ရေးဆွဲတာရှိပါတယ်။

### တိုင်းဒေသကြီး၊ ပြည်နယ်တွေရဲ့အကြံပြုချက်တွေကို ထည့်သွင်းရေးဆွဲ

ပထမတစ်ပိုင်းက Sectoral Plan ကျွန်တော်တို့ ဝန်ကြီးဌာနတွေက သူတို့ရဲ့ မူဝါဒတွေ ရည်မှန်းချက်တွေအတိုင်း ရေးဆွဲလိုက်တဲ့ Plan ဖြစ်ပါတယ်။ ဒီ Plan ကိုတော့ Top-down ပုံစံနဲ့ ရေးဆွဲပါတယ်။ နောက်တစ်ခုက ဒေသန္တရစီမံကိန်းလို့ခေါ်တဲ့ Regional Plan ဖြစ်ပါတယ်။ Regional Plan ကို သက်ဆိုင်ရာတိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့တွေကနေပြီး Bottom-up ပုံစံနဲ့ မြို့နယ်ကနေ ခရိုင်၊ ခရိုင်ကနေ တိုင်းဒေသကြီး/ပြည်နယ်အထိ အဆင့်ဆင့်ပေါင်းစပ်ညှိနှိုင်းမှုတွေနဲ့ ရေးဆွဲရတာ ဖြစ်ပါတယ်။ ပေါင်းစပ်ညှိနှိုင်းမှုတွေ ရေးဆွဲတဲ့အခါမှာလည်း Sectoral Plan ရေးဆွဲတဲ့အခါမှာ တိုင်းဒေသကြီး၊ ပြည်နယ်တွေရဲ့ အကြံပြုချက်တွေကို ထည့်သွင်းရေးဆွဲရပါတယ်။

အလားတူပဲ Regional Plan ရေးဆွဲတဲ့အခါမှာလည်း Sectoral Plan ကဏ္ဍတာဝန်ခံတွေဖြစ်တဲ့ ပြည်ထောင်စုဝန်ကြီးဌာနတွေရဲ့အကြံပြုချက်တွေကို ထည့်သွင်းပေါင်းစပ် ရေးဆွဲရပါတယ်။ ဒီ Sectoral Plan နဲ့ Regional Plan တွေကို အဆင့်ဆင့်ပေါင်းစပ်ညှိနှိုင်းပြီးတော့ အမျိုးသားအဆင့်မှာ ဦးစားပေးမှုအစီအစဉ်တွေကို ကျွန်တော်တို့က ပြန်ပြီးတော့ ရေးဆွဲပါတယ်။

ဦးစားပေးမှုအစီအစဉ်မှာလည်း လုပ်ငန်းတစ်ခုချင်းအလိုက် ကျခံသုံးစွဲရမယ့် ငွေကြေးပမာဏတွေ၊ လုပ်ထုံးလုပ်နည်းတွေ သတ်မှတ်ဖော်ပြပြီး ဆောင်ရွက်ရတာဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ ဦးစားပေးအစီအစဉ်တွေဟာ နိုင်ငံတော်က ကျခံသုံးစွဲနိုင်တဲ့ ဘတ်ဂျက်နဲ့သွားပြီး ကိုက်ညီရမှာ ဖြစ်ပါတယ်။ Planning and Budgeting ဆိုပြီး ဆောင်ရွက်ထားတာဖြစ်ပါတယ်။ ကျွန်တော်တို့ ဒါတွေကို အမျိုးသားအဆင့်အနေနဲ့ ဆောင်ရွက်ပြီး စီမံကိန်းရည်မှန်းဖို့ အဆိုပြုချက်တွေကို ရလာတဲ့အခါမှာ အမျိုးသားစီမံကိန်းကော်မရှင်ကို တင်ပြရပါတယ်။ အမျိုးသားစီမံကိန်းကော်မရှင်ကနေပြီးတော့ လိုအပ်လို့ရှိရင် ပြင်ဆင်တာတွေ၊ ဖြည့်စွက်တာတွေ၊ နုတ်ပယ်တာတွေ ရှိပါတယ်။

အဲဒီဟာတွေ ပြီးတဲ့အခါမှာ အမျိုးသားစီမံကိန်းကော်မရှင်က အတည်ပြုပြီးပြီဆိုရင် ပြည်ထောင်စုအစိုးရအဖွဲ့ကနေတစ်ဆင့် ပြည်ထောင်စုလွှတ်တော်ကို ပေးပို့ပြီးတော့ အတည်ပြုချက်ရယူပါတယ်။ ပေးပို့အတည်ပြုချက်ရယူပြီး ပြည်ထောင်စုလွှတ်တော်ကနေပြီး အတည်ပြုပြီးတဲ့အခါ ဥပမာအားဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အမျိုးသား စီမံကိန်းဥပဒေဆိုပြီး ပြဋ္ဌာန်းမှာဖြစ်ပါတယ်။ ကဏ္ဍအလိုက်၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် စီမံကိန်းတွေကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ ဒီအတိုင်း လိုက်နာဆောင်ရွက်ရတာဖြစ်ပါတယ်။

**အစီအစဉ်မှူး ။** ။ နိုင်ငံတော်ရဲ့ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကို ဘယ်လို ရေးဆွဲစိစစ်ပြီး တင်ပြတယ်ဆိုတာ ရှင်းလင်းပေးစေလိုပါတယ်။

**ညွှန်ကြားရေးမှူးချုပ်ဒေါ်နွဲ့နွဲ့ဝင်း ။** ။ ကျွန်မအနေနဲ့ ပထမဦးစွာ ရသုံးခန့်မှန်းခြေငွေစာရင်းဆိုတဲ့ အဓိပ္ပာယ်လေးကို အရင်ရှင်းပြပါရစေ။ ရသုံးခန့်မှန်းခြေငွေစာရင်းဆိုတာက တစ်မျိုးသားလုံးရဲ့စီမံကိန်းအရ လာမယ့် ဘဏ္ဍာရေးနှစ်အတွင်းမှာ ရငွေတွေကို ဘယ်လိုရရှိမယ်။ ရရှိလာမယ့် ဝင်ငွေတွေ၊ ရငွေတွေကို သုံးစွဲတဲ့နေရာမှာ ဘယ်နေရာမှာ ဘယ်လိုကဏ္ဍတွေမှာ သုံးစွဲမယ်၊ ရင်းနှီးမြှုပ်နှံမယ်ဆိုတာ ငွေကြေးနဲ့ ပြုစုဖော်ပြထားတဲ့ စာရင်းပဲဖြစ်ပါတယ်။ ရသုံးမှန်းခြေငွေစာရင်းမှာ အဓိကအားဖြင့် သုံးပိုင်းရှိပါတယ်။ သာမန်စာရင်း၊ ငွေလုံးငွေရင်းစာရင်းနဲ့ ကြွေးမြီစာရင်းပဲဖြစ်ပါတယ်။ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနကနေပြီးတော့ နှစ်စဉ် ဘတ်ဂျက်အမှာစာတွေကို သက်ဆိုင်ရာဝန်ကြီးဌာန အဖွဲ့အစည်းတွေကို ထုတ်ဝေပါတယ်။ အဆိုပြုချက်တွေ တောင်းခံတာ ဖြစ်ပါတယ်။

အဆိုပြုချက်တွေကို ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနကို ပေးပို့ရပါတယ်။ အဲဒီလို တိုင်းဒေသကြီး၊ ပြည်နယ်တွေကလည်း သူတို့စိစစ်ခဲ့တဲ့ ရသုံးခန့်မှန်းခြေငွေစာရင်းတွေကို ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန ရုံးချုပ်ကို ပေးပို့ရပါတယ်။

သာမန်စာရင်းတွေဆိုရင် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနက စိစစ်ပါတယ်။ ငွေလုံးငွေရင်းစာရင်းဆိုရင် စက်ပစ္စည်းကြီးကြပ်မှုကော်မတီက စိစစ်ပါတယ်။ စက်ပစ္စည်းပိုင်းနဲ့ ပတ်သက်လို့ပါ။ တည်ဆောက်ရေးလုပ်ငန်းဆိုရင် ဆောက်လုပ်ရေးလုပ်ငန်းက စိစစ်ညှိနှိုင်းမှုအဖွဲ့က စိစစ်ပါတယ်။ ငွေလုံးငွေရင်းနဲ့ ပတ်သက်တဲ့ အခြားအရာတွေကို စီမံကိန်းရေးဆွဲရေးဦးစီးဌာနက စိစစ်ပါတယ်။ စိစစ်ပြီးတော့ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနကနေ ပေါင်းချုပ်ပါတယ်။ လိုငွေနဲ့ GDP အချိုးကို တွက်ချက်ပြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနကို တင်ပြရပါတယ်။

### ပြည်ထောင်စုရဲ့ဘဏ္ဍာငွေရသုံးဆိုင်ရာ ဥပဒေဆိုပြီး နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုးပြီး အတည်ပြုပြဋ္ဌာန်း

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက စိစစ်ပြီးတာကို ပြည်ထောင်စုအဆင့်ဆိုရင် ဒုတိယသမ္မတ တစ်ဦးကို တင်ပြရပါတယ်။ တိုင်းဒေသကြီး/ပြည်နယ် ဘတ်ဂျက်ဆိုရင် ကျန်တဲ့ ဒုတိယသမ္မတတစ်ဦးက စိစစ်ပါတယ်။ ဒုတိယသမ္မတတွေ စိစစ်ပြီးလို့ရှိရင် ဘဏ္ဍာရေးကော်မရှင်ကို ဆက်လက်ပြီး တင်ပြရပါတယ်။ ဘဏ္ဍာရေးကော်မရှင်က အတည်ပြုပြီးလို့ရှိရင် ပြည်ထောင်စုအစိုးရအဖွဲ့ကနေတစ်ဆင့် ပြည်ထောင်စုလွှတ်တော်ကို ပေးပို့ရတာဖြစ်ပါတယ်။ ပြည်ထောင်စုလွှတ်တော်မှာ ဆွေးနွေးညှိနှိုင်းပြီးတဲ့အခါ ပြည်ထောင်စုရဲ့ဘဏ္ဍာငွေရသုံးဆိုင်ရာ ဥပဒေဆိုပြီး နိုင်ငံတော်သမ္မတကနေ လက်မှတ်ရေးထိုးပြီး အတည်ပြုပြဋ္ဌာန်းပါတယ်။

ပြည်ထောင်စုဘတ်ဂျက်ထဲမှာ ဘာပါသလဲဆိုရင် ပြည်ထောင်စုက တိုင်းဒေသကြီး၊ ပြည်နယ်ကို ထောက်ပံ့တဲ့ ထောက်ပံ့ငွေတွေ၊ အခွန်ဝေစုတွေ အပါအဝင်ဖြစ်ပါတယ်။ ပြည်ထောင်စုရဲ့ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေနဲ့ အတည်ပြုပြီးပြီဆိုရင် မူလခန့်မှန်းခြေဆိုတာ ပေါ်ပေါက်လာပါတယ်။ Budget Estimate (BE) လို့ခေါ်ပါတယ်။ မူလခန့်မှန်းခြေပြီးတဲ့အခါမှာ ပြုပြင်ပြီး ခန့်မှန်းခြေစာရင်းဆိုတာရှိပါတယ်။ Revised Estimate (RE)လို့ ခေါ်ပါတယ်။ မူလနဲ့ မလုံလောက်လို့ရှိရင် နှစ်လယ်ကျရင် ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံနိုင်ပါတယ်။ ဖြည့်စွက်ခွင့်ပြုငွေက Supplementary Grant ပါ၊ ဒါကိုလည်း နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေ Supplementary Budget Law နဲ့ အတည်ပြုရပါတယ်။ နောက်စာရင်းတစ်ခုက PA လို့ခေါ်တဲ့ Provisional Actual ရှေ့ပြေး အမှန်စာရင်းပါ။ ဒါကတော့ နှစ်ကုန်တဲ့အခါ ပိုလျှံတဲ့ ငွေကြေးတွေကို GRF ဆိုတဲ့ အထွေထွေပိုလျှံရန်ပုံငွေကို ပြန်အပ်တယ်။ ရန်ပုံငွေ လွှဲပြောင်းသုံးစွဲတယ်။ ဒီစာရင်းတွေနဲ့ ညှိနှိုင်းပြီးတဲ့ စာရင်းဖြစ်ပါတယ်။ နောက်ဆုံးစာရင်း တစ်ခုက Actual ဆိုတဲ့ အမှန်စာရင်းပါ။ အမှန်စာရင်းက PA စာရင်းတွေအပေါ်မှာ စာရင်းစစ်အတည်ပြုထားတဲ့ စာရင်းတွေဖြစ်ပါတယ်။ ဘဏ်နဲ့ ကိုက်ညီရေးဆွဲထားတဲ့ စာရင်းတစ်ခုဖြစ်ပါတယ်။

*(ဆက်လက်ဖော်ပြပါမည်)*

# တိုင်ကြားပေးပို့လာသော မူးယစ်သတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်သမ္မတရုံး**

**သတင်းထုတ်ပြန်ချက်အမှတ်၊ ၉/ ၂၀၁၈**

**၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၀ ရက်**

**(၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၆ ရက်)**

**“တိုင်ကြားပေးပို့လာသော မူးယစ်သတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း”**

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ် တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **“မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန”** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **“မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန”**သို့ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်နေ့မှ ဩဂုတ်လ ၄ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူ နိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့နယ်၊ မင်းချောင်းကျေးရွာအုပ်စု၊ ကျေးစားကုန်း(မြောက်)ရွာ၊ အင်းစပ်အနားတွင် မူးယစ်ဆေးပြားများ ရောင်းချနေသည့် ခြံ နှစ်ခြံ၊ သုံးခြံရှိပြီး ညနေ ၄ နာရီမှ ည ၇ နာရီကြား လှေဖြင့် လာရောက်၍ရောင်းဝယ်ဆောင်ရွက်နေကြောင်း၊ အထူးသဖြင့် မင်းချောင်းကျေးရွာအုပ်စု၊ နွားခမတောင်ရွာတွင် နေထိုင်သည့် ကျော်လေးဆိုသူသည် မူးယစ်ဆေးဝါး ရောင်းဝယ်နေသည်မှာ သုံးနှစ်ခန့်ရှိပြီဖြစ်ကြောင်း သတင်းပေးပို့ခြင်း။ | ၂၉-၇-၂၀၁၈ ရက်နေ့တွင် ညောင်ရွှေမြို့နယ်၊ မင်းချောင်းကျေးရွာအုပ်စု၊ ကျေးစားကုန်း(မြောက်)ရွာ၊ အင်းစပ်သို့ စက်လှေဖြင့် သွားရောက်ရှာဖွေရာ အောင်ကျော်လေး (ခ) ကျော်လေး (၂၆) နှစ်၊ (ဘ)ဦးစိန်၊ နွားခမ(တောင်)ရွာ၊ ညောင်ရွှေမြို့နယ်နေသူ၏ စက်လှေပေါ်တွင် ၎င်းနှင့်အတူ ဝင်းဖေ (၃၀) နှစ်၊ (ဘ)ဦးထွန်းမောင်၊ ကျေးစားကုန်း (မြောက်)ရွာ နေသူတို့အား WY စာတမ်းပါ စိတ်ကြွဆေးပြားများ၊ CHANGGHAI အမျိုးအစား တရုတ်နိုင်ငံလုပ် အင်ဂျင် ၂၅ ကောင်တပ် အလျား ၄၇ ပေခန့်၊ အနံ ငါးပေခန့်ရှိ သစ်သားစက်လှေ တစ်စင်းတို့နှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့(၂)ဦးအား မမစ(ညောင်ရွှေ) မယ (ပ) ၇/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉ (က)/ ၂၀(က)/ ၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၂ | စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ်နှင့် ကသာမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများအား တရုတ်ပြည်ရွှေလီ၊ ကြယ်ခေါင်၊ မူဆယ်ဘက်မှ နေ၍ ထိုကျေးရွာအနီးနှင့် အခြားနီးစပ်ရာ ကျေးရွာများသို့ ရောင်းချခြင်း၊ သုံးစွဲခြင်းများ ရှိနေကြောင်း သတင်းပေးပို့ခြင်း။ | ၁-၈-၂၀၁၈ ရက်နေ့တွင် ရောဝတီမြစ်ကူးတံတား (ထီးချိုင့်)၌ သတင်းအရ စောင့်ဆိုင်းနေစဉ် ဝင်းကျော် (၄၈) နှစ်၊ (ဘ)ဦးကျော်ဇင်၊ ကျည်ပွေ့တလင်ကျေးရွာ၊ ပင်လယ်ဘူးမြို့နယ်နေသူ မောင်းနှင်လာသော နံပါတ်မပါ Kenbo 125 ဆိုင်ကယ်အား ရပ်တန့်ရှာဖွေစစ်ဆေးရာ ဘိန်းဖြူ (ဖြူ/ဝါရောင်မှုန့်)၊ WY စာတမ်းပါ စိတ်ကြွဆေးပြားများနှင့်အတူ တွေ့ရှိသိမ်းဆည်းရမိသဖြင့် မမစ(ထီးချိုင့်) မယ(ပ)၂၂/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၃ | ရှမ်းပြည်နယ်၊ လားရှိုးမြို့နယ်၊ နောင်မွန်ကျေးရွာနှင့် မယ်ဟန်ကျေးရွာတို့တွင် နေထိုင်သော ကိုညိုလုံးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း၊ မူးယစ်ဆေးဝါးများအား လားရှိုးမြို့မှ မိတ္ထီလာ၊ သာစည်မြို့များသို့ လိုင်စင်မဲ့ မတ်တူးယာဉ်(ခဲရောင်) YGN 1D/ 9156 ဖြင့် ပေးပို့ပြီး တစ်ခါတစ်ရံ Express ယာဉ်ဖြင့် ပေးပို့လျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ၃-၈-၂၀၁၈ ရက်နေ့တွင် လားရှိုးမြို့နယ်၊ နောင်မွန်းကျေးရွာရှိ ကိုညိုလုံး (ခ) နိုင်ဦး (၂၈) နှစ်၊ (ဘ)ဦးကြီးတင်၏ နေအိမ်နှင့် ၎င်းစီးသည့် 1D/9156 Mark-2 ခဲရောင်ယာဉ်တို့အား ရှာဖွေရာ မူးယစ်ဆေးဝါးများနှင့် ပတ်သက်သည့် ပစ္စည်းတစ်စုံတစ်ရာ မတွေ့ရှိသဖြင့် ၎င်းသွားရောက်နေထိုင်တတ်သော မယ်ဟန်ရွာရှိ ယောက္ခမဖြစ်သူ ဒေါ်ခင်အေး၊ (၅၆) နှစ်၊ (ဘ) ဦးလန်ဆန်ထွမ်း၏နေအိမ်သို့ ၎င်းအား ခေါ်ဆောင်၍ ဝင်ရောက်ရှာဖွေရာ နေအိမ်ကုတင်အောက် မြေကြီးအတွင်း သံပုံးဖြင့် မြှုပ်ထားသော WY စာတမ်းပါ စိတ်ကြွဆေးပြားများအား တွေ့ရှိသိမ်းဆည်းရမိသဖြင့် ကိုညိုလုံးနှင့် ဒေါ်ခင်အေးတို့(၂)ဦးအား မမစ (လားရှိုး)မယ(ပ) ၁၄၂/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၀(က)/ ၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၄ | မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့၊ ပြည်လုံးနိုင်ရပ်ကွက်၊ မီးသတ်ရုံအနီး “ချမ်းချမ်း” အလှပြင်ဆိုင်မှ ဦးချစ်ကိုသည် မူးယစ်ဆေးဝါးများ ရောင်းချနေကြောင်း၊ အဆိုပါ မူးယစ်ဆေးဝါးများအား အလှပြင်ဆိုင်ရှိ မှန်ကြီးနောက်တွင် ပိုက်များဖြင့်ထည့်ကာ စက္ကူစိမ်းပတ်လျက်ထားရှိကြောင်း သတင်းပေးပို့ခြင်း။ | ၂၉-၇-၂၀၁၈ ရက်နေ့တွင် ကျောက်ဆည်မြို့၊ ပြည်လုံးနိုင်ရပ်ကွက်၊ မီးသတ်ရုံအနီးရှိ “ချမ်းချမ်း” အလှပြုပြင်ရေးဆိုင်အား ဝင်ရောက်ရှာဖွေရာ ဆိုင်အတွင်းမှ ဦးချစ်ကို (၅၇) နှစ်၊(ဘ) ဦးထွန်းစိန်အား ကြည့်မှန်နောက်ကျောမှ 88/1 စာတမ်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ကျောက်ဆည်) မယ(ပ) ၁၆/ ၂၀၁၈၊ မူး/စိတ် ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၅ | တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့ “ဖြိုး” ဆိုင်ကယ်ပစ္စည်းဆိုင် အရှေ့လမ်းကြား (ရောင်နီထွန်းမိတ္တူဆိုင် အနောက်ဘက် ကပ်လျက်) နေ အီစမန်အင်(ခ)စိုးဝင်း (ဘ) ဦးအဗ္ဗဒူလာသည် ဆေးပြားများရောင်းဝယ်နေကြောင်း သတင်းပေးပို့ခြင်း။ | ၃၀-၇-၂၀၁၈ ရက်နေ့တွင် မြိတ်မြို့ မြစ်ငယ်ရပ်ကွက်၊ ပုလဲလမ်း၊ အိမ်အမှတ် (၂၉)၊ အီစမန်အင်(ခ) စိုးဝင်း(၃၆) နှစ်၊ (ဘ)ဦးအဗ္ဗဒူလာ(ခ) ဦးကြည်ဝင်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်းရှိ မီးဖိုချောင်အတွင်း ဘီရိုကြမ်းပြင်အောက်မှ ဘိန်းစာမှုန့်နှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မြိတ်) မယ(ပ) ၁၄၄/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ ညောင်ဇင်အုပ်စု၊ သင်ပေါင်းကျင်းကျေးရွာ ဝန်းကျင်တွင် မူးယစ်ဆေးဝါးများအား ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂-၈-၂၀၁၈ ရက်နေ့တွင် ရေဦးမြို့ မြောက်ဘက် ငါးမိုင်ခန့်အကွာ ဗိုလ်ရုံကျေးရွာအနီး ရေဦး- ကာဘိုး- မူးဘောင်လမ်းမပေါ်တွင် သတင်းအရ စောင့်ဆိုင်းစိစစ်နေစဉ် ချစ်မျိုးဇော် (၂၀) နှစ်၊ (ဘ) ဦးဇော်ဝင်း၊ သင်ပေါင်းကျင်းကျေးရွာနေသူ မောင်းနှင်လာသော FZ အမျိုးအစား ဆိုင်ကယ်အား ရပ်တန့်ရှာဖွေစစ်ဆေးရာ ဘိန်းဖြူ(ဖြူ/ ဝါရောင်မှုန့်)များနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ရေဦး) မယ(ပ)၃/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၀(က)/ ၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၇ | ရှမ်းပြည်နယ်၊ သီပေါမြို့နယ်၊ သီပေါ-နမ့်လန်လမ်း၊ ၉ မိုင်လမ်းခွဲ၊ BOC ဆီပန့်ဆိုင်နှင့် မျက်နှာချင်းဆိုင်ရှိ နေအိမ်နေ စိုင်းပြည့်အောင် (ခ) အောင်ပြည့်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၃၀-၇-၂၀၁၈ ရက်နေ့တွင် သီပေါမြို့နယ်၊ ခိုလုံကျေးရွာရှိ စိုင်းပြည့်အောင်(ခ) အောင်ပြည့်(၃၁) နှစ်၊ (ဘ)ဦးစန်းမွန်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ မောင်စိုး (၂၁) နှစ်၊ (ဘ) ဦးဟာရီစပ်တို့အား နေအိမ်အတွင်းမှ WY စာတမ်းပါ စိတ်ကြွဆေးပြားနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(သီပေါ) မယ(ပ)၁၉/ ၂၀၁၈၊ မူး/ စိတ်ပုဒ်မ ၁၆(ဂ)/ ၂၁ ဖြင့် လည်းကောင်း၊ ကွင်းဆက်ဖော်ထုတ်ချက်အရ သီပေါမြို့နယ် ဆွတ်လန်းကျေးရွာရှိ သိန်းထွန်းနိုင် (၃၈) နှစ်၊ (ဘ)ဦးစိုင်းလူး နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား နေအိမ် အိပ်ခန်းအတွင်းမှ WY စာတမ်းပါစိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(သီပေါ) မယ(ပ)၂၀/ ၂၀၁၈၊ မူး/စိတ် ပုဒ်မ ၁၆(ဂ)ဖြင့် လည်းကောင်း အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၈ | ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကွတ်ခိုင်မြို့ ရပ်ကွက် (၄)၊ အုပ်စု(၁၀)၊ တောင်ကုန်းပေါ်တွင် နေ့စဉ် နှင့်အမျ လူအများ မူးယစ်ဆေးဝါးများ ရောင်းဝယ်ဖောက်ကားခြင်း ပြုလုပ်လျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သတင်းပတ်၌ တရားခံကျား ခုနစ်ဦးအား မူးယစ်ဆေးဝါး ဘိန်းဖြူများ၊ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် အမှုခြောက်မှု ဖွင့်လှစ်အရေးယူထားကြောင်းအား ၃၀-၇-၂၀၁၈ ရက်နေ့ သတင်းတွင် ထုတ်ပြန်ပြီးဖြစ်ပါသည်။ ကွင်းဆက်ဖော်ထုတ်ချက်အရ ၃၀-၇-၂၀၁၈ ရက်နေ့တွင် ကွတ်ခိုင်မြို့ ရပ်ကွက်(၆)၊ အုပ်စု(၃)၊ ရေချောင်းအနီး၌ စောင့်ဆိုင်းစိစစ်နေစဉ် လိချိန်ဟော့ (၄၂) နှစ်၊ (ဘ)ဦးလိဝေရှန့် ရပ်ကွက်(၆)အား ဘိန်းဖြူ၊ WY စာတမ်းပါ စိတ်ကြွဆေးပြားများတို့နှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ကွတ်ခိုင်) မယ(ပ)၇၂/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် လည်းကောင်း၊ ၃၁-၇-၂၀၁၈ ရက်နေ့တွင် ကွတ်ခိုင်မြို့ရပ်ကွက်(၄)အတွင်း ကွင်းဆက်အရ စောင့်ဆိုင်းစိစစ်နေစဉ် အိုက်လှ(ခ) ကွန်ဆိုင် (၄၅) နှစ်၊ (ဘ)ဦးမောင်ငင်း၊ ခိုတင်ကျေးရွာအား 88/1 စာတမ်းပါ စိတ်ကြွဆေးပြားများ ဘိန်းဖြူ(ဖြူ/ဝါရောင်မှုန့်)များတို့နှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကွတ်ခိုင်) မယ(ပ) ၇၃/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် လည်းကောင်း၊ ၁-၈-၂၀၁၈ ရက်နေ့တွင် ကွင်းဆက်အရ ကွတ်ခိုင်မြို့ရပ်ကွက်(၈) အတွင်း စောင့်ဆိုင်းစိစစ်နေစဉ် မာခါး (၂၇) နှစ်၊ (ဘ) ဦးရီဘေချမ်း၊ ဇွတ်ကောင်ကာလိုင်ကျေးရွာအား WY စာတမ်းပါစိတ်ကြွဆေးပြား၊ ဘိန်းဖြူတို့နှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ကွတ်ခိုင်) မယ(ပ) ၇၄/ ၂၀၁၈၊ မူး/စိတ် ပုဒ်မ ၁၉(က)ဖြင့် လည်းကောင်း၊ ဆက်လက်၍ ကွင်းဆက်အရ ကွတ်ခိုင်မြို့ ရပ်ကွက်(၅)နေ မဇောင်းနား (၃၀) နှစ်၊ (ဘ) ဦးခေါင်ဇောင်းအား နေအိမ်၌ WY စာတမ်းပါ စိတ်ကြွဆေးပြားတို့နှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ကွတ်ခိုင်) မယ(ပ) ၇၅/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် လည်းကောင်း၊ ၃-၈-၂၀၁၈ ရက်နေ့တွင် ကွင်းဆက်အရ ကွတ်ခိုင်မြို့ ရပ်ကွက်(၄)၊ သင်္ချိုင်းကုန်း သွားလမ်းအနီး၌ စောင့်ဆိုင်းစိစစ်နေစဉ် အိုက်ညို (၁၉) နှစ်၊ (ဘ)ဦးအိုက်ညမ်၊ ဟွေခုတ်ရွာ၊ ကွတ်ခိုင်မြို့နယ်နေသူအား WY စာတမ်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကွတ်ခိုင်) မယ(ပ) ၇၆/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် လည်းကောင်း၊ ၄-၈-၂၀၁၈ ရက်နေ့တွင် ကွင်းဆက်အရ ကွတ်ခိုင်မြို့ ရပ်ကွက်(၄)၊ သင်္ချိုင်းကုန်းအနီး စောင့်ဆိုင်းစိစစ်နေစဉ် ဝူဇေယန့် (၃၆) နှစ်၊ (ဘ) ဦးဝူကျင်းစု၊ ဗန်လုံရွာ၊ ကွတ်ခိုင်မြို့နယ်နေသူအား ဘိန်းဖြူ၊ WY စာတမ်းပါ စိတ်ကြွဆေးပြားများတို့နှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ကွတ်ခိုင်) မယ(ပ) ၇၈/ ၂၀၁၈၊ မူး/စိတ် ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၉ | ရှမ်းပြည်တောင်ပိုင်း၊ အောင်ပန်းမြို့နယ်မှ ကိုထက်ပိုင်သည် ပင်းတယသွားလမ်း လွိုင်ကော်၊ မြင်းမထိ၊ တီကျစ်၊ လမိုင်းစသည့် လမ်းများတွင် မူးယစ်ဆေးဝါးများ ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၄-၈-၂၀၁၈ ရက်နေ့တွင် အောင်ပန်းမြို့ အမှတ်(၁) ရပ်ကွက်၊ သိပ္ပံလမ်း၊ အိမ်အမှတ်(၂၄)နေ ထက်ပိုင်ထွန်း (ခ) ထက်ပိုင်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား နေအိမ်အတွင်းမှ WY စာတမ်းပါ စိတ်ကြွဆေးပြားနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(အောင်ပန်း) မယ(ပ)၁၁/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |

*စာမျက်နှာ ၁၁ သို့*

စာမျက်နှာ ၁၀ မှ

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁၀ | ရှမ်းပြည်နယ်၊ ကျေးသီးမြို့ ဝမ်ကန်ရပ်ကွက်ရှိ ပီလိတ်နှင့် ၎င်း၏ဇနီး ပါလုံတို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း၊ ကျေးသီးမြို့ရှိ လူငယ်အများစုမှာလည်း မူးယစ်ဆေးဝါး၏သားကောင်ဖြစ်နေကြောင်း သတင်းပေးပို့ခြင်း။ | ၃၀-၇-၂၀၁၈ ရက်နေ့တွင် ကျေးသီးမြို့ ဝမ်ကန်ရပ်ကွက်ရှိ ပီလိတ်(၄၄) နှစ်၊ (ဘ)ဦးလိုင်းဆင်နှင့် ဇနီး ဒေါ်ပါလုံ (၄၇) နှစ်၊ (ဘ)ဦးလုံးကန်တို့၏ နေအိမ်ဈေးဆိုင်အား ဝင်ရောက်ရှာဖွေခဲ့ရာ ၎င်းတို့နှစ်ဦးအား WY စာတမ်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူတို့နှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကျေးသီး) မယ(ပ)၃/၂၀၁၈၊ မူး/စိတ် ပုဒ်မ ၁၉(က)/၂၀(က)/၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၁ | ကော့ကရိတ်မြို့နယ်၊ လှိုင်ကွက်သစ်ရပ်၊ ရပ်ကွက်(၁)နေ ကိုဝင်းလှိုင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၃၁-၇-၂၀၁၈ ရက်နေ့တွင် ကော့ကရိတ်မြို့ အမှတ်(၁) ရပ်ကွက်၊ ချောင်းတောင်ကွက်သစ် (၅) လမ်းနေ ဝင်းလှိုင် (၄၈) နှစ်၊ (ဘ)ဦးဝင်းမောင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်သားဖြစ်သူ ချစ်ဖူးလှိုင် (၂၀) နှစ်တို့ နှစ်ဦးအား WY စာတမ်းပါ စိတ်ကြွဆေးပြားများ၊ M-16 သေနတ် တစ်လက်၊ ၎င်းကျည် (၁၅၉)တောင့်၊ ကျည်ဘောက်လေးခု၊ အနက်ရောင် အီကွေ့မင့်တစ်ခုတို့နှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကော့ကရိတ်) မယ(ပ)၁၈/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၂(ခ)/၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၂ | ရှမ်းပြည်နယ်တောင်ပိုင်း၊ ကွန်ဟိန်းမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ အမက (၁) ကျောင်းလမ်းနေ ဦးပေါက်ကျိုင်းသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၉-၇-၂၀၁၈ ရက်နေ့တွင် ကွန်းဟိန်းမြို့ အမှတ်(၃) ရပ်ကွက်၊ အမက(၁) ကျောင်းလမ်းနေ ဦးပေါက်ကျိုင်း (၄၀) နှစ်၊ (ဘ) ဦးနာသားလယ်၏ နေအိမ်အား ဝင်ရောက်ရှာဖွေခဲ့ရာ ၎င်းအား WY စာတမ်းပါ စိတ်ကြွရူးသွပ်ဆေးပြားနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကွန်ဟိန်း) မယ(ပ)၃/၂၀၁၈၊ မူး/စိတ် ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၃ | မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ခေါဇာမြို့ အမှတ် (၁)ရပ်ကွက်၊ အထက ကျောင်းဝန်းအနီးတွင် မူးယစ်ဆေးဝါးများကို အကြီးအကျယ် ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၃၁-၇-၂၀၁၈ ရက်နေ့တွင် ခေါဇာမြို့ အမှတ်(၁) ရပ်ကွက်ရှိ အထက်တန်းကျောင်းအနီး ဝမ်ဝိတံတားအဆင်းလမ်းမပေါ်၌ စောင့်ဆိုင်းစိစစ်နေစဉ် စိုက်ချမ်း(၂၈) နှစ်၊ (ဘ)ဦးထီး မောင်းနှင်လာသော ဝေ့အယ်ဖာ-၁၀၀ ဆိုင်ကယ်နှင့် မောင်ထူး(၂၃) နှစ်၊ (ဘ)ဦးရှိန် စီးနင်းလာသော Dream-125 ဆိုင်ကယ်တို့အား ရပ်တန့်ရှာဖွေစစ်ဆေးရာ စိုက်ချမ်းထံမှ WY စာတမ်းပါ စိတ်ကြွဆေးပြားနှင့် လည်းကောင်း၊ ဝင်းနိုင်(၃၆) နှစ်၊ (ဘ)ဦးသိန်းနှင့် မောင်လင်း (၃၃) နှစ်၊ (ဘ)ဦးဗလုတို့ နှစ်ဦး စီးနင်းလာသော ဝေ့-၁၁၀ ဆိုင်ကယ်အား ရပ်တန့်ရှာဖွေ စစ်ဆေးရာ ဝင်းနိုင်ထံမှ WY စာတမ်းပါ စိတ်ကြွဆေးပြားနှင့် လည်းကောင်း ဖမ်းဆီးရမိပြီး ဆေးပြားများမှာ အမှတ်(၁) ရပ်ကွက်ရှိ ရာဘာခြံတဲအတွင်းနေ မောင်ဦးနိုင်ထံမှ ဝယ်ယူရရှိခြင်းဖြစ်ကြောင်း သိရှိရသဖြင့် စိုက်ချမ်း၊ မောင်ထူး၊ ဝင်းနိုင်၊ မောင်လင်းနှင့် မောင်ဦးနိုင်တို့ ငါးဦးအား မမစ(ခေါဇာ) မယ(ပ)၉/၂၀၁၈၊ မူး/စိတ် ပုဒ်မ ၁၆(ဂ)/၂၀(က)/၂၁ ဖြင့် လည်းကောင်း၊ ကွင်းဆက်အရ အမှတ်(၁)ရပ်ကွက်ရှိ ရာဘာခြံတဲအတွင်း ဝင်ရောက်ရှာဖွေရာ မောင်ဦးနိုင် (၃၃) နှစ်၊ (ဘ)ဦးကျော်စိန်အား တွေ့ရှိရပြီး တဲအတွင်းမှ WY စာတမ်းပါ စိတ်ကြွဆေးပြားများအား ဖမ်းဆီးရမိသဖြင့် မောင်ဦးနိုင်အား မမစ(ခေါဇာ) မယ(ပ)၁၀/၂၀၁၈၊ မူး/စိတ် ပုဒ်မ ၁၆(ဂ)/၂၀(က) ဖြင့် လည်းကောင်း အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၄ | နေပြည်တော်ကောင်စီနယ်မြေ၊ တပ်ကုန်းမြို့ ဆရာစံရပ်ကွက်တောင်ပိုင်း၊ နတ်ပြည်မွှေးလမ်းနေ ဒေါ်ဟောင်းဆေး၊ သား လင်းအောင်ဆေး တို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၃၀-၇-၂၀၁၈ ရက်နေ့တွင် တပ်ကုန်းမြို့ ဆရာစံရပ်ကွက်၊ အိမ်အမှတ် (၁၀၅၂)ရှိ ဒေါ်ဟောင်ဆေး(၅၂)နှစ်၊ (ဘ) ဦးလွန်းဟောင်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့် သားဖြစ်သူ လင်းအောင်ဆေး (၂၆)နှစ်၊ (ဘ)ဦးမြအောင် တို့ (၂)ဦးအား နေအိမ်အတွင်းမှ 88/1 စာတမ်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (တပ်ကုန်း) မယ(ပ)၁၂/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၅ | မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်၊ ဇေယျဝတီရပ်ကွက်၊ ခတ္တာလမ်းနေ မအေးနီသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၃၀-၇-၂၀၁၈ ရက်နေ့တွင် အောင်လံမြို့ ဇေယျဝတီရပ်ကွက်၊ အိမ်အမှတ် (၈/၇၇)၊ ခတ္တာလမ်းနေ မအေးနီ(၃၀) နှစ်၊ (ဘ) ဦးထွန်းထွန်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား နေအိမ်အတွင်းမှ WY စာတမ်းပါ စိတ်ကြွဆေးပြားနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(အောင်လံ) မယ(ပ)၆/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၆ | ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ (၁၀)မိုင် ရွာသစ်ကျေးရွာ၊ ဘုရားကုန်း ရပ်ကွက်နေ ဦးတင်လှိုင်နှင့် သမီး မအေးသန်းတို့သည် မန္တလေး-မြစ်ကြီးနား ကားလမ်း အရှေ့ဘက် ရွှေလင်တောတွင် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁-၈-၂၀၁၈ ရက်နေ့တွင် မိုးညှင်းမြို့နယ်၊ မော်ဟန် ကျေးရွာ အုပ်စု၊ မန္တလေး-မြစ်ကြီးနားကားလမ်း အရှေ့ဘက် (၂) မိုင်ခန့်အကွာ (ဒေသအခေါ်-ရွှေလွင်တော)ရှိ ဦးတင်လှိုင်၊ (၆၁)နှစ်၊ (ဘ)ဦးဩဘာ၏ တောင်ယာတဲအား ဝင်ရောက်ရှာဖွေရာ ၎င်းအား တဲအတွင်းမှ ဘိန်းစိမ်းနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မိုးညှင်း) မယ(ပ)၁၁၅/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၀(က) ဖြင့် လည်းကောင်း၊ ဆက်လက်၍ မော်ဟန်ကျေးရွာအုပ်စု၊ မန္တလေး-မြစ်ကြီးနားကားလမ်း အရှေ့ဘက်(၂) မိုင်ခန့်အကွာ (ဒေသအခေါ်-ရွှေလွင်တော)ရှိ မအေး(ခ) မသန်းသန်းအေး (၃၇)နှစ်၊ (ဘ)ဦးတင်လှိုင်၏ တောင်ယာတဲအား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ မောင်လေး (၂၅)နှစ်၊ (ဘ)ဦးစံကျော်၊ ဆယ်မိုင်ကျေးရွာ၊ မြင့်လင်း (၃၅)နှစ်၊ (ဘ)ဦးကျော်အုန်း၊ သိမ်အင်း ရပ်ကွက်၊ မိုးညှင်းမြို့တို့(၃) ဦးအား တဲအတွင်းမှ ဘိန်းဆီခဲ ၊ခတ်ပုံ၊ ဘိန်းရည်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့(၃)ဦးအား မမစ (မိုးညှင်း) မယ(ပ) ၁၁၆/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့် လည်းကောင်း အမှုဖွင့်အရေးယူထား ရှိပါသည်။ |
| ၁၇ | ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ညောင်ရွှေမြို့နယ်၊ တောင်တိုကျေးရွာအုပ်စု၊ ဟဲလိုရွာ (အင်းလေး) နေ ဦးတင့်ဇော်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂-၈-၂၀၁၈ ရက်နေ့တွင် ညောင်ရွှေမြို့နယ်၊ ဟဲလိုကျေးရွာရှိ တင့်ဇော်(၄၁) နှစ်၊ (ဘ)ဦးညိုစိမ့်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့် ပြည့်ဖြိုးအောင်(၂၅)နှစ်၊ (ဘ)ဦးသန်းဌေး၊ ပေါင်ပိန်ကျေးရွာတို့ (၂)ဦးအား နေအိမ်အတွင်းမှ WY စာတမ်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(နန်းပန်) မယ(ပ)၁၀/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၈ | ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ လားရှိုးမြို့ ရပ်ကွက်(၁)၊ ဟိုပန်လမ်းနေ အိုင်နပ်ကား (ခ)အိုင်ဥသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချသည့်အပြင် နေ့စဉ် နေ့ရောညပါ ၎င်းနေအိမ်၌ပင် လူငယ်များ မူးယစ်ဆေးဝါးများ ဝယ်ယူသုံးစွဲလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ၂-၈-၂၀၁၈ ရက်နေ့တွင် လားရှိုးမြို့ ရပ်ကွက်(၁)၊ အမှတ် (၁၅)နေ အိုက်နပ်ကား (ခ)အိုင်ဥ (ခ)အိုက်နပ် (၃၀)နှစ်၊ (ဘ) ဦးညီသား၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့် အိုက်လစ် (၄၅)နှစ်၊ (ဘ)ဦးညီစန်း၊ ရပ်ကွက်(၅) နှင့် ညီမွန်း (၃၇)နှစ်၊ (ဘ)ဦးဆမ်လျှန်း၊ ရပ်ကွက် (၅)တို့(၃)ဦးအား နေအိမ်အတွင်းမှ ခပ်ပုံ၊ ဘိန်းစေ့၊ ဆေးခြောက်စေ့၊ ဘိန်းရည်၊ ဘိန်းချေး၊ နေအိမ်ခြံဝင်းအတွင်း စိုက်ပျိုးထားသော ဆေးခြောက်ပင်နှင့် ၎င်းအပင်မှ ရရှိသော ဆေးခြောက်ရွက် အစိုတို့နှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(လားရှိုး) မယ(ပ) ၁၃၉/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(က)/ ၁၆(ဂ)/၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၉ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ်၊ တဲမရွာနေ ဦးငွေရ၊ အောင်လင်းတို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂-၈-၂၀၁၈ ရက်နေ့တွင် ဖောင်းပြင်မြို့နယ်၊ တဲမကျေးရွာရှိ ဦးငွေရ (၅၆) နှစ်၊ (ဘ)ဦးစံတင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား နေအိမ်အတွင်းမှ ဘိန်းဖြူ(ဖြူ/ဝါရောင်မှုန့်) များနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ဖောင်းပြင်) မယ(ပ)၅၄/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် လည်းကောင်း၊ ကွင်းဆက်အရ ၃-၈-၂၀၁၈ ရက်နေ့တွင် တဲမကျေးရွာနေ အောင်လင်း(၄၄)နှစ်၊ (ဘ)ဦးဘခင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ တစ်ရွာတည်းနေ သိန်းစိုး(၂၅) နှစ်၊ (ဘ)ဦးထွန်းရင်အား တွေ့ရှိရပြီး နေအိမ်အိပ်ခန်းအတွင်းမှ WY စာတမ်းပါ စိတ်ကြွဆေးပြားများ ဘိန်းဖြူ (ဖြူ/ဝါရောင်မှုန့်) တို့နှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့ (၂)ဦးအား မမစ(ဖောင်းပြင်) မယ(ပ)၅၅/၂၀၁၈၊ မူး/စိတ် ပုဒ်မ ၁၉(က)/၂၁ ဖြင့် လည်းကောင်း အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၂၀ | စစ်ကိုင်းတိုင်းဒေသကြီး၊ ခင်ဦးမြို့နယ်၊ တယ်ဘိုပင်ကျေးရွာနေ ကိုကျော်ဦး၊ ငထက် တို့သည် မူးယစ်ဆေးဝါးများ အကြီးအကျယ် ဖြန့်ဖြူးရောင်းချနေကြောင်း သတင်း ပေးပို့ခြင်း။ | ၄-၈-၂၀၁၈ရက်နေ့တွင် ခင်ဦးမြို့နယ်၊ တယ်ဘိုပင်ကျေးရွာနေ ကျော်ဦး (ခ) အောင်ကျော်ဦး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား အသင့်တွေ့ရှိရပြီး နေအိမ်အပေါ်နှင့် ခြံဝန်းအတွင်းမှ WY စာတမ်းပါ စိတ်ကြွဆေးပြားများအား ရှာဖွေတွေ့ရှိ ဖမ်းဆီးရမိသဖြင့် မမစ(ခင်ဦး) မယ(ပ)၄/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က) ဖြင့်လည်းကောင်း၊ ကွင်းဆက်အရ တစ်ရွာတည်းနေ ငထက် (ခ) မောင်ထက်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား အသင့်တွေ့ရှိရပြီး နေအိမ်အပေါ်ထပ်နှင့် ခြံဝန်းအတွင်းမှ WY စာတမ်းပါ စိတ်ကြွဆေးပြားများအား ရှာဖွေတွေ့ရှိ ဖမ်းဆီးရမိသဖြင့် မမစ(ခင်ဦး) မယ(ပ) ၅/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် လည်းကောင်း အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၂၁ | ရှမ်းပြည်နယ် (တောင်ပိုင်း)၊ မိုးမိတ်မြို့နယ်၊ မန်းကျည်းပင်ရွာနေ အရှည်ကြီး၊ ဦးဖိုးဝတို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂-၈-၂၀၁၈ ရက်နေ့တွင် မိုးမိတ်မြို့ မကျီးပင်ကျေးရွာ၊ ပတ္တမြားရပ်ကွက်ရှိ ကျော်မျိုးလွင်(ခ)အရှည်ကြီး (၂၉)နှစ်၊ (ဘ) ဦးဌေးမြင့်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား နေအိမ်အတွင်းမှ ဘိန်းဖြူနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မိုးမိတ်)မယ(ပ)၆၁/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် လည်းကောင်း၊ ကွင်းဆက်အရ ၎င်းရပ်ကွက်ရှိ ဖိုးဝ(ခ) ညွှန့်လှိုင် (၅၈)နှစ်၊ (ဘ)ဦးချစ်မောင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား နေအိမ်အတွင်းမှ ဘိန်းဖြူနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မိုးမိတ်) မယ(ပ) ၆၂/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် လည်းကောင်း အမှုဖွင့် အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် ပြည်ထဲရေးဝန်ကြီးဌာနက ဩဂုတ်လ ၄ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း(၁၀၉)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံ ကျား(၁၄၂)ဦး၊ မ(၂၄)ဦး၊ ပေါင်း(၁၆၆)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ (၁၇၃၉.၃၅)

စာမျက်နှာ ၁၃ ကော်လံ ၂ သို့

# လွှတ်တော်ကိုယ်စားလှယ်လောင်းတင်သွင်းမှုစာရင်းများ

## ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်းတင်သွင်းမှုစာရင်း

၁၁-၇-၂၀၁၈

| စဉ် | မဲဆန္ဒနယ် | စဉ် | ကိုယ်စားလှယ်လောင်းအမည် | ပါတီ/ တစ်သီးပုဂ္ဂလ | တင်သွင်းရက်စွဲ | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | ကန်ပက်လက် | ၁ | ဦးကီးထန်းလွန်း | ချင်းအမျိုးသားဒီမိုကရက်တစ်ပါတီ (Chin National Democratic Party) | ၁၀. ၇. ၂၀၁၈ | |
| | | ၂ | ဦးညွှန့်ဝင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၉. ၇. ၂၀၁၈ | |
| | | ၃ | ဦးမနားနိုင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၁၀. ၇. ၂၀၁၈ | |
| | | ၄ | ဦးမနားရှင်း | ချင်းတိုးတက်ရေးပါတီ (Chin Progressive Party) | ၉. ၇. ၂၀၁၈ | |
| ၂ | မြင်းခြံ | ၁ | ဦးစိန်မြင့် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၉. ၇. ၂၀၁၈ | |
| | | ၂ | ဦးဖြိုးဟန် | လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ | ၉. ၇. ၂၀၁၈ | |
| | | ၃ | ဦးရဲကျော်အောင် | ပြည်သူ့အလုပ်သမားပါတီ | ၈. ၇. ၂၀၁၈ | |
| | | ၄ | ဒေါက်တာသန်းဝင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၁၀. ၇. ၂၀၁၈ | |
| ၃ | တာချီလိတ် | ၁ | ဦးစိစိနော်ဂျာ | ပြည်ထောင်စုတိုင်းရင်းသားများဖက်ဒရယ်ဒီမိုကရေစီပါတီ | ၁၀. ၇. ၂၀၁၈ | |
| | | ၂ | ဦးဇင်အောင် | မြန်မာ့လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ | ၄. ၇. ၂၀၁၈ | |
| | | ၃ | ဦးတိုးဝင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၁၀. ၇. ၂၀၁၈ | |
| | | ၄ | ဦးထွန်းထွန်းဝင်း | ပြည်သူ့အလုပ်သမားပါတီ | ၄. ၇. ၂၀၁၈ | |
| | | ၅ | ဦးမျိုးဝင်းကျော် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၁၀. ၇. ၂၀၁၈ | |
| | | ၆ | ဦးမြင့်ကြည် | ဒီမိုကရက်တစ်ပါတီ (မြန်မာ) | ၈. ၇. ၂၀၁၈ | |
| | | ၇ | ဦးမြင့်ဆန်းထွန်း | မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ (MPD) | ၅. ၇. ၂၀၁၈ | |
| | | ၈ | ဒေါ်သက်သက်အေး | ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၁၁. ၇. ၂၀၁၈ | |
| ၄ | လဲချား | ၁ | စိုင်းရွှေဆိုင်း | ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၆. ၇. ၂၀၁၈ | |
| | | ၂ | စိုင်းဥက္ကာ | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် | ၅. ၇. ၂၀၁၈ | |
| | | ၃ | စိုင်းအောင်ထွန်းလေး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၅. ၇. ၂၀၁၈ | |

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်းတင်သွင်းမှုစာရင်း

၁၁-၇-၂၀၁၈

| စဉ် | မဲဆန္ဒနယ် | စဉ် | ကိုယ်စားလှယ်လောင်းအမည် | ပါတီ/ တစ်သီးပုဂ္ဂလ | တင်သွင်းရက်စွဲ | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | ကချင် - ၂ | ၁ | ဦးကွမ်ဂေါင်အောင်ခမ်း | ကချင်ဒီမိုကရက်တစ်ပါတီ | ၁၀. ၇. ၂၀၁၈ | |
| | | ၂ | ဒေါ်ခင်အုန်း | ရှမ်းနီ(တိုင်းလိုင်)နှင့် မြောက်ပိုင်းရှမ်းမျိုးနွယ်စုများ သွေးစည်းညီညွတ်ရေးပါတီ | ၉. ၇. ၂၀၁၈ | |
| | | ၃ | ဦးဆီဟူးဇွေ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၁၀. ၇. ၂၀၁၈ | |
| | | ၄ | ဒေါ်ယမ်ခေါန် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၆. ၇. ၂၀၁၈ | |
| | | ၅ | ဒေါက်တာသန်းထိုက်ဦး | တစ်သီးပုဂ္ဂလ | ၉. ၇. ၂၀၁၈ | |
| | | ၆ | ဒေါ်အမ်ဒီခေါ်ညွယ် | ပြည်ထောင်စုတိုင်းရင်းသားများဖက်ဒရယ် ဒီမိုကရေစီပါတီ | ၉. ၇. ၂၀၁၈ | |

## တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်လောင်းတင်သွင်းမှုစာရင်း

၁၁-၇-၂၀၁၈

| စဉ် | မဲဆန္ဒနယ် | စဉ် | ကိုယ်စားလှယ်လောင်းအမည် | ပါတီ/ တစ်သီးပုဂ္ဂလ | တင်သွင်းရက်စွဲ | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | မတူပီ(၁) | ၁ | ဦးအောင်ထန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၉.၇.၂၀၁၈ | |
| | | ၂ | ဦးအောင်လျန် | ချင်းဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၁၀. ၇. ၂၀၁၈ | |
| ၂ | တမူး (၂) | ၁ | ဦးခမ်းကဲခ်မန် | ခိုတိုင်းရင်းသားဒေသဖွံ့ဖြိုးရေးပါတီ | ၁၀. ၇. ၂၀၁၈ | |
| | | ၂ | ဦးရိုထန်းပွီးယာ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၁၀. ၇.၂၀၁၈ | |
| | | ၃ | ဦးအောင်ရွှေ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၃. ၇. ၂၀၁၈ | |
| | | ၄ | ဦးအွန်ခိုထန် (ခ) ဦးချစ်မောင် | ချင်းဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၇. ၇. ၂၀၁၈ | |
| ၃ | အုတ်တွင်း(၁) | ၁ | ဦးကျော်ဖေယျ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၃. ၇. ၂၀၁၈ | |
| | | ၂ | ဦးချစ်နိုင် | မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ (MPD) | ၂. ၇. ၂၀၁၈ | |
| | | ၃ | ဦးမြင့်စိုး | အမျိုးသားညီညွတ်သောဒီမိုကရက်တစ်ပါတီ(အန်ယူဒီ) National United Democratic Party (N.U.D) | ၉. ၇. ၂၀၁၈ | |
| | | ၄ | ဦးမြင့်သိန်း | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ (Myanmar Farmers' Development Party) | ၁၁. ၇. ၂၀၁၈ | |
| | | ၅ | ဦးဝင်းထူး | ပြည်သူ့အလုပ်သမားပါတီ | ၅. ၇. ၂၀၁၈ | |
| | | ၆ | ဦးဝင်းမြင့် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၉. ၇. ၂၀၁၈ | |
| | | ၇ | ဦးသက်နိုင် | အမျိုးသားတိုးတက်ရေးပါတီ | ၁၁. ၇. ၂၀၁၈ | |
| | | ၈ | ဦးသန်းဝင်း | တစ်သီးပုဂ္ဂလ | ၉. ၇. ၂၀၁၈ | |
| ၄ | မင်းဘူး (၂) | ၁ | ဦးကျော်ငွေ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၂. ၇. ၂၀၁၈ | |
| | | ၂ | ဦးစိန်ရွှေမင်း(ခ)မောင်ပိုက် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၆. ၇. ၂၀၁၈ | |
| | | ၃ | ဦးသောင်းစိုး | တစ်သီးပုဂ္ဂလ | ၁၁. ၇. ၂၀၁၈ | |
| | | ၄ | ဦးသိန်းထက်ဝေ | တစ်သီးပုဂ္ဂလ | ၁၀. ၇. ၂၀၁၈ | |
| | | ၅ | ဦးအောင်ရွှေ | အမျိုးသားညီညွတ်သောဒီမိုကရက်တစ်ပါတီ(အန်ယူဒီ) National United Democratic Party (N.U.D) | ၁၀. ၇. ၂၀၁၈ | |
| ၅ | သပိတ်ကျင်း(၁) | ၁ | ဦးစိုးလွင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၅. ၇. ၂၀၁၈ | |
| | | ၂ | ဦးဇော်မင်းထွန်းရှိန် | အမျိုးသားဒီမိုကရေစီအင်အားစု NATIONAL DEMOCRATIC FORCE ပါတီ | ၇. ၇. ၂၀၁၈ | |
| | | ၃ | ဦးညီညီ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၄. ၇. ၂၀၁၈ | |
| | | ၄ | ဦးမင်းသူ | ပြည်ထောင်စုလယ်သမားအလုပ်သမားအင်အားစုပါတီ | ၁၁. ၇. ၂၀၁၈ | |
| | | ၅ | ဦးမြင့်စိုး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၈. ၇. ၂၀၁၈ | |
| | | ၆ | ဦးမြင့်နိုင် | အမျိုးသားညီညွတ်သောဒီမိုကရက်တစ်ပါတီ(အန်ယူဒီ) National United Democratic Party (N.U.D) | ၁၁. ၇. ၂၀၁၈ | |
| | | ၇ | ဦးအောင်ကြည်မြိုင် | ဒီမိုကရက်တစ်ပါတီ (မြန်မာ) | ၉. ၇. ၂၀၁၈ | |
| ၆ | ရသေ့တောင်(၂) | ၁ | ဦးခင်သန်းမောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၉.၇.၂၀၁၈ | |
| | | ၂ | ဦးတင်မောင်ဝင်း | တစ်သီးပုဂ္ဂလ | ၄. ၇. ၂၀၁၈ | |
| | | ၃ | ဦးမောင်လှမြင့် | ရခိုင်အမျိုးသားပါတီ | ၇. ၇. ၂၀၁၈ | |
| | | ၄ | ဦးသိန်းမောင် | ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၉. ၇. ၂၀၁၈ | |
| ၇ | ဆိပ်ကမ်း(၂) | ၁ | ဒေါ်ခင်မာလာ | အမျိုးသားဒီမိုကရေစီအင်အားစု NATIONAL DEMOCRATIC FORCE ပါတီ | ၅. ၇. ၂၀၁၈ | |
| | | ၂ | ဦးခင်လှိုင် | တစ်သီးပုဂ္ဂလ | ၄. ၇. ၂၀၁၈ | |
| | | ၃ | ဦးစိဝ | မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ (MPD) | ၆. ၇. ၂၀၁၈ | |
| | | ၄ | ဦးနေမျိုးအောင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၁၀.၇.၂၀၁၈ | |
| | | ၅ | ဦးမောင်လှကျော် | ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၁၀. ၇. ၂၀၁၈ | |
| | | ၆ | ဦးရန်နောင်စိုးမြင့် | ပြည်သူ့အလုပ်သမားပါတီ | ၉. ၇.၂၀၁၈ | |
| | | ၇ | ဦးသက်ထွန်း | အမျိုးသားတိုးတက်ရေးပါတီ | ၈. ၇.၂၀၁၈ | |
| | | ၈ | ဦးသန်းထိုက်အောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၁၀. ၇.၂၀၁၈ | |
| | | ၉ | ဒေါ်အယ်လ်ဘောက်ဆိုင် | ပြည်ထောင်စုတိုင်းရင်းသားများဖက်ဒရယ် ဒီမိုကရေစီပါတီ | ၉. ၇.၂၀၁၈ | |

## တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော် (တိုင်းရင်းသားလူမျိုး) ကိုယ်စားလှယ်လောင်းတင်သွင်းမှုစာရင်း

၁၁-၇-၂၀၁၈

| စဉ် | မဲဆန္ဒနယ် | စဉ် | ကိုယ်စားလှယ်လောင်းအမည် | ပါတီ/ တစ်သီးပုဂ္ဂလ | တင်သွင်းရက်စွဲ | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | ရှမ်းတိုင်းရင်းသားလူမျိုး | ၁ | ဒေါက်တာစိုင်းကျော်အုန်း | ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၃. ၇. ၂၀၁၈ | |
| | | ၂ | ဦးစိုင်းပန်းဆိုင်(ခ)ဦးစိုင်းထွန်းစိန်(ခ) ဦးကျော်စိန် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၉. ၇. ၂၀၁၈ | |
| | | ၃ | ဦးစိုင်းအောင်ကြည် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၈. ၇. ၂၀၁၈ | |
| | | ၄ | ဒေါ်နန်းထွေးမှုံ | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် | ၁၀. ၇. ၂၀၁၈ | |
| | | ၅ | ဦးအောင်ရွှေ | တစ်သီးပုဂ္ဂလ | ၉. ၇. ၂၀၁၈ | |

# ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံဘောလုံးပြိုင်ပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၆**

ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဖလား ခရိုင်အလိုက် အသက်(၁၇)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့မွန်းလွဲ ၂ နာရီခွဲက ပြည်နယ်အားကစားကွင်း၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်ဒေါက်တာလင်းထွဋ်နှင့် ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထန်အိတ်နှင့် ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။ ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားကာ ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပြိုင်ပွဲဝင် အသင်းများအား လိုက်လံနှုတ်ဆက်ကြသည်။ အဆိုပါပြိုင်ပွဲတွင် ခရိုင် ၁၀ ခု ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို ဩဂုတ် ၁၇ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေကေလင်း**

# မြန်မာ ယူ-၂၃ အသင်း အာရှအားကစားပြိုင်ပွဲအတွက် ယနေ့ပြန်လည်လေ့ကျင့်မည်

**ရန်ကုန် ဩဂုတ် ၆**

မြန်မာ ယူ-၂၃ အသင်းသည် အာရှအားကစားပြိုင်ပွဲယှဉ်ပြိုင်ရန် ဩဂုတ် ၇ ရက် **(ယနေ့)** နံနက်ပိုင်းမှစ၍ လေ့ကျင့်မှုများ ပြန်လည်ပြုလုပ်မည်ဖြစ်သည်။

မြန်မာ ယူ-၂၃ အသင်းသည် Alpine Cup လေးနိုင်ငံပြိုင်ပွဲယှဉ်ပြိုင်ခဲ့သည့် ကစားသမား ၂၃ ဦးဖြင့် လေ့ကျင့်မှု ပြန်လည်ပြုလုပ်မည်ဖြစ်ပြီး ပြိုင်ပွဲမတိုင်မီ ထိုင်းနိုင်ငံ၌ အပြီးသတ်ပြင်ဆင်မှုများ ပြုလုပ်မည် ဖြစ်သည်။ မြန်မာ ယူ-၂၃ အသင်းသည် ထိုင်းနိုင်ငံ၌ လေးရက်ကြာ လေ့ကျင့်မှုများ ပြုလုပ်မည်ဖြစ်ပြီး ဩဂုတ် ၁၁ ရက်တွင် ထိုင်းလိဂ်-၁ ကလပ် Police Tero အသင်းနှင့် ခြေစမ်းကစားမည်ဖြစ်သည်။ Police Tero အသင်းသည် မြန်မာ ယူ-၂၃ အသင်းတိုက်စစ်မှူး အောင်သူ ကစားနေသည့် ကလပ်အသင်းဖြစ်ပြီး ယခုခြေစမ်းပွဲတွင်မူ အောင်သူသည် မြန်မာအသင်း၌ ပါဝင်ကစားမည်ဖြစ်သည်။

မြန်မာ ယူ-၂၃ အသင်းသည် အပြီးသတ်လူစာရင်းကို ထိုင်းသို့ မသွားရောက်မီ ကြေညာရန် မသေချာသေးဘဲ ဒဏ်ရာရ ကစားသမားများ ရှိနေသောကြောင့် ထိုင်းခရီးစဉ်ပြီးဆုံးမှသာ ထုတ်ပြန်ဖွယ်ရှိနေသည်။

မြန်မာ ယူ-၂၃ အသင်းသည် အာရှအားကစားပြိုင်ပွဲအတွက် ဇူလိုင် ၂၃ ရက်တွင် စခန်းဝင်လေ့ကျင့်မှု စတင်ပြုလုပ်ခဲ့ပြီး ယင်းပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် Alpine Cup ပြိုင်ပွဲယှဉ်ပြိုင်ခဲ့ပြီး ဒုတိယဆုရခဲ့သည်။ မြန်မာ ယူ-၂၃ အသင်းသည် တစ်ပွဲထက်တစ်ပွဲ ခြေစွမ်းပိုကောင်းလာသော်လည်း အမာခံကစားသမားများဖြစ်သည့် ဂိုးသမား ကျော်ဇင်ထက်၊ အသင်းခေါင်းဆောင် ဇော်မင်းထွန်း၊ တိုက်စစ်မှူးများဖြစ်သည့် ဒွေးကိုကိုချစ်နှင့် အီစိုးတို့ ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်နေရသည်။ ထို့ကြောင့် မြန်မာ ယူ-၂၃ အသင်းသည် အပြီးသတ်ကစားသမား ၂၀ ကို ထုတ်ပြန်ရန် စောင့်ဆိုင်းနေခြင်းဖြစ်သည်။

လေးနိုင်ငံပြိုင်ပွဲတွင် မြန်မာအသင်းသည် အဖွင့်ပွဲတွင် တောင်ကိုရီးယား ယူ-၁၉ အသင်းကို လေးဂိုး-သုံးဂိုးဖြင့် ရှုံးနိမ့်ခဲ့သော်လည်း ဒုတိယပွဲတွင် ဘာရိန်း ယူ-၂၃ အသင်းနှင့် တစ်ဂိုးစီသရေကျပြီး နောက်ဆုံးပွဲတွင် ထိုင်း ယူ-၂၃ အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

မြန်မာ ယူ-၂၃ အသင်းတွင် **နည်းပြချုပ်**အဖြစ် အန်တွမ်နီပေး၊ **လက်ထောက်နည်းပြ** အဖြစ် ဦးစိုးမြတ်မင်း၊ ဟာလက်၊ **ဂိုးနည်းပြ**-ကာစတန်၊ ကစားသမားများအဖြစ် **ဂိုးသမား**- ကျော်ဇင်ထက်၊ ဆန်းဆက်နိုင် (ရန်ကုန်)၊ ဘုန်းသစ္စာမင်း (ရှမ်းယူနိုက်တက်)၊ **နောက်တန်း**-ဟိန်းဖြိုးဝင်း၊ ထိုက်ထိုက်အောင် (ရှမ်းယူနိုက်တက်)၊ တေဇော်လင်း၊ မင်းကျော်ခန့်၊ ဇော်မင်းထွန်း (ရန်ကုန်)၊ ရဲရင့်အောင် (ရတနာပုံ)၊ နန္ဒကျော်၊ ဝင်းမိုးကျော် (မကွေး)၊ စိုးမိုးကျော် (အား/ကာသိပ္ပံ)၊ **အလယ်တန်း**- လှိုင်းဘိုဘို၊ စည်သူအောင်၊ မြတ်ကောင်းခန့် (ရတနာပုံ)၊ လွင်မိုးအောင် (အား/ကာသိပ္ပံ)၊ မောင်မောင်စိုး (မကွေး)၊ မောင်မောင်လွင် (ရန်ကုန်)၊ ရန်နိုင်ဦး (ရှမ်းယူနိုက်တက်)၊ ရှေ့တန်း-အောင်သူ (Police Tero)၊ အီစိုး (ရန်ကုန်)၊ ဒွေးကိုကိုချစ်၊ ထက်ဖြိုးဝေ (ရှမ်းယူနိုက်တက်)တို့ ပါဝင်ကြသည်။

**သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-စိုးညွန့်**




Alpine Cup လေးနိုင်ငံပြိုင်ပွဲယှဉ်ပြိုင်ခဲ့သည့် မြန်မာ ယူ-၂၃ အသင်း

# ချင်းတွင်းမြစ်ရေ ကလေးဝမြို့တွင် စိုးရိမ်ရေမှတ်ရောက်နိုင်

**နေပြည်တော် ဩဂုတ် ၆**

ယနေ့ နံနက် ၉ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ကလေးဝမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခန့်တွင် ရောက်ရှိနေပါသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကလေးဝမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# လေဖိအားနည်း ရပ်ဝန်းဖြစ်ပေါ်

**နေပြည်တော် ဩဂုတ် ၆**

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်နေပါသည်။

**မိုး/ဇလ**

# ကောလင်းမြို့နယ်၌ မူးယစ်ဆေးဝါးများနှင့် တူမီးသေနတ်တစ်လက် ဖမ်းဆီးရမိ

**ကောလင်း ဩဂုတ် ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် ကြေးအင်းရွာ၌ ဘိန်းဖြူ ၄၄ ဒသမ ၄၃ ဂရမ်နှင့် တူမီးလုပ်သေနတ်တစ်လက် ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကောလင်းမြို့မရဲစခန်းမှ စခန်းမှူး ဒုတိယရဲမှူး ငွေမျိုးမြင့်နီ ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များသည် ဩဂုတ် ၆ ရက် နံနက် ၂ နာရီခွဲခန့်က ကောလင်းမြို့နယ် ကြေးအင်းရွာနေ ဦးသန်းထွန်းနေအိမ်ကို မူးယစ်ဆေးဝါးသတင်းအရ ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူမှုန့် စုစုပေါင်း ၄၄ ဒသမ ၄၃ ဂရမ်နှင့် တူမီးလုပ်သေနတ်တစ်လက်တို့ကို ရှာဖွေတွေ့ရှိခဲ့သဖြင့် ကောလင်းမြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကိုမင်း(အင်းတော်)**

## မြန်မာ့ရုပ်မြင်သံကြား

**၇-၈-၂၀၁၈ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

၆:၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၀၀ - Breakfast News
၇:၃၅ - "မြန်မာ့သမိုင်းအဖွဲ့နှင့် သုတေသနဌာန ဖြစ်တည်လာမှုနှင့် ဖြတ်သန်းလာခဲ့သော ကာလမှအနာဂတ်ဆီသို့"
၈:၃၅ - **"စီးပွားရေးစကားဝိုင်း" (ရသုံးမှန်းခြေငွေစာရင်းဆိုင်ရာ သိကောင်းစရာများ) (အပိုင်း-၁)**
၉:၂၀ - ရာဇဝင်ထဲကသမိုင်းအနုပညာ "ဆယ်ပွင့်ပန်း" (ပန်းချီလုပ်ငန်း)
၉:၃၅ - မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
၁၀:၃၀ - ဥပဒေရေးရာအဖြာဖြာ "အရိပ်တကြည့်ကြည့်"
၁၁:၃၀ - "ကော်ဖီယဉ်ကျေးမှု"
၁၂:၃၀ - နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာကာလီ"(အပိုင်း-၃၁)
၁၃:၅၀ - Yes or No Talk Show
၁၄:၁၀ - နိုင်ငံခြားဇာတ်လမ်းတွဲ အကယ်၍သာ (အပိုင်း- ၉)

**ညပိုင်း**

၁၆:၂၅ - YTN (Science) (Polymer များ အသွင်ပြောင်းခြင်း)
၁၇:၁၀ - "ဩဂုတ်လ လပတ်မိုးလေဝသ အစီအစဉ်"
၁၇:၃၅ - မြန်မာ့ငွေကြေးဈေးကွက် ဆိုင်ရာစကားဝိုင်း
၁၈:၂၀ - Football Magazine
၁၉:၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာကာလီ" (အပိုင်း-၃၂)
၂၀:၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀:၃၅ - **"စီးပွားရေးစကားဝိုင်း" (ရသုံးမှန်းခြေငွေစာရင်းဆိုင်ရာ သိကောင်းစရာများ) (အပိုင်း-၂)**
- မူပိုင်ခွင့်အကြောင်းသိကောင်းစရာ "တီထွင်မှုမူပိုင်ခွင့်ကို အကာအကွယ်ပေးခြင်းဖြင့် ရရှိမည့်အကျိုးကျေးဇူးများ"

*စာမျက်နှာ ၁၁ မှ*

ဂရမ်၊ ICE(၀.၅၅)ဂရမ်၊ ဘိန်းမဲ(၃၀)ဂရမ်၊ ဘိန်းစိမ်း(၃၁၃၃၆)ဂရမ်၊ အဆင့်နိမ့်ဘိန်း (၁၄.၀၀)ဂရမ်၊ ဘိန်းချေးခဲ(၂၇.၅၀)ဂရမ်၊ ဘိန်းစာမှုန့် (၁၅၀၂)ဂရမ်၊ ဘိန်းစာရွက်(၃၂၆၆)ဂရမ်၊ စိတ်ကြွဆေးပြား(၄၃၂၄၆) ပြား၊ ဆေးခြောက်(၁၇၅၈.၀၈)ဂရမ်၊ ဘိန်းရည်(၀.၁၀) လီတာ၊ ဘိန်းဆီခဲ (၅.၉၀) ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်တို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့် ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ် ဖမ်းဆီးအရေးယူနိုင်မှု အခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည် ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာနသို့ တိုင်ကြားပေးပို့သော သတင်းများကို အထက်ဖော်ပြပါအတိုင်း စိစစ်ဖော်ထုတ်အရေးယူခဲ့သည့်အပြင် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ သီးခြားရရှိသော မူးယစ်သတင်းများအပေါ် စိစစ်ဖော်ထုတ်ခြင်း၊ နယ်စပ်ပူးပေါင်းစစ်ဆေးဂိတ်များတွင် ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်း၊ သတင်းအရ မော်တော်ယာဉ်/ဆိုင်ကယ်များကို ရှာဖွေစစ်ဆေးခြင်းတို့ကြောင့် ယခုသီတင်းပတ်(၂၉-၇-၂၀၁၈ ရက်နေ့မှ ၄-၈-၂၀၁၈ရက်နေ့အထိ) အတွင်း မူးယစ်အမှုပေါင်း(၂၇၂)မှုတွင် တရားခံကျား(၃၄၈)ဦး၊ မ(၅၃)ဦး၊ ပေါင်း(၄၀၁)ဦး ဖမ်းဆီးရမိခဲ့ပြီး ဘိန်းဖြူ(၁၇၄၉.၅၉)ဂရမ်၊ ICE (၀.၉၁)ဂရမ်၊ ဘိန်းစိမ်း(၅၃၃၀.၈၁)ဂရမ်၊ အဆင့်နိမ့်ဘိန်း (၇၄.၀၀)ဂရမ်၊ ဘိန်းစာမှုန့်(၂၅၅.၀၀)ဂရမ်၊ စိတ်ကြွဆေးပြား(၂၆၂၉၁၆) ပြား၊ ဆေးခြောက်(၂၅၁၉.၇၈)ဂရမ်၊ စိတ်ကြွဆေးပြားအမှုန့်(၀.၀၇)ဂရမ်၊ ဘိန်းဖြူရည်(၂.၉၅)လီတာ၊ ဘိန်းဆီခဲ(၃၀၆၄.၁၀)ဂရမ်နှင့် ဗျူပရီနော်ဖင်း ဆေးပြား(၇၉)ပြားတို့ကိုလည်း သီးခြားအနေဖြင့် ဖော်ထုတ်သိမ်းဆည်းရမိခဲ့ပါသည်။

၅။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့် ကြီးမားသည့် မူးယစ်ဆေးဝါးရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါး အထူးသတင်း တိုင်ကြားရေးဌာန"** အောက်ဖော်ပြပါ တယ်လီဖုန်း/ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**

**အော်တိုတယ်လီဖုန်းနံပါတ်** - ၀၆၇-၃၉၀၂၀၀
**ဖက်စ်ဖုန်းနံပါတ်** - ၀၆၇-၃၉၀၂၃၃
**အီးမေးလ်လိပ်စာ** - **antinarcotics@presidentoffice.gov.mm**

# မိုးညှင်းနှင့် မိုးကောင်းမြို့နယ်တို့တွင် ငွေကျပ်သိန်း ၂၅၀၀ ကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ



မိုးသူအောင်နှင့် မအေးချိုတို့အား ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

**မိုးညှင်း ဩဂုတ် ၆**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်နှင့် မိုးကောင်းမြို့နယ်တို့တွင် ဩဂုတ် ၅ ရက် နံနက် ၇ နာရီခွဲက မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဟိုပင်နယ်မြေရဲစခန်းမှ ဒုတိယရဲအုပ် ဆုဝေ ဦးစီးသည့် တပ်ဖွဲ့ဝင်များသည် မူးယစ်ဆေးဝါးသတင်းအရ မိုးညှင်းမြို့နယ် ဟိုပင်-အင်းတော်ကြီးသွား ကားလမ်းရှိ ရော်ဘာခြံအနီး၌ စောင့်ဆိုင်းနေစဉ် ဟိုပင်ဘက်မှ မြဇေယျာရပ်ကွက်၊ ချောင်းသာယာရပ်နေ ထိန်လင်းအောင်(၃၃ နှစ်) မောင်းနှင်ပြီး ဇနီးဖြစ်သူ မအိအိခိုင်(၂၆ နှစ်) စီးနင်းလိုက်ပါလာသည့် LIGHT သုံးဘီးဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူဆပ်ပြာခွက် ၂၂ ခွက် သိမ်းဆည်းရမိသည်။

ထို့နောက် မြဇေယျာရပ်ကွက်ရှိ ၎င်းတို့နေအိမ်အား ဆက်လက်ရှာဖွေရာ ဘိန်းဖြူ ဆပ်ပြာခွက် ၂၂ ခွက် ဘိန်းဖြူ အလေးချိန် ၄၄၀ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၆၂၇၀၀ စုစုပေါင်း မူးယစ်ဆေးဝါး တန်ဖိုးငွေကျပ် ၂၁၈၉ သိန်း သိမ်းဆည်းရမိခဲ့သည်။

ဆက်လက်၍ ထိန်လင်းအောင်အား စစ်ဆေးပေါ်ပေါက်မှုအရ နံနက် ၁၁ နာရီက ရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ မိုးကောင်းမြို့နယ် ပင့်သာကျေးရွာနေ မိုးသူအောင်(၃၃ နှစ်)၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ဇနီးဖြစ်သူ မအေးချို (၂၃ နှစ်)နှင့်အတူ တွေ့ရှိရပြီး ၎င်းနေအိမ်၌ မူးယစ်ဆေးဝါး တွေ့ရှိခြင်း မရှိသော်လည်း အိမ်အနောက်ဘက်လေးအိမ်ကျော်ရှိ ဦးထွန်းရင်၏ နေအိမ်အတွင်းမှ ဘိန်းဖြူမှုန့် ၁၈၀ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၄၁၈၀၊ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဓာတုဆေးရည် ၀ ဒသမ ၉ လီတာ ခန့်ပါ တစ်ဘူး စုစုပေါင်း မူးယစ်ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တန်ဖိုးငွေကျပ် ၃၅၃ သိန်းခန့်အား သိမ်းဆည်းရမိခဲ့သည်။

မူးယစ်ဆေးဝါး သိမ်းဆည်းရမိမှုဖြစ်စဉ်များနှင့် ပတ်သက်၍ ထိန်လင်းအောင်နှင့် မအိအိခိုင်တို့ နှစ်ဦးအား ဟိုပင်နယ်မြေရဲစခန်းတွင် လည်းကောင်း၊ မိုးသူအောင်နှင့် မအေးချိုတို့နှစ်ဦးအား ပင်းဘောနယ်မြေရဲစခန်းတွင် လည်းကောင်း အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# ပြည်-ရွှေတောင်ကားလမ်း၌ စက်ဘီးစီးသူကိုရှောင်ရာမှ ယာဉ်လေးစီးဆင့်ကဲတိုက်မိ

**ရွှေတောင် ဩဂုတ် ၆**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် ပြည်-ရန်ကုန်ကားလမ်း မိုင်တိုင် ၁၇၄/၁ နှင့် ၂ အကြားတွင် ဩဂုတ် ၅ ရက် မွန်းလွဲ ၁ နာရီ ၅၅ မိနစ်ခန့်က စက်ဘီးစီးနင်းလာသော မိန်းကလေးကို ရှောင်တိမ်းရာမှ ယာဉ်လေးစီးဆင့်ကဲတိုက်မိခဲ့ပြီး အရှိန်လွန်တိုက်မိသည့် ခြောက်ဘီးယာဉ်မှာ စားသောက်ဆိုင်အတွင်းသို့ ဝင်ရောက်သွားခဲ့ကြောင်း သိရသည်။

**ဆင့်ကဲတိုက်မိ**

သတင်းအရ ရွှေတောင်မြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ရန်ကုန်-ပြည် ကားလမ်းအတိုင်း မင်းမင်း(စုံစမ်းဆဲ)မောင်းနှင်လာသော MDY 6C/---- ခြောက်ဘီးယာဉ်သည် အခင်းဖြစ်ပွားသည့် နွားမယံကျေးရွာအုပ်စု လေးကျွန်းဆီမီးကျေးရွာအနီးတွင် စက်ဘီးစီးနင်းလာသော မသန္တာဝေ ပုတ်တန်းကျေးရွာ ရွှေတောင်မြို့နေသူအား တိုက်မိခဲ့ပြီးနောက် ရှေ့မျက်နှာချင်းဆိုင်ဘက်မှ ပြည်မြို့နေသူ ဦးသီဟ မောင်းနှင်လာသော 4H/---- ယာဉ်ကို တိုက်မိခဲ့သည်။ ယင်းနောက် ရှေ့မှသွားနေသည့် ဟီးနိုး ၁၀ ဘီး ကုန်တင်ယာဉ်နှင့် 6N/-----ERTIGA အိမ်စီးယာဉ်တို့ကို ဆင့်ကဲတိုက်မိခဲ့ပြီးနောက် ကားလမ်းနံဘေးရှိ သဒ္ဒါရိပ်စားသောက်ဆိုင်အတွင်း ဝင်ရောက်သွားခဲ့ခြင်း ဖြစ်သည်။

**အမှုဖွင့်စစ်ဆေး**

ယာဉ်တိုက်မှုဖြစ်ပွားပြီးနောက် ယာဉ်မောင်း မင်းမင်းဆိုသူမှာ အခင်းဖြစ်နေရာမှ ထွက်ပြေးတိမ်းရှောင်သွားခဲ့ကြောင်း သိရပြီး စက်ဘီးစီးနင်းလာသော အမျိုးသမီးငယ်မှာ (စိုးရိမ်ရ) ဒဏ်ရာများရရှိခဲ့၍ ယာဉ်မဆင်မခြင်မောင်းနှင်သူ မင်းမင်း အား ရွှေတောင်မြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုလွင်**

# ကျိုက်ထို၌ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၀၀ ဖမ်းဆီးရမိ

**ကျိုက်ထို ဩဂုတ် ၆**

သထုံခရိုင် ရဲတပ်ဖွဲ့ မှုခင်းနှိမ်နင်းရေး ခေါင်းဆောင် ရဲအုပ်အောင်သူနှင့်တပ်ဖွဲ့ဝင်များသည် မူးယစ်ဆေးဝါး သတင်းအရ ကျိုက်ထိုမြို့ တောင်သူစုရပ်ကွက် ဗိုလ်ချုပ်လမ်း ရန်ကုန်-မော်လမြိုင် ကားလမ်းဘေးရှိ မိုးကောင်းကင် လက်ဖက်ရည်ဆိုင်အတွင်း ဩဂုတ် ၅ ရက် ည ၇ နာရီခန့်က ဝင်ရောက်စစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးစဉ် အဆိုပါ လက်ဖက်ရည်ဆိုင်အတွင်း ထိုင်နေသည့် ကျွန်းတော ၂ လမ်း၊ အမှတ်-၅ ရပ်ကွက် မြဝတီမြို့နေသူ မင်းမင်း (၃၈ နှစ်)နှင့် နိုင်ထူး(၃၃ နှစ်)တို့ နှစ်ဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြား စုစုပေါင်း ၁၄၀၀၊ အလေးချိန် ၁၄၀ ဂရမ်ခန့်ကို သိမ်းဆည်းရမိသဖြင့် ၎င်းတို့နှစ်ဦးအား ကျိုက်ထိုမြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။ **ဝင်းမောင်(ကျိုက်ထို)**

# ရေကြည်မြို့နယ်၌ တရားမဝင် ဝင်ရောက်လာသူ ၁၁ ဦး ဖမ်းဆီးရမိ

**ရေကြည် ဩဂုတ် ၆**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ဂွ-ငါးသိုင်းချောင်း ကားလမ်းမိုင်တိုင်အမှတ် ၁၉/၂ နှင့် ၁၉/၃ အကြား၌ ဩဂုတ် ၅ ရက် ည ၇ နာရီက တရားမဝင် ဝင်ရောက်လာသူ ၁၁ ဦးကို ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ ရခိုင်ပြည်နယ် ဂွမြို့နယ် ဗေဒါစစ်ဆေးရေးဂိတ်၌ ဆိုင်ကယ်တစ်စီးအား ယာဉ်တစ်စီးကတိုက်၍ မောင်းနှင်ထွက်ပြေးသွားကြောင်း သတင်းပေးပို့မှုအရ ရေကြည်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးဖြူဝင်း ဦးဆောင်သော ပူးပေါင်းအဖွဲ့သွားရောက်စစ်ဆေးရာ တရားမဝင် ဝင်ရောက်လာသူ ငါးဦးအား YGN 6H/---- ကရောင်းယာဉ်အတွင်း ဖမ်းဆီးရမိပြီး ယာဉ်မောင်းမှာ ထွက်ပြေးသွားကြောင်း သိရသည်။

ဆက်လက်၍ ယင်းနေ့ ည ၁၀ နာရီခွဲက ရေကြည်မြို့နယ် ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့မှ သတင်းကွင်းဆက်အရ ရှာဖွေကြရာ မိုင်တိုင် ၁၉/၃ နှင့် ၁၉/၄ ကြား ဂွ-ငါးသိုင်းချောင်း ကားလမ်းဘေးတွင် 6I/---- မတ်တူး ယာဉ်တစ်စီးရပ်တန့်ထားသည်ကို တွေ့ရှိရပြီး အဆိုပါယာဉ်နှင့် အနီးတစ်ဝိုက်တွင် လူတစ်ဦးတစ်ယောက်မျှ မတွေ့ရှိရသဖြင့် ဆက်လက်ရှာဖွေကြရာ ဩဂုတ် ၆ ရက် နံနက် ၆ နာရီက မြောက်စမ်းကျေးရွာနှင့် ချောင်းဂွကျေးရွာကြား တောတွင်း၌ တရားမဝင် ဝင်ရောက်လာသူ ခြောက်ဦးကို ထပ်မံဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အဆိုပါ ဖမ်းဆီးရမိသည့် တရားမဝင် ဝင်ရောက်လာသူ ၁၁ ဦးအား ရေကြည်မြို့နယ် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနသို့ လွှဲပြောင်းအပ်နှံထားပြီး လိုအပ်သော စစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုးမင်းဦး(ပြန်/ဆက်)**

# မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၆**

မူးယစ်တပ်ဖွဲ့စု (၃)မိုးညှင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၅ ရက် နံနက်ပိုင်းက ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု မိုက်ကဲ့မြေစာပုံတွင် တင်မောင်စန်းအားရှာဖွေရာ လွယ်အိတ်အတွင်းမှ ဘိန်းဖြူ ၁၅ ဒသမ ၅ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၇၅ ပြားကို သိမ်းဆည်းရမိခဲ့သည်။

**မိုးကုတ်နှင့် သပိတ်ကျင်း**

အလားတူ ယင်းနေ့ ညနေပိုင်းက မူးယစ်တပ်ဖွဲ့စု(၁၆) ပြင်ဦးလွင်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုးကုတ်မြို့နယ် လယ်ဦးကျေးရွာအုပ်စု ရတနာအောင်မြေရပ်နေ မသန်းအေး (ခ)မကျွန်းဖူသီနှင့် မင်းသိန်းတို့၏နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၃ ပြားနှင့် နေအိမ်အောက်ရှိ ပီနံအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၀၀ တို့ကို လည်းကောင်း၊ အလားတူ သပိတ်ကျင်းမြို့နယ် အုံးဖုံးကျေးရွာ အုပ်စု ကွင်း(၃၁)ကျေးရွာနေ ဝင်းအောင်(ခ)ကျော်ဝင်းအောင်၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြားလေးပြား၊ နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၀ နှင့် ငွေကျပ် ၉၅၀၀၀ တို့ကိုလည်းကောင်း။

**ကွတ်ခိုင်နှင့် မူဆယ်**

ဩဂုတ် ၅ ရက် နံနက် ၁၀ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၂၂) မူဆယ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကွတ်ခိုင်မြို့နယ် ကွတ်ခိုင်-ကောင်းခါးသွားကားလမ်း၊ အိုက်စံ(ခ)လောကတ် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ ၎င်းထံမှ ဘိန်းဖြူ ၁၅ ဒသမ ၅ ဂရမ်ကို လည်းကောင်း၊ အလားတူ မူဆယ်မြို့ ပန်လုံမိုင်ရပ်ကွက် ပန်လုံ(၂)လမ်းအနီးရှိ ဟုန်ဆမ်ရန် (ခ)ဟွမ်ပန်းရင်၏နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀ နှင့် နေအိမ်ခြံထောင့်မြေကြီးထဲရှိ ကော်ဘူးအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၆၀၀ တို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မူးယစ်ဆေးဝါးရောင်းချပေးသူ တင်းရှယ်ဖုန့်အား မူဆယ်မြို့ ပန်လုံမိုင်ရပ်ကွက်ရှိ ၎င်း၏နေအိမ်၌ ဖမ်းဆီးရမိခဲ့သည်။

**တာချီလိတ်နှင့် ပင်လောင်း**

အလားတူ ယင်းနေ့ မွန်းလွဲ ၁၂ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၃၀)တာချီလိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ပုန်းထွန်ရပ်ကွက် ငွေစေတီလမ်းတွင် အောင်ကျော်ဖြိုး(ခ)လ၀ အားရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၆၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း၊ အလားတူ တာချီလိတ်မြို့နယ် ယန်းကျောက်ကျေးရွာနေ မနန်းအွေ့၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွ ရူးသွပ်ဆေးပြား ၁၂၄ ပြားနှင့် ထိုင်းဘတ်ငွေ ၂၉၀၀ ကိုလည်းကောင်း၊ ပင်လောင်း မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပင်လောင်း-ဖယ်ခုံသွား ကားလမ်းတွင် အမျိုးသားတစ်ဦး မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရှာဖွေရန် ရပ်တန့် စဉ် မောင်းနှင်ထွက်ပြေးသွားသဖြင့် ပိတ်ဆို့ရှာဖွေခဲ့ရာ လိန်းလီတံတားထိပ်၌ ဆိုင်ကယ် တိမ်းမှောက်သွားပြီး ဆိုင်ကယ်မောင်းသူ ရေထဲသို့ခုန်ချ ထွက်ပြေးသွား၍ ဆက်လက် ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၉၅၀ နှင့် ဆေးခြောက် ၈၁၆ ဒသမ ၅ ဂရမ်တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **သတင်းစဉ်**

# အင်ဒိုနီးရှားငလျင် ၉၈ ဦးထက်မနည်း သေဆုံး

မာတာရမ် (အင်ဒိုနီးရှား) ဩဂုတ် ၆

**အင်ဒိုနီးရှားနိုင်ငံ လွန်ဘော့ကျွန်းတွင် ကြီးမားသော ငလျင်လှုပ်မှု ဩဂုတ် ၅ ရက် နှောင်းပိုင်းတွင် ဖြစ်ပွားခဲ့ရာ နောက်ဆုံးရသတင်းများအရ ၉၈ ဦးထက်မနည်း သေဆုံးခဲ့ပြီး ဒါဇင်ပေါင်း များစွာ ဒဏ်ရာရရှိခဲ့ကာ အဆောက်အအုံများလည်း ပျက်စီးခဲ့ကြောင်း အရာရှိများက ပြောကြားခဲ့သည်။**

လွန်ဘော့ကျွန်းသည် ဘာလီကျွန်း အရှေ့ဘက်ရှိ ထင်ရှားကျော်ကြားသော နိုင်ငံခြားသားများ လာလေ့ရှိသည့် နေရာတစ်ခု ဖြစ်သည်။ ပြင်းအား ရစ်ချ်တာစကေး ၆ ဒသမ ၉ အဆင့်ရှိ ငလျင်သည် မြေအောက်အနက် ၁၅ ကီလိုမီတာကို ဗဟိုပြု၍ လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်ဘူမိဗေဒဆိုင်ရာ လေ့လာရေးက ပြောခဲ့သည်။

ငလျင်လှုပ်ခတ်ပြီးနောက် အင်အားအသင့်အတင့်ရှိ ငလျင်နှစ်ခု လှုပ်ခဲ့သလို ငလျင်ငယ်များလည်း နှစ်ဒါဇင်နီးပါးခန့် လှုပ်ခဲ့ကြောင်း သိရသည်။

နောက်ဆုံးရရှိခဲ့သော စာရင်းအရ ငလျင်လှုပ်မှုကြောင့် လွန်ဘော့မြောက်ဘက် တန်ဂျန်ဆေးရုံတွင် ၁၉ ဦးသေဆုံးခဲ့ကြောင်း မာတာရမ် ရှာဖွေရေးနှင့် ကယ်ဆယ်ရေးဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူ အော်ဂက်ဟန်တရာ ဆန်ဂျာယာက ပြောခဲ့သည်။

သေဆုံးသူများထဲတွင် အသက်တစ်နှစ်အရွယ် ကလေးငယ်တစ်ဦးနှင့် အသက် ၇၂နှစ်အရွယ်သက်ကြီးရွယ်အိုတစ်ဦးလည်း ပါဝင်ခဲ့ကြောင်းနှင့် အနည်းဆုံး ၂၃၆ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ငလျင်လှုပ်ခတ်ပြီးနောက် အာဏာပိုင်များက ဆူနာမီသတိပေးချက်များ ထုတ်ပြန်ခဲ့သော်လည်း နောက်ပိုင်းတွင် ပြန်လည်ရုပ်သိမ်းခဲ့သည်။ ပင်လယ်ရေများသည် ရွာနှစ်ရွာထဲသို့ ၁၃ စင်တီမီတာခန့် ဝင်ရောက်ဖုံးလွှမ်းခဲ့ကြောင်း မိုးလေဝသ၊ ရာသီဥတု၊ ဘူမိရူပဗေဒဆိုင်ရာ အေဂျင်စီအကြီးအကဲ ကာနာဝါတီက ဒေသတွင်းရုပ်သံသို့ ပြောခဲ့သည်။

ယခုငလျင်ကြီးမလှုပ်မီ ၁၇ ဦးသေဆုံးခဲ့သည့် ပြင်းအား ၆ ဒသမ ၄ ပမာဏအဆင့်ရှိ ငလျင်တစ်ခု လွန်ခဲ့သောအပတ်က လွန်ဘော့တွင် လှုပ်ခဲ့သေးကြောင်း သိရသည်။ ယင်းငလျင်ကြောင့် ဂျပန်နိုင်ငံသားများအပါအဝင် အခြားနိုင်ငံခြားသား အတော်များများ ယင်းကျွန်းတွင် သောင်တင်ခဲ့ကြောင်း သိရသည်။

**အေအက်ဖ်ပီ**



# အမေရိကန်ပြည်ထောင်စု ချီကာဂိုမြို့တွင် သေနတ်ပစ်ခတ်မှုများဖြစ်ပွားရာ ငါးဦးသေဆုံး

ချီကာဂို ဩဂုတ် ၆

**အမေရိကန်ပြည်ထောင်စု အနောက်အလယ်ပိုင်း ချီကာဂိုမြို့တွင် ဩဂုတ် ၅ ရက်က လူ ၄၅ ဦး သေနတ်ပစ်ခတ်ခံရပြီး ငါးဦး သေဆုံးခဲ့ကြောင်းနှင့် အဆိုပါသေနတ်ပစ်ခတ်ခြင်းများသည် အကြမ်းဖက်လုပ်ရပ်မျိုးဖြစ်ပြီး လုံးဝလက်ခံနိုင်စရာအကြောင်းမရှိကြောင်း အမေရိကန်သတင်းမီဒီယာများတွင် ဖော်ပြခဲ့သည်။**

ချီကာဂိုရဲချုပ် ဖရက်ဝေါလာက ဩဂုတ် ၅ ရက် သတင်းစာရှင်းလင်းပွဲတွင် အဆိုပါပစ်ခတ်မှုများသည် ပစ်မှတ်ထားလုပ်ဆောင်ခြင်းဖြစ်ပြီး ဒုစရိုက်ဂိုဏ်း ပဋိပက္ခများနှင့် ဆက်နွှယ်နိုင်ကြောင်း ပြောခဲ့သည်။

ချီကာဂိုမြို့တွင် သေနတ်ပစ်ခတ်မှုများ ဖြစ်ပွားခဲ့ဖူးကြောင်း သိရပြီး ရည်ရွယ်ချက်ရှိရှိပဲဖြစ်ဖြစ်၊ ရည်ရွယ်ချက်မရှိဘဲ ကြုံရာပစ်ခတ်ခြင်းပဲဖြစ်ဖြစ် လုံးဝလက်သင့်ခံနိုင်သော ကိစ္စများမဟုတ်ကြောင်း ချီကာဂိုရဲချုပ်က ပြောခဲ့သည်။

သန်းခေါင်ယံမှ နံနက် လင်းအားကြီး ၂ နာရီအထိ နေရာ ၁၀ နေရာတွင် သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့ကြောင်း စီအင်န်အင်န် သတင်းတွင်လည်း ဖော်ပြခဲ့သည်။

သေနတ်သမားများသည် လူအုပ်စုများကို ဦးတည်ပစ်ခတ်ခဲ့ခြင်းဖြစ်ပြီး ဒဏ်ရာရရှိသူများတွင် အသက် ၁၁ နှစ်အရွယ် ကလေးတစ်ဦးလည်းပါဝင်ကြောင်း သိရသည်။

ချီကာဂိုမြို့သည် ၂၀၁၆ ခုနှစ်အထိ နှစ်ပေါင်း ၂၀နီးပါး (အကြမ်းဖက်) လူသတ်မှုများ စံချိန်တင်မြင့်တက်ခဲ့သဖြင့် အမေရိကန် သမ္မတဒေါ်နယ်ထရန့်ကပင် ဝေဖန်ခဲ့သည်။ သို့သော်လည်း ယခုနှစ်တွင် ချီကာဂို၌ သေနတ်ပစ်ခတ်မှု ၃၀ ရာခိုင်နှုန်းခန့် ကျဆင်းခဲ့ပြီး လူသတ်မှုလည်း ၂၅ ရာခိုင်နှုန်းခန့် လျော့နည်းကျဆင်းခဲ့ကြောင်း ဝေါလာက ပြောခဲ့သည်။

**အေအက်ဖ်ပီ**



# ဗင်နီဇွဲလားသမ္မတလုပ်ကြံခံရမှုတွင် အမေရိကန်ပါဝင်ခြင်းမရှိကြောင်း အမျိုးသားလုံခြုံရေးအကြံပေးပြော



**ဝါရှင်တန် ဩဂုတ် ၆**

အမေရိကန်နိုင်ငံ အမျိုးသားလုံခြုံရေးအကြံပေး ဂျွန်ဘိုလ်တန်က မကြာသေးခင်တွင် ဖြစ်ပွားခဲ့သော ဗင်နီဇွဲလားသမ္မတ နီကိုးလပ်မာဒူရို လုပ်ကြံခံရမှုတွင် အမေရိကန်နိုင်ငံ ပါဝင်ပတ်သက်ခြင်းမရှိကြောင်း ပြောကြားခဲ့သည်။

ဗင်နီဇွဲလားသမ္မတလုပ်ကြံခံရမှုတွင် အမေရိကန် ပါဝင်ခြင်းမရှိဘူးဟု မိမိအတိအကျပြောနိုင်ကြောင်း ဖောက်စ်နယူးဆန်းဒေးနှင့် တွေ့ဆုံမေးမြန်းခန်းတွင် အမေရိကန် အမျိုးသားလုံခြုံရေးအကြံပေး ဘိုလ်တန်က ပြောခဲ့သည်။

အဆိုပါဖြစ်ရပ်နှင့်ပတ်သက်ပြီး ကရာကတ်မြို့ရှိ အမေရိကန်သံအမတ်နှင့် ဆက်သွယ်ပြီး ယင်းကိစ္စတွင် အမေရိကန်ဘက်က လုံးဝကင်းရှင်းကြောင်း ဘိုလ်တန်က ပြောကြားခဲ့သည်။

ဗင်နီဇွဲလားသမ္မတ မာဒူရိုသည် ဩဂုတ် ၅ ရက် ညနေပိုင်းက ပြုလုပ်သော ၈၁နှစ်မြောက် ဗင်နီဇွဲလားအမျိုးသားအစောင့်တပ်အောက်မေ့ဖွယ် အခမ်းအနားတွင် မိန့်ခွန်းပြောကြားနေစဉ် မောင်းသူမဲ့လေယာဉ်များဖြင့် တိုက်ခိုက်ခံခဲ့ရသော်လည်း ထိခိုက်ဒဏ်ရာရရှိခြင်းမရှိဘဲ လွတ်မြောက်ခဲ့ကြောင်း သိရသည်။

အဆိုပါတိုက်ခိုက်မှုကို လုပ်ကြံသတ်ဖြတ်မှုဟု မာဒူရိုက စွပ်စွဲပြောကြားခဲ့ပြီး ကိုလံဘီယာအစိုးရ၊ အမေရိကန်နိုင်ငံရှိ ပူးပေါင်းကြံစည်သူများနှင့် ဗင်နီဇွဲလားနိုင်ငံရှိ လက်ယာယိမ်းနိုင်ငံရေးသမားများအား ပြစ်တင်ပြောကြားခဲ့သည်။

ဗင်နီဇွဲလား သမ္မတရွေးကောက်ပွဲတွင် မာဒူရိုပြန်လည်အရွေးခံရပြီးနောက် အမေရိကန်သမ္မတဒေါ်နယ်ထရန့်က သမ္မတအမိန့်အာဏာဖြင့် ဗင်နီဇွဲလားအစိုးရအား မည်သည့် ငွေပေးချေမှုကိုမဆို ခွင့်မပြုရန် ပိတ်ပင်တားမြစ်သည့် အမိန့်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# ဂျပန်နိုင်ငံ မြောက်ပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုများ ဖြစ်ပေါ်

**တိုကျို ဩဂုတ် ၆**

ဂျပန်ရာသီဥတုဆိုင်ရာ အရာရှိများက လေစိုင်ဆုံများ တဝဲလည်လည်ဖြစ်ပြီး ယင်းအချက်က ဂျပန် နိုင်ငံမြောက်ပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုများဖြစ်ခဲ့ကြောင်း ပြောကြားခဲ့သည်။

ပူနွေးစွတ်စိုသောလေများသည် အဆိုပါဒေသ၏ လေစိုင်ဆုံများရှိရာသို့ ရွေ့လျားသွားပြီး ယင်းက လေထုမတည်ငြိမ်မှုကို ဖြစ်စေကာ မိုးရွာသွန်းစေခဲ့ကြောင်း ရာသီဥတုဆိုင်ရာ အရာရှိများက ပြောခဲ့သည်။

နံနက် ၈နာရီမှ ၉ နာရီအထိ နီဂါတာစီရင်စု အူနိုမာမြို့တွင် မိုးရေချိန်လက်မ ၄၃ မီလီမီတာအထိ စံချိန်တင်ရွာသွန်းခဲ့ကြောင်း သိရသည်။

ယာမာဂါတာစီရင်စု၏ ဒေသအတော်များများတွင် စံချိန်တင်မိုးရေချိန် ၃၀၀ မီလီမီတာကျော်အထိရှိကြောင်း သိရသည်။ ၂၄ နာရီအတွင်း ကာနီယာမမြို့တွင် မိုးရေချိန် ၃၁၂ မီလီမီတာအထိစံချိန်တင်ခဲ့ပြီး မိုဂါမီမြို့တွင် ၃၀၉ ဒသမ ၅ မီလီမီတာအထိစံချိန်တင်ရွာသွန်းခဲ့ကြောင်း သိရသည်။

မြေပြိုမှုများလည်း အဆိုပါစီရင်စုများတွင် ဖြစ်ပေါ်လာနိုင်ပြီး တချို့မြစ်ချောင်းများမှ မြစ်ရေများလည်း မြင့်တက်လာနိုင်သည့်အတွက် သတိပေးချက်များ ထုတ်ပြန်ထားသည်။

**အင်န်အိတ်ချ်ကေ**

## နိုင်ငံတကာ သတင်းတိုထွာ

### တောင်ဆူဒန်တွင် ငြိမ်းချမ်းရေး ရစေရန် ကူညီမည်ဟု ဆူဒန်သမ္မတ ထပ်လောင်းပြောကြား

**ခါတွန် ဩဂုတ် ၆**

ဆူဒန်သမ္မတ အိုမာအယ်လ်ဘတ်ရှာက ဆူဒန်နိုင်ငံသည် တောင်ဆူဒန်နိုင်ငံ၏ ငြိမ်းချမ်းရေးအတွက် အကူအညီပေးသွားမည်ဖြစ်ကြောင်း၊ တောင်ဆူဒန်နိုင်ငံတွင် ပြဿနာဖြစ်ပွားနေသော နိုင်ငံရေးပါတီများအကြား ငြိမ်းချမ်းရေးလက်မှတ်ရေးထိုးနိုင်ရေးအတွက်လည်း အထောက်အပံ့ပြုသွားမည်ဖြစ်ကြောင်း တနင်္ဂနွေနေ့က ပြောကြားခဲ့သည်။ တောင်ဆူဒန်နိုင်ငံတွင် ပဋိပက္ခဖြစ်ပွားနေသော နိုင်ငံရေးပါတီများကြား အာဏာခွဲဝေရေး သဘောတူစာချုပ်ကို ဆူဒန်နိုင်ငံမြို့တော် ခါတွန်တွင် တနင်္ဂနွေနေ့က အပြီးသတ်လက်မှတ်ရေးထိုးခဲ့သည်။

လက်မှတ်ရေးထိုးပွဲ အခမ်းအနားတွင် ဆူဒန်သမ္မတက ငြိမ်းချမ်းရေးဆောင်ရွက်မှုအတွက် နောက်ထပ်အစီအစဉ်များ၊ အချိန်ဇယားများ ချမှတ်ကာ ဆောင်ရွက်သွားမည်ဟု ပြောကြားခဲ့သည်။ အဆိုပါငြိမ်းချမ်းရေးသဘောတူလက်မှတ်ရေးထိုးပွဲကိုလည်း စာရွက်ပေါ်တွင် ပြီးမသွားစေဘဲ လက်တွေ့အကောင်အထည်ဖော်ရာတွင်လည်း အောင်မြင်အောင် ဆောင်ရွက်သွားမည်ဟု ၎င်းက ဆက်ပြောသည်။ တောင်ဆူဒန်နိုင်ငံတွင် ၂၀၁၃ ဒီဇင်ဘာလမှစ၍ ပြည်တွင်းစစ်ဖြစ်ပွားခဲ့ရာ လူပေါင်း တစ်သောင်းနီးပါး သေဆုံးခဲ့ရပြီး သန်းနှင့်ချီ၍ နေရပ်စွန့်ခွာထွက်ပြေးခဲ့ရသည်။ **ဆင်ဟွာ**

### ဗင်နီဇွဲလား သမ္မတကို မောင်းသူမဲ့လေယာဉ်ဖြင့် လုပ်ကြံသူများအနက် ခြောက်ဦး ဖမ်းဆီးရမိ

**ကရာကတ် ဩဂုတ် ၆**

ဗင်နီဇွဲလားသမ္မတ နီကိုးလပ်မာဒူရိုကို ဩဂုတ် ၄ ရက်က လုပ်ကြံရန် ကြိုးစားသူများအနက် သံသယဖြစ်ဖွယ်ခြောက်ဦးကို ဖမ်းဆီးမိပြီဖြစ်ကြောင်း ဗင်နီဇွဲလား အာဏာပိုင်များက တနင်္ဂနွေနေ့တွင် ကြေညာခဲ့သည်။

လုပ်ကြံမှုကို အားပေးအားမြှောက်ပြုလုပ်ကြသော ပြည်တွင်း၊ ပြည်ပက နိုင်ငံရေးပါတီများမှ ပါဝင်ပတ်သက်သူများကို ခွဲခြားပြီးဖြစ်ကြောင်းလည်း သိရသည်။

လာမည့် နာရီအနည်းငယ်အတွင်း ဖမ်းဆီးမှုများ ဆက်လက်လုပ်ဆောင်မည် ဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီး နက်စတာက ပြောသည်။ ခြောက် ဦးကို ဖမ်းဆီးထားပြီး ဟိုတယ်အခန်းများကိုလည်း ရှာဖွေမှုများ ပြုလုပ်နေကြောင်း ၎င်းက ပြောသည်။ "ဒါဟာ နိုင်ငံတော်အကြီးအကဲကို လုပ်ကြံဖို့ ကြိုးစားတဲ့ အကြမ်းဖက်မှုသာ ဖြစ်တယ်"ဟု ၎င်းက ဆက်ပြောသည်။

**ဆင်ဟွာ**

# ရန်လိုစကားတွေနဲ့ အချင်းချင်းရန်ဆောင်နေကြတဲ့ အမေရိကန်နဲ့ တူရကီ

**ဖြူးစန္ဒီဋ္ဌေး**

**မကြာသေးခင်ကပဲ နေတိုးမဟာမိတ်နိုင်ငံများကြား အချင်းများစရာကိစ္စ တစ်ခုပေါ်ပေါက်ခဲ့ပါတယ်။ ဒါကတော့ အမေရိကန်နဲ့ တူရကီတို့ကြားမှာ သဘောထားတင်းမာမှုတွေ ဖြစ်ပေါ်လာတာပဲ ဖြစ်တယ်။ အမေရိကန်နိုင်ငံသား ဘုန်းတော်ကြီးကို တူရကီဘက်က ဖမ်းဆီးထောင်ချထားပါတယ်။ အဲဒီဘုန်းတော်ကြီးကို ပြန်လွှတ်ပေးရေးကိစ္စနဲ့ ပတ်သက်ပြီး အမေရိကန်နဲ့ တူရကီတို့ကြား ဆက်ဆံရေးဆိုးရွားခဲ့ရပါတယ်။**




### အပြန်အလှန်ခြိမ်းခြောက်မှုများ

အမေရိကန်ဘက်က တူရကီကို ပိတ်ဆို့မှုတွေ ပြုလုပ်မယ်ဆိုပြီး ခြိမ်းခြောက်ခဲ့ပါတယ်။ အပြန်အလှန်ပါပဲ။ တူရကီဘက်ကလည်း အမေရိကန် အရာရှိနှစ်ဦးကို ပိတ်ဆို့မှုတွေပြန်လည်လုပ်ဆောင်ခဲ့ပါတယ်။ တူရကီသမ္မတ အာဒိုဂန်ဟာ သဘောထားတင်းမာသူဖြစ်ပြီး ရန်လိုတတ်တဲ့ လူစားမျိုးပါ။

အခုလို အမေရိကန်နဲ့ တူရကီတို့ကြား ပိတ်ဆို့မှုတွေ အပြန်အလှန်လုပ်ဆောင်နေတာကိုကြည့်ရင် နေတိုးမဟာမိတ်နိုင်ငံတွေကြား သံတမန်ရေးရာအရ ပြဿနာတက်နေပြီ ဆိုတာကို တွေ့နိုင်ပါတယ်။ "မိုက်မဲတဲ့ အရေးယူ ပိတ်ဆို့မှုတွေနဲ့ တူရကီကို ခြောက်လှန့်လို့ရမယ်ထင်ရင် မှားသွားပါလိမ့်မယ်။ ဒါဟာ တူရကီနိုင်ငံအကြောင်း လုံးဝမသိသေးတဲ့ လူတွေရဲ့လုပ်ရပ်တစ်ခုပါ"လို့လည်း တူရကီသမ္မတ အာဒိုဂန်က မြို့တော် အန်ကာရာမှာ မိန့်ခွန်းပြောကြားခဲ့ပါတယ်။

တူရကီကို ဖိနှိပ်ထားရုံနဲ့ ဦးညွှတ်လာမှာမဟုတ်ဘူးလို့လည်း သတိပေးစကား ပြောကြားခဲ့ပါတယ်။ လွန်ခဲ့တဲ့ သီတင်းပတ်အတွင်းမှာပဲ တူရကီတရားရေးဝန်ကြီးနဲ့ ပြည်ထဲရေးဝန်ကြီးတို့ရဲ့ ပိုင်ဆိုင်မှုတွေကို ပိတ်ဆို့လိုက်ကြောင်း အိမ်ဖြူတော်က ကြေညာခဲ့ပါတယ်။

အမေရိကန် ဘုန်းတော်ကြီး အန်ဒရူး ဘန်ဆန်ကို ဖမ်းဆီးထားတဲ့ အတွက် တုံ့ပြန်အရေးယူခဲ့တာလည်း ဖြစ်တယ်။ ဒါကို တူရကီဘက်ကလည်း ငြိမ်ခံမနေပါဘူး။ တူရကီနိုင်ငံမှာရှိတဲ့ အမေရိကန် အရာရှိကြီးနှစ်ဦးရဲ့ ပိုင်ဆိုင်မှုတွေကို ရပ်ဆိုင်းလိုက်ပြန်ပါတယ်။ တူရကီရဲ့ ပိတ်ဆို့အရေးယူမှုကို ခံလိုက်ရတဲ့ အရာရှိကြီးနှစ်ဦးကတော့ အမေရိကန် တရားရေးနဲ့ ပြည်ထဲရေးဝန်ကြီးတွေလို့သိရပါတယ်။ ဒါပေမယ့်လည်း အဲဒီ အမေရိကန် အရာရှိကြီးနှစ်ဦးဟာ တူရကီမှာ တကယ်ရော ပိုင်ဆိုင်မှုတွေ ရှိပါ့မလား။ တူရကီမှာ သူတို့ရဲ့ပိုင်ဆိုင်မှု ရှိ မရှိကိုတော့ဖြင့် သေချာမသိရပါဘူး။

### အမေရိကန်အပေါ် မကျေနပ်ချက်

အမေရိကန်ဟာ မစ္စတာ ဘန်ဆန်ရဲ့လွတ်မြောက်ရေးအတွက် အဘက်ဘက်က ကြိုးပမ်းခဲ့ပါတယ်။ အသက် ၅၀ အရွယ်ရှိပြီဖြစ်တဲ့ ဘုရားရှိခိုးကျောင်းမှ ဘုန်းတော်ကြီး မစ္စတာဘန်ဆန်ကို အကြမ်းဖက်အုပ်စုတွေကို ကူညီတယ်ဆိုတဲ့ စွပ်စွဲချက်နဲ့ ၂ လကြာ ထိန်းသိမ်းထားခဲ့ပါတယ်။

အမေရိကန်အရာရှိတွေကတော့ မစ္စတာ ဘန်ဆန်ဟာအပြစ်ကင်းတဲ့ လူတစ်ယောက်လို့ တစ်ထစ်ချပြောခဲ့ကြပါတယ်။ အမေရိကန် ဒုတိယသမ္မတ မိုက်ခ်ပန့်စ်ကလည်း မစ္စတာပက်စတာ ဘန်ဆန်ကို ယုံကြည်ချက်ကြောင့် အကျဉ်းကျခံရသူ နိုင်ငံရေးအကျဉ်းသားအဖြစ် သတ်မှတ်ခဲ့ပါတယ်။

အမေရိကန်သမ္မတ ထရန့် ကိုယ်တိုင်ကလည်း တူရကီသမ္မတထံ ဖုန်းခေါ်ဆိုပြီး ဆွေးနွေးမှုပြုလုပ်ခဲ့ပါတယ်။ အခုကိစ္စမှာလည်း အမေရိကန်နဲ့ တူရကီကြား မပြေလည်စေတဲ့ အကြောင်းအရာတွေ ကြားထဲက တစ်ခု ဖြစ်လာခဲ့ပါတယ်။

အမေရိကန်ဟာ ဆီးရီးယားမှာရှိတဲ့ ကာ့ဒ်တွေဘက်က ရပ်တည်ခဲ့ပါတယ်။ ဒါဟာလည်း တူရကီနဲ့ မတည့်ရတဲ့ အကြောင်းရင်းတွေ ကြားထဲကတစ်ခုပါပဲ။ နောက်ထပ် မပြေမလည်ဖြစ်ရတဲ့ ကိစ္စတစ်ခုကတော့ ၂၀၁၆ ခုနှစ်က တူရကီမှာဖြစ်ပွားခဲ့တဲ့ မအောင်မြင်တဲ့ အာဏာသိမ်းမှုရဲ့ အဓိက ကြိုးကိုင်သူလို့ ယူဆရတဲ့ တူရကီဘုန်းတော်ကြီး ဖက်တူလာဂူလန်ကို အမေရိကန်က ခိုလှုံခွင့်ပေးခဲ့ပါတယ်။

တူရကီဘက်က သူတို့ဆီ ပြန်လည်လွှဲပြောင်းပေးဖို့ တောင်းဆိုခဲ့ပေမယ့် အမေရိကန်တို့ကတော့ လက်မခံခဲ့ပါဘူး။ ဒီအချက်တွေအားလုံးကတော့ တူရကီက အမေရိကန်ကို မကျေမနပ်ဖြစ်ရတဲ့ အကြောင်းအရာတွေပါပဲ။

### တူရကီအပေါ် မကျေလည်

ဒီလိုပါပဲ။ အမေရိကန်ဘက်ကလည်း တူရကီကို မကျေမနပ်ဖြစ်ရတဲ့ကိစ္စတွေ ရှိပါတယ်။ အဲဒါတွေကတော့ မစ္စတာ ဘန်ဆန်အပါအဝင် အမေရိကန်နိုင်ငံသား ၂၀ ခန့်ကို တူရကီဘက်က ဖမ်းဆီးခဲ့ပါတယ်။ ပြီးတော့ အမေရိကန် ကောင်စစ်ဝန်ရုံးမှာ အလုပ်လုပ်နေတဲ့ အလုပ်သမားသုံးဦးကိုလည်း ဖမ်းဆီးခဲ့ပါတယ်။

ဒီလို ဖမ်းဆီးမှုတွေကြောင့် အမေရိကန်ကို ဒေါသထွက်စေတဲ့အပြင် ရုရှားနိုင်ငံထုတ် ဒုံးကျည်တွေကိုလည်း တူရကီက ဝယ်ယူခဲ့ပါတယ်။ နေတိုးအဖွဲ့မှာ ပူးပေါင်းစစ်ဆင်ရေး ဆင်နွှဲတဲ့အခါ၊ စစ်ရေးလေ့ကျင့်မှုတွေ ပြုလုပ်တဲ့အခါ ဒီလက်နက်တွေကို အသုံးပြုခဲ့ပါတယ်။

ဒီအချက်တွေကတော့ အမေရိကန်ဘက်က တူရကီကို မကျေမနပ်ဖြစ်ရတဲ့ အကြောင်းရင်းတွေပါပဲ။

### သဘောထားတင်းမာတဲ့ အာဒိုဂန်

တူရကီသမ္မတ အာဒိုဂန်ဟာ မကြာသေးခင်ကမှ သမ္မတရွေးကောက်ပွဲမှာ ပြန်လည်အနိုင်ရရှိလာခဲ့ပါတယ်။ သူ့ရဲ့ အနိုင်ရရှိမှုနဲ့အတူ လူကြိုက်များလှတဲ့ အမေရိကန်ဆန့်ကျင်ရေး မူဝါဒကိုလည်း ဆက်လက် ဆုပ်ကိုင်ထားခဲ့ပါတယ်။ တူရကီနိုင်ငံရဲ့ စီးပွားရေးထိခိုက်ရတာဟာ အနောက်နိုင်ငံကြီးတစ်ခုရဲ့ကြိုးကိုင်မှုကြောင့်လို့ အမြဲလိုလို အပြစ်တင်တတ်သူလည်း ဖြစ်တယ်။

အမေရိကန်၊ နေတိုးအဖွဲ့နဲ့ ဥရောပနိုင်ငံတွေနဲ့ တူရကီတို့ရဲ့ဆက်ဆံရေးဟာ ပြေလည်သွားလိုက်၊ အဆင်မပြေဖြစ်လိုက်နဲ့ ဒီလိုပဲ လုံးချာလည်လိုက်နေပါတယ်။ လွန်ခဲ့တဲ့လက မစ္စတာ ဘန်ဆန် လွတ်မြောက်ရေးအတွက် ဆွေးနွေးမှုဟာလည်း အဆင်ပြေပုံမရပါဘူး။ ဘာလို့လဲဆိုရင် တူရကီတရားရုံးဟာ မစ္စတာ ဘန်ဆန်ကို လွှတ်မပေးဘဲ ဆက်လက် ထိန်းသိမ်းထားဖို့ အမိန့်ချခဲ့ပါတယ်။

သူ့ကို နေအိမ်အကျယ်ချုပ်နဲ့ ဖမ်းဆီးထားခဲ့ပြီး ကျန်းမာရေးဆိုးရွားနေတဲ့ သူ့ရဲ့တရားခွင်ကိုလည်း အောက်တိုဘာလအထိ ရွှေ့ဆိုင်းခဲ့ပါတယ်။ ဒီလို အမိန့်ချမှတ်မှုကြောင့် တူရကီရဲ့ ပြည်ထဲရေးနဲ့ တရားရေးဝန်ကြီးတို့ရဲ့ အမေရိကန်မှာရှိတဲ့ ပိုင်ဆိုင်မှုတွေကို အမေရိကန်က ပိတ်ဆို့ဖို့ အမိန့်ချခဲ့တာပဲ ဖြစ်တယ်။

နေတိုးမဟာမိတ် နိုင်ငံတစ်ခုအပေါ် ဒီလိုမျိုး ပြုလုပ်တာဟာဆိုရင် အမေရိကန်က တူရကီနိုင်ငံကို ဘယ်လိုသဘောထားတယ်ဆိုတာကို ပြသလိုက်တာပဲလို့ အမေရိကန် ဒုတိယသမ္မတ မိုက်ပန့်က ပြောပါတယ်။ အမေရိကန်နိုင်ငံခြားရေး ဝန်ကြီး ပွန်ပီအိုကလည်း မစ္စတာဘန်ဆန် လွတ်မြောက်ရေးအတွက် တူရကီနိုင်ငံခြားရေးဝန်ကြီးနဲ့ သုံးကြိမ်တိုင်တိုင်ဖုန်းနဲ့ ဆွေးနွေးခဲ့ပြီး လူချင်းတွေ့ကာ တွေ့ဆုံဆွေးနွေးဖို့ လိုအပ်တယ်လို့လည်း တောင်းဆိုခဲ့ပါတယ်။ တူရကီနိုင်ငံခြားရေးဝန်ကြီးကတော့ အမေရိကန်ရဲ့ တင်းကျပ်တဲ့ မူဝါဒနည်းစနစ်တွေဟာ လက်တွေ့မှာ အလုပ်ဖြစ်မှာ မဟုတ်ဘူးလို့ ပြောခဲ့ပါတယ်။

### မစ္စတာဘန်ဆန်အပေါ် စွပ်စွဲချက်များ

ခြိမ်းခြောက်တဲ့ စကားတွေ၊ ပိတ်ဆို့မှုတွေဟာ အလုပ်ဖြစ်မှာ မဟုတ်ဘူးလို့ ဖြစ်စဉ်အစကတည်းက မိမိတို့ သတိပေးထားပြီး ဖြစ်ကြောင်း၊ အခုလည်း ဒါကို ထပ်ပြီးသတိပေးပါကြောင်း တူရကီနိုင်ငံခြားရေးဝန်ကြီးက ပြောကြားခဲ့ပါတယ်။ တူရကီသမ္မတ အာဒိုဂန်ကတော့ သူ့ရဲ့ ဝန်ကြီးတွေ ဒီလိုမျိုး ပိတ်ဆို့ခံရတာကို အလွန်ပဲမကျေမနပ်တွေ ဖြစ်နေပါတယ်။ မစ္စတာ ဘန်ဆန်ဟာ အပြစ်ကင်းပါတယ်လို့ အမေရိကန်ဘက်က ဘယ်လိုပဲပြောပြော သမ္မတအာဒိုဂန်ကတော့ ဘယ်လိုမှ မကျေနပ်နိုင်ပါဘူး။ ဘာလို့လဲဆိုရင် အမေရိကန်ဘုန်းတော်ကြီး မစ္စတာ ဘန်ဆန်ဟာ တူရကီမှာ မအောင်မြင်ဖြစ်ခဲ့ရတဲ့ အာဏာသိမ်းမှုခေါင်းဆောင် မစ္စတာဂူလန်နဲ့ အဆက်အသွယ်ရှိတယ်လို့ရော၊ အကြမ်းဖက်မှုတွေ လုပ်ဆောင်တယ်လို့ရော ခဏခဏ နာမည်ထွက်နေတဲ့ ကာ့ဒ်အလုပ်သမားပါတီရဲ့ လှုပ်ရှားမှုတွေမှာ ဆက်စပ်မှုရှိတယ်လို့ရော သမ္မတ အာဒိုဂန်က တစ်ထစ်ချယုံကြည်နေလို့ပါပဲ။ မစ္စတာ ဘန်ဆန်ကတော့ သူ့အပေါ် စွပ်စွဲချက်တွေ အားလုံးကို ငြင်းဆိုထားပါတယ်။

### အချင်းချင်းရန်ဆောင်လျက်ရှိ

ဒါပေမယ့်လည်း မစ္စတာ ဘန်ဆန်ဟာ မကြာမီမှာလွတ်မြောက်နိုင်တယ်လို့လည်း နိုင်ငံရေးသုတေသီတွေက ခန့်မှန်းထားပါတယ်။ ဘာလို့လဲဆိုတော့ တူရကီဘက်ကလည်း အမေရိကန်က အရေးယူထားတဲ့ မစ္စတာ အတယ်လာနဲ့အလဲအလှယ်လုပ်ဖို့ ရှိလို့ပါ။

တူရကီ နိုင်ငံတော်ဘဏ် ဒုတိယညွှန်ကြားရေးမှူးဖြစ်တဲ့ မစ္စတာမန်မက်ဟကန် အတယ်လာဟာ အမေရိကန်က အီရန်အပေါ် စီးပွားရေးပိတ်ဆို့ထားရာမှာ ချိုးဖောက်ရန် ကြံစည်မှု၊ အခြားသော ဘဏ်လုပ်ငန်းဆိုင်ရာကိစ္စတွေကြောင့်အမေရိကန်က ပြစ်ဒဏ်ချမှတ်ထားတဲ့ အရာရှိတစ်ဦးလည်း ဖြစ်တယ်။

မစ္စတာဘန်ဆန်ကို ပြန်လွှတ်ပေးဖို့ဆိုရင် မစ္စတာ အတယ်လာအပေါ် ချမှတ်ထားတဲ့ ပြစ်ဒဏ်ကိုအရင် ဖယ်ရှားပေးရမှာပါ။ ဒါပေမယ့်လည်း ဒီကိစ္စဟာ အချိန်ကာလဘယ်လောက်ကြာမယ်ဆိုတာကိုတော့ အတိအကျ မခန့်မှန်းနိုင်ပါဘူး။ လက်ရှိ အခြေအနေမှာတော့ တူရကီနဲ့ အမေရိကန်တို့ဟာ အချင်းချင်း ရန်ဆောင်လျက်ရှိနေကြပါတယ်။ ။

**ကိုးကား -နယူးယောက်တိုင်းမ်**

> **"တူရကီသမ္မတ အာဒိုဂန်ဟာ မကြာသေးခင်ကမှ သမ္မတရွေးကောက်ပွဲမှာ ပြန်လည်အနိုင်ရရှိလာခဲ့ပါတယ်၊ သူ့ရဲ့ အနိုင်ရရှိမှုနဲ့အတူ လူကြိုက်များလှတဲ့ အမေရိကန်ဆန့်ကျင်ရေး မူဝါဒကိုလည်း ဆက်လက် ဆုပ်ကိုင်ထားခဲ့"**

# ခရီးသွားရောင်နီများ ပွင့်လင်းလာတော့မည့် ရွှေသောင်ယံကမ်းခြေ

**ကိုကိုမောင်(ရွှေသောင်ယံ)**



တည်ဆောက်ပြီးစီးနေသည့် မကျီးချောင်းကူး တံတားကြီး။


**မကျီးချောင်းကူး တံတားသစ်ကြီး**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရွှေသောင်ယံမြို့တွင် မကျီးချောင်းကိုဖြတ်ကာ အရှည် ၂၅၂ မီတာ၊ အကျယ် ၉ မီတာ၊ ခန့်မှန်းတန်ဖိုးငွေကျပ် သန်းပေါင်း ၂၆၇၀ ခန့်ဖြင့် တည်ဆောက်နေသော သံကူကွန်ကရစ်တံတားကြီး အချောသပ်ပြီးစီးပါက ရွှေသောင်ယံမြို့ငယ်လေးတွင် နေထိုင်ကြသော ဒေသခံများသည် တစ်ဒေသနှင့်တစ်ဒေသသို့ လွယ်ကူလျင်မြန်စွာ ကူးလူးဆက်သွယ် သွားလာနိုင်ကြမည်ဖြစ်ကာ ဒေသ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးများလည်း အဘက်ဘက်က အဆင်ပြေချောမွေ့လာမည် ဖြစ်သည်။

ယခင်အချိန်က မကျီးချောင်းကို လှေ၊ဇက်တို့ဖြင့် ကူးဖြတ်သွားလာခဲ့ရပြီး အချိန်ကုန်ခြင်း၊ ငွေကုန်ကြေးကျများခြင်း၊ တစ်ခါတစ်ရံ ဆိုင်ကယ်များ ဇက်ကူးရာတွင်ရေလှိုင်းပုတ်၍ ပြုတ်ကြခြင်း၊ ညအချိန်နောက်ကျသော မော်တော်ယာဉ်များအိပ်၍ စောင့်ဆိုင်းခဲ့ရခြင်း စသည့် ဒုက္ခများကို ကြုံတွေ့ခဲ့ရကာ တံတားပြီးစီးပါက အဆိုပါဒုက္ခများမှ ကင်းဝေးစေတော့မှာဖြစ်သည်။

**ခရီးသွားရောင်နီများ**

ရွှေသောင်ယံဒေသ၏ စီးပွားရေးသည် လမ်းပန်းဆက်သွယ်ရေးနှင့် များစွာသက်ဆိုင်လျက်ရှိသည်။ လမ်းပန်း ဆက်သွယ်ရေးမကောင်းမီကပင် ပြည်တွင်း ပြည်ပခရီးသွားများမှာ ပွင့်လင်းရာသီရောက်တိုင်း နေ့စဉ်လို လာရောက်လည်ပတ်ကြသည်။ တစ်နေ့တာ လာရောက်လည်ပတ်ပြီးနောက် တစ်ဆက်တစ်စပ်တည်းဖြစ်သည့် ချောင်းသာကမ်းခြေတွင် ပြန်၍ ညအိပ်တည်းခိုကြသည်။



ရွှေသောင်ယံကမ်းခြေအလှနှင့် ဟိုတယ်များ။

ယခုအခါတွင် ရွှေသောင်ယံမြို့ငယ်လေးတွင် ခရီးသွားရောင်နီများ ပွင့်လင်းလာတော့မည်ဖြစ်သည်။ တည်းခိုစရာဟိုတယ်မှာလည်း ယခင်တစ်လုံးမှ နှစ်လုံးဖြစ်လာတော့မည်။ တံတားကြီးမှာလည်းအချောသပ်ပြီးစီးရန် အနည်းငယ်မျှလိုသေးသော်လည်း ဩဂုတ် ၁ ရက်မှစ၍ ဆိုင်ကယ်များနှင့် ကားငယ်များကို သွားလာခွင့်ပြုထားပြီဟု သိရှိရသည်။

**ရွှေသောင်ယံကမ်းခြေမှ ဘုရားများ**

ရွှေသောင်ယံကမ်းခြေတွင် သဘာဝအလှအပများကို နောက်ခံထား၍ လည်ပတ်စရာ အထင်ကရနေရာများလည်းရှိသည်။ သဘာဝသန္တာကျောက်တန်းနှင့် ကြည်လင်စိမ်းမြသောရေပြင်၊ နှစ်မိုင်ခွဲခန့် ရှည်လျားသော သဲသောင်ပြင်ဖြူဖြူဖွေးနှင့် သန့်ရှင်းသော ကမ်းခြေလည်းရှိသည်။ ကမ်းခြေတွင် ရှေးဟောင်းသမိုင်းဝင် ဘုရားများလည်း ရှိရာ ရွှေသောင်ယံမြို့နယ်ခွဲ သဲကုန်းအုပ်စုအတွင်းရှိ တောင်ကတုံးဘုရားနှင့် အမှတ်(၁) ရပ်ကွက်အတွင်းမှ ရှေးဟောင်းစက်တော်ရာဘုရားတောင်တို့ဖြစ်သည်။ အမှတ်(၁)ရပ်ကွက်ရှိ ရှေးဟောင်း စက်တော်ရာဘုရားတောင်သည်လည်း အထက်စက်တော်ရာနှင့် အောက်စက်တော်ရာဟူ၍ရှိပြီး တောင်ခြေ အောက်စက်တော်ရာအနီးတွင် ရှေးယခင်က ဘုရားခြေတော်ရာပေါ် ပေါက်ခဲ့ကြောင်း ရှေးလူကြီးများပြောစကားအရ သိရသည်။

**လမ်းပန်းဆက်သွယ်ရေး**

လမ်းပန်းဆက်သွယ်ရေးတွင် ရန်ကုန်မြို့မှ ရွှေသောင်ယံကမ်းခြေကို ၁၅၇ မိုင် ၃ ဖာလုံ၊ ပုသိမ်မြို့မှ ရွှေသောင်ယံကမ်းခြေကို ၄၄ မိုင်ဝေးကာ ပုသိမ်-ချောင်းသာလမ်း မိုင်တိုင် ၂၉ မိုင် ၁ ဖာလုံမှ လက်ယာဘက်သို့လမ်းခွဲကာ ၁၄ မိုင် ၆ ဖာလုံရှိသည့် ဆိပ်ကြီးလမ်းခွဲမှလာလျှင် ရွှေသောင်ယံကမ်းခြေသို့ ရောက်သည်။ ၁၄ မိုင် ၆ ဖာလုံ ဆိပ်ကြီးလမ်းခွဲသည် မြေသားလမ်းဖြစ်သည့်အတွက် မိုးရာသီတွင် ကားကြီးများသွားလာရေး ခက်ခဲသည်။ မိုးတွင်းချိန်ခါ လမ်းပန်းဆက်သွယ်မှုအတွက် ဆိုင်ကယ်များနှင့် ကားသေးလေးများကိုသာ အားထားရပြီး လိုင်းကားကြီးများနှင့် ကုန်စည်စီးဆင်းမှုအတွက် အားထားနေရသည့် ကုန်ကားများကို မိုးရာသီတွင် ဖြတ်တောက်ထားရသော လမ်းပိုင်းတစ်ခုဖြစ်သည်။ ချောင်းသာကမ်းခြေဘက်မှလာသော ကမ်းခြေပတ်လမ်းကို မိုးတွင်းအခါ အားကိုးနေရသော်လည်း ခရီးကြန့်ကြာမှုများ ရှိခဲ့သည်။ ယခုတံတားကြီး တည်ဆောက်ပေးထားသည့် ကျေးဇူးကြောင့် ဒေသနေပြည်သူများ၏ တစ်နေရာမှတစ်နေရာသို့ ဆက်သွယ်သွားလာမှုများကို အဆင်ပြေစေသလို ပွင့်လင်းရာသီတွင် ပြည်တွင်းပြည်ပခရီးသွားများအတွက်ပါ အဆင်ပြေချောမွေ့လာမည်ဖြစ်သည်။

**မပျက်စီးသေးသော ကမ်းခြေ**

ကျယ်ပြန့်ပြီးရှည်လျားသော ကမ်းခြေသည် သဘာဝအတိုင်း မပျက်မစီးတည်ရှိနေပြီး ကမ်းခြေတွင် အုပ်စုဘောလုံးပြိုင်ပွဲများပင် ကျင်းပကြသည်။ လူတို့၏ပယောဂကြောင့် ကမ်းခြေတွင် ညစ်ညမ်းမှုများမရှိဘဲ သာယာလှပသော ပင်ကိုသဘာဝအရည်အသွေးအတိုင်း ရှိသည်။ သန္တာကျောက်တန်းကျောက်ဆောင်များတွင် သဘာဝ ခရုကောင်ကလေးများ၊ ကဏန်းများ၊ မျှော့များ၊ ကြွေများ၊ မြေအောက်တွင် ခုံးများ အပြင် တွင်းအောင်း သတ္တဝါလေးများလည်း ရှိသည်။

ကြည်လင်စိမ်းမြနေသောရေအောက်တွင် ကျောက်ပွင့်ကျောက်ခက်များ၏ အလှများနှင့် ရေအောက်၌ သွားလာလှုပ်ရှားနေသော ငါးကလေးများကိုလည်း မြင်တွေ့နိုင်သည်။ နေဝင်ချိန်များတွင် အနောက်ဘက်ပင်လယ်အောက်သို့ ဝင်ရောက်သွားဟန်ထင်ရသော နေဝန်းနှင့် ကမ်းခြေသည် လိုက်ဖက်လွန်းလှသည်။

နေဝင်ရီတရောအချိန်တွင် ကမ်းခြေ၌ တံငါသည်များ၏ သွားလာလှုပ်ရှားမှုပုံသဏ္ဌာန်များမှာလည်း ကဗျာဆန်လှသည်။ ထို့ကြောင့် ရွှေသောင်ယံမြို့ ဂုဏ်ဆောင် တံတားကြီးဖွင့်ပွဲအပြီးတွင် ရွှေမြန်မာတို့၏ ကမ်းခြေအသစ်တစ်ခုဖြစ်သည့် ရွှေသောင်ယံကမ်းခြေသည် ရုပ်လုံးကြွနိုးထလာတော့မည်ဟု ယုံကြည်မိပါသည်။ ။

# တာချီလိတ်၌ လူထုလှုပ်ရှားမှုဖြင့် သွေးလွန်တုပ်ကွေးကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်

**တာချီလိတ် ဩဂုတ် ၆**

တာချီလိတ်ခရိုင်အတွင်း သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး လူထုလှုပ်ရှားမှုကို ဩဂုတ် ၅ ရက် နံနက်ပိုင်းက တာချီလိတ်မြို့ပေါ်ရပ်ကွက်များအတွင်း ဌာနဆိုင်ရာနှင့် ပြည်သူများစုပေါင်း၍ ဒုတိယအကြိမ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် တာချီလိတ်ခရိုင်အုပ်ချုပ်ရေးမှူးဦးဆောင်သော ကြီးကြပ်ရေးအဖွဲ့က တာချီလိတ်မြို့ပေါ်ရပ်ကွက် ၁၁ ခုအတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်၍ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအကြောင်း အသိပညာပေးခြင်း၊ နေအိမ်၊ ကျောင်း၊ အလုပ်ရုံများပတ်ဝန်းကျင်ရှိ ခြင်နှင့်ပိုးလောက်လမ်းများ ခိုအောင်းနိုင်မည့် နေရာများတွင် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ သွေးလွန်တုပ်ကွေးဖြစ်ပွားခဲ့သည့် နေရာများတွင် ရေစည်၊ ရေကန်များအတွင်း အဘိတ်ဆေးခတ်ခြင်းနှင့် ခြင်ဆေးဖျန်းခြင်း၊ ဒေသခံပြည်သူများ၏ အိမ်သာများ၊ အမှိုက်စွန့်ကန်များ သန့်ရှင်းရေးဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြီးကြပ်စစ်ဆေးခြင်း စသည်တို့ကို ဆောင်ရွက်ခဲ့သည်။

သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုအနေဖြင့် တာချီလိတ်မြို့ပေါ်ရပ်ကွက်များတွင် လူကြီး ၁၇ ဦး၊ ကလေး ၁၆ ဦး စုစုပေါင်း ၃၃ ဦး ရှိပြီးဖြစ်ကြောင်း၊ ခရိုင်အတွင်း အခြားမြို့နယ်များတွင် ၁၂ ဦးဖြစ်ကြောင်း၊ တာချီလိတ်ခရိုင်ကျန်းမာရေးဦးစီးဌာန၏ လူနာစာရင်းများအရ သိရှိရပြီး လူနာရှင်များ၏ဆန္ဒဖြင့် ထိုင်းနိုင်ငံ မယ်ဆိုင်မြို့သို့ သွားရောက် ဆေးကုသနေသူများလည်း ရှိကြောင်း သိရသည်။

တာချီလိတ်ခရိုင်အတွင်း သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်ကို ဇူလိုင် ၂၈ ရက်မှစတင်ကာ ဩဂုတ်လအတွင်း အပတ်စဉ် တနင်္ဂနွေနေ့တိုင်း လူထုလှုပ်ရှားမှုအသွင်ဖြင့် အင်တိုက်အားတိုက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ကြီးကြပ်မှု၊ ခရိုင်ကျန်းမာရေး ဦးစီးဌာန၏ စီမံကွပ်ကဲမှုဖြင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့၊ လူမှုရေးအသင်းအဖွဲ့များ၊ ကင်းထောက်လူငယ် မောင်မယ်များက ပါဝင်ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း သိရသည်။

မြင့်မိုရ် (တာချီလိတ်)

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၆-၈-၂၀၁၈

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၂၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၈၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၂၂၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၁၅/၉၄၀ ကျပ် | ၉၆၀/၉၇၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၂၅/၉၅၀ ကျပ် | ၉၇၀/၉၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၈၈၀/၉၁၀ ကျပ် | ၉၅၀/၉၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၉၂၅/၉၆၀ ကျပ် | ၁၀၂၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၄၃၅ · ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၆၅၉ · ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၀၄၉ · ၆ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၈၆၅ · ၅ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၂၉၀ · ၆ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၆၁ · ၂ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၀ · ၀၀ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၀ · ၉၃၅ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၇ · ၅၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၅၁ · ၉၃ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၃ · ၁၅၁ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။


## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှုအစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန



မြန်မာ့အလင်း

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| စာတည်းမှူး(တာဝန်) | - ဝင်းကျော် |
| စာတည်းမှူး | - မြင့်ဆွေ (သတင်းထောက်ချုပ်) |
| စာတည်းများ | - မြင့်စိုး၊ ကြည်ဝင်း၊ ချူးစန္ဒီခွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| အငယ်တန်းသတင်းထောက်များ | - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE www.mdn.gov.mm

# တကောင်း ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ

မောင်သာ(ရှေးဟောင်းသုတေသန)

မြန်မာနိုင်ငံနယ်မြေအတွင်း တစ်ချိန်သောအခါက အထင်အရှားနေထိုင်ခဲ့ကာ ယဉ်ကျေးမှုထွန်းကားခဲ့သည့် ပျူလူမျိုးများသည် ယခုအချိန်တွင် ပျောက်ကွယ်သွားခဲ့ပြီ ဖြစ်သော်လည်း မြန်မာများသည်ပင် ပျူလူမျိုးများ ဖြစ်သည်ဟူသည့် ယူဆချက်နှင့် မြန်မာနှင့် ပျူသည် သီးခြားစီဖြစ်သည်ဟူသည့် ယူဆချက်များအပေါ် ပညာရှင်များနှင့် သုတေသီများအကြား အငြင်းပွားနေကြဆဲဖြစ်ပေသည်။

ပျူသည် မြန်မာဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ပျူယဉ်ကျေးမှု ထွန်းကားခဲ့သည့် အထောက်အထားများစွာကို မြန်မာနိုင်ငံအတွင်း နေရာဒေသအသီးသီး၌ တွေ့ရှိခဲ့ကြရသည်။ ထို့ကြောင့် မြန်မာနိုင်ငံရှိ ပျူမြို့ဟောင်းများအနက် သရေခေတ္တရာ၊ ဗိဿနိုးနှင့် ဟန်လင်းတို့သည် ကမ္ဘာ့အမွေအနှစ်အဖြစ် အသိအမှတ်ပြုခြင်းခံခဲ့ရသည်။ ထို့အတူ မြန်မာနိုင်ငံ၏ ထင်ရှားသော ရှေးဟောင်းယဉ်ကျေးမှုဒေသများတွင် တကောင်းသည် တစ်ခုအပါအဝင်ဖြစ်ပေသည်။ တကောင်းကို ပုဂံနှင့်ခေတ်ပြိုင် ယဉ်ကျေးမှုထွန်းကားခဲ့သည့် နေရာဟု ဆိုကြသကဲ့သို့ ပျူယဉ်ကျေးမှုထွန်းကားခဲ့သည့်နေရာဟုလည်း ဆိုကြသည်။

### ရာဇဝင်ထဲက တကောင်း

မြန်မာအစ တကောင်းကဟူသည့် ဆိုထုံးကို မြန်မာ့သမိုင်းရည်ညွှန်းကျမ်းများတွင် အထင်ရှားဆုံးဖြစ်သည့် ဦးကုလားမဟာရာဇဝင်ကြီး၊ တွင်းသင်းမဟာရာဇဝင်သစ်နှင့် မှန်နန်းရာဇဝင်များတွင် ရေးသားဖော်ပြခဲ့ကြသည်။ မှန်နန်းရာဇဝင်တွင် တကောင်းပြည်သည် ကကုသန်ဘုရားရှင်လက်ထက်၌ သံသယပူရ၊ ကောဏာဂုံဘုရားလက်ထက်၌ ရဋ္ဌပူရ၊ ကဿပဘုရားရှင်လက်ထက်၌ သင်းတွဲနှင့် ဂေါတမဘုရားရှင် လက်ထက်၌ တကောင်းဟု အမည်တွင်ခဲ့ကြောင်း ရေးသားထားသည်။

မှန်နန်းရာဇဝင်တွင် တကောင်းမြို့ပေါ်ထွန်းလာခဲ့ပုံကို ဗုဒ္ဓဘုရားရှင်ပွင့်ထွန်းတော်မမူမီ ကပိလဝတ်ပြည်မှ အဘိရာဇာမည်သော သာကီဝင်မင်းသည် ဗိုလ်ခြေအလုံးအရင်းဖြင့် သယ်ဿရဋ္ဌမည်သော တကောင်းပြည်ကို တည်ထောင်စံတော်မူခဲ့ကြောင်း ရေးသားခဲ့ကာ အဘိရာဇာမင်းဆက် ၃၃ ပါးကို ပြဆိုထားပေသည်။

မြန်မာ့စွယ်စုံကျမ်းတွင် တကောင်းသည်ရှမ်းဘာသာစကားဖြစ်ကာ စည်ကူးတို့ဟု အဓိပ္ပာယ်ရှိကြောင်း ဖတ်ရှုရသည်။ ရှမ်းစကား တသည် ကူးတို့ဆိပ်ဖြစ်၍ ကောင်းသည် အစုအပုံဟု ဆိုလိုသဖြင့် တကောင်းသည် ကုန်ပစ္စည်းများစုပုံသည့် ကူးတို့ဆိပ်ဟု အဓိပ္ပာယ်ထွက်ရှိကြောင်း တကောင်းမြို့ဟောင်း တူးဖော်ချက်တွင် ရေးသားထားပေသည်။

မှန်နန်းရာဇဝင်အလိုအရ တကောင်းသည် ပုဂံခေတ် နယ်ခြားမြို့ ၄၃ မြို့တွင် တစ်မြို့အပါအဝင်ဖြစ်ကာ ပုဂံခေတ်ထိုးကျောက်စာများတွင် 'တကောင်'ဟု ပါရှိခဲ့သည်။ တကောင်းရွှေစည်းခုံစေတီအနီးမှရရှိခဲ့သည့်ပင်းယခေတ် သက္ကရာဇ် ၇၁၆ ခုနှစ်ထိုးကျောက်စာကို အထက်မြန်မာနိုင်ငံ၌ စုဆောင်းထားသော ကျောက်စာများစာအုပ်တွင် ဖော်ပြထားရာ "မေဒသတိုင်မင် တကောင်းပြည်ကိုဝ် အစိုဝ်တော်မူသောအခါ"ဟု တကောင်းအမည်ကို တွေ့ရှိရသည်။

မြန်မာတို့၏ အစဉ်အဆက် ဆိုစကားများအရ ပျူစောထီး၊ မောင်ပေါက်ကျိုင်း၊ ပန်းပဲမောင်တင့်တယ်၊ မဟာသမ္ဘဝနှင့် စူဠသမ္ဘဝ မျက်မမြင်ညီနောင်၊ ဒွတ္တဘောင်မင်းတို့သည် တကောင်းနှင့် ဆက်စပ်၍ ထင်ရှားခဲ့ကြသည်။

### လက်ရှိ တကောင်း

တကောင်းသည် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် သပိတ်ကျင်းမြို့နယ်တွင် သပိတ်ကျင်းမြို့၏ မြောက်ဘက်အဆုံး၊ ဧရာဝတီမြစ်၏ အရှေ့ဘက်ကမ်းတွင် တည်ရှိသည်။ ဧရာဝတီမြစ်ကြောင်းအတိုင်း ဆန်တက်လာပါက တကောင်းသည် မန္တလေးမှ ၁၂၇ မိုင်ကွာဝေးပြီး မော်တော်ကားလမ်းဖြင့် မန္တလေး-သပိတ်ကျင်း-ကသာလမ်းအတိုင်း သွားရောက်နိုင်ကြသည်။ တကောင်းမြို့၏ ဧရိယာအကျယ်အဝန်းသည် ၀ ဒသမ ၉၈ စတုရန်းမိုင်ရှိသဖြင့် တစ်စတုရန်းမိုင်ကျယ်ဝန်းသည့် သပိတ်ကျင်းမြို့နှင့် ရွယ်တူဟု ဆိုနိုင်သည်။ မြန်မာနိုင်ငံအတွင်း ဥတ္တရယဉ်စွန်းတန်းဖြတ်သန်းသည့် နေရာများတွင် တကောင်းသည် တီးတိန်၊ ကွတ်ခိုင်တို့နှင့် အတူပါဝင်သည်။

ဒေါက်တာ ဖာနီဗဲလ်နှင့် ဦးဖေမောင်တင်တို့ တည်းဖြတ်သည့် ဇမ္ဗူဒီပဥဆောင်ကျမ်းတွင် တကောင်းမြို့၏ နယ်နိမိတ်ကို အရှေ့ဘက်တွင် တရုတ်လမ်းမ၊ တောင်ဘက်တွင် ဖလူတောင်၊ အနောက်ဘက်တွင် ပယင်းတွင်း၊ မြောက်ဘက်တွင် ကင်းမြစ်နားဟု ပြဆိုသည်။ လက်ရှိတကောင်းသည် အရှေ့ဘက်တွင် မိုးနတ်အင်းနှင့် တလား၀ချောင်း၊ မြောက်ဘက်တွင် တလား၀ချောင်းနှင့် မြေနုကျွန်းများ၊ အနောက်ဘက်တွင် ဧရာဝတီမြစ်နှင့် တောင်ဘက်တွင် အညာပုဂံ မြို့ရိုးဟောင်း တည်ရှိနေသည်။ ဦးယောကြီး၏ တကောင်းရာဇဝင်တွင် တကောင်းသည် ဧရာဝတီမြစ်၏ အနောက်ဘက်တွင်ရှိခဲ့သည်ဟု ဆိုရာ ဧရာဝတီမြစ်ကြောင်း ပြောင်းလဲမှုကြောင့် တကောင်းသည် ဧရာဝတီမြစ်၏ အရှေ့ခြမ်းသို့ ရောက်ရှိခဲ့သည်ဟု ယူဆမှုများရှိခဲ့သည်။

သပိတ်ကျင်းမြို့နယ်၏ အရှေ့ဘက်တွင် မိုးကုတ်၊ မဘိမ်းနှင့်မိုးမိတ်မြို့နယ်၊ အနောက်ဘက်တွင် ကန့်ဘလူနှင့်ခင်ဦးမြို့နယ်၊ တောင်ဘက်တွင် စဉ့်ကူးမြို့နယ်နှင့် မြောက်ဘက်တွင် ထီးချိုင့်မြို့နယ်တို့ တည်ရှိနေကြကာ သပိတ်ကျင်းမြို့နယ်အတွင်းရှိ သောင်းပွက် တောင်တန်းသည် တကောင်းမြို့မှ ကျောက်ဖြူကျေးရွာအထိ တောင်မြောက်သွယ်တန်းနေသည်။

တကောင်းမြို့ကို ရပ်ကွက်သုံးခုဖြင့် ဖွဲ့စည်းထားကာ ၂၀၁၇ ခုနှစ် မတ်လအထိ တကောင်းမြို့၏ လူဦးရေသည် ၈၁၈၁ ဦး ဖြစ်သည်။တကောင်းမြို့တွင် အစိုးရ အထက်တန်းကျောင်း တစ်ကျောင်း၊ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံနှင့် ကျေးလက် ကျန်းမာရေးဌာနတစ်ခုကို ဖွင့်လှစ်ထားသည်။ ထို့အတူ တကောင်းမြို့တွင် လေးမျက်နှာဘုရား၊ ဇိနအောင် ဘုရားနှင့် ပေါက်ကျိုင်းဘုရားအပါအဝင် စေတီကိုးဆူနှင့် ဘုန်းတော်ကြီးကျောင်း ၁၁ ကျောင်းရှိသည်။ ရှေးဟောင်းသုတေသန ပြတိုက်ကိုလည်း တကောင်းမြို့ အမှတ် (၃) ရပ်ကွက်တွင် ဖွင့်လှစ်ထားသည်။

### တကောင်း တူးဖော်မှုများ

၁၉၀၄ ခုနှစ်တွင် ကျောက်စာဝန်မစ္စတာတော်စိန်ခိုသည် တကောင်းသို့ ဦးစွာသွားရောက်ခဲ့ပြီးနောက်ပိုင်းတွင် ရှေးဟောင်းသုတေသနနှင့် သမိုင်းပညာရှင်များသည် တကောင်းတွင် လေ့လာစူးစမ်းမှုများ ပြုလုပ်ခဲ့ကြသည်။ ကျောက်စာဝန် ဦးမြ သည် ၁၉၂၃ ခုနှစ်နှင့် ၁၉၃၀ ပြည့်နှစ်တွင်လည်းကောင်း၊ ရှေးဟောင်းသုတေသန ညွှန်ကြားရေးဝန် ဦးဖိုးလတ်သည် ၁၉၆၀ ပြည့်နှစ်တွင်လည်းကောင်း တကောင်းသို့ရောက်ရှိခဲ့ကြသည်။

ရှေးဟောင်းသုတေသန ဦးစီးဌာနသည် ၁၉၆၇ ခုနှစ်မှ ၁၉၆၉ ခုနှစ်အတွင်း တကောင်း၌ ကုန်း ၁၂ ကုန်းကို နှစ်ကြိမ်တူးဖော်ခဲ့သည်။ ဆက်လက်၍ ၁၉၉၃-၁၉၉၄ ခုနှစ်တွင် နှစ်ကြိမ်နှင့် ၁၉၉၇ ခုနှစ်မှ ၁၉၉၉ ခုနှစ်အတွင်း တူးဖော်မှုများ ဆောင်ရွက်ခဲ့သည်။ ထို့အတူ မြန်မာ့သမိုင်းအဖွဲ့ဝင် သမိုင်းပညာရှင် ဒေါက်တာသန်းထွန်း ဦးဆောင်သည့် အဖွဲ့သည် တကောင်းကို ၁၉၉၇ ခုနှစ် ဇန်နဝါရီလ ၂၆ ရက်မှ ဖေဖော်ဝါရီလ ၅ ရက်အထိ သုတေသနပြုခဲ့သည်။

တကောင်းတူးဖော်မှုများအရ မြို့ဟောင်းသုံးနေရာကို တွေ့ရှိခဲ့ရပြီး ပထမမြို့ဟောင်းနေရာသည် ဘဲဥပုံရှိကာ ဧက ၈၀ ကျယ်ဝန်း၍ ဒုတိယမြို့ဟောင်းနေရာသည် ဧက ၂၁၀ ကျယ်ဝန်းပြီး တတိယမြို့ဟောင်းနေရာသည် ဧက ၅၄၀ ရှိသည်။ ယင်းနေရာ သုံးခုအနက် ဒုတိယမြို့ဟောင်းနေရာသည် ဒေသခံများက အညာပုဂံဟု အစဉ်အဆက်ခေါ်ဆိုခဲ့သည့် နေရာဖြစ်ကာ အညာ ပုဂံမြို့ဟောင်း၏ အရှေ့မြောက်ဘက်တွင် တကောင်းသတိုးမင်းဆက်မှ သတိုးမဟာရာဇာတည်ခဲ့သည်ဟု ဆိုသည့် ရွှေစည်းခုံဘုရားကြီး တည်ရှိသည်။

တကောင်းတွင် စမ်းသပ်တူးဖော်မှုအကြိမ် ၂၀ ကျော်ပြုလုပ်ခဲ့ရာ အစောပိုင်း တူးဖော်မှုများတွင် မြေပေါ်မြေအောက် အထောက်အထားများသည် ပုဂံခေတ်ထက်မစောကြောင်း တွေ့ရှိခဲ့ကြသည်။ သို့သော် ၂၀၀၀ ပြည့်နှစ်တွင် ဆင်ညှပ်ကုန်း ကျေးရွာအနီးရှိ ဦးတင်ဝင်းကုန်းကို တူးဖော်ခဲ့ချိန်တွင် ပျူမြို့ဟောင်း ဗိဿနိုးတူးဖော်မှု(KKG4) အဆောက်အအုံအရွယ်နှင့် ပုံသဏ္ဌာန်တူသည့် ပန္နက်ကို တွေ့ရှိခဲ့ပြီး ဆင်ညှပ်ကုန်းယဉ်ကျေးမှုသည် ခရစ်နှစ် ငါးရာစုမှ ခုနစ်ရာစုအတွင်း ထွန်းကားစ လက်ရာဟု သုံးသပ်ခဲ့သည်။ ယင်းနောက်ပိုင်းတွင် တကောင်းမှ ပျူခေတ်လက်ရာ အုတ်များ၊ ပုတီးစေ့များ၊ မြေမီးဖုတ်ပစ္စည်းများ၊ အရိုးအိုးများကို တွေ့ရှိခဲ့သည်။

ရှေးဟောင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညွှန့်ဟန်က တကောင်းသည် ပျူယဉ်ကျေးမှု ထွန်းကားခဲ့သည့် ဒေသတစ်ခုဖြစ်ကြောင်း ဖော်ထုတ်နိုင်ခဲ့သည့်အပြင် တကောင်းမှတွေ့ရှိခဲ့သည့် အချို့သော ပျူယဉ်ကျေးမှုပစ္စည်းများသည် သရေခေတ္တရာ၊ ဗိဿနိုးတို့တွင် တွေ့ရှိခဲ့သည့် ပစ္စည်းများထက် ပိုမိုရှေးကျကြောင်း ရေးသားခဲ့သည်။

တကောင်းမြို့ဟောင်းတူးဖော်မှုများတွင် မြို့ရိုး အရံအတားနှင့်သူရဲခို စသည်များ၊ လူနေအဆောက်အအုံ အကြွင်းအကျန်များ၊ ဘာသာရေး အဆောက်အအုံများကို တွေ့ရှိခဲ့သည်။ တူးဖော်မှုများ ဆောင်ရွက်ခဲ့စဉ် အခြယ်အလှယ်များ ပါရှိသည့် အိုးကွဲများ၊ မြေပုတီးစေ့များ၊ ကော်ပုတီးစေ့၊ မြေနားတောင်းများ၊ မြေတံဆိပ်၊ နန်းဆွဲကြေးလက်စွပ်၊ သံခားငယ်၊ သံမြားသွား၊ သံမှိုပွင့်၊ အုတ်ခွက်ဘုရား၊ မြေခရုပတ်ခွေ၊ တိရစ္ဆာန်နှင့် လူအရိုး စသည်တို့ကို တူးဖော်မှုနေရာအသီးသီးမှ ရရှိခဲ့သည်။

### တကောင်းရှေးဟောင်းပစ္စည်းများ

တကောင်းမြို့ဟောင်းနှင့် အညာပုဂံမြို့ဟောင်းတို့ရှိ မြို့ရိုးမြို့ပေါက်နှင့် အုတ်ရိုး အဆောက်အအုံများ တည်ဆောက်ခဲ့သည့်အုတ်များသည် အလျား တစ်ပေ၊ အနံ ရှစ်လက်မနှင့် ဒု နှစ်လက်မရှိသည့် အရွယ်ငယ်အုတ်များနှင့် အလျား ၁၇ လက်မ၊ အနံ ရှစ်လက်မနှင့် ဒု နှစ်လက်မရှိသော အုတ်များဖြစ်ကြသည်။

တကောင်းမြို့ဟောင်း ကနဦး တူးဖော်မှုများတွင် ရေသွန်းကရားအိုးကွဲများ၊ စိန်ထောင်ပန်းအခြယ်အလှယ်ပါရှိသည့် အိုးကွဲများနှင့် သပိတ်၊ ဆီမီးခွက်၊ စလောင်းဖုံး၊ မြေပန်းကန်စသည့် အိုးမျိုးစုံကို စုဆောင်းရရှိခဲ့ပြီး ၂၀၀၃ ခုနှစ်တွင် အရိုးအိုးများကို ဆက်တိုက်တွေ့ရှိခဲ့ရပုံကို ဆရာချစ်စံဝင်းက တကောင်းမှ ပျူအရိုးအိုးများအမည်ဖြင့် တကောင်းအိုး ၈၅ လုံးအကြောင်းကို အသေးစိတ်ရေးသား၍ စာအုပ်ထုတ်ဝေခဲ့သည်။

တကောင်း မြေပုတီးစေ့များသည် လုံးပတ် နှစ်လက်မခွဲမှ ငါးလက်မအထိရှိကာ အကြမ်းအားဖြင့် အဝိုင်း၊ အရှည်၊ အချွန် စသည်ဖြင့် ပုံသဏ္ဌာန် ကိုးမျိုးတွေ့ရှိခဲ့သည်။ မြေပုတီးစေ့များအပြင် ဆွဲပြားငယ်များနှင့်အတူ ပယင်းနှင့် ကော်ပုတီးစေ့များကိုလည်း တူးဖော်ရရှိခဲ့သည်။

မြေမီးဖုတ် အုတ်ခွက်ဘုရားများသည် အလျား နှစ်လက်မမှ ခုနစ်လက်မအကြားရှိကာ မြေမီးဖုတ်တစ်ခုတည်းမှာပင် ရုပ်ပွားတော်သုံးဆူအထိ ပါရှိသည့် အုတ်ခွက်များကို ရရှိခဲ့သည်။ ထို့အတူ အမျိုးသမီးနှစ်ဦး မတ်တတ်ရပ်နေပုံဟု ယူဆရသည့် မြေမီးဖုတ် စဉ့်စိမ်းသုတ်ရုပ်ကြွ နှစ်ပိုင်းကျိုးတစ်ခုကို တွေ့ရှိခဲ့ရသည်။ ကတော့ဝိုင်းပုံ မြေတံဆိပ်တုံး၏ မျက်နှာဘက် လေးထောင့်ကွက်ကို ကနုတ်များပတ်ထားကာ အတွင်း၌ စာကြောင်းသုံးကြောင်း ပါရှိသည်။ အလျားအနံ ၁၃ လက်မခွဲရှိကာ နှစ်လက်မထူသည့် စတုရန်းပုံသဲကျောက်ပြားပေါ်တွင် ကြာပလ္လင်ထက်၌ထိုင်နေတော်မူသည့် ဆင်းတုတော် ထက်ပိုင်းကျိုးတစ်ခု အပါအဝင် ကျောက်ဆင်းတု ကျိုးများကိုလည်း တကောင်းတူးဖော်မှုများမှ ရရှိခဲ့သည်။

အလျား လေးလက်မ၊ အနံ သုံးလက်မနှင့် အထူ တစ်လက်မရှိသည့် အန္ဒဂူ ဗုဒ္ဓဝင်ရှစ်ခန်း ကျောက်ဆစ်လက်ရာတစ်ခုကိုလည်း တကောင်း တူးဖော်မှု ကုန်းအမှတ် (၄)မှ ရရှိခဲ့ကြောင်း တကောင်းမြို့ဟောင်းကို တူးဖော်ခဲ့သူ ဦးသန်းဆွေက ရေးသားခဲ့သည်။

သတ္တုပစ္စည်းများအဖြစ် ကြေးလက်စွပ်၊ ငွေလက်စွပ်၊သံမြားသွား၊ သံလုံ၊ သံခါးပတ်ခေါင်း၊ သံတူရွင်းနှင့် ရိုက်သံချောင်း ၂၀ ချောင်းကိုလည်း ရရှိခဲ့သည်။ ထို့အတူ ထူးခြားပစ္စည်းတစ်ခုအဖြစ် သံကွမ်းညှပ်တစ်ခုနှင့် ကြေးဝါ မွေးညှပ်အကျိုးတစ်ခုကိုလည်း ရရှိခဲ့သည်။

### နောက်ဆက်တွဲ တကောင်းတူးဖော်မှုများ

ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာနသည် တကောင်းမြို့ဟောင်းကို ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီမှ မတ်လအထိ တူးဖော်မှုကုန်းသုံးခု တူးဖော်ခဲ့ရာ အမှတ် (TG-43)တွင် ထောင့်မှန်စတုဂံပုံ အဆောက်အအုံပန္နက်တစ်ခုကို တွေ့ရှိခဲ့သည်။ အရှေ့အနောက် အလျား ၁၄ ဒသမ ၁ မီတာ၊

စာမျက်နှာ ၁၉ သို့

"မြန်မာအစ တကောင်းကဟူသည့် ဆိုထုံးကို မြန်မာ့သမိုင်းရည်ညွှန်းကျမ်းများတွင် အထင်ရှားဆုံးဖြစ်သည့် ဦးကုလားမဟာရာဇဝင်ကြီး၊ တွင်းသင်းမဟာရာဇဝင်သစ်နှင့် မှန်နန်းရာဇဝင်များတွင် ရေးသားဖော်ပြခဲ့ကြသည်။ မှန်နန်းရာဇဝင်တွင် တကောင်းပြည်သည် ကကုသန်ဘုရားရှင်လက်ထက်၌ သံသယပူရ၊ ကောဏာဂုံဘုရား လက်ထက်၌ ရဋ္ဌပူရ၊ ကဿပဘုရားရှင်လက်ထက်၌ သင်းတွဲနှင့် ဂေါတမဘုရားရှင် လက်ထက်၌ တကောင်းဟု အမည်တွင်ခဲ့ကြောင်း ရေးသားထားသည်၊ မှန်နန်းရာဇဝင်တွင် တကောင်းမြို့ပေါ်ထွန်းလာခဲ့ပုံကို ဗုဒ္ဓဘုရားရှင်ပွင့် ထွန်းတော်မမူမီ ကပိလဝတ်ပြည်မှ အဘိရာဇာမည်သော သာကီဝင်မင်းသည် ဗိုလ်ခြေအလုံးအရင်းဖြင့် သယ်ဿရဋ္ဌမည်သော တကောင်းပြည်ကို တည်ထောင်စံတော်မူခဲ့ကြောင်း ရေးသားခဲ့ကာ အဘိရာဇာမင်းဆက် ၃၃ ပါးကို ပြဆိုထားပေသည်"



# အမာမြို့၌ ငါးပုစွန်မွေးမြူရေးသင်တန်းဖွင့်

**အမာ ဩဂုတ် ၆**

ဖျာပုံခရိုင် အမာမြို့နှင့် ပတ်ဝန်းကျင်ရှိ ကျေးလက်ဒေသများတွင် နေထိုင်သည့် ပြည်သူများ တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်၍ စားဝတ်နေရေးချောင်လည်လာစေရန်ရည်ရွယ်ပြီး ဖျာပုံမြို့ ငါးလုပ်ငန်းအတတ်သင်သိပ္ပံကျောင်းနှင့် ဆိပ်မကျေးရွာအုပ်ချုပ်ရေးမှူးတို့ပူးပေါင်း၍ ငါး၊ ပုစွန်၊ ကဏန်း အသားတိုးမွေးမြူရေးသင်တန်းကို ဆိပ်မကျေးရွာအုပ်ချုပ်ရေးမှူးရုံးခန်း၌ ဩဂုတ် ၃ ရက်မှ ၅ ရက်အထိ သုံးရက်ကြာ ဖွင့်လှစ်ခဲ့သည်။

အဆိုပါ သင်တန်းဖွင့်နိုင်ရန်အတွက် ဆိပ်မကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်သန့်ဇင်က ဖျာပုံမြို့ ငါးလုပ်ငန်းအတတ်သင်သိပ္ပံကျောင်းတာဝန်ခံ ဦးစီးအရာရှိ ဒေါ်ခင်ခင်အေးထံ အကူအညီတောင်းခံပြီး ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ ဆိပ်မကျေးရွာအပါအဝင် အနီးပတ်ဝန်းကျင်ကျေးရွာများကိုလည်း ဖိတ်ခေါ်ပြီး သင်တန်းတက်ရောက်စေခဲ့ရာ သင်တန်းသို့ သင်တန်းသား ၅၀ တက်ရောက်သင်ကြားခဲ့ကြောင်း၊ သင်တန်းတွင် ငါးဆေးထိုးသားဖောက်ပညာ၊ ရေငန်ပုစွန်မွေးမြူရေးနည်းပညာ၊ ကဏန်း အသားတိုးမွေးမြူခြင်းပညာရပ်များကို သင်ကြားပေးခဲ့ကြောင်း သိရသည်။

ဦးစီးအရာရှိ ဒေါ်ခင်ခင်အေးကလည်း ကျေးလက်နေပြည်သူများ ဝင်ငွေတိုးပွားစေရေးအတွက် ယခု သင်တန်းလာဖွင့်ပေးရသည်ကို ဝမ်းမြောက်ကြောင်း၊ သင်တန်းတွင် နားလည်ရန်လွယ်ကူပြီး ရိုးရှင်းသော သင်ကြားနည်းမျိုးနှင့် သင်ကြားပေးကြောင်း၊ စာတွေ့တင်မဟုတ်ဘဲ လက်တွေ့သင်ခန်းစာများကိုလည်း ကွင်းဆင်းသင်ကြားပေးပြီး ဒေသခံများက မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ပြီဆိုလျှင်လည်း လိုအပ်သောအကူအညီများ ပေးသွားမည်ဖြစ်ကြောင်း၊ အဆင်ပြေလျှင်ပြေသလို သင်တန်းများကို အခြားကျေးလက်ဒေသများတွင် ဆက်လက်ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**မြို့နယ် (ပြန်/ဆက်)**



# ကော့သောင်းမြို့မ ဖေတံတားဂိတ်တွင် ခေတ်မီ X-Ray စက်ဖြင့် လုံခြုံရေးစစ်ဆေးမှုများဆောင်ရွက်

**ကော့သောင်း ဩဂုတ် ၆**

တနင်္သာရီတိုင်းဒေသကြီး ထိုင်း-မြန်မာ နယ်စပ် ကော့သောင်းမြို့၏ ရေလမ်းခရီးဝင်/ထွက်ပေါက်တစ်ခုဖြစ်သည့် မြို့မ ဖေတံတား စစ်ဆေးရေးဂိတ်တွင် အများပြည်သူလုံခြုံရေးအတွက် ခေတ်မီ X-Ray စက်ဖြင့် လုံခြုံရေးစစ်ဆေးမှု လုပ်ငန်းများကို ကော့သောင်းရဲတပ်ဖွဲ့က ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



ထိုင်း-မြန်မာနယ်စပ်မြို့ ဖြစ်သည့် အားလျော်စွာ ကော့သောင်းမြို့သည် နိုင်ငံခြားခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ နှစ်နိုင်ငံနယ်စပ်ဖြတ်သန်းသွားလာကြသည့် ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များ၊ ဒေသခံ ကူးသန်းရောင်းဝယ်သူများ၊ ပင်လယ်ကျွန်းများရှိ ဟိုတယ်များ၊ ရီဆော့များသို့ လာရောက်လည်ပတ်ကြသည့် ခရီးသွားများဖြင့် အစဉ် လူဝင်ထွက်ဖြတ်သန်းမှုများပြားသောကြောင့် ခရီးသွားဧည့်သည်များနှင့် ဒေသခံပြည်သူများ၏ လုံခြုံရေးအတွက် မူးယစ်ဆေးဝါး၊ ပေါက်ကွဲစေတတ်သည့်ပစ္စည်းများ ရှာဖွေဖော်ထုတ်ရန် ခေတ်မီ X-Ray စက်ဖြင့် စစ်ဆေးခြင်းဖြစ်ကြောင်း၊ အခြားရာဇဝတ်မှုဖြစ်စဉ်များ လျော့နည်းကျဆင်းရေး၊ တရားဥပဒေစိုးမိုးရေးကိုလည်း ရည်ရွယ်ကြောင်း သိရသည်။

ကော့သောင်းမြို့၏ ရေလမ်းခရီးဝင်/ထွက်ပေါက်တစ်ခုဖြစ်သည့် မြို့မ ဖေတံတား စစ်ဆေးရေးဂိတ်တွင် ကော့သောင်းရဲတပ်ဖွဲ့က ခေတ်မီ X-Ray စက်ဖြင့်စစ်ဆေးခြင်းကို နေ့စဉ် နံနက်ပိုင်းမှ ညနေ ဂိတ်ပိတ်သိမ်းချိန်အထိ ဆောင်ရွက်လျက်ရှိပြီး နယ်စပ်ဖြတ်သန်းဝင်ရောက်လာသည့် ခရီးသွားဧည့်သည်များ၊ ကော့သောင်းမြို့မှတစ်ဆင့် တစ်ဖက်ထိုင်းနိုင်ငံသို့သွားရောက်မည့် ခရီးသွားများ၊ ထိုင်းနိုင်ငံမှဝင်ရောက်လာသည့် ခရီးသွားများ၊ ပင်လယ်ကျွန်းများသို့ အပန်းဖြေထွက်ခွာမည့် ခရီးသွားများ၏ ခရီးဆောင်အိတ်များနှင့် ပစ္စည်းများကို X-Ray စက်ဖြင့် စစ်ဆေးခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

# ဟိုင်းကြီးကျွန်း ဇီးချိုင်ကျေးရွာအဝင်တံတား ချဉ်းကပ်လမ်း ပြန်လည်ပြုပြင်ပြီးစီး

**ဟိုင်းကြီးကျွန်း ဩဂုတ် ၆**

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ ဇီးချိုင်ကျေးရွာတွင် လွန်ခဲ့သော ဇွန်လအတွင်းက လေပြင်းများ တိုက်ခတ်စဉ် ပင်လယ်ရေမြင့်တက်ခဲ့ပြီး လှိုင်းရိုက်မှုကြောင့် ကျေးရွာအဝင်ကွန်ကရစ်တံတား၏ ချဉ်းကပ်လမ်း ကျုံ့ကျပျက်စီးခဲ့၍ တံတားကိုတည်ဆောက်ပေးခဲ့သည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက လာရောက်ကြည့်ရှုစစ်ဆေးပြီး ပြန်လည်ပြင်ဆင်ပေးခဲ့ရာ ဩဂုတ် ၆ ရက်တွင် ရာနှုန်းပြည့် ပြုပြင်ပြီးစီးခဲ့ပြီဖြစ်ကြောင်း သိရသည်။

ဇီးချိုင်တံတားချဉ်းကပ်လမ်း ကျုံ့ကျပျက်စီးမှု ဖြစ်စဉ်မှာ ၂၀၁၇ ခုနှစ်ကလည်း တစ်ကြိမ်ဖြစ်ခဲ့ပြီး ယခုနှစ်အတွင်း တစ်ကြိမ် ထပ်မံဖြစ်ခဲ့ခြင်းလည်းဖြစ်သည်။ ဖြစ်စဉ်တိုင်းတွင် သက်ဆိုင်ရာဦးစီးဌာန တာဝန်ရှိသူများက လာရောက်ကြည့်ရှုစစ်ဆေးပြီး အချိန်မီပြန်လည်ပြုပြင်ဆောင်ရွက်ပေးခဲ့သည်။ တံတားတည်ဆောက်ပေးထားသည့်နေရာမှာ တောင်ကျချောင်းရေစီးဆင်းသည့် ရိုးချောင်းနှင့် ပင်လယ်ပြင်ထိစပ်သောနေရာတွင် ရှိနေပြီး တံတားမှာ ကြံ့ခိုင်မှုရှိနေသော်လည်း ချဉ်းကပ်လမ်းမှာ နေ့စဉ်နှင့်အမျှ ပင်လယ်ရေလှိုင်းနှင့် ထိတွေ့နေခြင်းဖြစ်၍ ထိန်းသိမ်းစောင့်ရှောက်မှုမရှိပါက အချိန်ကြာလာသည်နှင့်အမျှ ထိခိုက်ပျက်စီးမှုများ ဖြစ်လာခြင်းဖြစ်ကြောင်း သိရသည်။



ဇီးချိုင်တံတားချဉ်းကပ်လမ်းကို ပြန်လည်ပြုပြင်နေစဉ်။

ဇီးချိုင်ကျေးရွာအုပ်စုကို ဇီးချိုင်နှင့် ကြာကန်ကျေးရွာ နှစ်ရွာဖြင့် ဖွဲ့စည်းထားပြီး အဆိုပါတံတားမှာ ယင်းကျေးရွာနှစ်ရွာကြား ဆက်သွယ်သွားလာရာ၌ မဖြစ်မနေအသုံးပြုကြရသလို အခြားသောကျေးရွာများနှင့် ဆက်သွယ်သွားလာရန်အတွက်လည်း အရေးကြီးသော တံတားဖြစ်သည်။

တံတားချဉ်းကပ်လမ်း ကျုံ့ကျပျက်စီးမှု နှစ်စဉ်ဖြစ်နေခြင်းနှင့်ပတ်သက်၍ ဒေသ၏လိုအပ်ချက်ဖြစ်သော ယခုတံတားကို နိုင်ငံတော်က တည်ဆောက်ပေးခဲ့ပြီးဖြစ်၍ ရေရှည်ကြံ့ခိုင်မှုရှိပြီး အချိန်တိုအတွင်း ပျက်စီးမှုများ ပြန်မဖြစ်စေရန်အတွက် ဒေသခံများကလည်း ကော်မတီများဖွဲ့စည်း၍ ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန်လိုအပ်ကြောင်း ခရီးသွားပြည်သူတစ်ဦးက ပြောသည်။

အဆိုပါတံတားမှာ မော်တင်စွန်းကမ်းခြေနှင့် တစ်ဆက်တည်း တည်ရှိ၍ ခရီးသည်တင်ကားများ၊ ဒေသထွက်ကုန်စည်တင်ကားများ၊ ဆိုင်ကယ်များ နေ့စဉ်သွားလာလျက်ရှိသလို ငွေတောင်(ခ)မြွေတောင် အပန်းဖြေပင်လယ်ကမ်းခြေသို့သွားသည့် တံတားလည်းဖြစ်ပြီး နှစ်စဉ် မော်တင်စွန်းဘုရားပွဲတော်ကျင်းပသည့် တစ်လအကြာကာလတွင်လည်း ဘုရားဖူးကားများအနေဖြင့် ဤတံတားကိုပင် ဖြတ်သန်းသွားလာနေကြရာ အရေးပါသောတံတားဖြစ်ကြောင်း သိရသည်။

**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**

# ဖြူးမြို့နယ်၌ ပြည်သူ့ဝန်ဆောင်မှုရုံးက ရွေ့လျားဝန်ဆောင်မှုများ ဆောင်ရွက်ပေး

**ဖြူး ဩဂုတ် ၆**

ဖြူးမြို့နယ်အတွင်းမှ ပြည်သူများအနေဖြင့် ရုံးလုပ်ငန်းများဆောင်ရွက်ရာတွင် လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ပြည်သူ့ဝန်ဆောင်မှုရုံးမှ ဌာနဆိုင်ရာများက ရွေ့လျားဝန်ဆောင်မှုများကို ဖြူးမြို့ ဒက္ခိဏာရုံဘုန်းကြီးကျောင်းဓမ္မာရုံတွင် ဩဂုတ် ၅ ရက်တွင် ကွင်းဆင်းဖွင့်လှစ်၍ ဆောင်ရွက်ပေးခဲ့သည်။

ဖြူးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦးက ပြည်သူများအဆင်ပြေစေရေးအတွက် ရွေ့လျားဝန်ဆောင်မှု ဆောင်ရွက်ပေးခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး ဖြူးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်လွင်သန်းက မူခင်းကျဆင်းရေးအကြောင်းနှင့် မီးသတ်ဦးစီးဌာနမှ ဦးချမ်းဟိန်းလင်းတို့က မီးဘေးလုံခြုံရေးသိကောင်းစရာများ၊ တောင်ငူခရိုင် ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာနမှ ယာဉ်စစ်ဆေးရေးမှူး ဦးသိန်းဌေးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်းသိကောင်းစရာများကို ပညာပေးဟောပြောခဲ့သည်။ ထို့နောက် ဒေသခံပြည်သူများအတွက် ဆိုင်ကယ်မောင်းလိုင်စင်များ၊ အိမ်ထောင်စုစာရင်းများကို သက်ဆိုင်ရာ ဌာနဆိုင်ရာများက နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့သည်။

ဖြူးမြို့နယ် ပြည်သူ့ဝန်ဆောင်မှုရုံးမှ ဌာနများအနေဖြင့် ဩဂုတ် ၄ ရက်ကလည်း ဖြူးမြို့နယ် ကညွတ်ကွင်းမြို့ အောင်တော်မူခန်းမ၌ ပြည်သူ့ဝန်ဆောင်မှုရုံးကို ကွင်းဆင်းဖွင့်လှစ်ပြီး ဒေသခံပြည်သူများအား အသိပညာပေးရေးလုပ်ငန်းများနှင့် ဆိုင်ကယ်မောင်းလိုင်စင်များနှင့်အိမ်ထောင်စုစာရင်းများ ပြုလုပ်ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

**မြို့နယ် (ပြန်/ဆက်)**

*စာမျက်နှာ ၁၈ မှ*

တောင်မြောက် အလျား ၁၃ ဒသမ ၂၃ မီတာရှိသည့် အဆောက်အအုံ၏ အနောက်ဘက် အုတ်ရိုးတန်း မရှိတော့ချေ။ အတွင်းပိုင်း၌ အကွာအဝေးတူညီသည့် တိုင်အောက်ခံ သဲကျောက်ဝိုင်း ၁၄ ခု ရှိနေပေသည်။ တောင်ဘက်နှင့် အနောက်ဘက်တွင် ပျက်စီးနေသည့် ယင်းအဆောက်အအုံတွင် ဝင်ပေါက်လှေကားကို မတွေ့ရှိရဘဲ အဆောက်အအုံဝင်ပေါက်သည် တောင်ဘက်တွင် ရှိနိုင်ကြောင်း ရှေးဟောင်းသုတေသနဦးစီးဌာနက သုံးသပ်ခဲ့သည်။ (TG-43) အဆောက်အအုံနှင့် ၁၀ မီတာကွာဝေးသည့်နေရာတွင် ၂၀၀၈ ခုနှစ်ကတူးဖော်ခဲ့သည့် ကုန်းအမှတ် (TG-25) ရှိပြီး ယင်းတို့နှစ်ခုကို စကြံပတ်လမ်းရှည်ဖြင့် ဆက်သွယ်ခဲ့ဟန်ရှိကြောင်း အစီရင်ခံခဲ့သည်။

ယင်းတူးဖော်မှုမှ အရွယ်မျိုးစုံ အုတ်ချပ်များကို တွေ့ရှိခဲ့ရပြီး ပျူခေတ် စံသတ်မှတ်ချက် အရွယ်အစားဖြစ်သည့် အလျား ၁၈ လက်မ၊ အနံ ကိုးလက်မနှင့် အထူ သုံးလက်မရှိသည့်အုတ်များ ပါဝင်ခဲ့သည်။ မြန်မာစာအက္ခရာနှင့် ကိန်းဂဏန်းများ ရေးသားထားသည့် အုတ်ကြွပ်ပြားများ အပါအဝင် ရှေးဟောင်း ရုပ်ဝတ္ထုများစွာကိုလည်း ရရှိခဲ့သည်။


နောက်ထပ် တူးဖော်မှုကုန်းတစ်ခုဖြစ်သည့် (TG-30)မှ စတုရန်းပုံ တစ်ဖက်ပွင့် သာသနိကအဆောက်အအုံတစ်ခုဖြစ်သည့် ဂူဘုရားတစ်ဆူနှင့် ပျူယဉ်ကျေးမှု စံသတ်မှတ်ချက်တစ်ခုဖြစ်သည့် ပျူခေတ်သုံး အုတ်များကို တွေ့ရှိခဲ့သည်။

တူးဖော်မှုကုန်း အမှတ်(TG-27)သည် တကောင်းမြို့အဝင် အဘိရာဇာလမ်းပေါ်ရှိ ကျောက်ဆစ်မုခ်ဦးမှ အရှေ့ဘက်သို့ ကိုက် ၂၀၀ ခန့် ကွာဝေးကာ တကောင်း အညာပုဂံမြို့ဟောင်း၏ တောင်ဘက်မြို့တံခါးဖြစ်ကြောင်း သိရှိရသည်။

ယင်းနေရာမှ တူးဖော်တွေ့ရှိသည့် အထောက်အထားများအရ အညာပုဂံမြို့ဟောင်း၏ မြို့ရိုးတံခါးများတွင် တံခါးရွက်များ တပ်ဆင်အသုံးပြုခဲ့ပုံကို ခိုင်မာစွာ ကောက်ချက်ချနိုင်ကြောင်း တူးဖော်သူများက အစီရင်ခံခဲ့သည်။

တကောင်းမြို့ဟောင်းကို ရှေးဟောင်း အထိမ်းအမှတ်အဆောက်အအုံတည်ရှိရာဇုန်၊ ရှေးဟောင်းနေရာတည်ရှိရာဇုန်နှင့် ကာကွယ်ထိန်းသိမ်းသောဇုန်အဖြစ်သတ်မှတ်ကာ တကောင်းတွင် တူးဖော်ခဲ့သည့်ကုန်းများကို နိုင်ငံက ထိန်းသိမ်းစောင့်ရှောက်ထားသည်။ တကောင်းဒေသမှရရှိခဲ့သည့် ရှေးဟောင်းပစ္စည်းများကို စုဆောင်း၍ တကောင်း ရှေးဟောင်းသုတေသနပြတိုက်တွင် ပြသထားသည်။

တကောင်းသုတေသနလုပ်ငန်းများကို ရှေးဟောင်းသုတေသနဦးစီးဌာနအပြင် ဆရာကြီး ဦးမောင်မောင်တင် (မဟာဝိဇ္ဇာ)၊ ဦးဝင်းမောင် (တမ္ပဝတီ)၊ ဆရာတော် အရှင်ပဏ္ဍိတာနန္ဒ (ဦးမင်းဟန်)၊ ဦးချစ်စံဝင်း စသည့် ပညာရှင်များကလည်း သုတေသနပြုခဲ့ကြကာ တကောင်းသည် ပျူမြို့ဟောင်းတစ်ခုဖြစ်ကြောင်း ဖော်ထုတ်ခဲ့ကြသည်။ ပညာရှင်များ၊ သုတေသီများသည် တကောင်းသုတေသနလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခြင်းဖြင့် ပိုမိုပီပြင်သော တကောင်း၏ အတိတ်ပုံလွှာများကို မြင်တွေ့လာမည်ဟု မျှော်လင့်မိပါသည်။ ။




တကောင်းမြို့ဟောင်းတူးဖော်မှုမှ ရရှိသော ရှေးဟောင်းပစ္စည်းများ။

မြန် မာ့ ရိုး ရာ အား က စား

# ဆယ်စုနှစ်အတွင်း ရိုးရာလက်ဝှေ့ချစ် ပြည်သူအကြိုက် တွဲဆိုင်းများယှဉ်ပြိုင်ထိုးသတ်မည့် တတိယအကြိမ် မြန်မာ့ရိုးရာလက်ဝှေ့ကမ္ဘာ့ချန်ပီယံပြိုင်ပွဲကြီး

သတင်းဆောင်းပါး-မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ-မင်းထက်

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်၊ အပြည်ပြည်ဆိုင်ရာလက်ဝှေ့အဖွဲ့ချုပ်(ဂျပန်)၊ အပြည်ပြည်ဆိုင်ရာရိုးရာလက်ဝှေ့အဖွဲ့ချုပ်(ဥရောပ)နှင့် မြန်မာမီဒီယာဂရု(ပ်)တို့ ပူးပေါင်းစီစဉ်မည့် တတိယအကြိမ် မြန်မာ့ရိုးရာလက်ဝှေ့ကမ္ဘာ့ချန်ပီယံပြိုင်ပွဲကြီးကို လာမည့်ဩဂုတ် ၁၉ ရက် မွန်းလွဲ ၂ နာရီတွင် သိမ်ဖြူမြန်မာ့ရိုးရာလက်ဝှေ့အားကစားရုံ၌ ကျင်းပတော့မည်ဖြစ်သည်။ ပြီးခဲ့သော ၂၀၁၆ ခုနှစ်မှစတင်ကာ နှစ်စဉ်ဩဂုတ်လတိုင်းကျင်းပလာခဲ့ခြင်းဖြစ်ပြီး ယခုပြိုင်ပွဲသည် တတိယအကြိမ် ကျင်းပခြင်းဖြစ်သည်။ မြန်မာ၊ ကနေဒါ၊ ထိုင်း၊ ဒီအာရ်ကွန်ဂို၊ ဂျပန်နှင့် ဘီလာရုစ်နိုင်ငံများမှ လက်ဝှေ့ကစားသမား ၁၄ ဦးပါဝင်ကာ တွဲဆိုင်းခုနစ်ဆိုင်း ယှဉ်ပြိုင်ထိုးသတ် ကြမည်ဖြစ်သည်။ ပွဲစီစဉ်သူသည် နှစ်စဉ်ကမ္ဘာ့တိုက်ကြီးများမှ လက်ဝှေ့သမားအစုံအလင် ထည့်သွင်းကျင်းပခဲ့ရာ ပထမအကြိမ်တွင် ရုရှား၊ ကာဂျစ္စတန်၊ လာအို၊ အီရန်၊ကနေဒါ၊ ဂျပန်၊ ကင်ညာ၊ ထိုင်းတို့မှ လက်ဝှေ့ကျော်များ၊ ဒုတိယအကြိမ်တွင် ကနေဒါ၊ အီရန်၊ ပြင်သစ်၊ ဘရာဇီး၊ ကော်စတာရီကာ၊ အမေရိကန်၊ နယူးဇီလန်နိုင်ငံတို့မှ လက်ဝှေ့ကျော်များ ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြသည်။**



ဒါရီလိုကုကု(ကွန်ဂို)



ထွန်းထွန်းမင်း

ယခုတတိယအကြိမ် ယှဉ်ပြိုင်ထိုးသတ်မည့် တွဲဆိုင်းများတွင် ပြည်သူကြိုက် နာမည်ကြီး လက်ဝှေ့သမား အများစုတို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။ ပါဝင်ယှဉ်ပြိုင်ထိုးသတ်မည့် တွဲဆိုင်းခုနစ်ဆိုင်းစလုံးသည် အသည်းမာဇွဲပါလှသော လက်ဝှေ့တွဲဆိုင်းများသာဖြစ်သည်ကို တွေ့ရသည်။ အထူးသဖြင့် တစ်ကျော့ပြန် မြန်မာ လက်ဝှေ့ကျော်ထွန်းထွန်းမင်းအတွက် ၂၀၁၆ ခုနှစ်က ဂျပန်တွင်ကျင်းပခဲ့သော ဂမ်လျူဂျီးမား ကမ္ဘာ့ကိုယ်ခံပညာပြိုင်ပွဲတွင် ရှုံးနိမ့်ခဲ့သော ကွန်ဂိုနိုင်ငံသားဂျူဒိုချန်ပီယံနှင့် MMA ကစားသမား ဒါရီလိုကုကုကို ယခုပွဲတွင် အနိုင်ရရှိရန်မှာ အလွန်အရေးကြီးပြီး အမှားမခံသော ပွဲဖြစ်သည်။ ဒါရီလိုကုကုသည် ဂျပန်တွင် မြန်မာ့ရိုးရာလက်ဝှေ့ပွဲနှစ်ပွဲ ထိုးသတ်ထားရာနှစ်ပွဲလုံး အလဲထိုးဖြင့် အနိုင်ရထားသလို ၂၀၁၆မှ ၂၀၁၈ ခုနှစ်အတွင်း ယှဉ်ပြိုင်သည့်MMA ပွဲခြောက်ပွဲလုံးကို အနိုင်ရထားသူဖြစ်သည်။ ထွန်းထွန်းမင်းသည် ယခုပွဲကို အနိုင်ရရှိပါက ဒီဇင်ဘာတွင် ကျင်းပမည့် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲတွင် ဒေဗ့်ကို ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်သည်။ မြန်မာပြည်ချန်ပီယံဘွဲ့ကို ထွန်းထွန်းမင်း ပြန်လည်သိမ်းပိုက်ရေးမှာလည်း မြန်မာ့ရိုးရာလက်ဝှေ့ချစ်သူတို့ စိတ်ဝင်စားစွာ စောင့်ကြည့်နေကြသည်ဖြစ်ရာ ထွန်းထွန်းမင်းအတွက် ယခုပွဲသည် အောင်မြေနင်းမည့်ပွဲဖြစ်ရန် လိုပေသည်။ ဒါရီလိုကုကုသည် ပွဲတိုင်းကို တိုက်စစ်ဖွင့်ကစားတတ်ပြီး အရှုံး/အနိုင်ကို ခေါင်းတွင် မထည့်သော ကစားသမားဖြစ်သဖြင့် သူတို့နှစ်ဦး၏ ပွဲသည် ရိုးရာလက်ဝှေ့ချစ်ပြည်သူများ ကြည့်ကောင်းမည့် ပွဲကောင်းတစ်ပွဲဖြစ်လာမည်ဖြစ်သည်။

အလားတူ မြန်မာချန်ပီယံဘွဲ့ကို လက်ရှိသိမ်းပိုက်ထားသော ကနေဒါနိုင်ငံသား ဒေဗ့်ကလည်း မြန်မာအမည်ဒေဝဟုခံယူပြီး မြန်မာ့ရိုးရာချန်ပီယံဘွဲ့ကို မွေထိုင်းလက်ဝှေ့သမားထံမရောက်ရန် ကာကွယ်ထိုးသတ်ရမည်ဖြစ်သည်။ ဒေဝနှင့် ယှဉ်ပြိုင်ထိုးသတ်မည့် ထိုင်းနိုင်ငံမှ မွေထိုင်းလက်ဝှေ့ကျော် ဒီစဲလက်ခ်မှာ ထွန်းထွန်းမင်းနှင့် ဆန်ချိုင်းတို့ကို အနိုင်ယူထိုးသတ်ဖူးသော ယူဆွတ်ကို အလဲထိုးထားသူဖြစ်သည်။ ကမ္ဘာပတ်ပြီး လက်ဝှေ့နည်းမျိုးစုံကို လိုက်လံထိုးသတ်နေသူဖြစ်သဖြင့် သမ္မာရင့်လက်ဝှေ့သမားကောင်း တစ်ဦးဖြစ်သည်။ သူ၏အားနည်းချက်မှာ ဗလာလက်သီးမထိုးဖူးခြင်းနှင့် ခေါင်းတိုက်သည့် အတွေ့အကြုံမရှိခြင်းဖြစ်သည်။ သို့သော်မွေထိုင်းအဖွဲ့ချုပ်၏ ၇၀ကီလိုတန်း ကမ္ဘာ့အကောင်းဆုံး မွေထိုင်းခါးပတ်ဆုရရှိထားသူဖြစ်ရာ ဒေ့ဗ်အတွက် ယခုပွဲမှာ ပွဲချောင်သည်ဟု မဆိုနိုင်ပေ။

ယခုပြိုင်ပွဲတွင် မြန်မာချင်းထိုးသတ်သောပွဲ တစ်ပွဲပါလာရာ ယခင်နှစ်က ၆၈ ကီလိုတန်း ကမ္ဘာ့ချန်ပီယံဖျံသွေးနှင့် ၇၀ ကီလိုတန်း ကမ္ဘာ့ချန်ပီယံ စောဂေါ်မူဒိုတို့ ပွဲပင်ဖြစ်သည်။ သူတို့နှစ်ဦး တွေ့ဆုံသည့်သမိုင်းတစ်လျှောက်တွင် သုံးကြိမ် သရေကျထားပြီး ဖျံသွေးကအလဲထိုးဖြင့် တစ်ကြိမ် နိုင်ဖူးသည်။ ယခုပွဲကို ရိုးရာလက်ဝှေ့ချစ်ပြည်သူ အများစုက သရေဟုမှန်းဆထားသော်လည်း ပွဲဝေးနေသည့်ဖျံသွေးနှင့် ယခုနှစ်အတွင်း ထိုးပွဲများနေသော စောဂေါ်မူဒိုတွဲဆိုင်းမှာ တစ်ဖက်နှင့်တစ်ဖက် အမှားမခံသည့် တွဲဆိုင်းဖြစ်သည်။ ၆၅ ကီလိုတန်းတွင်လက်ရှိ ချန်ပီယံထွန်းလွင်မိုးနှင့် ထိုင်းနိုင်ငံမှ မီဘွန် (ခါရာတီဆာရီတီဒတ်) တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။ အသက် ၂၀ နှစ်သာရှိသေးသော ထွန်းလွင်မိုးသည် မြန်မာမီဒီယာဂရု(ပ်)၏ မျိုးဆက်သစ်ပြိုင်ပွဲများမှ ထွက်ပေါ်လာသော ကစားသမားဖြစ်ပြီး မြန်မာမီဒီယာဂရု(ပ်)၏ ပြည်တွင်းပြည်ပပွဲများကို ထိုးသတ်ရင်း အတွေ့အကြုံများစွာ ရင့်ကျက်နေသူဖြစ်သည်။ သူနှင့်ယှဉ်ပြိုင်မည့် မီဘွန်သည်လည်း ထွန်းလွင်မိုးနှင့် သက်တူရွယ်တူဖြစ်ကာ ကမ္ဘာ့ပရော်ဖက်ရှင်နယ် မွေထိုင်းအဖွဲ့ချုပ်၏ ကမ္ဘာ့တိုက်ကြီးများ ရွှေခါးပတ်ရှင်ဖြစ်သည်။ ပွဲပေါင်း ၆၅ ပွဲထိုးသတ်ပြီး ပွဲ ၅၀ နိုင်ထားသဖြင့် အတွေ့အကြုံရင့် မွေထိုင်းကစားသမားဖြစ်သည်။

၅၇ ကီလိုတန်းတွင် ယှဉ်ပြိုင်မည့် ရဲသွေးနီနှင့် ဂျပန်မှဟာမာမိုတိုယူတာကာက်တို့၏ ပွဲသည်လည်း ပွဲကြမ်းတစ်ပွဲပင်ဖြစ်သည်။ ရဲသွေးနီက သူ၏ပါဝါလက်သီးတွဲလုံးများဖြင့် ပွဲတိုင်းနီးပါး အလဲထိုး အနိုင်ယူခဲ့သူဖြစ်သည်။ ပြိုင်ဘက်တာမာမိုတိုယူတာကက်မှာလည်း ကမ္ဘာ့ပရော်ဖက်ရှင်နယ် မွေထိုင်းအဖွဲ့ချုပ်၏ ၅၇ ကီလိုတန်း ဂျပန်မွေထိုင်းချန်ပီယံခါးပတ်အပြင် အပြည်ပြည်ဆိုင်ရာရိုးရာလက်ဝှေ့အဖွဲ့ချုပ်(ဂျပန်)၏ ၅၇ ကီလိုတန်း ရွှေခါးပတ်ပိုင်ရှင်ဘွဲ့ကို ၂၀၁၇ ခုနှစ်အတွင်း သိမ်းပိုက်ထားသူဖြစ်သည်။

၇၃ ကီလိုတန်းတွင် မြန်မာ့လက်ဝှေ့ကျော် ရွှေရာမာဉ်နှင့် ထိုးသတ်မည့်သူမှာရိုးရာလက်ဝှေ့ပွဲအစတွင် တာထွက်မလှသော်လည်း ဇွဲကောင်းအသည်းကောင်းကောင်းဖြင့် အရှုံးမှ သရေ၊ သရေမှ အနိုင်သို့ တက်လှမ်းကာ အပြည်ပြည်ဆိုင်ရာ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်(ဂျပန်)၏ချန်ပီယံဖလားကိုသိမ်းပိုက်ထားသော ဂျူဂျစ်ဆုနှင့် ကရာတေးပညာရှင် MMA ကစားသမား တိုခဲရှိပင်ဖြစ်သည်။ ဂျပန်ပွဲစဉ်(၈) ဆာမူရိုင်းတွင်မူ တိုခဲရှိသည် ဆာမူရိုင်းစိတ်ဓာတ်ကိုပြသခဲ့ပြီး စောဂေါ်မူဒိုကို ဒုတိယအချီတွင် အနားတောင်းစေကာ စတုတ္ထအချီတွင် အလဲထိုးဖြင့် အနိုင်ယူခဲ့သည်။ မြန်မာလက်ဝှေ့ကျော်ရွှေရာမာဉ်သည်လည်း ၂၀၁၇ နှင့် ၂၀၁၈ တစ်လျှောက်တွင် ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်၌ ထိုင်းလက်ဝှေ့ကျော်များကို အလဲထိုးဖြင့် လက်စွာနေသူဖြစ်သည်။ ယခုပွဲသည် ရွှေရာမာဉ်အတွက် ပထမတန်းသို့ တက်လှမ်းရန် အရေးကြီးသောပွဲဖြစ်သလို တိုခဲရှိအတွက်လည်း အပြည်ပြည်ဆိုင်ရာရိုးရာလက်ဝှေ့အဖွဲ့ချုပ် (ဂျပန်) ၏ ချန်ပီယံအဖြစ် အစွယ်ချွန်၍ နယ်ကျွံလာသူဖြစ်ရာ မည်သူ အလဲထိုးဖြင့် အနိုင်ရမည်ကို ပရိသတ်များ စိတ်ဝင်စားလျက်ရှိသည်။

မြန်မာ့ရိုးရာလက်ဝှေ့မယ် ဘရော်နီကာသည် ကမ္ဘာ့ကစ်ဘောက်ဆင်နှင့် ကရာတေးယူနီယံ၏ ရွှေခါးပတ်ရှင်ဘီလာရုစ် နိုင်ငံသူ အယ်လီနာမစ်ချပ်နှင့် ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။ နှစ်ဦးစလုံး လက်သီးအားပြုကစားသမားများ ဖြစ်ကြသည့် အတွက် အပြန်အလှန်ထိုးသတ်ရင်းမှားသူခံရမည့်ပွဲ ဖြစ်သည်။

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသိန်းအောင်က “ဒီပြိုင်ပွဲဟာ မြန်မာ့ရိုးရာလက်ဝှေ့ရဲ့ အမြင့်ဆုံးပြိုင်ပွဲဖြစ်ပါတယ်။ နှစ်စဉ် ဝင်ရောက်ယှဉ်ပြိုင်သူတွေလည်း ထိတ်ထိတ်ကြဲတွေပါ။ ဒီနှစ်ထိုင်းက လာရောက်ယှဉ်ပြိုင်မယ့် ကစားသမားနှစ်ဦးဆိုရင် ထိုင်းဖိုက်ပွဲစီစဉ်သူတွေကိုယ်တိုင်ရွေးချယ်ပြီး စေလွှတ်တာဖြစ်တယ်။ ပွဲစဉ်အားလုံးမှာ ကြားပွဲမပါဘဲ အတွေ့အကြုံရင့် ကစားသမားတွေချည်းစီစဉ်တာဖြစ်လို့ ဒီနှစ်အတွင်းမှာတော့ အကောင်းဆုံးပြိုင်ပွဲကြီး တစ်ပွဲဖြစ်ပါတယ်။ ဒီပွဲဟာ ထွန်းထွန်းမင်းအတွက်ရော၊ ဒေ့ဗ်အတွက်ပါ အရေးကြီးတယ်။ ဒီပွဲမှာ သူတို့ နှစ်ဦးလုံးမရှုံးမှ ဒီဇင်ဘာမှာ ကျင်းပမယ့်ပွဲမှာ သူတို့နှစ်ဦး မြန်မာပြည်ချန်ပီယံလုရမှာဖြစ်တယ်။ ရွှေရာမာဉ်ဆိုရင်လည်း ပထမတန်း ကစားသမားတစ်ယောက်ဆိုတဲ့ တန်းတစ်ခု ပိုင်ဖို့ ဒီပွဲဟာ သူ့အတွက် အဆုံးအဖြတ်ပါ။ ဒါကြောင့် အဖွဲ့ချုပ်ကလည်း သူ့ကို အနီးကပ်ကြီးကြပ်ပေးနေပါတယ်”ဟု ပြောကြားသည်။

ပွဲကိုဦးဆောင်စီစဉ်သူ မြန်မာမီဒီယာဂရု(ပ်)မှ မန်နေဂျင်းဒါရိုက်တာ ဦးဝဏ္ဏက “ဒီပွဲကနေ အကျိုးအမြတ်ရယူဖို့ မရည်ရွယ်ဘူးဆိုတာ တွဲထားတဲ့ တွဲဆိုင်းတွေကြည့်ရင် ရိုးရာလက်ဝှေ့ချစ်ပြည်သူတွေ သိပါတယ်။ ပထမစီစဉ်ထားတဲ့ တွဲဆိုင်းတွေက ထိုးသတ်ကြေးငွေကျပ် ၅၇၈ သိန်းပါ။ ဒါပေမယ့် ကျွန်တော်က ပွဲလောဘကြီးတော့ မကြေညာသေးတဲ့ပွဲတွေကောင်းသထက်ကောင်းအောင် ထပ်တွဲလိုက်တာ အခုဆိုထိုးသတ်ကြေးတင် ငွေကျပ် ၇၃၅ သိန်းဖြစ်သွားတယ်။ ဒီပွဲက မြန်မာ့ရိုးရာလက်ဝှေ့ကျော်တွေ အကုန်ပါတဲ့ All Inclusive Myanmar Fighters လို့တောင် ပြောလို့ရပါတယ်။ ဆယ်စုနှစ်အတွင်းမှာ မြန်မာနာမည်ကြီး တွဲဆိုင်းတွေချည်းတွဲထားတဲ့ပွဲဖြစ်ပါတယ်။ တစ်ယောက်ကတော့ ပွဲတစ်ပွဲနဲ့ ကပ်နေလို့ မပါတာဖြစ်ပြီး ကျန်နှစ်ဦးကတော့ အဆင်သင့်မဖြစ်လို့ ငြင်းသွားတာပါ။ ကျွန်တော်တို့က အားလုံးကိုဆက်သွယ်မေးမြန်းခဲ့ပါတယ်၊ ကျွန်တော့်အနေနဲ့ အသီးမြင်မှ ငွေပေးပြီး ဝယ်စားတဲ့သူ မဟုတ်ပါဘူး။ အသီးရဖို့ အပင်ကစပြီး စိုက်တဲ့သူပါ။ ဂျပန်ပွဲတွေဆို အမြဲတမ်းမျိုးဆက်သစ်တွေကိုခေါ်သွားပြီး ပြည်ပပွဲအတွေ့အကြုံရအောင် စီစဉ်ပေးပါတယ်၊ ကျွန်တော့်ရဲ့ ၂၀၁၅ နဲ့ ၂၀၁၆ မျိုးဆက်သစ်ပွဲတွေက မွေးထုတ်ပေးခဲ့တဲ့ ထွန်းလွင်မိုးတို့လို တန်းဝင်လက်ဝှေ့သမားတွေအများကြီးရှိပါတယ်။ ခုနောက်ပိုင်း လက်ဝှေ့ပွဲတွေ စီစဉ်တဲ့အခါမှာ တိုင်းပြည်စီးပွားရေးမကောင်းတော့ လက်ဝှေ့ပွဲအတွက် စပွန်ဆာပေးနေကျလုပ်ငန်းရှင်တွေ ဖုန်းတောင်မကိုင်ကြဘူး။ ကိုင်ပြန်ရင်လည်း ဘာလို့ဒီအချိန်မျိုးမှာ ဒီလိုပွဲလုပ်ရတာလဲလို့ အပြစ်တင်ကြတယ်။ ကျွန်တော်တို့ဒီလိုမှမလုပ်ရင် ပြည်ပကအင်အားကြီး ကိုယ်ခံပညာအားကစားတွေ ဝင်ရောက်ထိုးဖောက်လို့ ရိုးရာလက်ဝှေ့ဆိုတာ ပုဂံက နံရံဆေးရေးပေါ်မှာ မှိန်မှိန်ပဲကျန်ခဲ့တော့မှာပါ”ဟု ပြောသည်။

ပရိသတ်များ မျှော်လင့်စောင့်စားနေသော တတိယအကြိမ် မြန်မာ့ရိုးရာလက်ဝှေ့ကမ္ဘာ့ချန်ပီယံပြိုင်ပွဲကြီးကား မကြာမီ မျက်ဝါးထင်ထင်တွေ့မြင်ရတော့မည်ဖြစ်သည်။ အဆိုပါ ပွဲအတွက် သတင်းစာရှင်းလင်းပွဲကို ဩဂုတ် ၁၈ ရက် နံနက် ကစားသမားများ ဆေးစစ်ဝိတ်ချိန်အပြီးတွင် ကျင်းပသွားမည်ဟုသိရပြီး မြန်မာမီဒီယာဂရု (ပ်) ၏ ထုံးစံအတိုင်း ထည်ဝါခံ့ညားစွာ မြန်မာ့ရိုးရာယဉ်ကျေးမှုကို ဖော်ကျူးသော အငွေ့အသက်များဖြင့် ကျင်းပသွားမည်ဖြစ်ရာ ရိုးရာလက်ဝှေ့ကြိုက် ပရိသတ်များအတွက် ဆယ်စုနှစ်အတွင်း အကောင်းဆုံးတွဲဆိုင်းများကို ကြည့်ရှုအားပေးရတော့မည် ဖြစ်ပါကြောင်း။ ။



ဒေ့ဗ်လက်ဒပ်(ကနေဒါ)



ဒီစဲလက်ခ်(ထိုင်း)

# ဥပဒေရေးရာကူစားရေးအဖွဲ့ (မြန်မာ) ပဲခူးတိုင်းရုံးဖွင့်လှစ်

**ပဲခူး ဩဂုတ် ၆**

လူ့ဘောင်အဖွဲ့အစည်းတွင် တရားဥပဒေစိုးမိုးရေးကို မြှင့်တင်ဆောင်ရွက်ပြီး ပြည်သူများအနေဖြင့် လူ့အခွင့်အရေးများကို သိရှိနားလည်တောင်းဆိုတတ်စေရန် ရည်ရွယ်၍ ဩဂုတ် ၄ ရက်က ပဲခူးမြို့ ရှင်စောပုရပ်ကွက် အမှတ် ၅၀၂ ဦးဘိုနီလမ်း၌ ဥပဒေရေးရာကူစားရေးအဖွဲ့ (မြန်မာ)ပဲခူးတိုင်းရုံး ဖွင့်ပွဲအခမ်းအနား ကျင်းပကြောင်း သိရသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဥပဒေချုပ် ဦးအုန်းမြင့်က အမှာစကားပြောကြားပြီး မြို့နယ်ရှေ့နေအသင်း ဥက္ကဋ္ဌ ဦးအောင်ထွန်းက ရုံးဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ ဥပဒေရေးရာ ကူစားရေး (မြန်မာ)သည် ရှေ့နေအများစုဖြင့် ဖွဲ့စည်းထားသော ပြည်တွင်းအဖွဲ့အစည်းတစ်ခုဖြစ်ပြီး နိုင်ငံသားများ၏ အခြေခံလူ့အခွင့်ရေးရရှိစေရေး၊ တရားမျှတမှုလက်လှမ်းမီရေး၊ တရားဥပဒေ စိုးမိုးရေးနှင့် ဥပဒေပြင်ဆင်ရေးတို့တွင် ပါဝင်ဆောင်ရွက်နေသော အဖွဲ့အစည်းတစ်ခုဖြစ်ပြီး တရားဥပဒေစိုးမိုးမှုကို တိုးမြှင့်လုပ်ဆောင်ခြင်းအားဖြင့် နိုင်ငံသားတိုင်း၏ ဥပဒေဆိုင်ရာအခွင့်အရေးများကို အလုံးစုံ အပြည့်အဝရရှိစေရန် မျှော်မှန်းကာ ဥပဒေအမြင်ဖွင့်သင်တန်း၊ ဥပဒေအထောက်အကူပြုသင်တန်း၊ တရားရုံးသို့ အခမဲ့အမှုလိုက်ပါ ဆောင်ရွက်ပေးခြင်း၊ ဥပဒေဆိုင်ရာ တိုင်ပင်ဆွေးနွေးပေးမှုများ ပြုလုပ်ပေးခြင်း၊ ဥပဒေအရ ညှိနှိုင်းပေးခြင်းနှင့် ကြားဝင်ဖြေရှင်းပေးခြင်းများကို ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**ဟိန်းထက်(ပြန်/ဆက်)**

# ရေဘေးသင့်ကျောင်းများသို့ ကျောင်းဝတ်စုံများလှူဒါန်း၊ ရေပြန်ကျ၍ ကျောင်းအချို့ပြန်ဖွင့်

**ညောင်လေးပင် ဩဂုတ် ၆**

မိုးများအဆက်မပြတ် ရွာသွန်းပြီး စစ်တောင်းမြစ်နှင့် ချောင်းများမှ ရေကြီးရေလျှံခြင်းများ ဖြစ်ပေါ်၍ ညောင်လေးပင် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း ပေါင်း ၄၅ ကျောင်းယာယီပိတ်ထားခဲ့ရာ ရေပြန်ကျနေသည့်အတွက် ဩဂုတ် ၆ ရက် စာရင်းအရ ကျောင်း ခုနစ် ကျောင်းပြန်ဖွင့်နေပြီဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။




ပြန်ဖွင့်သော ကျောင်းများမှာ အလက(ခွဲ)ရေဖြူကန်၊ မူလွန်-ဥတို၊ မူလွန်-တောင်သူကုန်း၊ မူလွန်-မုက္ခမူ၊ အလက(ခွဲ)ကွင်းဒလကြီး၊ မူလွန်-ကွင်း ဒလလေးနှင့် အလက(ခွဲ) ဝါးရုံကုန်း ကျောင်းတို့ဖြစ်ပြီး ကျန်ရှိသည့် ကျောင်းများမှာ ရေကျ၍ ဆေးကြော သန့်ရှင်းဆောင်ရွက်ဆဲဖြစ်ကာ ဩဂုတ် ၉ ရက်တွင် ပိတ်ထားသော ကျောင်းများပြန်ဖွင့်နိုင်မည်ဖြစ်ကြောင်း၊ ရေဘေးသင့်စာသင်ကျောင်း ၄၅ကျောင်းမှ ကျောင်းသား ကျောင်းသူများအတွက် UNI-KO Co., Ltd. မိသားစုမှ တန်ဖိုးငွေကျပ် သိန်း တစ်ရာတန်ဖိုးရှိ ကျောင်း စိမ်းဝတ်စုံ ၆၂၀၀ လာရောက် လှူဒါန်းပေးထားကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။ (ဓာတ်ပုံ)

**မြို့နယ်(ပြန်/ဆက်)**

# လယ်ယာမြေ၊ ဥယျာဉ်မြေနှင့် လူနေအိမ်များအတွက် နစ်နာကြေးပေးအပ်

**ပလက်ဝ ဩဂုတ် ၆**

ချင်းပြည်နယ် ပလက်ဝမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ကီမိုခန်းမ၌ ပလက်ဝ-ဇိုရမ်ပူရ်နှစ်လမ်းသွား ၂၀-၆၀ ကီလိုမီတာ လမ်းအူကြောင်းအတွင်း ပါဝင်သည့် လယ်ယာမြေ၊ ဥယျာဉ်မြေ၊ ကိုင်းမြေ၊ လူနေအိမ်နှင့် သစ်တောစိုက်ခင်းစုစုပေါင်း ၂၂၁ ကေအတွက် တောင်သူ ၂၄၈ ဦးကို နစ်နာကြေး၊ လျော်ကြေးငွေပေးအပ်ပွဲကို ယနေ့နံနက်က ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ပြည်နယ် လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မျိုးထွဋ်က လယ်ယာမြေ၊ ဥယျာဉ် မြေ၊ ကိုင်းမြေ၊ လူနေအိမ်များနှင့် သစ်တောစိုက်ခင်းများအတွက် နစ်နာကြေး၊ လျော်ကြေးငွေပေးအပ်ခြင်းကို ရှင်းလင်းပြီး မင်းတပ်ခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးက ပလက်ဝ-ဇိုရမ်ပူရ် ကားလမ်းပြီးစီးပါက ပလက်ဝမြို့နယ်သည် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးတိုးတက်ကောင်းမွန်ရန် အလားအလာရှိကြောင်း၊ ယခုကဲ့သို့ ပလက်ဝ-ဇိုရမ်ပူရ် လမ်းဖောက်လုပ်ရာတွင် ဌာနဆိုင်ရာများ၊ တောင်သူများ၏ ပူးပေါင်းပါဝင်မှုအတွက် အထူးပင် ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ဦးပြေမင်းက ယခုကဲ့သို့ နစ်နာကြေး၊ လျော်ကြေးပေးခြင်းသည် မိမိတို့အစိုးရ၏ ပြည်သူအပေါ်ထားရှိသည့် စေတနာ အမှန်ဖြစ်ကြောင်း၊ ကုလားတန်မြစ်ကူးတံတား (ပလက်ဝ) ပြီးစီးပါက ပလက်ဝ မြို့နယ်သည် ချင်းပြည်နယ်တွင် လမ်းပန်း ဆက်သွယ်ရေးအကောင်းဆုံးမြို့ဖြစ်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တောင်သူ ၂၄၈ ဦး၏ ဥယျာဉ်၊ လယ်ယာမြေ၊ ကိုင်းမြေ၊ လူနေအိမ်၊ သစ်တောစိုက်ခင်း စုစုပေါင်း ၂၂၁ ကေအတွက် လျော်ကြေးငွေကျပ် ၅၀၂ ဒသမ ၇၉ သန်းကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ချင်းတွင်းမြစ်ရေ ၉၈၀ စင်တီမီတာသို့ရောက်ရှိပါက ရေယာဉ်များ ခေတ္တရပ်နားမည်

**မုံရွာ ဩဂုတ် ၆**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့၌ ချင်းတွင်းမြစ်ရေသည် စိုးရိမ်ရေအမှတ် ၉၈၀ စင်တီမီတာသို့ ရောက်ရှိပါက မုံရွာမြို့မှ အခြေပြုလျက် ချင်းတွင်းအထက်ပိုင်းဒေသများသို့ ပြေးဆွဲနေသော လူစီးအမြန်ရေယာဉ်လိုင်းခရီးစဉ်များကို ခေတ္တရပ်နားသွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲရေးကော်မတီမှ သိရသည်။



ချင်းတွင်းမြစ်ရေသည် ဩဂုတ် ၆ ရက် မွန်းတည့် ၁၂ နာရီ တိုင်းထွာချက်အရ မုံရွာမြို့တွင် ၉၇၈ စင်တီမီတာသို့ ရောက်ရှိလျက် ရှိသဖြင့် ရေယာဉ်များ အထက်ပိုင်းမြို့များတွင် ဆိုက်ကပ်ရန် နေရာအခက်အခဲရှိခြင်းနှင့် လမ်းကြောင်း တစ်လျှောက်တွင် ရေယာဉ်မတော်တဆမှုများ မဖြစ်ပေါ်စေရန်အတွက် စိုးရိမ်ရေအမှတ် ရောက်ရှိပါက ခရီးစဉ်ပြေးဆွဲမှုများကို ခေတ္တရပ်နားရန်အထိ စီစဉ်ထားခြင်းဖြစ်ကြောင်း သိရသည်။

"မုံရွာမြို့ရဲ့ စိုးရိမ်ရေအမှတ်က ၁၀၀၀ စင်တီမီတာပါ၊ ရေယာဉ်အန္တရာယ်ကင်းရှင်းရေး၊ ခရီးသည်များ အသက်အန္တရာယ် လုံခြုံချောမွေ့စေရေးတို့အတွက် ၉၈၀ စင်တီမီတာ ရောက်ရင်တော့ ခရီးစဉ်တွေကို ပိတ်ထားမှာပါ၊ ဒါကြောင့် လက်မှတ်ရောင်းပြီးတဲ့ လူစီးအမြန်ရေယာဉ်တွေ၊ ကုန်စည်တွေတင်ဆောင်ထားတဲ့ ကုန်တင်ရေယာဉ်တွေကို အချိန်တစ်ခု သတ်မှတ်ပေးပြီးတော့ နောက်ဆုံးထားထွက်ခွာကြဖို့ သတိပေးထားပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အထက်ချင်းတွင်းဒေသများသို့ ပြေးဆွဲလျက်ရှိသော လူစီးအမြန်ရေယာဉ် အသင်းများမှာ မုံရွာမြို့အခြေပြု၍ ၁၁ သင်း၊ ဖောင်းပြင်မြို့အခြေပြု၍ နှစ်သင်း၊ ဟုမ္မလင်းမြို့အခြေပြု လူစီးအမြန်ရေယာဉ် ၁၆ သင်း၊ ခန္တီးမြို့အခြေပြု လူစီးအမြန်ရေယာဉ် ခုနစ်သင်း စုစုပေါင်းအသင်း ၃၆ သင်းတွင် အစင်းရေ ၁၉၆ စင်းရှိပြီး ကုန်တင်ရေယာဉ် ၃၁၄ စင်း ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းများအရ သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

# မော်လမြိုင်ကျွန်း၌ တောရကျောင်း ဓမ္မစကူးလ် ဗုဒ္ဓဘာသာသင်တန်းကျောင်းဖွင့်

**မော်လမြိုင်ကျွန်း ဩဂုတ် ၆**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့ တောရကျောင်း ဓမ္မစကူးလ်အပတ်စဉ် ဗုဒ္ဓဘာသာသင်တန်းကျောင်းဖွင့်ပွဲကို ယမန်နေ့က မော်လမြိုင်ကျွန်းမြို့ တောရကျောင်း ဓမ္မစကူးလ်သင်တန်းကျောင်း၌ ကျင်းပသည်။

ဖွင့်ပွဲတွင် မြို့နယ်သံဃနာယကဆရာတော်များက ဩဝါဒဂါထာချီးမြှင့်ကြပြီး မြို့နယ်ဓမ္မစကူးလ်ကျောင်းများ၏ ဥက္ကဋ္ဌ ဆရာဦးတင်ရှိန်နှင့် တောရဓမ္မစကူးလ်ကျောင်း ဥက္ကဋ္ဌ ဦးအောင်ဇော်လှိုင်တို့က ဗုဒ္ဓ၏ အဆုံးအမနှင့်အညီ ယဉ်ကျေးလိမ္မာသော လူငယ်မောင်မယ်များ ပေါ်ထွန်းရေးနှင့် ဓမ္မစကူးလ်သင်တန်းကျောင်း ဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တောရဓမ္မစကူးလ် ဖွင့်လှစ်နိုင်ရေးအတွက် မြို့နယ်အလှူရှင် ၂၅ ဦးတို့က အလှူငွေကျပ် ၂၇ သိန်းနှင့် လုပ်ငန်းသုံးပစ္စည်းများကို ပေးအပ်လှူဒါန်းကြရာ ဓမ္မစကူးလ်ကျောင်း ဖြစ်မြောက်ရေးကော်မတီဝင်များက လက်ခံရယူကြသည်။ အဆိုပါ သင်တန်းကျောင်းသို့ မြို့မ ၁၊ ၂ နှင့် ၁၁ ရပ်ကွက်တို့မှ ဓမ္မစကူးလ်သင်တန်းသား သင်တန်းသူ ၁၄၀ တက်ရောက်ကြကြောင်း သိရသည်။

**မော်ကျွန်း-မြင့်အောင်**

# စွမ်းအားမြှင့်မီးဖိုများ ဖြန့်ဝေရေးဆွေးနွေး

**နွားထိုးကြီး ဩဂုတ် ၆**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနနှင့် ကိုရီးယားသမ္မတနိုင်ငံ Climate Change Center ၏ အစီအစဉ်ဖြင့် တောင်အာရှ၊ အရှေ့တောင်အာရှ ဖွံ့ဖြိုးဆဲနိုင်ငံများ (မြန်မာနိုင်ငံ)တွင် စွမ်းအားမြှင့်မီးဖိုများ ဖြန့်ဝေရေးစီမံကိန်း ကနဦးအလုပ်ရုံဆွေးနွေးပွဲကို မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ် အမှတ် ၅ ရပ်ကွက် အင်ကြင်းကမ္ဘာခန်းမ၌ ယမန်နေ့က ပြုလုပ်ခဲ့သည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်က အမှာစကားပြောကြားပြီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ကျော်က စီမံကိန်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့သည်။ စွမ်းအားမြှင့်မီးဖိုဖြန့်ဝေမည့်အစီအစဉ်နှင့် ပတ်သက်၍ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန တာဝန်ခံတောအုပ်ကြီး ဆွတ်ရိန်ဆိုင်းလာက စီမံကိန်းလုပ်ငန်းဆိုင်ရာ ကနဦးအလုပ်ရုံဆွေးနွေးပွဲများကျင်းပခြင်း၊ ပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပခြင်း၊ စွမ်းအားမြှင့် မီးဖိုသုံးစွဲမှု သရုပ်ပြခြင်း၊ စွမ်းအားမြှင့်မီးဖိုများ ဖြန့်ဝေခြင်းနှင့် တစ်နှစ်ခြား ထပ်မံဖြန့်ဝေခြင်း၊ သုံးစွဲသူဒေသခံများထံမှ တုံ့ပြန်ချက်များကို မှတ်တမ်းရယူခြင်း၊ နှစ်စဉ်စောင့်ကြည့်အကဲဖြတ်ခြင်း၊ စီမံကိန်းနောက်ဆုံးနှစ်တွင် သုံးသပ်အကဲဖြတ်ခြင်းလုပ်ငန်းဆောင်ရွက်ခြင်းတို့ ပြုလုပ်မည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။ ထို့နောက် တက်ရောက်လာသူများ မေးမြန်းမှုများကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာဒေသခံပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သန်းအောင်ဇော် (ပြန်/ဆက်)**

## တနင်္သာရီ ယာယီရေဘေးကယ်ဆယ်ရေးစခန်း ခုနစ်ခုရှိ ပြောင်းရွှေ့ရေဘေးသင့်သူများအတွက် ဆန်နှင့်စားသောက်ဖွယ်ရာများ ထောက်ပံ့

**တနင်္သာရီ ဩဂုတ် ၆**

တနင်္သာရီမြို့နယ်အတွင်း ဇူလိုင် ၁၅ ရက်မှစ၍ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ဩဂုတ် ၄ ရက် ညနေအထိ တနင်္သာရီမြစ်ရေ ဆက်လက်ကြီးလျက်ရှိရာ ရပ်ကွက်၊ ကျေးရွာများမှ ယာယီရေဘေးကယ်ဆယ်ရေးစခန်းခုနစ်ခုရှိ ပြောင်းရွှေ့အိမ်ထောင်စု ၁၂၀၃ စုမှ ရေဘေးသင့်ပြည်သူစုစုပေါင်း ၆၁၁၆ ဦးတို့အတွက် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်နယ်များမှ စေတနာရှင်ပြည်သူများ ဆန်နှင့် စားသောက်ဖွယ်ရာများ လှူဒါန်းပေးခဲ့သည်။

အဆိုပါ လှူဒါန်းပစ္စည်းများကို ယာယီကယ်ဆယ်ရေးစခန်း တစ်ခုချင်းအလိုက် အိမ်ထောင်စု၊ လူဦးရေစာရင်းများအတိုင်း ပြုစု၍ ကယ်ဆယ်ရေးပစ္စည်းများ ဖြန့်ဝေထောက်ပံ့ရေးအဖွဲ့ ခြောက်ဖွဲ့ခွဲကာ ယမန်နေ့က ရေဘေးသင့်ပြည်သူများ လက်ဝယ်အရောက် သွားရောက်ဖြန့်ဝေထောက်ပံ့ပေးခဲ့ကြကြောင်း ယာယီကွပ်ကဲရေးရုံးမှ သိရသည်။

အဆိုပါအဖွဲ့များ သွားရောက်ဖြန့်ဝေရာတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှဝန်ထမ်းများ၊ ဇဝကျေးရွာအုပ်စု ဇဝဲကျေးရွာ ပုညဂဝေသီ နာရေးကူညီမှုအသင်းဝင် ၃၅ ဦးတို့က လိုက်ပါကူညီ သယ်ယူပို့ဆောင်ပေးခဲ့ကြကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း**

## အလှူရှင်အရောက်နည်းသော နေရာသို့ ရေဘေးသင့်ပစ္စည်းများ သွားရောက်လှူဒါန်း

**စမ်းချောင်း ဩဂုတ် ၆**

စမ်းချောင်းမြို့နယ် အရန်မီးသတ်တပ်ဖွဲ့ဝင်များသည် ယမန်နေ့က မွန်ပြည်နယ် ပေါင်မြို့နယ်ရှိ အလှူရှင်အရောက်နည်းသော လက်ပံကျွန်းအုပ်စု သဲကုန်းကျေးရွာသို့ စက်တပ်လှေဖြင့် ၄၅ မိနစ်ခန့် စီးပြီး ရေဘေးသင့်ပြည်သူများကို အလှူရှင်များက လှူဒါန်းထားသော ရေသန့်၊ အဝတ် အထည်နှင့်စားသောက်စရာများကို ပေးပို့လှူဒါန်းခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဝေါလေမြိုင်တွင် သွေးလွန်တုပ်ကွေး ပညာပေး

**ဝေါလေမြိုင် ဩဂုတ် ၆**

ကရင်ပြည်နယ် မြဝတီခရိုင် ဝေါလေမြိုင်မြို့ အမှတ် ၁ ရပ်ကွက် ပြန်ကြားရေးဆောင်တွင် သွေးလွန်တုပ်ကွေးရောဂါအကြောင်း အသိပညာပေးဟောပြောပွဲကို ယမန်နေ့က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မိုးက အမှာစကားပြောကြားပြီး ဝေါလေမြိုင် ပြည်သူ့ဆေးရုံမှ တာဝန်ခံဒေါက်တာမျိုးမင်းဆွေက သွေးလွန်တုပ်ကွေးရောဂါ အကြောင်းနှင့်ပတ်သက်သည့် ဆောင်ရန် ရှောင်ရန် အချက်များကို အသိပညာပေး ရှင်းလင်းပြောကြားခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရပ်မိရပ်ဖများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**စောဌေးရီ(ပြန်/ဆက်)**

## မူးယစ်ဆေးဝါး... 

## မှုခင်းကျဆင်းရေးနှင့် သက်ငယ်မုဒိမ်းမှုအကြောင်း အသိပညာပေး

**နတ်တလင်း ဩဂုတ် ၆**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် အနောက်ခြမ်း ထိပ်ပိတ်ကျေးရွာဘုန်းကြီးကျောင်းတွင် ယမန်နေ့က မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို ပြုလုပ်သည်။

အခမ်းအနားတွင် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဖိုးချိုက အမှာစကားပြောကြားပြီး ခရိုင်ရဲတပ်ဖွဲ့ နယ်လှည့်မှုခင်းကျဆင်းရေးအသိပညာပေး ဟောပြောရေးအဖွဲ့မှ ဒုရဲအုပ်တင်ထွန်းနိုင်က လူကုန်ကူးမှုတားဆီးရေးအသိပညာပေးရေးကို လည်းကောင်း၊ တာပွန်နယ်မြေရဲစခန်း နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် သန်းလင်းဦးက သက်ငယ်မုဒိမ်းမှုနှင့် ပတ်သက်၍ သိသင့်သိထိုက်သည့်အချက်များကို လည်းကောင်း၊ လူငယ်များနှင့် မိဘများ၏ ဆက်ဆံမှု၊ နေထိုင်စားသောက်မှုများတွင် ရှောင်ကြဉ်ရမည့် ကိစ္စများအကြောင်းကို လည်းကောင်း၊ နယ်မြေရဲစခန်းမှူး ရဲအုပ် အောင်ဇော်မိုးက ကျေးလက်ဒေသနေပြည်သူများတွင် ဖြစ်ပေါ်တတ်သော မှုခင်းများအကြောင်းကို လည်းကောင်း ဟောပြောပြီး မှုခင်းကျဆင်းရေးအသိပညာပေး လက်ကမ်းစာဆောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**တင်မြင့် (နတ်တလင်း)**

## ပညာဒါနအဖြစ် အခြေခံအင်္ဂလိပ်စကားပြောသင်တန်းဖွင့်

**ထန်းတပင် ဩဂုတ် ၆**

ကလေးငယ်များ အင်္ဂလိပ်စာ အခြေခံရရှိစေရန် ရည်ရွယ်၍ (အခမဲ့) ပညာဒါနအဖြစ် အခြေခံအင်္ဂလိပ်စကားပြောသင်တန်းကို ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် ခနဲရိကျေးရွာအုပ်စု အေးရွာလေးကျေးရွာ ပညာ့အလင်းရောင်စာကြည့်တိုက်၌ မေ ၂၇ ရက်မှ စတင်ကာ အပတ်စဉ် စနေနေ့နှင့် တနင်္ဂနွေနေ့တို့တွင် နံနက် ၇ နာရီမှ ၉ နာရီထိ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ သင်တန်းကို အေးရွာလေး ကျေးရွာ ပညာ့အလင်းရောင် စာကြည့်တိုက်နှင့် အင်္ဂလိပ်စာသင်ကြားရေး ပရဟိတဆရာမ ဒေါ်ဥမ္မာထွန်းတို့ ပူးပေါင်းကာ ဖွင့်လှစ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၇ ခုနှစ် ပထမအကြိမ်မြောက်တွင် ကျောင်းသား ကျောင်းသူ ကလေးငယ် ၃၅ ဦး တက်ရောက်ခဲ့ကာ ယခုနှစ် ဒုတိယအကြိမ်မြောက်တွင် မူလတန်းအဆင့်နှင့် အလယ်တန်းအဆင့် ကလေးငယ် ၃၅ ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်းနှင့် သင်တန်းကာလမှာ ငါးလကြာမြင့်မည်ဖြစ်ပြီး သင်တန်းတွင် တက်ရောက်လျက်ရှိသော ကျောင်းသား ကျောင်းသူများ၏ စာအုပ်များနှင့် စာရေးကိရိယာများကို ပညာ့အလင်းရောင် စာကြည့်တိုက်က လှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။

**ဇင်မင်းထိုက်(ပြန်/ဆက်)**

## ဟိုပုံးမြို့နယ်တွင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရန်ပုံငွေ ပေးအပ်

**ဟိုပုံး ဩဂုတ် ၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပထမခြောက်လဘတ်ဂျတ်တွင် မောက်စောက်ကျေးရွာ၊ ခိုခြဲကျေးရွာနှင့် နောင်ယာဆိုင်းကျေးရွာများအား ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ ယနေ့နံနက်က ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်မောင်ဖြူက အမှာစကားပြောကြားပြီး တောင်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးရန်မျိုးနိုင်က စီမံကိန်းလုပ်ငန်းများအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ အတွင်းရေးမှူး ဦးအောင်လွင်က ကျေးရွာသုံးရွာမှ တာဝန်ရှိသူများကို ရန်ပုံငွေကျပ်သိန်း ၁၀၀ စီ လွှဲပြောင်းပေးအပ်ခဲ့ပြီး ကျေးရွာသုံးရွာကိုယ်စား ဒေသခံခွန်ရဲနိုင်က ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**ထက်ထက်(ဟိုပုံး)**

## ရခိုင်ပြည်နယ် စပါးမျိုးကောင်းမျိုးသန့် လိုအပ်ချက်အရ မျိုးစေ့ထုတ်လုပ်ငန်းများ တိုးချဲ့ရန်လို

နေပြည်တော် ဩဂုတ် ၆

**ရခိုင်ပြည်နယ်တွင် စပါးစိုက်ပျိုးနိုင်သော ဧရိယာဧက ၁၂ သိန်းခန့်ရှိပြီး မျိုးကောင်း မျိုးသန့်ရရှိမှုနှင့် လိုအပ်မှု မမျှတသဖြင့် မျိုးစေ့ထုတ်လုပ်ငန်းများကို ပိုမိုတိုးချဲ့ထုတ်လုပ်ရန် လိုအပ်လျက်ရှိပြီး ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်း စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် တောင်သူ ပညာပေးသင်တန်းကို ဇူလိုင်လ နောက်ဆုံးပတ်က ပြည်နယ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။**

ပြည်နယ် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေရှည်အနာဂတ်ကို ကြိုးစားဆောင်ရွက်မည့် ဝန်ထမ်းများအနေဖြင့် မိမိကိုယ်တိုင်ပညာရည်ပြည့်ဝရန်လိုအပ်ကြောင်း၊ စိုက်ပျိုးရေးဦးစီးဌာနသည် ၂၀၁၈ ခုနှစ်ကို အသိပညာပေးအဖြစ် သတ်မှတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့လေ့လာတတ်မြောက်လာသော အတွေ့အကြုံများကို မိမိတို့ မြို့နယ်ရှိ ဝန်ထမ်းများအား နည်းပညာများ လွှဲပြောင်းပေးရန် လိုအပ်ကြောင်းနှင့် အလားတူ တောင်သူများ၏ လက်ဝယ်သို့ရောက်ရှိ ပျံ့နှံ့အောင် ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများ၏ စုပေါင်းညီညာမှုဖြင့် အခက်အခဲများကို ကြိုးစားကျော်လွှားနိုင်ပါက ရခိုင်ပြည်နယ်သည် အခြား ပြည်နယ် တိုင်းဒေသကြီးများနည်းတူ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ပြည်နယ် စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးမှူး ဦးတိုးဝေက အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။

ဆက်လက်၍ ICRC မှ Economic Security Delegate Mr.Joel OGSIMER က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားခဲ့ပြီး ICRC မှ Communication Officer ဒေါ်ခင်ဌေးဦးက ရခိုင်ပြည်နယ်တွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းဆောင်ရွက်မှုများအား အသေးစိတ်ရှင်းလင်းပြောကြားသည်။ ထို့နောက် စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ သုတေသနမှူး ဒေါ်ရီရီမြင့်က စပါးမျိုးစေ့မွေးမြူထုတ်လုပ်ခြင်း၊ စပါးသီးနှံတွင် ပေါင်းမြက်ကာကွယ် နှိမ်နင်းခြင်းနှင့် စပါးရိတ်သိမ်းချိန်လွန် နည်းပညာများကို လည်းကောင်း၊ သုတေသနအရာရှိ ဒေါ်မာမာအေးက စပါးမျိုးစေ့ထုတ်လုပ်ဖြန့်ဖြူးခြင်းနှင့် အရည်အသွေးထိန်းသိမ်းခြင်း၊ အရည်အသွေးပြည့်မီသော စပါးမျိုးစေ့များ ထုတ်လုပ်ခြင်းနှင့် စပါးမျိုးသန့်စင်မှု ကွင်းဆင်းစစ်ဆေးခြင်း၊ နည်းပညာများ ကို လည်းကောင်း၊ သုတေသနလက်ထောက်-၄ ဒေါက်တာသီသီအောင်က ပျိုးသက်နုကောက်ကွက်ကြဲနည်းဖြင့် စပါးစိုက်ပျိုးခြင်းနှင့် စပါးဇီဝဥယျာဉ်အကြောင်း သိကောင်းစရာများအားလည်းကောင်း၊ သုတေသနလက်ထောက်-၃ ဒေါ်စန်းစန်းဦးက စပါးတွင်ကျရောက်တတ်သော ရောဂါများ ကာကွယ်နှိမ်နင်းနည်းများကို လည်းကောင်း၊ သုတေသန လက်ထောက်-၂ ဦးထင်ကျော်က ဆီထွက်သီးနှံ (မြေပဲ၊ နှမ်း၊ နေကြာ) စိုက်ပျိုးနည်းစနစ်များနှင့် မျိုးကောင်းမျိုးသန့်များ မွေးမြူရွေးချယ်ခြင်းတို့ကို လည်းကောင်း ဆွေးနွေးပို့ချခဲ့ကြကြောင်း သိရသည်။



သင်တန်းတွင် ရခိုင်ပြည်နယ်အတွင်းရှိ ခရိုင်၊ မြို့နယ်များမှ သင်တန်းသား သင်တန်းသူ ၈၅ ဦးနှင့် ICRC မှ ရခိုင်ပြည်နယ် တာဝန်ခံလေးဦး၊ ပြည်နယ် သီးနှံကာကွယ်ရေး တာဝန်ခံများနှင့် စစ်တွေခရိုင်ဦးစီးမှူး အပါအဝင် စုစုပေါင်း ၁၀၀ တက်ရောက်ကြကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။ **သိမ့်သိမ့်မိုး**

## ပင်းတယမြို့နယ် အင်းယားကန်အတွင်းသို့ ငါးမျိုးစိတ်များထည့်

**ပင်းတယ ဩဂုတ် ၆**

ရှမ်းပြည်နယ်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ရွှေပုထိုးကျေးရွာအုပ်စု အင်းယားကန်ဘေး၌ ရှမ်းပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနနှင့် ပင်းတယမြို့နယ် ဟိုတယ်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ငါးမျိုးစိတ်ထည့်ခြင်း အခမ်းအနားကို ယမန်နေ့က ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်မမလေးက အမှာစကားပြောကြား၍ ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးတင်ထွန်းလင်းက ငါးလုပ်ငန်းနှင့်ပတ်သက်၍ ပြောကြားပြီး ပင်းတယမြို့နယ် ဟိုတယ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးကျော်ထွေးက သဘာဝကန်ချောင်းများတွင် ငါးမျိုးစိတ်ထည့်ပေးခြင်းဖြစ်သည့်အတွက် ကျေးရွာနေ ပြည်သူများအနေဖြင့် ငါးမိုင်းခွဲခြင်း၊ ရှော့တိုက်ခြင်းများ မပြုလုပ်ကြရန်နှင့် ငါးမျိုးစိတ်ထည့်ပေးသည့်အတွက် ဒေသနေပြည်သူများကိုယ်စား ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူများအား ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။ ထို့နောက် သိမ်ကုန်း၊ ဇော်ဂျီ၊ အင်လုံ၊ ရွှေပုထိုး၊ အုံအက်၊ တံတားကြီးနှင့် ကျောက်စု ကျေးရွာများရှိ တစ်နိုင်တစ်ပိုင် ငါးမွေးမြူကြသော ကျေးရွာနေပြည်သူတို့အား ငါးမြစ်ချင်း၊ ငါးခုံးမကြီးနှင့် မြက်စားငါးကြင်းကောင်ရေ ၆၀၀၀၀ တို့ကို ခွဲဝေပေးကြပြီး ငါးကောင်ရေ ၉၀၀၀၀ ကို အင်းယားကန်အတွင်းသို့ ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ပင်းတယမြို့ ဟိုတယ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ၊ ဓနုတိုင်းရင်းသားရေးရာအဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌ ဦးနေမျိုးကျော်နှင့် တာဝန်ရှိသူများနှင့် ကျေးရွာနေ ပြည်သူများက ငါးမျိုးစိတ်များ ထည့်ပေးခဲ့ကြသည်။

ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ပင်းတယမြို့နယ် ကျေးရွာများရှိ တစ်နိုင်တစ်ပိုင် ငါးမွေးမြူရေးသို့ ငါးမျိုးစိတ်များ ပေးအပ်ခြင်းနှင့် အင်းယားကန်အတွင်းသို့ ငါးမျိုးစိတ်များထည့်ပေးရာတွင် ငါးမြစ်ချင်းကောင်ရေ ၅၀၀၀၀၊ ငါးခုံးမကြီးကောင်ရေ ၅၀၀၀၀ မြက်စားငါးကြင်းကောင်ရေ ၅၀၀၀၀ စုစုပေါင်းကောင်ရေ ၁၅၀၀၀၀ ဖြစ်ကြောင်း သိရသည်။

**ခင်မျိုးနွယ်(ပင်းတယ)**

## ဂန့်ဂေါမြို့နယ်၌ ကျေးရွာအားကစား ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌဖလား ဗိုလ်လုပွဲကျင်းပ

**ဂန့်ဂေါ ဩဂုတ် ၆**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်၌ ကျေးရွာအားကစား ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌဖလား ရပ်ကွက်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲနှင့် အသက် ၁၄ နှစ်အောက် ဘော်လီဘောပြိုင်ပွဲကို ဇူလိုင် ၇ ရက်က စတင်ယှဉ်ပြိုင်ကြပြီး ယမန်နေ့က ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို တောင်ခင်ရန်းကျေးရွာ အားကစားကွင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အသက် ၁၄ နှစ်အောက် ဘော်လီဘောပြိုင်ပွဲတွင် ဆုရရှိသည့် အသင်းများကို ဂန့်ဂေါခရိုင် အားကစားနှင့် ကာယပညာ ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဝင်းကိုကလည်းကောင်း၊ ဘောလုံးပြိုင်ပွဲတွင် ဆုရရှိသည့်အသင်းများနှင့် အားကစားသမားများကို ကျေးရွာအားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးစိန်ဝင်း၊ ပညာရေးဌာန ဦးစီးအရာရှိ ဦးသောင်းဌေးနှင့် မီးသတ်ဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းထက်အောင်တို့က ဆုဖလား၊ ဆုတံဆိပ်နှင့် ငွေသားဆုများကို ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**ဟိန်းထက်ဇော်(မြန်မာ့အလင်း)**

## ကလေးဝမြို့နယ်ရှိ ဒီပါအေးမြကုန်းတော်မြေ၌ ကျွန်းပင်ပေါက်များ စုပေါင်းစိုက်ပျိုး

**ကလေးဝ ဩဂုတ် ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးဝမြို့နယ် မဟာမြိုင်တော ဒီပါအေးမြကုန်းတော်မြေတွင် တည်ထားကိုးကွယ်တော်မူသော လေးကျွန်းရန်အောင်စေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်းတွင် ကျွန်းပင်ပေါက်များကို မဟာမြိုင်တောရ ဆရာတော် ဘဒ္ဒန္တပညာဇောတ ဦးစီးဦးဆောင်မှုဖြင့် ယမန်နေ့က ကျွန်းပင်ပေါက်ပေါင်း ၂၅၇၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။



သစ်ပင်များ စိုက်ပျိုးရာတွင် မဟာမြိုင်တောရဆရာတော် ဦးဆောင်၍ ကလေးခရိုင် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးခင်မောင်ချို၊ မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဇော်လင်းနှင့် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ ရဟန်းသာမဏေများနှင့် သီလရှင်ဆရာလေးများ၊ ဒီပါအေးမြကုန်းတော်ပတ်ဝန်းကျင်မှ ဒေသခံပြည်သူများပါဝင်၍ စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**သီဟ(ကလေးဝ)**

# ဝန်ရေကာတာ ယခုနှစ်မိုးရာသီအမီ ပြုပြင်ပြီးစီး၍ ကြံ့ခိုင်မှုအပြည့်ရှိ

သန်းဦး (လေးမျက်နှာ)

**ဝန်ရေဘေးကာကွယ်ရေးတာသည် ၇၃ မိုင် ၇ ဖာလုံရှည်လျားပြီး ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် အင်္ဂပူမြို့နယ် ညောင်ကျိုးရွာမှ သာပေါင်းမြို့နယ်ထိ ရှည်လျားသည်။ ထိုဝန်ရေကာတာကြီးသည် ၁၉၈၈ ခုနှစ် မိုးရာသီတွင် လေးမျက်နှာမြို့နယ် ထိန်ငူအပိုင်းတွင် ကျိုးပေါက်ခဲ့၍ လယ်ကေသိန်းချီ ဆုံးရှုံးခဲ့ဖူးသည်။ ထို့ကြောင့် ယခုနောက်ပိုင်းတွင် အပိုင်းလိုက်ခွဲ၍ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာနက ပြုပြင်ထိန်းသိမ်းထားခြင်းပင်ဖြစ်သည်။**

ဝန်တာသည် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင်အတွင်း ဟင်္သာတမြို့နယ်နှင့် လေးမျက်နှာမြို့နယ် ၊ပုသိမ်ခရိုင်အတွင်း ရေကြည်မြို့နယ်နှင့် သာပေါင်းမြို့နယ်တို့အတွင်း တည်ရှိသည်။ အဆိုပါ ဝန်တာမှာ ဧရာဝတီမြစ် အနောက်ဘက်ကမ်းတာနှင့် ဟင်္သာတမြို့နယ် လိပ်ချောင်းကျေးရွာအနီးမှ ခွဲထွက်ပြီး တာမိုင် ၂/၀ မှ စ၍ ၇၅/၇ အထိ အလျား ၇၃ မိုင် ၇ ဖာလုံရှည်လျားသည်။

ရေဘေးကာကွယ်ရေးအနေဖြင့် ရေကြည်မြို့နယ်အတွင်း စိုက်ပျိုးမြေ ဧက ၉၈၀၀၀ ကျော်ရှိပြီး ကျုံပျော်၊ ကျောင်းကုန်းနှင့် သာပေါင်းမြို့နယ်များအပါအဝင် ပုသိမ်ခရိုင်အနေဖြင့် စိုက်ပျိုးမြေဧကပေါင်း ၂၀၀၀၀၀ ကျော်ကို ရေဘေးမှကာကွယ်ပေးထားခြင်းဖြစ်သည်။ ထို့အပြင် လေးမျက်နှာမြို့နယ်တွင် ရေဘေးကာကွယ်ရေး စိုက်ပျိုးမြေဧရိယာ ၃၆၃၃၅ ဧက ဖြစ်ကြောင်း သိရသည်။ စုစုပေါင်းစိုက်ပျိုးမြေ သုံးသိန်းကျော်နှင့် မြို့ရွာများကို ရေဘေးကာကွယ်ပေးလျက်ရှိသည်။

၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်များ၌ ဝန်မြစ်ရေကြီးမှုကို နှစ်နှစ်ဆက်တိုက် ခံစားခဲ့ရ၍ ပြုပြင်ထိန်းသိမ်းရန် အထူးလိုအပ်လျက်ရှိခဲ့သည်။ မိုးရာသီ မြစ်ရေကြီးစဉ်ကာလအတွင်း တာတမံ အားနည်းသောနေရာများတွင် တာတမံပေါ် ရေကျော်ခြင်းမဖြစ်ပေါ်စေရန် သဲအိတ်များဖြင့် တာထိပ်ဆင့်ခြင်း၊ တာလုံးပုံစံ မပြည့်မီသောနေရာများတွင် သဲအိတ်များဖြင့် တာခြေထောက်ခြင်းများဖြင့် အရေးပေါ်ကာကွယ်ပေးခဲ့ရသည်။

ဝန်တာကြီးအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင်း တိုင်းဒေသကြီးရန်ပုံငွေနှင့် ပြည်ထောင်စုရန်ပုံငွေတို့ဖြင့် အပိုင်းလိုက်ပြုပြင်ခြင်းလုပ်ငန်းကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထိုကဲ့သို့ ဝန်တာပြုပြင်မှုလုပ်ငန်းများကို အပိုင်းလိုက်ခွဲ၍ ဆောင်ရွက်ခဲ့ရာ ဇလွန်မြို့နယ်တွင် ဟင်္သာတ တာမိုင် ၁၅/၅ မှ ၃၃/၀ အတွင်း ဟင်္သာတမြို့နယ်အစပ် ရေလဲကျေးရွာမှ ဇလွန်မြို့နယ် ကြာအင်းအုပ်စုအတွင်း ပြုပြင်ခြင်း ဖြစ်သည်။ ထိုအထဲ၌ တာမိုင် ၁၇/၄ မှ ၁၈/၄ အတွင်း ဧရာဝတီမြစ်ခွဲငယ်၏ ရေတိုက်စားမှု၊ ဧရာဝတီမြစ်ကြောင်း ပြောင်းလဲမှု၊ နှစ်စဉ်မြစ်ကမ်းပါးပြိုမှုများ ကြောင့် သဲအိတ်များ ဆင့်ခြင်း၊ သဲဖြည့်တုတ်တန်းပြုလုပ်ခြင်း၊ တာလုံးရွှေ့ပြောင်းခြင်းဖြင့် မြစ်ကမ်းကာကွယ်ခြင်းလုပ်ငန်းကို ၂၀၁၆ ခုနှစ် မိုးရာသီတွင် လုပ်ဆောင်ခဲ့ရခြင်းကြောင့် ၂၀၁၈ ခုနှစ် ပွင့်လင်းရာသီ၌ ပြုပြင်ခဲ့ရာ ယခုအခါ လုပ်ငန်းများပြီးစီးခဲ့ပြီဖြစ်၍ ကြံ့ခိုင်မှုအပြည့်ရှိကြောင်း ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

ထို့အတူ လေးမျက်နှာမြို့နယ် ဝန်တာ၏ တာမိုင် ၁၉/၃ နှင့် ၁၉/၇ အတွင်း အလျားပေ ၁၀၀၀ ထိန်ငူတာ ထိပ်ဆင့်ခြင်းလုပ်ငန်း ၊ တာမိုင် ၃၇/၅ မှ ၃၈/၀ အတွင်း သောင်းဘုတ်ကျေးရွာအုပ်စုတွင် အလျားပေ ၁၉၈၀ ၌ တာထိပ်ဆင့်ခြင်းနှင့် တာခြေကန်ခြင်းလုပ်ငန်း ၊ အလားတူ လေးမျက်နှာမြို့နယ်အတွင်း တာမိုင် ၃၂/၁ မှ ၃၂/၂ အတွင်း အလျားပေ ၁၁၀၀ အား ပန်းတာတည်ဆောက်ခြင်းနှင့် မြစ်ကမ်းထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

အဆိုပါ လုပ်ငန်းများထဲမှ တာမိုင် ၃၂/၁ တွင် ရေလွှဲတန်း တည်ဆောက်ခြင်း၊ တာမိုင် ၃၂/၂ တွင် ရေလွှဲတန်း Impervious Groyne (sand Filled Polyfelt bag) တည်ဆောက်ခြင်း၊ တာမိုင် ၃၂/၁ နှင့် ၃၂/၂ + ၅၂၀ အတွင်း အခြေထိန်းတန်း တည်ဆောက်ခြင်း၊ ကွန်ကရစ် ဆူးတိုင်များ ချခြင်း၊ မြစ်ကမ်းအလျှောဖြစ်ခြင်းနှင့် Vetiver Grass စိုက်ခြင်းလုပ်ငန်းများကို အပိုင်းလိုက်ခွဲ လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

ရေကြည်မြို့နယ် ဘုတ်ချောင်းကျေးရွာမှ ကညင်ငူကျေးရွာအထိ ဝန်တာမိုင် ၃၉/၀ မှ ၅၅/၀ အတွင်း ၂၀၁၅ခုနှစ် နှင့် ၂၀၁၆ ခုနှစ်များတွင် ဝန်မြစ်ရေ နှစ်နှစ်ဆက်တိုက် ထူးခြားစွာမြင့်တက်မှုကြောင့် ဝန်တာတစ်လျှောက် မြစ်ရေကြီးမှုဒဏ်ကို ဆက်တိုက်ခံစားခဲ့ရသဖြင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို မိုးမကျမီအပြီး အင်တိုက်အားတိုက်ဆောင်ရွက်ခဲ့ရာ လုပ်ငန်းများအားလုံး ပြီးစီးနေပြီဖြစ်၍ တာမှာ ကြံ့ခိုင်မှုအပြည့်ရှိကြောင်း သိရသည်။

ဝန်တာမိုင် ၃၉/၀ မှ ၄၆/၆အတွင်းနှင့် တာမိုင် ၄၈/၀ မှ ၅၅/၀ အတွင်း၌ မြေသားဖြင့် တာခြေကန်တာမြှင့်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရသော်လည်း တာမိုင် ၄၆/၆ မှ ၄၇/၃+၅၀၀ ပေ အတွင်းဖြစ်သော ငါးသိုင်းချောင်းမြို့တွင်းပိုင်းတွင် ကုန်းဘက်ခြမ်း တာခြေတွင် ကွန်ကရစ်မြေထိန်းနံရံ ၊ မြစ်ဘက်ခြမ်းတာခြေတွင် အုတ်စီမြေထိန်းနံရံတို့တည်ဆောက်ပြီး မြေသားဖြည့်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရသည်။ မြေသားဖြင့် တာပြုပြင်ခြင်းလုပ်ငန်းတွင် တာထိပ်ဝ အကျယ် ၁၂ ပေ၊ တာခြေထောက်ခြင်း အကျယ် ၁၂ ပေ၊ တာထိပ်ပေါ်တွင် နှစ်ပေမှ သုံးပေအထိ ထပ်မံမြှင့်တင်ခြင်း၊ တာခြေထောက်ပျမ်းမျှအမြင့် ၈ ပေမှ ၁၁ ပေခန့်အထိ ဆောင်ရွက်ရကြောင်းသိရသည်။

ငါးသိုင်းချောင်းမြို့တွင်းပိုင်း လုပ်ငန်းလုပ်ကိုင်ရာတွင် ခက်ခဲသော်လည်း သတ်မှတ်အချိန်ကာလအတွင်း လုပ်ငန်းများ အောင်မြင်ပြီးမြောက်စေရန်အတွက် စက်ယန္တရားအင်အား၊ လူအင်အား၊ ပစ္စည်းပံ့ပိုးမှု အင်အားများဖြည့်ဆည်းကာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှဝန်ထမ်းများက အနီးကပ်ကြီးကြပ်စီမံဆောင်ရွက်ခဲ့ရာ ယခုအခါ ရေတားတမံမှာ ကြံ့ခိုင်မှုအပြည့်ရှိကြောင်း သိရသည်။၂၀၁၇-၂၀၁၈ခုနှစ်တွင် ဝန်တာမိုင်အရှည် ၇၃ မိုင် ၇ ဖာလုံကို အပိုင်းလိုက်ခွဲ ပြုပြင်ခြင်းကြောင့် ယခုအခါ စံချိန်မီ ခိုင်ခံ့သွားပြီဖြစ်၍ ဝန်ရေတာတမံအတွက် စိုးရိမ်စရာမရှိကြောင်း သိရသည်။



ဝန်တာ ကြံ့ခိုင်မှုကို တွေ့ရစဉ်။ ဓာတ်ပုံ-ဆည်မြောင်း

# ကျောက်ခွက်ရေနံမြေရှိ အလုပ်သမားများအား လူမှုဖူလုံရေးအဖွဲ့မှ နယ်လှည့်ဆေးကုသယာဉ်ဖြင့်ဆေးကု

**ပခုက္ကူ ဩဂုတ် ၆**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့သည် ပခုက္ကူမြို့ မြို့နယ်လူမှုဖူလုံရေးရုံးနှင့် အကျုံးဝင်မှတ်ပုံတင်ထားသော အာမခံရေနံမြေအလုပ်သမားများအား ဩဂုတ်လ ပထမပတ်အတွင်း ကွင်းဆင်း၍ နယ်လှည့်ဆေးကုသယာဉ်ဖြင့် ဆေးကုသခြင်း၊ ဓာတ်ခွဲစမ်းသပ်ကုသခြင်းများ ဆောင်ရွက်သည်။

အဆိုပါ လုပ်ငန်းများတွင် မကွေးတိုင်းဒေသကြီး တာဝန်ခံအရာရှိ ဒေါ်အိအိသွယ်၊ မြို့နယ်တာဝန်ခံ ဒေါ်ယဉ်ယဉ်ထွေးနှင့် တာဝန်ကျဆရာဝန်တို့သည် နယ်လှည့်ဆေးကုသယာဉ်ဖြင့် ပခုက္ကူမြို့နယ် လူမှုဖူလုံရေးရုံးနှင့် အကျုံးဝင်မှတ်ပုံတင်ထားသော အလုပ်ဌာနများမှ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းလက်အောက်ရှိ ကျောက်ခွက်ရေနံမြေသို့ ဩဂုတ် ၂ ရက်တွင် ရေနံမြေရှိ အာမခံအလုပ်သမား ၁၀၂ ဦးအား ဆေးကုသပေးခြင်း၊ ၂၇ ဦးအား ဓာတ်ခွဲစမ်းသပ်ကုသခြင်းနှင့် သာကြီးတောင်စံပယ်ရေနံမြေသို့ ဩဂုတ် ၃ ရက်တွင် ရေနံမြေရှိ အာမခံအလုပ်သမား ၇၃ ဦးအား ဆေးကုသပေးခြင်း၊ ၁၇ဦးအား ဓာတ်ခွဲစမ်းသပ်ကုသခြင်း စသည့်လုပ်ငန်းများကို လုပ်ငန်းခွင်အရောက် ဆောင်ရွက်ပေးကြကြောင်း သိရသည်။

သာကြီးတောင် စံပယ်ရေနံမြေမှ ဆေးကုသမှုခံယူနေသည့် အာမခံအလုပ်သမားတစ်ဦးက "အခုလိုရေနံမြေရှိ အာမခံအလုပ်သမားများကို ဆေးကုသခြင်း၊ ဓာတ်ခွဲစမ်းသပ်ခြင်းများကို လုပ်ငန်းခွင်အရောက် လာရောက်ကုသပေးတဲ့အတွက် ဝမ်းသာရပါတယ်။ အခုလာရောက် ကုသပေးတဲ့အတွက် မြို့ပေါ်ကိုယ်တိုင် သွားရောက်ကုသမယ့်အချိန် သီးသန့်ထားရှိဖို့ မလိုတော့ပါဘူး။ နောက်နောင်လည်း ယခုလိုလာရောက်ကုသပေးမယ်ဆိုပါက အလုပ်သမားအားလုံးအတွက် အမှန်တကယ် အကျိုးရှိမှာပါ"ဟု ပြောသည်။

ဆလိုင်းကိုကီး

## တွံတေး၌ သဘာဝဘေးဆိုင်ရာ အသိပညာပေး နံရံကပ်စာစောင်ပြသ

**တွံတေး ဩဂုတ် ၆**

တွံတေးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက တွံတေးမြို့နယ်ရှိ ပြည်သူများ သဘာဝဘေးအန္တရာယ်တစ်စုံတစ်ရာကျရောက်ပါက ကြိုတင်ပြင်ဆင်နိုင်ရေးရည်ရွယ်၍ ယမန်နေ့က သဘာဝဘေးဆိုင်ရာ အသိပညာပေး သတင်းအချက်အလက်များကိုသိရှိနိုင်ရန် ရုံးရှေ့ရှိ မြေစိုက်ဘုတ်နှင့် မြို့နယ်ပြည်သူ့စာကြည့်တိုက်နံရံကပ်ပြဘုတ်များတွင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှထုတ်ပြန်ထားသော သဘာဝဘေးဆိုင်ရာ အသိပညာပေးနံရံကပ်စာစောင်များ ခင်းကျင်းပြသထားကြောင်း သိရသည်။

မျိုးလှိုင် (တွံတေး)





















# ရေလှောင်တမံများ၏ သဘောသဘာဝနှင့် အကျိုးပြုနိုင်စွမ်း

အောင်ဇော်မင်း

**ယနေ့အချိန်အခါမှာ ရေလှောင်တမံရဲ့သဘောသဘာဝနဲ့ အကျိုးပြုနိုင်စွမ်းကို သိရှိနားလည်နိုင်မှု အားနည်းတာကြောင့် အယူအဆလွဲမှားစွာ ဝေဖန်ပြောကြားမှုများနဲ့အတူ မှန်ကန် ဆီလျော်မှုမရှိတဲ့ ကောလာဟလတွေကို တွေ့မြင်ကြားသိနေရလို့ ပြည်သူတွေ ရေလှောင်တမံတွေရဲ့သဘောသဘာဝနဲ့ အကျိုးပြုနိုင်စွမ်းတွေကို အမှန်အတိုင်း ရှုမြင်နားလည်နိုင်စေဖို့ရည်ရွယ်ပြီး ဒီဆောင်းပါးလေးနဲ့ ရှင်းလင်းတင်ပြလိုပါတယ်။**

ကမ္ဘာမှာ ဆည်မြောင်းလုပ်ငန်းအပါအဝင် အခြားအသုံးချမှုများအတွက် လိုအပ်တဲ့ရေချိုကို သိုလှောင်ထိန်းသိမ်းထားနိုင်ဖို့ အဓိကအရေးပါတဲ့ ရေအားအဆောက်အအုံတစ်ခုဖြစ်တဲ့ ရေလှောင်တမံတွေကို တည်ဆောက်အသုံးပြုခဲ့တာ နှစ်ကာလ မြောက်မြားစွာ ကြာမြင့်ခဲ့ပြီဖြစ်ပါတယ်။ ရေချိုတွေကို သိုလှောင်ထိန်းသိမ်းပြီး လိုအပ်သလို အသုံးပြုနိုင်ဖို့ ဘာကြောင့် ဦးစားပေးစီမံဆောင်ရွက်နေရတာလဲဆိုတာကို ဦးစွာရှင်းလင်းတင်ပြလိုပါတယ်။

### ကမ္ဘာတစ်ဝန်း ရေချိုများ လျော့နည်းလာ

သဘာဝအရင်းအမြစ်တွေမှာ ရေဟာ လူသားနဲ့ အခြားသက်ရှိများ၊ အပင်များအတွက် အဓိကအရေးအကြီးဆုံး အရင်းအမြစ်ဖြစ်ပြီး လူသားတွေရဲ့စားဝတ်နေရေး ကိစ္စရပ်အားလုံးအတွက် ရေကိုနေ့စဉ် အချိန်နဲ့အမျှ သုံးစွဲနေကြရပါတယ်။ ကမ္ဘာ့လူဦးရေ တိုးတက်များပြားလာခြင်း၊ လူနေမှုအဆင့်အတန်းမြင့်မားလာခြင်းတို့ကြောင့် ကောက်ပဲသီးနှံများနဲ့ လူသုံးကုန်ပစ္စည်း အမျိုးမျိုးကို ပိုမိုစိုက်ပျိုးထုတ်လုပ်နေလို့ ရေသုံးစွဲမှုဟာ တစ်နှစ်ထက်တစ်နှစ် တိုးတက်မြင့်မားလာခဲ့ပါတယ်။ တစ်ဖက်မှာလည်း ကမ္ဘာတစ်ဝန်းရှိ ရေချိုများ (Fresh Water) ဟာ လူတွေရဲ့ အဆင်အခြင်မဲ့ လုပ်ဆောင်မှုတွေကြောင့်လည်းကောင်း၊ ကမ္ဘာကြီးပူနွေးလာမှုရဲ့ အကျိုးဆက်ဖြစ်တဲ့ ရာသီဥတု ဖောက်ပြန်မှုတွေကြောင့် လည်းကောင်း တစ်စတစ်စ လျော့နည်းလာလျက်ရှိပါတယ်။

ကမ္ဘာ့မြေမျက်နှာပြင်ရဲ့ ၇၀ ရာခိုင်နှုန်းခန့်ကို ရေထုမှ ဖုံးလွှမ်းထားလို့ ရေအရင်းအမြစ် ပမာဏများပြားစွာ ရှိတယ်လို့ သာမန်အားဖြင့် ထင်မြင်ယူဆနိုင်ပေမယ့် အမှန်တကယ်တွင် ကမ္ဘာ့ရေထုမှာ ပင်လယ်သမုဒ္ဒရာများရှိ ရေငန်က ၉၆ ဒသမ ၅ ရာခိုင်နှုန်းခန့်ဖြစ်ပြီး လူသားတွေသုံးစွဲနိုင်တဲ့ ရေချိုပမာဏက ၃ ဒသမ ၅ ရာခိုင်နှုန်းခန့်သာ ရှိပါတယ်။ ယင်းပမာဏထဲမှာ ရေခဲမြစ်တွေ၊ ရေခဲတောင်တွေကရေကို ချက်ချင်းသုံးစွဲလို့ မရနိုင်တာကြောင့် အမှန်တကယ်သုံးစွဲလို့ရနိုင်တဲ့ ပမာဏက နှစ်ရာခိုင်နှုန်းခန့်သာ ရှိပါတယ်။

### ရာသီဥတုပြောင်းလဲမှုရဲ့သက်ရောက်မှု

မြန်မာနိုင်ငံဟာ အခြားကမ္ဘာ့နိုင်ငံများထက် ရေချိုသယံဇာတများစွာ ပေါများပေမယ့် လွန်ခဲ့တဲ့ ဆယ်စုနှစ်ကာလအတွင်း ရာသီဥတုပြောင်းလဲမှုကြောင့် မိုးခေါင်ပြီး ပူပြင်းခြောက်သွေ့ခြင်း၊ ရေကြီးခြင်းဘေးအန္တရာယ်တွေကို ရင်ဆိုင်ကြုံတွေ့ခဲ့ရပါတယ်။ လက်ရှိနဲ့ အနာဂတ်ကာလမှာလည်း တွေ့ကြုံခံစားရနိုင်မယ့် အခြေအနေဖြစ်ပေါ်လျက် ရှိပါတယ်။ ရာသီဥတုပြောင်းလဲမှုရဲ့သက်ရောက်မှုကြောင့် မုတ်သုံအဝင်နောက်ကျတယ်၊ အထွက်စောတယ်၊ မုတ်သုံ ကာလတိုတောင်းခြင်း၊ ရေချိုအရင်းအမြစ်များတွင် မိုးရွာသွန်းမှုနည်းပါးလာခြင်းကြောင့် မြေပေါ်ရေပမာဏ လျော့ကျလာခြင်း၊ မြေအောက်ရေခန်းခြောက်လာခြင်း စတဲ့ ရေလုံခြုံမှု လျော့ပါးလာပြီဖြစ်ပါတယ်။

အနာဂတ်ရေရှားပါးလာနိုင်မှု အခက်အခဲတွေကို ဖြေရှင်းနိုင်ဖို့အတွက် မြန်မာနိုင်ငံအနှံ့အပြားမှာ ဒေသလိုအပ်ချက်အပေါ်မူတည်ပြီး ရရှိနိုင်တဲ့ ရေအရင်းအမြစ်တွေကို ဖော်ထုတ်အသုံးချကာ ရေချိုသိုလှောင်ထိန်းသိမ်းပေးနိုင်တဲ့ ရေလှောင်တမံများကို တည်ဆောက်ပေးခဲ့ခြင်းပဲ ဖြစ်ပါတယ်။

ဆက်လက်ပြီး ရေလှောင်တမံတွေရဲ့သဘောသဘာဝနဲ့ အကျိုးပြုနိုင်စွမ်းတွေကို ရှင်းလင်းတင်ပြလိုပါတယ်။ အဖိုးတန်ရေချိုတွေကို သိုလှောင်ထိန်းသိမ်းပြီး လိုအပ်သလို အသုံးပြုနိုင်ဖို့အတွက် မြစ်ချောင်းတွေပေါ်မှာ ရေလှောင်တမံတွေကို တည်ဆောက်ထားကြပါတယ်။ ရေလှောင်တမံတစ်ခု အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ လိုအပ်တဲ့ အဓိကစူးစမ်းလေ့လာမှုလုပ်ငန်းတွေဖြစ်တဲ့ မြေပြင်အသေးစိတ်တိုင်းတာခြင်းလုပ်ငန်းများ၊ ဘူမိဗေဒနဲ့ ဇလဗေဒဆိုင်ရာ စူးစမ်းလေ့လာခြင်းလုပ်ငန်းတွေကို ဆောင်ရွက်ပြီးနောက် စူးစမ်းလေ့လာမှုများအရ စီမံကိန်း ဖြစ်မြောက်နိုင်စွမ်းရှိရင် အသုံးပြုမယ့် ရည်ရွယ်ချက်နဲ့ အကျိုးရလဒ်၊ တည်ဆောက်မှု ကုန်ကျစရိတ်တို့အပြင် တမံရေသိုလှောင်နိုင်မှုနဲ့ တမံအောက်ဘက်ရှိဒေသများ ဘေးကင်းမှုအခြေအနေအပေါ် မူတည်စဉ်းစားပြီး ရေလှောင်တမံနဲ့ ရေပိုလွှဲ အရွယ်အစားကို သတ်မှတ်ကာ ဒီဇိုင်းပြုတည်ဆောက်ရခြင်းဖြစ်ပါတယ်။

### ရေလှောင်တမံများ သဘာဝဘေးဒဏ်ကာကွယ်

စီမံကိန်းတည်ဆောက်စဉ် ကာလတစ်လျှောက်လုံး ဆည်မြောင်းနဲ့ ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနရှိ ကျွမ်းကျင်ပြီး အတွေ့အကြုံရှိတဲ့ အင်ဂျင်နီယာများမှ စနစ်တကျ တည်ဆောက်မှုများဖြင့် ကြီးကြပ်ဆောင်ရွက်တဲ့အပြင် သတ်မှတ် စံချိန်စံညွှန်း ပြည့်မီဖို့အတွက် အရည်အသွေး ထိန်းချုပ်စစ်ဆေးရေးအဖွဲ့တွေနဲ့ အနီးကပ်ကြပ်မတ်စစ်ဆေးဆောင်ရွက်ခဲ့တာကြောင့် ရေလှောင်တမံများဟာ ရေကြီးရေလျှံမှု သဘာဝဘေးဒဏ်ကို လုံခြုံစိတ်ချစွာနဲ့ ကြံ့ကြံ့ခံကာကွယ်နိုင်လျက် ရှိပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ် မိုးရာသီအတွင်း စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်အတွင်းမှာရှိတဲ့ မင်းမြင် ရေလှောင်တမံရဲ့ ရေဆင်းဧရိယာအတွင်းမှာ မိုးသည်းထန်စွာရွာသွန်းပြီး စီးဝင်ရေများပြားစွာ ဝင်ရောက်လို့ ကန်ရေပြည့်မှတ်ထက် ကျော်လွန်မြင့်တက်ပြီး တမံကိုယ်ထည်ပေါ်ကနေ ရေကျော်ကျတဲ့အထိ ဖြစ်ပေါ်ခဲ့ပေမယ့် တမံကျိုးပေါက်ခြင်းမရှိဘဲ ကြံ့ကြံ့ခံ ရပ်တည်နိုင်တာက ထင်ရှားတဲ့သက်သေပဲ ဖြစ်ပါတယ်။

ရေလှောင်တမံအများစုဟာ မြစ်ချောင်းများရဲ့စီးဝင်ရေအားလုံးကို သိုလှောင်ထိန်းသိမ်းဖို့ ရည်ရွယ်တည်ဆောက်ခြင်းဖြစ်ရတာဆိုတဲ့ နားလည်မှုလွဲမှားတဲ့ ထင်မြင်ယူဆပြောဆိုမှုများကို တွေ့မြင်သိရှိနေရပါတယ်။ **ရေပိုလွှဲဆိုတာ ရေဖောက်ချ၍ ရသည့်အရာမဟုတ်ဘဲ ကန်ရေပြည့်သိုလှောင်ပမာဏထက် ကျော်လွန်ပြီး စီးဝင်လာသောရေများ မူလမြစ်၊ ချောင်းများထဲသို့ စီးထွက်သွားစေရန် စနစ်တကျ ဒီဇိုင်းပြု၍ ထည့်သွင်းတည်ဆောက်ထားသော ရေအားအဆောက်အအုံ တစ်ခုသာဖြစ်ပါတယ်။**

ဆိုလိုချင်တာကတော့ တမံအတွင်း သိုလှောင်နိုင်တဲ့ ရေပမာဏပြည့်လာရင် နောက်ထပ်စီးဝင်လာမယ့် ရေတွေကို ရေပိုလွှဲကတစ်ဆင့် ဖြတ်ကျော်စီးဆင်းစေပြီး မူလချောင်းထဲသို့ ပြန်စီးဝင်သွားနိုင်အောင် စီမံတည်ဆောက်ထားခြင်းပဲဖြစ်ပါတယ်။ ရေပိုလွှဲဆိုတာ ရေကျော်စေချင်တိုင်း ကျော်ခိုင်းလို့မရသလို၊ မကျော်ပါနဲ့လို့လည်း တားဆီးလို့မရပါဘူး။ ရေဆင်းဧရိယာအထဲမှာ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အချိန်တိုအတွင်း အလုံးအရင်းနဲ့ တစ်ဟုန်ထိုး စီးဆင်းလာတဲ့ရေတွေကို ရေလှောင်တမံအတွင်း သိုလှောင်ထိန်းသိမ်းထားပြီးနောက် ကန်ရေပြည့် သိုလှောင်ထိန်းသိမ်းနိုင်တဲ့ ပမာဏနဲ့ အမြင့်



မြစ်သာရေလှောင်တမံ၏ ရေပိုလွှဲမှ ရေကျော်နေမှုကို ဩဂုတ် ၆ ရက်က တွေ့ရစဉ်။

◆ **ရေပိုလွှဲဆိုတာ ရေဖောက်ချ၍ရသည့်အရာမဟုတ်ဘဲ ကန်ရေပြည့်သိုလှောင်ပမာဏထက်ကျော်လွန်ပြီး စီးဝင်လာသောရေများ မူလမြစ်၊ ချောင်းများထဲသို့ စီးထွက်သွားစေရန် စနစ်တကျ ဒီဇိုင်းပြု၍ ထည့်သွင်းတည်ဆောက်ထားသော ရေအားအဆောက်အအုံတစ်ခုသာဖြစ်**

◆ **တမံအတွင်း သိုလှောင်နိုင်တဲ့ ရေပမာဏပြည့်လာရင် နောက်ထပ်စီးဝင်လာမယ့် ရေတွေကို ရေပိုလွှဲကတစ်ဆင့် ဖြတ်ကျော်စီးဆင်းစေပြီး မူလချောင်းထဲသို့ ပြန်စီးဝင်သွားနိုင်အောင် စီမံတည်ဆောက်ထားခြင်းပဲဖြစ်**

မပြုပါဘူး။ အကြောင်းကတော့ တမံအရွယ်အစား ကြီးမားတာနဲ့အမျှ တည်ဆောက်မှုကုန်ကျစရိတ်လည်း များစွာပိုမိုလာမှာဖြစ်တဲ့အတွက် မူလရည်ရွယ်ချက်အရ ထုတ်ယူအသုံးပြုမယ့် ရေပမာဏကို သိုလှောင်နိုင်မယ့် အရွယ်အစားကိုသာ ဒီဇိုင်းပြုတည်ဆောက်တာဖြစ်ပါတယ်။ ဒါကြောင့် တမံမှ သိုလှောင်နိုင်မယ့် ကန်ရေပြည့် ရေလှောင်ပမာဏထက် ပိုမိုပြီးစီးဝင်လာတဲ့ ရေများကို ရေပိုလွှဲကတစ်ဆင့် ဖြတ်ကျော်စီးဆင်းစေပြီး မူလမြစ်ချောင်းထဲသို့ ပြန်လည်စီးထွက်သွားစေမှာပဲ ဖြစ်ပါတယ်။

### ရေပိုလွှဲဆိုတာ ရေဖောက်ချရသည့်အရာမဟုတ်

နှစ်စဉ်မိုးရာသီမှာ ဒေသတွင်းမိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ပြီဆိုရင် ဆည်တွေမှာ ရေတွေများလာလို့ ရေပိုလွှဲကဖောက်ချတာကြောင့် ရေကြီးရေလျှံမှုပေထက် ကျော်လွန်လာမှသာ ရေပိုလွှဲမှ အကန့်အသတ်ဖြင့် မူလမြစ်၊ ချောင်းများအတိုင်း ဖြည်းဖြည်းချင်း စီးထွက်စေခြင်းဖြစ်ပါတယ်။

မိုးရာသီအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြစ်ချောင်းကနေ စီးဆင်းလာတဲ့ရေတွေကို ရေလှောင်တမံများ တည်ဆောက်ပြီး တားဆီးထိန်းသိမ်းနိုင်လို့သာ ရေလှောင်တမံရဲ့အောက်ဘက်ရှိ ဒေသတွေမှာ အချိန်တိုအတွင်း စီးဆင်းလာနိုင်တဲ့ ရေတွေကြောင့် ရေကြီးနစ်မြုပ်စေနိုင်မှု ဘေးအန္တရာယ်ကနေ လျော့ပါးသက်သာစေနိုင်ခြင်း ဖြစ်ပါတယ်။ ရေလှောင်တမံသာမရှိရင် တောင်ကျချောင်းရေများဟာ အတားအဆီးမဲ့ အရှိန်အဟုန်နဲ့ စီးဆင်းလာပြီး ရေတိုက်စားမှုဒဏ်ကို ပိုမိုခံရမယ့်အပြင် အချိန်တိုအတွင်း ရေကြီးနစ်မြုပ်စေနိုင်မှာ ဖြစ်ပါတယ်။

ရေလှောင်တမံအများစုဟာ မြစ်မကြီးရဲ့လက်တက်ဖြစ်တဲ့ မြစ်ချောင်းများအပေါ်မှာ တည်ဆောက်ထားတာကြောင့် ရေဝေရေလဲဧရိယာအတွင်းက တိုက်စားသယ်ဆောင်လာတဲ့ သဲနုန်းတွေကို ရေလှောင်တမံများအတွင်းမှာပဲ တားဆီးအနည်ထိုင်ပို့ချစေတဲ့အတွက် မြစ်မကြီးအတွင်း သဲနုန်းပို့ချမှုကိုရော တမံအောက်ပိုင်းဒေသများနဲ့ ဆည်ရေသောက်ဧရိယာတွေမှာ သဲနုန်းဖုံးလွှမ်းမယ့် အခြေအနေကနေရော ကာကွယ်ပေးနိုင်လျက်ရှိပါတယ်။

ဒါ့အပြင် ရေလှောင်တမံတွေကနေ နွေစပါး၊ မိုးစပါးနဲ့ အခြားသီးနှံတွေအတွက် စိုက်ပျိုးရေကို လိုအပ်တဲ့အချိန်မှာ လိုအပ်တဲ့ပမာဏအတိုင်း ပေးဝေနိုင်လျက်ရှိပါတယ်။ မိုးနည်းရေရှားတဲ့ ဒေသများမှာ စိုက်ပျိုးရေအပြင် ဒေသတွင်း သောက်သုံးရေအတွက်လည်း ပေးဝေနိုင်လျက်ရှိ ပါတယ်။ ဘက်စုံသုံး ရေလှောင်တမံတွေမှာဆိုရင် အကြီးစားနဲ့အလတ်စား ရေအားလျှပ်စစ် ထုတ်လုပ်ပေးလျက်ရှိပြီး အချို့သောအခြေအနေပေးတဲ့ ရေလှောင်တမံတွေမှာ အသေးစားရေအားလျှပ်စစ် ထုတ်လုပ်ပေးလျက်ရှိပါတယ်။ ဒါ့အပြင် ရေလှောင်တမံနဲ့အတူ ဆက်စပ်တည်ဆောက်ထားတဲ့ ဆည်ရေသောက်ကွန်ရက်စနစ်အတွင်းက ရေပေးမြောင်းတွေကနေ ကျေးလက်ပြည်သူများ ချိုးရေ၊ သုံးရေနဲ့ ကျွဲ၊ နွား သောက်သုံးရေအတွက် အမြဲပြုသုံးစွဲနိုင်တဲ့အပြင် မြောင်းပေါင်များကို ကျေးရွာချင်းဆက်လမ်းများအဖြစ် အသုံးပြုနိုင်တဲ့အတွက် ဒေသတွင်းလမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့ပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအထောက်အကူပြုစေနိုင်လျက်ရှိပါတယ်။ တမံရေပြင်၊ ဆည်ရေသောက်စနစ် ရေမြောင်းနဲ့ ဆက်စပ်တည်ရှိတဲ့ မြစ်ချောင်းများတစ်လျှောက် ငါးသယံဇာတများ ပိုမိုဖွံ့ဖြိုးတိုးတက်စေနိုင်ပါတယ်၊ ပူပြင်းခြောက်သွေ့တဲ့ ဒေသများမှာ စိမ်းလန်းစိုပြည်ပြီး ရာသီဥတုကို သမမျှတစေပါတယ်။

### ဆည်ရေကြောင့် ရေကြီးတာမဟုတ်ဟု နားလည်

ဒီရက်ပိုင်းအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့်လည်းကောင်း၊ ဒေသတွင်းတည်ရှိတဲ့ အဓိကမြစ်ကြီးတွေမှာ ဒီရေမြင့်တက်ချိန်နဲ့ တိုက်ဆိုင်ပြီး မြစ်ရေထောက်ကာကွင်းရေများ စီးထွက်နိုင်မှုမရှိတာကြောင့် လည်းကောင်း မွန်ပြည်နယ်၊ ကရင်ပြည်နယ်နဲ့ ပဲခူးတိုင်းဒေသကြီးတွေမှာ ရေကြီးရေလျှံမှု ကြီးမားစွာ ဖြစ်ပေါ်ခဲ့ပါတယ်။ ဒီလိုရေကြီးရေလျှံမှုကာလအတွင်း ဒေသအတွင်းမှာရှိတဲ့ ရေလှောင်တမံများအနေနဲ့ စီးဝင်ရေများကို ကောင်းစွာထိန်းသိမ်း သိုလှောင်ပေးခြင်းဖြင့် အကျိုးပြုပေးလျက်ရှိပြီး တမံများအတွင်းမှ ရေစီးထွက်မှုလည်းမရှိတာကြောင့် ဆည်ရေကြောင့် ရေကြီးတာမဟုတ်ဘူးဆိုတာကို ပြည်သူတွေ ကွက်ကွက်ကွင်းကွင်း သိရှိနားလည်စေချင်ပါတယ်။

ဆည်မြောင်းနဲ့ ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနအနေနဲ့ လက်ရှိရေပိုလွှဲမှ ရေကျော်စီးထွက်လျက်ရှိတဲ့ ရေလှောင်တမံများအပြင် လက်ရှိ မိုးရွာသွန်းမှုအခြေအနေအရ တမံအတွင်းသို့ စီးဝင်ရေများပြားစွာ ဝင်ရောက်နိုင်ကာ အချိန်တိုအတွင်း ကန်ရေမှတ်များ မြင့်တက်လာနိုင်တဲ့ အလားအလာရှိသော ရေလှောင်တမံတွေမှာ အနိမ့်ဆုံး ဦးစီးအရာရှိနဲ့အထက် တာဝန်ခံအင်ဂျင်နီယာတွေကိုယ်တိုင် အနီးကပ်ကြီးကြပ်ပြီး ၂၄ နာရီ စောင့်ကြည့် စီမံဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုစောင့်ကြည့်စီမံရာမှာ ရေလှောင်တမံနှင့် ဆက်စပ်ရေအားအဆောက်အအုံများရဲ့ကြံ့ခိုင်မှုကို စဉ်ဆက်မပြတ် လှည့်လည်စစ်ဆေးခြင်း၊ လိုအပ်တဲ့ ကြိုတင်ကာကွယ်မှု လုပ်ငန်းများ အချိန်နဲ့တစ်ပြေးညီ ဆောင်ရွက်နိုင်ဖို့အတွက် အရေးပေါ်ကာကွယ်ရေးပစ္စည်းများ ကြိုတင်စုဆောင်းထားခြင်းနဲ့ စက်ယန္တရား၊ ယာဉ်နဲ့ လုပ်သားအင်အားတွေ အရန်သင့်စုဖွဲ့ထားခြင်း စတဲ့ စီမံဆောင်ရွက်ထားပါတယ်။

ဌာနအနေနဲ့ ရေလှောင်တမံတွေကို တည်ဆောက်ခဲ့ရာမှာ နှောင်ရေရှည် ကြံ့ခိုင်စိတ်ချနိုင်ရေးအတွက် တိကျသေချာစွာ ဒီဇိုင်းပြုတွက်ချက်ပြီး သတ်မှတ်စံချိန်စံညွှန်းများနဲ့အညီ အရည်အသွေး ထိန်းချုပ်ဆောင်ရွက်ခဲ့တဲ့အပြင် ပုံမှန်စနစ်တကျ ထိန်းသိမ်းစီမံလျက်ရှိတာကြောင့် ရေလှောင်တမံများရဲ့ကြံ့ခိုင်မှုအတွက် တစ်စုံတစ်ရာ စိုးရိမ်ဖွယ်ရာမရှိပါကြောင်းနဲ့ ရေလှောင်တမံများရဲ့ အခြေအနေတွေကိုလည်း ပြည်သူများ သိရှိနိုင်ဖို့ နိုင်ငံပိုင်သတင်းဌာနများ၊ ပုဂ္ဂလိကဂျာနယ်များနဲ့ လူမှုကွန်ရက်စာမျက်နှာတွေကနေ အချိန်နဲ့တစ်ပြေးညီ သတင်းထုတ်ပြန်ပေးလျက် ရှိပါတယ်၊ ရေလှောင်တမံများရဲ့သဘောသဘာဝနဲ့ အကျိုးပြုနိုင်စွမ်းများအပေါ် အမှန်အတိုင်း ရှုမြင်နားလည်နိုင်ကြစေဖို့ ရှင်းလင်းတင်ပြရင်း ရေကြီးရေလျှံမှု ဖြစ်စဉ်တွေအပေါ်မှာ ရေလှောင်တမံတွေရဲ့ အကျိုးပြုမှုနဲ့ ပတ်သက်ပြီး အထင်အမြင်လွဲမှားမှုတွေ ပပျောက်သွားမယ်လို့ မျှော်လင့်နေမိပါတော့တယ်။ ။

## အလုပ်ကြော်ငြာ
## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန

ကမ္ဘာ့ဘဏ်အကူအညီဖြင့် သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် Myanmar National Portal စီမံကိန်းနှင့် e-Government လုပ်ငန်းများအတွက် နေပြည်တော်တွင် တာဝန်ထမ်းဆောင်ရန် အောက်ဖော်ပြပါရာထူးများအား ငှားရမ်းလိုပါသည်-

| စဉ် | ရာထူးအမည် | Reference | ကာလ | ဦးရေ |
|---|---|---|---|---|
| ၁။ | Content Development Specialist | C 3.3.4 | ၁၂လ | (၁)ဦး |
| ၂။ | IT Assistant | C 3.3.5 | ၁၂လ | (၅)ဦး |

စီမံကိန်းနှင့်လုပ်ငန်းတာဝန်အကြောင်း ရာထူးတစ်ခုစီအတွက် လိုအပ်သောအရည်အချင်း အသေးစိတ်ပါဝင်သော (Terms of Reference-ToR)များကို https://www.motc.gov.mm/my/tenders နှင့် http://themimu.info/jobs-for-myanmar-nationals များတွင်ရယူနိုင်ပါသည်။ လျှောက်ထားလိုသူများအနေဖြင့် အောက်ဖော်ပြပါလိပ်စာသို့ ၃-၉-၂၀၁၈ ရက် နောက်ဆုံးထား၍ ပေးပို့လျှောက်ထားနိုင်ပါသည်။

**လိပ်မူရန်လိပ်စာ**
**ဒေါ်နွယ်နီစိုးရင်၊ ညွှန်ကြားရေးမှူး၊ e-Government ဌာန**
**သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန**
**S12 အိတ်ချိန်းအဆောက်အအုံ၊ မြေညီထပ်၊ ဇမ္ဗူ့ကျက်သရေလမ်း၊**
**ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၂၂၄၄၇၊ E-mail: nwenisoeyin@e-motc.gov.mm**

### အမည်ပြောင်း
ဦးမင်းမင်းလွင်၏သမီး ကျိုင်းတုံမြို့၊ အထက(၁) KG တန်းမှ မဒီသြယွန်းအား မရွှန်းလဲ့ရတီဟုပြောင်းလဲခေါ်ပါရန်။
**မရွှန်းလဲ့ရတီ**

### အမည်ပြောင်း
ဦးထွန်းဝင်းဦး၏သမီး ကျိုင်းတုံမြို့၊ အထက(၂) တတိယတန်းမှ မရွှေယွန်းမြတ်ဖြူအား မဖြူစင်ဆုမြတ်ဟု ပြောင်းလဲခေါ်ဆိုပါရန်။
**မဖြူစင်ဆုမြတ်**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း
ယာဉ်အမှတ် ၁၅ယ/၈၇၂၈၄ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(တာချီလိတ်)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် 1H/6394 Toyota Hilux Vigo KUN 35 ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းအောင်ခမ်း ၁၃/တခလ(နိုင်)၀၆၅၄၅၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး (တာချီလိတ်)**

### ပျောက်ဆုံးကြောင်း
ကျွန်တော် မောင်ခမ်းကျန် ၁၃/မဖန(နိုင်)၀၃၁၉၃၀၏ Pass Port No (မမှတ်မိ)သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။**ဖုန်း-၀၉-၇၇၃၉၆၂၅၀**

### ပျောက်ဆုံးကြောင်း
ကျွန်မ နန်းယုန်း ၁၃/တခလ(နိုင်) ၀၉၂၄၂၃၏ Pass Port No (မမှတ်မိ) သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၀၂၅၀၅၉၀**

### ဖခင်အမည်မှန်
မန္တလေးမြို့၊ KMC ကိုယ်ပိုင်အထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ စိုင်းလိုင်းဝမ်း၏ဖခင် ဦးစောရွှေ၏ အမည်မှန်မှာ မောင်စောရွှေ ၁၃/နခန(နိုင်)၀၅၆၈၄၆ ဖြစ်ပါကြောင်း။ **မောင်စောရွှေ**

### အမည်မှန်
မကွေးတိုင်းဒေသကြီး၊ စလင်းမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်းမှ ဦးစိန်လှမင်း ၈/စလန(နိုင်)၀၂၀၀၆၃ ၏သမီး အမည်မှန်မှာ မလှရွှေဇင် ၈/စလန(နိုင်)၂၅၃၉၈၅ ဖြစ်ပါသည်။ **မလှရွှေဇင်**

### ဖခင်အမည်မှန်
မကွေးတိုင်းဒေသကြီး၊ စလင်းမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်း(F)မှ မောင်စည်သူ၏ ဖခင်အမည်မှန်မှာ ဦးဇော်ဇော်ဦး ၈/စလန(နိုင်)၁၃၈၈၆၅ ဖြစ်ပါသည်။ **ဦးဇော်ဇော်ဦး**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း
ယာဉ်အမှတ် 8K/8776၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး၊(ရန်ကုန်မြောက်ပိုင်း)**

### ဖခင်အမည်မှန်
မုဒုံမြို့၊ အထက(၃) ပဋ္ဌမတန်း(A)မှ မထက်ထက်ဝင်းနှင့် အမက(အဲမွန်ဒယာ) တတိယတန်းမှ မအေးသဒ္ဒီချမ်း တို့၏ ဖခင်အမည်မှန်မှာ ဦးဇော်ဝင်းနိုင် ၁၀/မဒန(နိုင်)၁၅၁၀၃၀ ဖြစ်ပါကြောင်း။
**ဦးဇော်ဝင်းနိုင်**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် 4G/5920 Hyundai KMJNN CB 4D (4×2)L ယာဉ်လက်ဝယ်ရှိသူ ဦးကိုကိုလေး ၁၄/ပသန(နိုင်)၀၀၈၇၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ တိုင်းရုံး (ပုသိမ်မြို့)**

### ဦးသန်းထွန်း ၁၂/ကတတ(နိုင်)၀၀၈၂၁၉
### ရန်ကုန်မြို့ကန်တော်ကြီးကျွန်းသာယာ White Rice Restaurant
### ရန်ကင်းမြို့နယ်၊ ရန်ကင်းစင်တာအမှတ်-၇၀၁ သိစေရန်

၂၃-၆-၂၀၁၈ရက်က ဦးသန်းထွန်းသည် White Rice Restaurant တွင် ငွေတစ်ရာ့တစ်ဆယ့်ကိုးသိန်းခြောက်သောင်းကျော် စာရင်းကွာနေကြောင်းနှင့် လုပ်မှားကိုင်မှားစာရင်းမှားနိုင် ကြောင်းစာရင်းကိုင်တစ်ဦးဖြစ်သော မဇာနည်စုကြည်မှ ဖြေရှင်းရန်တာဝန်ရှိကြောင်းပြောသဖြင့် မဇာနည်စုကြည်၏မိခင် ဒေါ်စန်းစန်းဝင်းနှင့် အစ်ကို ဦးဇာနည်ဦး၊ ဦးညီညီဝင်းတို့မှ အမှုမဖြစ်အောင် စာရင်းကွာလျှင် ကြားခံဖြေရှင်းပေးမည်ပြော၍ ဦးသန်းထွန်းက ဒေါ်စန်းစန်းဝင်း၊ ဦးဇာနည်ဦး၊ ဦးညီညီဝင်းတို့ပါလာသော ဒေါ်စန်းစန်းဝင်းဝယ်ယူပိုင်ဆိုင်ထားသည့် TOYOTA PROBOX BB/2439 ကားကို သိန်း ၁၂၀ဖြင့် အရောင်းအဝယ်ပြုလုပ်ကြောင်း စာချုပ်ပြုလုပ်ပေးပြီး ယင်းကားနှင့်ပတ်သက်သည့်စာချုပ်စာတမ်းများ ပေးအပ်ထားရန်နှင့် ယင်းကားအား ပေးအပ်ထားခြင်းမရှိသဖြင့် အဆိုပါကားအရောင်းအဝယ်စာချုပ်တွင် ဖော်ပြထားသည့် သိန်း(၁၂၀)ဖြင့် ယုံကြည်အပ်နှံခြင်းစာချုပ်ပြုလုပ်ပေးထားရန် ညှိနှိုင်းသည်ကို ဒေါ်စန်းစန်းဝင်း၊ ဦးဇာနည်ဦး၊ ဦးညီညီဝင်းတို့က White Rice Restaurtant မှ မဇာနည်စုကြည်အား အမှုတိုင်ကြားလာလျှင် ထိုစာချုပ်စာတမ်းများအားလုံးပြန်လည်ပေးအပ်ရန် ညှိနှိုင်းကာလက်ခံခဲ့ကြပါသည်။

ထို့ကြောင့် ဦးသန်းထွန်းထံ ဒေါ်စန်းစန်းဝင်းမှ ၂၃-၆-၂၀၁၈ရက်စွဲပါ နှစ်ဦးသဘောတူ မော်တော်ကားအရောင်းအဝယ်ကတိစာချုပ်၊ ၄-၃-၂၀၁၃ရက်စွဲပါ ဦးဆေးဆူရာချ်(ခ)အောင်အောင် နှင့် နှစ်ဦးသဘောတူ မော်တော်ကားအရောင်းအဝယ်ကတိစာချုပ်၊ ယာဉ်မှတ်ပုံတင်စာအုပ်အမှတ်- ၁၄၁၀၆၄(ဂ)လုပ်ငန်းလိုင်စင်စာချုပ် မြန်မာ့အာမခံလုပ်ငန်း အာမခံစာအုပ်မူရင်းကိုလည်းကောင်း ဦးညီညီဝင်းမှ ၂၃-၆-၂၀၁၈ရက်စွဲပါ နှစ်ဦးသဘောတူ ငွေယုံကြည်အပ်နှံမှုကတိစာချုပ်မူရင်းကိုလည်းကောင်း ယုံကြည်စွာဖြင့် ပေးအပ်ထားခဲ့ကြပါသည်။

သို့ရာတွင် White Rice Restaurant မှမဇာနည်စုကြည်အပေါ် အမှုတိုင်ကြားချက်အရ မင်္ဂလာတောင်ညွန့်(မြို့မ)ရဲစခန်း ပ-၃၅၇/၂၀၁၈ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်နေသည်ဖြစ်၍ ဦးသန်းထွန်းသည် ထိုစာချုပ်စာတမ်းကို ဒေါ်စန်းစန်းဝင်းနှင့် ဦးညီညီဝင်းတို့ထံ ပြန်လည်ပေး အပ်ရမည်ကို ပြန်လည်ပေးအပ်ခြင်းမပြုဘဲ ရယူထားလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ထိုစာချုပ်စာတမ်းများကို ၁၅-၈-၂၀၁၈ရက် နောက်ဆုံးထားပြီး ဒေါ်စန်းစန်း ဝင်းနှင့်ဦးညီညီဝင်းတို့ထံ မပျက်မကွက်ပြန်လည်ပေးအပ်ပါရန်နှင့် ပြန်လည်ပေးအပ်ခြင်းမပြုပါက ဥပဒေအရအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**ဒေါ်စန်းစန်းဝင်း ၁၂/တမန(နိုင်)၀၅၂၄၂၄နှင့်**
**ဦးညီညီဝင်း ၁၂/တမန(နိုင်) ၁၀၄၀၅၂တို့၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းထိန် B.A,H.G.P,R.L,D.B.L,D.M.L**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်-၅၈/၃၊ အဝေရာလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊**
**တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

### အမှားပြင်ဆင်ခြင်း
၃၁-၇-၂၀၁၈ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၂၆)ပါ ဦးသန်းမောင် အမည်ပေါက် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာတွင် ခနိကာ၊ ဝါးကပ်ကာ အဆောက်အအုံ တစ်လုံးအစား နှစ်လုံးဟု ပြင်ဆင်ဖတ်ရှုပါရန်။

### ဖောင်းကြွပျောက်လျှောက်ထားခြင်း
ယာဉ်အမှတ် 9H/ 5366 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)သန်လျင်မြို့**

### ကန့်ကွက်နိုင်ပါကြောင်း
မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ခ)၊ မြေကွက်အမှတ်(၃၂၀/ဘီ၂-ခ)၊ မြေကွက်တည်နေရာအမှတ်(၃၂၀)၊ တုသီတာလမ်းတို့၊ (ခ)ရပ်ကွက်၊ ဒေါ်သန်းတင် ၁၂/ဥကမ(နိုင်) ၀၃၁၁၇၉အမည်ပေါက် နှစ် ၆၀ဂရန်မြေအား မူလအမည်ပေါက် ဒေါ်သန်းတင်ကို တရားပြိုင်ထားကာ ဒေါ်ဦးတင်မှ တရားလိုပြုလုပ်စွဲဆိုသည့် မြောက်ဥက္ကလာပမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်(၁၁၁/၁၇)၏ စီရင်ချက်နှင့် အနိုင်ဒီကရီ၊ တရားမဇာရီမှုအမှတ် (၄၀/၁၇) တရားရုံးနေ့စဉ်မှတ်တမ်း၊ မူလအမည်ပေါက် ဒေါ်သန်းတင်(တရားရှုံး)ကိုယ်စား ဘီလစ်ဒေါ်သူဇာ ၆/ထဝန(နိုင်)၀၂၆၃၄၃အား ဘီလစ်ခန့်စာ၊ ဒေါ်သန်းတင်အမည်ပေါက် ဂရန်မူရင်းတင်ပြ၍ ဘီလစ်ဒေါ်သူဇာက အရောင်းမြေပုံကူးလျှောက်ထားလာသဖြင့် ကွင်းဆင်းစစ်ဆေးရာ မြေပြင်တွင် တစ်ထပ်ပျဉ်ထောင်တစ်လုံး တရားနိုင် ဒေါ်ဦးတင်ကိုယ်တိုင်နေထိုင်သဖြင့် အဆိုပါ ဘီလစ်ဒေါ်သူဇာ ၆/ထဝန(နိုင်)၀၂၆၃၄၃မှ အရောင်းမြေပုံကူးလျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသော အထောက် အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်)
### ပညာရည်ချွန်ဆုပေးပွဲနိုးဆော်ခြင်း

၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲရန်ကုန်ဖြေတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသည့် ဝါးခယ်မနွယ်ဖွားကျောင်းသူ ကျောင်းသားများအား ဆုချီးမြှင့်ပွဲ အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ဂုဏ်ထူးရ ကျောင်းသူ ကျောင်းသားများသည် ၁၃-၈-၂၀၁၈ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ မြို့နယ်အသင်းတိုက်သို့ အမှတ်စာရင်းမူရင်းနှင့် မိတ္တူ(၁)စောင်ဖြင့် သတင်းပေးပို့ကြရန် နိုးဆော်အပ်ပါသည်။

အခြားစာဖြေဌာနများမှ အောင်မြင်သည့် ဝါးခယ်မနွယ်ဖွားများလည်း လျှောက်ထားနိုင်ပါသည်။

**ဆုချီးမြှင့်ပွဲအစီအစဉ်**
**နေ့ရက်** - ၁၉-၈-၂၀၁၈ရက်
**အချိန်** - နံနက် ၉ နာရီ
**နေရာ** - ဝါးခယ်မမြို့နယ်အသင်းတိုက်၊ အမှတ် ၁၂၊ ပထပ်၊ စဥ့်အိုးတန်း(အောက်လမ်း)၊ လသာမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၂၆၅၉၀

**အလုပ်အမှုဆောင်အဖွဲ့**

### ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)
### အောင်ဆန်း(၁၂)သင်တန်းဆင်းအရာရှိများ၏
### (၃၄)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်
### ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် မိသားစုမိတ်ဆုံစားပွဲ
### ဖိတ်ကြားခြင်း(မကွေး/၂၀၁၈)

အောင်ဆန်း(၁၂)သင်တန်းဆင်းအရာရှိများ၏ (၃၄)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့် မိတ်ဆုံစားပွဲကို အောက်ပါအစီအစဉ်အတိုင်း ပြုလုပ်မည်ဖြစ်ပါသဖြင့် မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်-

(၁) ၂၅-၈-၂၀၁၈ရက် (စနေနေ့) နံနက်၉နာရီတွင် မကွေးမြို့၊ မြို့ဟောင်းရပ်၊ ဘုရားလမ်း၊ ခင်ကြီးဒွေးကျောင်းတိုက်၊ ပြည်လုံးချမ်းသာဓမ္မာရုံ၌ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ပြုလုပ်ပါမည်။

(၂) ၂၅-၈-၂၀၁၈ရက် (စနေနေ့) ညနေ ၃ နာရီတွင် မကွေးမြို့၊ အောင်မေတ္တာရပ်ကွက်၊ မြင်းကင်းလမ်း၊ ကြည်နူးရိပ်သာ၌ မိတ်ဆုံစားပွဲပြုလုပ်ပါမည်။

**အောင်ဆန်း(၁၂)မကွေးအဖွဲ့**

### မှတ်ပုံတင်အမှန်
စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့နယ်၊ စန္ဒကူး(၃)ရပ်ကွက်နေ မောင်ရဲထက်၏ဖခင် ဦးလူမော်၏ မှတ်ပုံတင်အမှန်မှာ ၉/ခမစ(နိုင်) ၀၁၅၉၁၂ ဖြစ်ပါကြောင်း။ **ဦးလူမော်**

### မွေးသက္ကရာဇ်အမှန်
ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ သက္ကလမြို့၊ ရွှေပြည်အေးရပ်ကွက်မှ ဦးစန်းဌေး ၇/ကဝန(နိုင်)၀၅၀၅၅၉၏ သမီး မမိုးမိုးမင်း ၇/ကဝန(နိုင်) ၁၂၄၀၀၈၏ မွေးသက္ကရာဇ်အမှန်မှာ ၇-၇-၁၉၉၄ ဖြစ်ပါကြောင်း။

### ကန့်ကွက်နိုင်ပါကြောင်း
နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ်(၄/ရွှေကြာပင်)၊ မြေကွက်အမှတ်(၉၅)၊ ဦးသက်နိုင်ထွန်းအမည်ပေါက်မြေကွက်အတွက် မြေပေးမိန့်ထုတ်ပေးပါရန် ဇနီးဖြစ်သူ ဒေါ်စောနန်းဝေ(ဘ) ဦးထွန်းဝေ ၉/ပမန(နိုင်)၂၂၃၀၂၉မှ မြေချစလစ်၊ ဦးသက်နိုင်ထွန်းသေဆုံးကြောင်း ရွှေကြာပင်ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏ အမွေဆက်ခံပိုင်ဆိုင်ကြောင်းကျမ်းကျိန်လွှာ အမှတ်(၁၂၀/၂၀၁၈)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုစာရင်း၊ ၄င်းမြေကွက်ကိုချထားပေးသည်မှာ မှန်ကန်ကြောင်း အသိသက်သေသုံးဦးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြ၍ မြေပေးမိန့်လျှောက်ထားခြင်းကို ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ခိုင်လုံသောအထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများတင်ပြပြီး ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်း နှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခြင်း
ပဲခူးမြို့၊ ဟသ်ာလမ်း၊ ရှင်စောပုရပ်ကွက်နေ ဦးအောင်ဇော်ထိုက် ၇/ပခန(နိုင်)၀၇၃၆၂၈နှင့် ပဲခူးမြို့၊ မဟာဘောဂလမ်း၊ ပြည်ထောင်စုရပ်ကွက်နေ ကျွန်မ ဒေါ်မေပပနိုင် ၁၂/မဂဒ(နိုင်)၀၀၁၆၁၁တို့သည် စိတ်သဘောထားချင်း တိုက်ဆိုင်မှုမရှိတော့ပါသဖြင့် ၂-၈-၂၀၁၈ရက်တွင် တရားဝင် ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ဒေါ်မေပပနိုင် ၁၂/မဂဒ(နိုင်)၀၀၁၆၁၁**

### ဦးသန်းဝင်းနှင့် အများသိစေရန်ကြေညာခြင်း
မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ ကျားပုံလမ်း(ပန်းပင်ကုန်း)၊ အမှတ်(၃၇)၊ နေအိမ်တည်ရှိရာ မြေကွက်အား အမွေပုံပစ္စည်းခွဲဝေပေးစေလိုမှုအဖြစ် ရန်ကုန်အနောက်ပိုင်းခရိုင် တရားရုံးတွင် တရားမကြီးမှုအမှတ် ၁၉၁/၂၀၁၇ဖြင့် တရားလို ဒေါ်ခင်မြင့်က လက်ရှိနေထိုင်သူ ဦးသန်းဝင်းအပါအဝင် တရားပြိုင်(၇)ဦးအပေါ် တရားစွဲဆိုထားပြီး အမွေဆိုင်မြေပေါ်တွင် ဆက်သွယ်ရေးတာဝါတိုင် ဆက်လက် ငှားရမ်းခြင်းကို ၄င်းဆက်သွယ်ရေးကုမ္ပဏီတည်ရှိရာ ဗဟန်းမြို့နယ်(Myanmar Centre)တာဝါ(၁)၊ ကမ္ဘာအေးဘုရားလမ်း၊ အမှတ်(၁၉၂)ရုံးခန်းသို့ တရားလို ဒေါ်ခင်မြင့်ကိုယ်တိုင် ၁၈-၇-၂၀၁၈ရက်စွဲပါစာဖြင့် ကန့်ကွက်စာပို့ထားပြီးကြောင်းနှင့် ဖြစ်ပေါ်လာမည့် နစ်နာမှုအဝဝသည် ဦးသန်းဝင်းနှင့်သာ သက်ဆိုင်ကြောင်း ဦးသန်းဝင်းနှင့်အများသိစေရန်ကြေညာအပ်ပါသည်။
**ဒေါ်ခင်မြင့် ၁၂/ဗဟန(နိုင်) ၀၀၄၇၃၂**
**အမှတ်(၅)၊ စွယ်တော်ကန်ပတ်လမ်း၊ (၅)ရပ်ကွက်၊**
**မရမ်းကုန်းမြို့နယ်**

### ချင်းပြည်နယ်အစိုးရအဖွဲ့
### စည်ပင်သာယာရေး၊ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာန
### ချင်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့
### ကားကြီးကွင်းတည်ဆောက်ရေးအတွက်လုပ်ငန်းရှင် Developer များအား
## လျှောက်လွှာခေါ်ယူခြင်း

၁။ ချင်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ ဟားခါးမြို့နယ်တွင် ကားကြီးကွင်းတည်ဆောက်မည့်ကိစ္စရပ်အား Developer များနှင့် စည်ပင်သာယာရေးအဖွဲ့ ပူးပေါင်းပြီး အကောင်အထည်ဖော်ဆောင်ရွက်လိုပါသည်-
(က) ဟားခါးမြို့အောင်ဆန်းစုကြည်လမ်းတွင် ကားကြီးကွင်းတည်ဆောက်ခြင်း
(ခ) ဟားခါးမြို့၊ ထန်တလန်လမ်းတွင် ကားကြီးကွင်းတည်ဆောက်ခြင်း
(ဂ) ဟားခါးမြို့၊ ဗန်ကူလ့်လမ်းတွင် ကားကြီးကွင်းတည်ဆောက်ခြင်း

၂။ သို့ဖြစ်ပါ၍ မြို့တော်အင်္ဂါရပ်နှင့် လျော်ညီသည့်ကားကြီးကွင်းတည်ဆောက်ပြီး အများပြည်သူယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ချင်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့နှင့် Developer များအကျိုးတူပူးပေါင်းတည်ဆောက်ရန် ရင်းနှီးမြှုပ်နှံလိုသော လုပ်ငန်းရှင်များမှ ချင်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့၊ ဟားခါးမြို့သို့အောက်ပါအတိုင်း သတ်မှတ်သောပုံစံဖြင့် လျှောက်ထားနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) **လျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၂-၈-၂၀၁၈ရက်
(ခ) **လျှောက်လွှာပိတ်မည့်ရက်၊အချိန်** - ၂၄-၈-၂၀၁၈ရက် ညနေ ၄နာရီတိတိ
(ဂ) **ဖွင့်မည့်ရက်၊ အချိန်** - ၂၇-၈-၂၀၁၈ရက် ၁၀နာရီတိတိ
(ဃ) **လျှောက်လွှာတင်သွင်းရမည့်နေရာ** - ချင်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဖုန်း-၀၇၀-၂၁၃၂၁၊ ၀၉-၄၀၀၃၀၈၀၉၆၊ ၀၉-၄၅၉၅၉၇၄၄၇၊ ၀၉-၄၄၄၄၃၁၂၈၂

၃။ စည်းကမ်းချက်များကို ချင်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတွင် ရယူနိုင်ပါသည်။

**ချင်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့**

### လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
### ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
### (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

ခရိုင်(၄)ခရိုင်အတွင်းရှိ လမ်းမီးများတပ်ဆင်ထွန်းညှိရန်အတွက် လိုအပ်သော လမ်းမီးနှင့်ဆက်စပ်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါသည်။

တင်ဒါပုံစံ စတင်ရောင်းမည့်ရက် - (၈.၈.၂၀၁၈)
တင်ဒါပိတ်မည့်ရက် - (၂၂.၈.၂၀၁၈)
တင်ဒါပိတ်မည့်အချိန် - (၁၄ : ၀၀) နာရီ

တင်ဒါပုံစံနှင့် အသေးစိတ် အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊
ပစ္စည်းစီမံရေးဌာန၊ ရန်ကုန်မြို့
အမှတ်(၁၉၇/၁၉၉)အောက်ကြည့်မြင်တိုင်လမ်း
အလုံမြို့နယ်၊ ဖုန်း၊ ၀၁-၂၂၀၈၁၆

### ဖခင်အမည်မှန်
တောင်ကြီးမြို့၊ အထက(၁၀) တက္ကသိုလ်ဝင်တန်း(B)မှ မောင်သီဟန်ဘွား၏ ဖခင်အမည်မှန်မှာ ဦးဝင်းမင်းသန့် ၉/မခန(နိုင်) ၁၅၀၅၈၉ ဖြစ်ပါကြောင်း။
**ဦးဝင်းမင်းသန့်**

### ဖခင်အမည်မှန်
မကွေးတိုင်းဒေသကြီး၊ စလင်းမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်း(ဆ)မှ မသိမ့်သိမ့်ဇော်နှင့်ကုန်းခြားရွာ၊ အလက ပဋ္ဌမတန်းမှ မောင်မင်းသက်ဇော်တို့၏ ဖခင်အမည်မှန်မှာ ဦးဒေါင်းဗိုလ် ၈/စလန(နိုင်)၁၃၀၅၄၂ဖြစ်ပါသည်။ **ဦးဒေါင်းဗိုလ်**

### မိဘအမည်မှန်
မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့၊ အထကတက္ကသိုလ်ဝင်တန်း(A)မှ မခိုင်မာဦး၊ (၄)မိုင် အထက(ခွဲ) ဆဋ္ဌမတန်းမှ မရွှေဇင်ဝင်းနှင့် တတိယတန်းမှ မယဉ်မိုးဦးတို့၏မိဘအမည်မှန်မှာ ဦးဇော်ဝင်းနိုင်နှင့် ဒေါ်မာမာစိုးတို့ဖြစ်ပါကြောင်း။
**ဦးဇော်ဝင်းနိုင်-ဒေါ်မာမာစိုး**

### ဖခင်အမည်မှန်
ဝါးခယ်မမြို့နယ်၊ အလက(ခွဲ) အနောက်စု အဋ္ဌမတန်းမှ မထွန်းနန္ဒာဦး၏ဖခင်အမည်မှန်မှာ မောင်ကျော်လင်းထွန်း ၁၄/ဝခမ(နိုင်)၁၅၈၅၇၈ ဖြစ်ပါသည်။

**မြေကွက်များဈေးကောင်းပေးဝယ်လိုသည်**
ဒဂုံမြို့သစ်၊ (အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်း) တို့တွင် မြေကွက်များဝယ်လိုသည်။
**အိမ်အရောက် ငွေချေနှစ်၊ ပွဲခပေးရန်မလို**
ဖုန်း 01-2339310,01-2339355,01-578044

### ဦးလင်းထိုက် (MD) Chan Myae Tharyar Co.Ltd
**အမှတ် ၁၆၉၂၊ ၁၅လမ်း၊ ပေါင်းလောင်း(၃)ရပ်ကွက်၊ ပျဉ်းမနားမြို့နယ်၊ နေပြည်တော်**
### သိသာစေရန်ကြေညာချက်

အထက်အမည်ပါ ဦးလင်းထိုက်သည်ကျွန်ုပ်၏မိတ်ဆွေ ဦးဇော်ဦး ၁၂/ကမတ(နိုင်)၀၄၅၂၁၁ပိုင်ဆိုင်သော ရန်ကုန်မြို့၊ စော်ဘွားကြီးကုန်း K.Z.O သံချောင်းနှင့် ဘိလပ်မြေရောင်းဝယ်ရေးလုပ်ငန်းနှင့် ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အေးမေတ္တာသစ်ခွဲသားရောင်းဝယ်ရေးလုပ်ငန်းထံမှ စုစုပေါင်း ၇၄၉၀၁၅၆ကျပ်တန်ဖိုးရှိ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့်သစ်ခွဲသားများကိုကျသင့်သောတန်ဖိုးငွေများပေးချေမည်ဟူ၍ ယုံကြည်အောင်ပြောဆိုလျက် ရယူသွားခဲ့သော်လည်း အဆိုပါပစ္စည်းများ၏ တန်ဖိုးငွေများနှင့် သယ်ယူပို့ဆောင်ခ စရိတ်များကို ပေးအပ်ခြင်းမပြုဘဲ ပျက်ကွက်ခဲ့ပါသည်။

ထို့ကြောင့် ဦးဇော်ဦး၏ရှေ့နေမှတစ်ဆင့် ၅-၃-၂၀၁၈ရက်စွဲပါ အကြောင်းကြားစာကိုပေးပို့၍ အဆိုပါ ပစ္စည်းဖိုးငွေများနှင့်စရိတ်များကို တောင်းခံခဲ့သော်လည်း ဦးလင်းထိုက်မှ အကြောင်းအမျိုးမျိုးပြကာ ပေးအပ်မှုမပြုခဲ့ပါ။

သို့ပါ၍ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ဦးဇော်ဦးထံသို့ အဆိုပါပစ္စည်းတန်ဖိုးငွေနှင့်စရိတ်ငွေစုစုပေါင်း ကျပ် ၇၇၀၁၀၀၀နှင့် နစ်နာကြေးငွေကိုလည်းကောင်း၊ (သို့မဟုတ်) မမှန်မကန်ယုံကြည်အောင်ပြောဆိုကာ ရယူသွားသော ဆောက်လုပ်ရေးပစ္စည်းများ/သစ်များကိုလည်းကောင်း ဦးဇော်ဦးထံသို့ အမြန်ဆုံး လာရောက်ပေးအပ်ပါရန်နှင့် ပျက်ကွက်ပါကတည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်တော့မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးဇော်ဦး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်စောဦး(တရားလွှတ်တော်ရှေ့နေ) စဥ် ၆၇၀၂/၁၉၉၈**
**ရုံး- အခန်းအမှတ်(၂၀၇)၊ (United Condo)၊ နဝဒေးလမ်းနှင့်**
**အလံပြဘုရားလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့**

## စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်း ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲစစ်ဆေးခြင်း

၁။ စစ်တက္ကသိုလ်ဗိုလ်လောင်း၊ တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းနှင့် တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်း လျှောက်လွှာတင်သွင်းထားသူများသည် ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို အောက်ပါအတိုင်းဖြေဆိုကြရမည်-

(က) **တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၈ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်နေ့**တွင် အောက်ပါအတိုင်းဖြေဆိုရမည်-

(၁) **အင်္ဂလိပ်စာ** **၀၉၀၀** နာရီမှ **၁၁၀၀** နာရီအထိ။

(၂) **ဇီဝဗေဒ** **၁၃၀၀** နာရီမှ **၁၅၀၀** နာရီအထိ။

(ခ) **တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၈ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့**တွင် အောက်ပါအတိုင်းဖြေဆိုရမည်-

(၁) **အင်္ဂလိပ်စာ** **၀၉၀၀** နာရီမှ **၁၁၀၀** နာရီအထိ။

(၂) **သင်္ချာ** **၁၃၀၀** နာရီမှ **၁၅၀၀** နာရီအထိ။

(ဂ) **စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၈ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့**တွင် အောက်ပါအတိုင်းဖြေဆိုရမည်-

(၁) **အင်္ဂလိပ်စာ** **၀၉၀၀** နာရီမှ **၁၁၀၀** နာရီအထိ။

(၂) **သင်္ချာ** **၁၃၀၀** နာရီမှ **၁၅၀၀** နာရီအထိ။

၂။ စာမေးပွဲများကို အောက်ဖော်ပြပါနေရာများတွင် ဖြေဆိုကြရမည်-

(က) **နေပြည်တော်** အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်းခန်းမ။

(ခ) **မြစ်ကြီးနားမြို့** တိုင်းစစ်ဌာနချုပ်၊ ဗလမင်းထင်ခန်းမ။

(ဂ) **လားရှိုးမြို့** တိုင်းစစ်ဌာနချုပ်ခန်းမ။

(ဃ) **တောင်ကြီးမြို့** တိုင်းစစ်ဌာနချုပ်၊ မိုးလုံလေလုံအားကစားခန်းမ။

(င) **နမ့်စန်မြို့** နမ့်စန်လေတပ်စခန်းဌာနချုပ်ခန်းမ။

(စ) **ကျိုင်းတုံမြို့** တိုင်းစစ်ဌာနချုပ်၊ ပြည်ငြိမ်းအေးခန်းမ။

(ဆ) **မော်လမြိုင်မြို့** အထက၊ ရွှေနတ်တောင်။

(ဇ) **မြိတ်မြို့** တိုင်းစစ်ဌာနချုပ်၊ တိုင်းရန်အောင်ခန်းမ။

(ဈ) **ရန်ကုန်မြို့** အထက(၂)၊ မင်္ဂလာဒုံ။

(ည) **ပုသိမ်မြို့** တိုင်းစစ်ဌာနချုပ်၊ ဧရာဝတီခန်းမ။

(ဋ) **အမ်းမြို့** တိုင်းစစ်ဌာနချုပ်၊ အမ်းတောင်ခန်းမ။

(ဌ) **မုံရွာမြို့** အထက(၂)၊ အလုံတပ်ကျောင်း။

(ဍ) **မန္တလေးမြို့** အထက(၁၈)၊ နန်းမြို့။

(ဎ) **တောင်ငူမြို့** တိုင်းစစ်ဌာနချုပ်၊ အေးချမ်းဖြိုးခန်းမ။

၃။ မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်၊စာစစ်ဌာနများတွင် ဖြေဆိုကြရမည်။ လျှောက်လွှာတင်သွင်းသူအားလုံး ဝင်ခွင့်စာမေးပွဲဖြေဆိုရန် အတည်ပြုရွေးချယ်သည်။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်ဖြစ်သည်။ မိမိတို့လျှောက်လွှာထုတ်ယူရာ တိုင်းစစ်ဌာနချုပ်များတွင် **ဖြေဆိုရမည့်ခုံအမှတ်နှင့်ဖြေဆိုရမည့်နေရာများ**ကို သွားရောက်ကြည့်ရှုနိုင်သည်။

၄။ စာမေးပွဲဖြေဆိုရန်လာရောက်သည့်အခါ **နိုင်ငံသားစိစစ်ရေးကတ်**ကို တစ်ပါတည်းယူဆောင်လာရမည်။ **နိုင်ငံသားစိစစ်ရေးကတ်** တင်ပြနိုင်ခြင်းမရှိသူများအား ဖြေဆိုခွင့်မပြုပါ။

၅။ အသေးစိတ်သိရှိလိုပါက **သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်၊စာစစ်ဌာနများ**တွင် စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## ပါမောက္ခ ဒေါက်တာဦးမြတူ (M.B,B.S) (Rgn) Ph.D (Edin)

**ပါမောက္ခ(ငြိမ်း)၊ ဌာနမှူး၊ ဇီဝဗေဒဌာန၊ ရန်ကုန်ဆေးတက္ကသိုလ်(၁)နှင့်(၂)**

**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ဆေးသုတေသနဦးစီးဌာန**

**Director of Health System Infrasturcture (WHO)**

**South East Asian Regional Office (SEARO)**

**အသက်(၉၂)နှစ်**

(ဦးဘတူ-ဒေါ်မြကြည်)တို့၏သား၊ ဒေါက်တာဒေါ်ခင်သက်ထား၏ ချစ်လှစွာသော ခင်ပွန်း၊ ဒေါ်ခင်မြမေ-ဦးကိုကိုစိုး၊ ဒေါ်ခင်ဝင်းမေ-ဦးအေးချို၊ ဦးအောင်သက်တူ၊ Teri Lyn Tu တို့၏ ချစ်လှစွာသောဖခင်ကြီး၊ မြေးခြောက်ယောက်တို့၏ချစ်လှစွာသော ဘိုးဘိုးကြီးသည် ၆-၈-၂၀၁၈ရက်တွင် ဩစတြေးလျနိုင်ငံ၊ ကင်ဘာရာ (Canberra)မြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား ဝမ်းနည်းစွာ အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ တန်ဆောင်း ဒါယကာကြီး

### ဦးဘနှင်းချစ် (ပခုက္ကူ)

**ညွှန်ကြားရေးမှူး(ငြိမ်း)၊ ဆည်မြောင်းဦးစီးဌာန**

**အသက်(၈၃)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ အမှတ်(27,A-2)နေ (ဦးချစ်-ဒေါ်ခင်သန်း)တို့၏သား၊ (ဦးအုန်းဖေ-ဒေါ်မြစိန်)တို့၏သားသမက်၊ (ဒေါ်ထားထားရီ)၏ခင်ပွန်း၊ ဒေါ်ခိုင်မြတ်ချစ်-ဦးသန်းထိုက်၊ ဒေါ်အေးမြတ်ချစ်၊ ဒေါ်စုမြတ်ချစ်-ဦးမောင်မောင်ကြီးတို့၏ဖခင်၊ မဆုရည်သန်းထိုက်၊ မဇေကရီသန်းထိုက်တို့၏အဘိုးသည် ၆-၈-၂၀၁၈ရက်(တနင်္လာနေ့) နံနက် ၁၁:၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၈-၂၀၁၈ရက် (သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ တန်ဆောင်း ဒါယကာကြီး

### ဦးဘနှင်းချစ် (ပခုက္ကူ)

**ညွှန်ကြားရေးမှူး(ငြိမ်း)၊ ဆည်မြောင်းဦးစီးဌာန**

**အသက်(၈၃)နှစ်**

ရန်ကုန်မြို့နေ (ဦးချစ်-ဒေါ်ခင်သန်း)တို့၏သား၊ (ဒေါ်ထားထားရီ)၏ ခင်ပွန်း၊ (ဒေါ်ခင်သန်းချစ်)၊ ဒေါ်ခင်စန်းချစ်-(ဦးအုန်းကျော်)၊ (ဒေါ်ခင်ဝမ်းချစ်-ဦးအေး)၊ (ဦးဘလင်းချစ်-ဒေါ်ခင်ထားလတ်)၊(ဦးဘဝင်းချစ်-ဒေါ်ခင်ထားကြည်)တို့၏ညီ/မောင်၊ (ဦးဘသင်းချစ်-ဒေါ်မြင့်မြင့်လွင်)၊ ဗိုလ်မှူးချုပ်ဘဌေးချစ် (သံအမတ်ကြီး၊ ငြိမ်း)-ဒေါ်ခင်သိန်း၊ ဦးဘထွေးချစ်၊ ဒေါ်နွယ်မာလာချစ်-(ဦးသိန်းဟန်)တို့၏အစ်ကိုသည် ၆-၈-၂၀၁၈ရက်(တနင်္လာနေ့) နံနက် ၁၁:၂၅ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁၀-၈-၂၀၁၈ရက်(သောကြာနေ့)ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမောင်နှမများ

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

### ဦးဘနှင်းချစ် (ပခုက္ကူ)

**ညွှန်ကြားရေးမှူး(ငြိမ်း)**

**ဆည်မြောင်းဦးစီးဌာန**

**အသက်(၈၃)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ အမှတ်(27,A-2)နေ ဦးဘနှင်းချစ်[ညွှန်ကြားရေးမှူး(ငြိမ်း)၊ ဆည်မြောင်းဦးစီးဌာန]သည် ၆-၈-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၁၁:၂၅နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါ၍ မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းမိသားစုများ**
**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

### ဦးဘနှင်းချစ် (ပခုက္ကူ)

**ညွှန်ကြားရေးမှူး(ငြိမ်း)**

**ဆည်မြောင်းဦးစီးဌာန**

**အသက်(၈၃)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ အမှတ်(27,A-2)နေ ဦးဘနှင်းချစ်[ညွှန်ကြားရေးမှူး(ငြိမ်း)၊ ဆည်မြောင်းဦးစီးဌာန]သည် ၆-၈-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၁၁:၂၅နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါ၍ မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းမိသားစုများ**
**တည်ဆောက်ရေး(၉)**
**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်ဖြူဖြူဝင်း

**အသက်(၄၆)နှစ်**

လှည်းကူးမြို့နယ်၊ စာဖူးတောင်းကျေးရွာနေ (ဦးခင်သောင်း-ဒေါ်ကျင်စိန်)တို့၏သမီး၊ အင်းစိန်မြို့နယ်နေ ဦးတင်အောင်(ဒုညွှန်မှူး၊ ငြိမ်း)-ဒေါ်တင်တင်အေးတို့၏သမီးချွေးမ၊ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်နေ ဦးစိုးမင်း-(ဒေါ်နွယ်နီ)၊ လှည်းကူးမြို့နေ (ဦးဝင်းမောင်)-ဒေါ်သန်းသန်းလွင်၊ (ဒေါ်လှလှဝေ)၊ (ဦးမောင်မြင့်)-ဒေါ်စန်းစန်းဝင်းတို့၏ညီမ၊ ထန်းတပင်မြို့နေ ဦးကျော်ကျော်မောင်-ဒေါ်တင်နွယ်အေး၊ အင်းစိန်မြို့နယ်၊ အောင်ဇေယျအိမ်ရာ၊ တိုက် ၂၆၊ အခန်း ၁၀၄နေ ဦးမျိုးမင်းသန်း-ဒေါ်ယဉ်ယဉ်မြင့်(Tops Kids-မူကြို)၊ မရီရီသန်းတို့၏အစ်မ၊ မောင်စိုးစနိုင်၏မိခင်၊ ဦးဘုန်းမြင့်အောင်(မြင့်တက်ကုမ္ပဏီ)၏ ချစ်လှစွာသောဇနီးသည် ၅-၈-၂၀၁၈ရက်(တနင်္ဂနွေနေ့) နံနက် ၄:၁၅နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၇-၈-၂၀၁၈ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁:၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၁-၈-၂၀၁၈ရက် (စနေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး

### ဒေါ်တင်စိန်

**အသက်(၈၈)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ သစ္စာလမ်း၊ အမှတ် ၉၆၄/ခနေ (ဦးပု-ဒေါ်မြညွန့်)တို့၏ သမီး၊(ဒေါ်မြသိန်း)၊ ဒေါ်အေးရွှေ၊ (ဒေါ်အေးကြွေ)၊ (ဦးလှသွင်)၊ (ဦးတင်စိုး)၊ (ဦးတင်သိန်း)တို့၏အစ်မ၊ (ဦးဟုတ်စိန်)၏ဇနီး၊(ဦးမြင့်အောင်)-ဒေါ်ခင်ဝင်းငွေ၊ ဦးမိုးဟိန်း-ဒေါ်ချိုဝင်းမော်၊ဒေါ်ချိုမွေး တို့၏မိခင်၊ မသဇင်မြင့်အောင်၊ မောင်ချစ်ဘိုဘိုဝင်း-မသင်းသင်းလှဲ့၊ (မောင်သီဟဟိန်း)၊ မောင်ဖြိုးညီအောင်-မဆွေဇင်ထွန်း၊ အောင်သူရဟိန်း-မကြာညိုသင်းတို့၏အဘွား၊ မြစ်နှစ်ယောက်တို့၏ အဘွားသည် ၅-၈-၂၀၁၈ရက်(တနင်္ဂနွေနေ့)ညနေ ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၈-၂၀၁၈ရက်(အင်္ဂါနေ့)ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁:၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၁-၈-၂၀၁၈ ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

### ဦးခင်အောင်ကြိုင်(ခ) ကိုသားကြီး

**အကောက်ခွန်ဦးစီးဌာန**

**အသက်(၆၀)**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ အောင်မေတ္တာလမ်း၊ အမှတ် ၁၀(ပထမထပ်-ဝဲ)နေ (ဦးလှကြိုင်-ဒေါ်မေမေတင်)တို့၏သား၊ ဦးတင်အေး-ဒေါ်ညွန့်ခင်တို့၏သားသမက်၊ ဒေါ်ကေသီအေး၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးစိုးသန့်)၊ ဦးမျိုးသန့်၊ ဦးအောင်ကျော်သန့်-ဒေါ်ရီရီသန့်၊ ဦးဇော်မြင့်ထွန်း-ဒေါ်အေးမြတ်မွန်၊ ဦးကျော်ကျော်ခိုင်-ဒေါ်စုစုထွေးတို့၏အစ်ကို၊ တူ၊ တူမ လေးယောက်တို့၏ဘကြီးသည် ၆-၈-၂၀၁၈ရက် နံနက် ၅:၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၈-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၂-၈-၂၀၁၈ရက် နံနက် ၇နာရီမှ ၁၁နာရီအထိ မရမ်းကုန်းမြို့နယ်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ ရွှေကျင်ကျောင်းသစ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ကိုထွန်းထွန်းလင်း

**အသက်(၄၃)နှစ်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၆/အရှေ့ရပ်ကွက်၊ ဂုဈေးလမ်း၊ အမှတ် ၁၀၅၅နေ(ဦးသန်းထွန်း)-ဒေါ်အမာတင် (သန်းထွန်းသစ်ဆိုင်)တို့၏သား၊ ဗိုလ်မှူး သိန်းဦး-ဒေါ်သစ်သစ်ထွန်း၊ မပွင့်သူခိုင် တို့၏အစ်ကို၊ မောင်ဖွဲ့ခန့်ဦး၏ဦးလေး သည် ၆-၈-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၄:၅၀နာရီတွင် ကွယ်လွန်သွား ပါသဖြင့် ၈-၈-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၈-၂၀၁၈ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း

### ဘဒ္ဒန္တသေဋ္ဌိလာဘိဝံသ

**(သာသနဓဇသိရီပဝရ ဓမ္မာစရိယ)**

**ဘုရားကြီးကျောင်းတိုက်၊ ဓမ္မိကျေးရွာ၊ ဟင်္သာတမြို့နယ်**

**သက်တော်(၉၀)၊ သိက္ခာတော်(၇၁)ဝါ**

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ ဟင်္သာတမြို့နယ်၊ ဓမ္မိတိုက်နယ်၊ ဓမ္မိကျေးရွာ၊ ဘုရားကြီးကျောင်းတိုက်၏ ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တ သေဋ္ဌိလာဘိဝံသ မဟာထေရ်မြတ်ကြီးသည် (၁၃၈၀ပြည့်နှစ် ဒုတိယဝါဆိုလ ပြည့်ကျော် ၉ရက်) ၅-၈-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၈:၂၄နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်ကို (၁၃၈၀ပြည့်နှစ် ဒုတိယဝါဆိုလပြည့်ကျော် ၁၂ရက်) ၈-၈-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ၁နာရီ စံကျောင်းတော်ချ အခမ်းအနားကျင်းပပြီး (၁၃၈၀ပြည့်နှစ် ဒုတိယ ဝါဆိုလပြည့်ကျော် ၁၃ရက်) ၉-၈-၂၀၁၈ရက်(ကြာသပတေးနေ့)မွန်းလွဲ ၁နာရီ တွင် အန္တိမအဂ္ဂိစျာပန သာဓုကီဠနပူဇာသဘင် ဆင်ယင်ကျင်းပပူဇော်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ တပည့်ဒါယကာ၊ ဒါယိကာမများအား အကြောင်းကြားအပ်ပါသည်။

တပည့်သံဃာတော်များနှင့်
စျာပနကျင်းပရေးကော်မတီ

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ မုခ်ဦး ဒါယကာကြီး

### ဦးကျင်စွမ် (ကျောက်တန်းမြို့)

**အသက်(၉၆)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ အနောက်ပိုင်းရပ်ကွက်၊ မင်းကျောင်းလမ်း၊ အမှတ် ၂၀နေ ဒေါ်ရှုဟုန်(လင်းလက်ကြယ် လျှပ်စစ်)၏ ခင်ပွန်း၊ ဒေါ်ကျင်ထွေး၏အစ်ကို၊ ဦးမျိုးအောင်(UPG Co.,Ltd)၊ ဦးအောင်မိုးခိုင်-ဒေါ်ချိုချိုမာ၊ ဒေါ်ခင်သီတာချို၊ ဦးအောင်ကျော်ခိုင်တို့၏ ဖခင်သည် ၆-၈-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၁၀:၃၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၈-၈-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ကျောက်တန်းမြို့အနောက်ပိုင်းသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၂-၈-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဦးလှနွယ် (သရက်မြို့)

**အသက်(၈၆)နှစ်**

သရက်မြို့၊ အမှတ် ၃၃၄၊ နတ်စင်လမ်းနေ(ဦးတိုက်ကြီး-ဒေါ်ဖွံ)တို့၏သား၊ ဗိုလ်မှူးတင့်လွင်(ငြိမ်း)-ဒေါ်သန်းငွေမာ၊ ဦးယုနိုင်(သရက်အသင်း-ဒုဥက္ကဋ္ဌ၊ ရန်ကုန်)-ဒေါ်စုစုကြည်၊ ဦးအောင်စိုးမင်း-ဒေါ်စန်းတင်တို့၏ဖခင်၊ ကိုကျော်စွာအောင်-မစုမြတ်နိုင်၊ ဒေါက်တာသစ်မင်းဆွေ-မချစ်သဥ္ဇာဖူးဝေ၊ ကိုထူးမြတ်အောင်၊ ဗိုလ်ကြီးရဲမင်းဦး၊ ကိုဇော်ဝဏ္ဏ-မကြည်စင်ဝင်းလှဲ့နိုင်၊ မရွှေယမင်းဥမ္မာတို့၏အဘိုး၊ သတိုးမြတ်ဇေယျာအောင်၊ အမရာချစ်သစ်စံ၊ ဝင့်ယသော်လင်းတို့၏အဘီသည် ၄-၈-၂၀၁၈ရက် ည ၁၀:၁၅နာရီတွင် သရက်မြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၆-၈-၂၀၁၈ရက် ညနေ ၃နာရီတွင် သရက်မြို့(မြို့မ)သုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

---

ရဟန်း၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်စိန်စိန်

**အသက်(၈၃)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ သီရိရတနာရပ်ကွက်၊ နီလာလမ်း၊ အမှတ် ၂၁နေ (ဦးဖိုးမှန်-ဒေါ်ငြိမ်းမယ်)တို့၏သမီး၊ (ဗိုလ်မှူးဘိုထွေး)၏ချစ်လှစွာသောဇနီး၊ဦးညွန့်လှိုင်-ဒေါ်သဇင်နွယ်၊ဦးကြည်နိုင်-ဒေါ်ခင်နှင်းဆီ၊ဦးရဲခေါင်မြင့်-ဒေါ်မဥ္ဇူခိုင်၊ ဦးဝင်းနိုင်-Phan Quynh Anh တို့၏မိခင်ကြီး၊ ကိုဘိုအောင်၊ ကိုမျိုးမင်းဟန်-မမီမီလှိုင်၊ မသီဂီရဲခေါင်တို့၏အဘွားသည် ၅-၈-၂၀၁၈ရက် (တနင်္ဂနွေနေ့) ည ၈:၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၈-၂၀၁၈ရက် (အင်္ဂါနေ့)မွန်းတည့် ၁၂နာရီတွင် မှော်ဘီမြို့နယ် တပ်ကြီးကုန်းသုသာန်၌သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၁-၈-၂၀၁၈ရက် (စနေနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း၊ ကန်၊ ကား ဒါယကာကြီး

### ဦးသက်တိုးအောင်

**အသက်(၆၅)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ကုန်းဘောင်(၁၄) လမ်း၊ အမှတ် ၁၁၆၆နေ (ဦးသန်းတင်)-ဒေါ်ရင်ဥတို့၏သား၊ (ဦးမြင့်ကြည်)-ဒေါ်လှမြင့်တို့၏သားသမက်၊ ဒေါ်ခင်စိုးဦး (လက်ထောက် ညွှန်ကြားရေးမှူး၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်)၏ခင်ပွန်း၊ ဗိုလ်ကြီးကျော်ဇင်ဝေ-ဒေါက်တာခင်သီဂီတိုး(လ/ထကထိက၊ ဓာတုဗေဒဌာန၊ ဒဂုံတက္ကသိုလ်)၊ ကိုရှိုင်းဝဏ္ဏအောင်-မဇင်ဇင်သန့်တို့၏ဖခင်၊ ဗိုလ်မှူးကြီးကျော်စိုး-ဒေါက်တာဝါဝင်းထိုက်၊ (ဦးသက်နိုင်)-ဒေါ်အေးအေးဆွေ၊ ဦးစိုးမြင့်-ဒေါ်ခင်မာသင်(လ/ထအထွေထွေမန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်)တို့၏အစ်ကို၊ မောင်ရှိုင်းထွဋ်ဇင်၏အဘိုးသည် ၆-၈-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ဝဝ:၂၅နာရီ တွင်ကွယ်လွန်သွားပါသဖြင့် ၈-၈-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီ တွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀:၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၈-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

### ဆရာမကြီး ဒေါ်သိန်းခ

ကျေးဇူးရှင် ဆရာမကြီးသည် ၂-၈-၂၀၁၈ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**တပည့်များ**
**ဦးစိုးမြင့်၊ (ဒေါ်သင်းသင်းစိန်)၊ ဦးဘုန်းမြင့်၊**
**ဒေါ်ခင်ခင်ငွေ**
**မောင်နှမတစ်စု**
**ဈေးချောင်းလမ်း၊ ပုသိမ်မြို့**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း

### ဆရာတော် ဘဒ္ဒန္တပါရိန္ဒ

**သက်တော်(၇၀)၊ သိက္ခာတော်(၅၀)**

ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကမ်းမြို့နယ်၊ ရဲရိပ်သာရပ်ကွက်၊ ဗိုလ်တထောင်ဘုရားကြီးတိုက်၊ အလင်းရောင်ကျောင်း ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တပါရိန္ဒ မဟာထေရ်မြတ်သည် (၁၃၈၀ပြည့်နှစ် ဒုတိယဝါဆိုလပြည့်ကျော် ၉ရက်) ၅-၈-၂၀၁၈ရက် (တနင်္ဂနွေနေ့) ညနေ ၅:၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၀ပြည့်နှစ် ဒုတိယဝါဆိုလပြည့်ကျော် ၁၃ရက်) ၉-၈-၂၀၁၈ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် အန္တိမစျာပန သာဓုကီဠနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ကြောင်း ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။(ကျောင်းတိုက်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

စျာပနဖြစ်မြောက်ရေးကော်မတီ
အလင်းရောင်ကျောင်း

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း

### ဘဒ္ဒန္တဝဏ္ဏိတ(ခ)ဆရာဦးလှဝင်း

**သေက္ခုတောင်ကျောင်းတိုက်**

**သေက္ခုတောင်(ကျိုက်ထို)**

**သက်တော်(၇၂)နှစ်၊ သိက္ခာတော်(၁၀)ဝါ**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မလွကုန်း ငွေကြွယ်(က)ရပ်ကွက်၊ ကျိုက္ကဆံလမ်း၊ အမှတ် ၂၉၄နေ(ခမည်းတော် ဦးအေးမောင်-မယ်တော်ဒေါ်တင်ရွှေ)တို့၏သား၊ ဒေါ်သင်းသင်းကြည်၏မောင်၊ (ဦးတင်အုန်း)၊ အရှင်နရိန္ဒ (နန္ဒဝန်အလယ်ကျောင်း ဆရာတော်)၊ (ဒေါ်မြင့်မြင့်ဝင်း)၊ ဒေါ်ငွေငွေတင်၊ (ဒေါ်တင်တင်သိန်း)၊ ဒေါ်သင်းသင်းရီတို့၏အစ်ကို၊ မဥမ္မာမော်၊ မတင့်တင့်ခိုင်၊ ဗိုလ်မှူးမင်းသူအောင်တို့၏ဘကြီးသည် ၆-၈-၂၀၁၈ရက်(တနင်္လာနေ့)နံနက် ၆:၃၀နာရီတွင်သျှင်ပါကူဆေးရုံ၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်ကို ၈-၈-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၈-၂၀၁၈ရက်(တနင်္ဂနွေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

### ဗိုလ်ကြီးဇော်မြင့်ဝင်း(ငြိမ်း) (ရန်ကင်း)

**တေဇ(၁၇)**

**ဒုတိယဌာနမှူး (စက်ရုံနှင့်မော်တော်ယာဉ်ဌာန)**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**အသက်(၅၀)**

သူငယ်ချင်း ဇော်မြင့်ဝင်း ၄-၈-၂၀၁၈ရက်(စနေနေ့)ည ၇:၄၈နာရီတွင် ကွယ်လွန်သွားတဲ့အတွက် နှမြောတသယူကြုံးမရ ဝမ်းနည်းကြေကွဲရပါတယ်။ သူငယ်ချင်း ကောင်းရာသုဂတိလားပါစေ။

**တေဇ(၁၇) သူငယ်ချင်းမိသားစုများ**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

### ဦးတင်မောင်မြင့် (မော်လမြိုင်)

**မန်နေဂျာ(ငြိမ်း)၊ (ကုန်သွယ်ရေး/ဆေးနှင့်ဆေးကိရိယာ)**

**အသက်(၈၀)**

ဦးအောင်မျိုးဦး[ညွှန်ကြားရေးမှူး(မြို့ပြ)၊ လမ်းဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန]-ဒေါ်ပပထွေး [ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)၊ အဆောက်အဦ ဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန]တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မဖြိုးမြင့်သူ (Grade-5 A, TTC)၏အဘိုး ဦးတင်မောင်မြင့်သည် ၄-၈-၂၀၁၈ရက် မွန်းလွဲ ၁၂:၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အဆောက်အဦသုတေသနဓာတ်ခွဲခန်းများရုံးမိသားစု**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

### ဦးတင်မောင်မြင့် (မော်လမြိုင်)

**မန်နေဂျာ(ငြိမ်း)(ကုန်သွယ်ရေး/ဆေးနှင့်ဆေးကိရိယာ)**

**အသက်(၈၀)**

ဦးအောင်မျိုးဦး[ညွှန်ကြားရေးမှူး၊ (မြို့ပြ)၊ လမ်းဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး ဆောက်လုပ်ရေးဝန်ကြီးဌာန]-ဒေါ်ပပထွေး[ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ)၊ အဆောက်အအုံဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန]တို့၏ကျေးဇူးရှင်ဖခင်ဖြစ်သူ ဦးတင်မောင်မြင့်သည် ၄-၈-၂၀၁၈ရက် မွန်းလွဲ ၁၂:၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**လမ်းဦးစီးဌာနမိသားစု၊ မြောင်းမြခရိုင်**

---

**ဝမ်းနည်းကြေကွဲခြင်း**

### ဒေါက်တာကြည်လွင်

**အထူးကုဆရာဝန်ကြီး(သွားနှင့်ခံတွင်း)**

**အငြိမ်းစားနိုင်ငံ့ဝန်ထမ်းဆေးရုံကြီး၊ နေပြည်တော်**

**အသက်(၅၇)နှစ်**

ဥက္ကဋ္ဌ မြန်မာနိုင်ငံသွားနှင့်ခံတွင်း ဆရာဝန်အသင်းခွဲ နေပြည်တော်သည် ၃-၈-၂၀၁၈ရက်(သောကြာနေ့)တွင် နေပြည်တော် (ခုတင်-၁၀၀၀)ဆံ့ ဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မြန်မာနိုင်ငံသွားနှင့်ခံတွင်း ဆရာဝန်အသင်း**
**နေပြည်တော်အသင်းခွဲ**

---

### မောင်ကျော်စိုးဦး(ခ)ဂီဂီး

**အသက်(၁၈)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ ကျားကွက်သစ်လမ်း၊ အမှတ် ၂၁ (ခုနစ်လွှာ)နေ ဦးစန်းဦး - ဒေါ်ကြည်ကြည်ဝင်းတို့၏ သား၊ ဒေါ်သွယ်သွယ်ဝင်း၏တူ၊ ကိုစောဦး-မဟေမာဝင်း၊ မဝေဝေလှိုင်၊ မောင်ကျော်ရဲအောင်တို့၏ ညီ/မောင်သည် ၆-၈-၂၀၁၈ရက် မွန်းလွဲ ၂:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၈-၂၀၁၈ ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉:၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

တောင်တွင်းကြီးမြို့နယ်အသင်း
(ရန်ကုန်)

### ဦးစီ

**သက်ကြီးကန်တော့ခံ**

**အသက်(၁၀၁)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ယုဇနမာလာလမ်း၊ (၁၄/၃)ရပ်ကွက်၊ တိုက် ၁၆၂/၁နေ(ဒေါ်ယုခင်)၏ခင်ပွန်း ဦးစီသည် ၅-၈-၂၀၁၈ရက် (တနင်္ဂနွေနေ့)တွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၇-၈-၂၀၁၈ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့

# ဒုတိယသမ္မတ ဦးမြင့်ဆွေ တရုတ်ကွန်မြူနစ်ပါတီ ကျီလင်ပြည်နယ်ကော်မတီ ပါတီအတွင်းရေးမှူးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

## နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်သွားရေး ကိစ္စရပ်တို့ ရင်းနှီးပွင့်လင်းစွာဆွေးနွေး

**နေပြည်တော် ဩဂုတ် ၆**

ဒုတိယသမ္မတ ဦးမြင့်ဆွေသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ကျီလင်ပြည်နယ်ကော်မတီ ပါတီအတွင်းရေးမှူး Mr. Bayin Chaolu ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးနှင့် စိုက်ပျိုးရေး၊ ပို့ဆောင်ရေး၊ နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍတို့တွင် တရုတ် - မြန်မာနှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်သွားရေး ကိစ္စရပ်တို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



ဒုတိယသမ္မတ ဦးမြင့်ဆွေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ကျီလင်ပြည်နယ်ကော်မတီ ပါတီအတွင်းရေးမှူး **Mr. Bayin Chaolu** ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

# ဒုတိယသမ္မတဦးဟင်နရီဗန်ထီးယူ မြို့ကြီးရေလှောင်တမံနှင့် ရေအားလျှပ်စစ်စက်ရုံတို့အား ကြည့်ရှုစစ်ဆေးပြီး တံတားဦးမြို့နယ် စွန့်လွှတ်လယ်ယာမြေများ ပြန်လည်ပေးအပ်ပွဲသို့ တက်ရောက်အမှာစကားပြောကြား





ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မြို့ကြီးရေလှောင်တမံရှုရပ်မှ ဆည်ရေသိုလှောင်ထားရှိမှု အခြေအနေကို ကြည့်ရှုစဉ်။ သတင်းစဉ်

**နေပြည်တော် ဩဂုတ် ၆**

အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယ သမ္မတ ဦးဟင်နရီဗန်ထီးယူသည် ယမန်နေ့တွင် မြို့ကြီးရေလှောင်တမံနှင့် မြို့ကြီးရေအားလျှပ်စစ်စက်ရုံတို့ကို ကြည့်ရှုစစ်ဆေးပြီး တံတားဦးမြို့နယ်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြန်လည်စွန့်လွှတ်မြေများပေးအပ်ပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ဒုတိယဝန်ကြီးဗိုလ်ချုပ်အောင်သူ၊ ဦးလှကျော်နှင့် ဦးကျော်မျိုး၊ ရှမ်းပြည်နယ်ဝန်ကြီးများ၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌတို့နှင့်အတူ ယမန်နေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ် ရွာငံမြို့နယ် မြို့ကြီးရေလှောင်တမံသို့ ရောက်ရှိပြီး ရေလှောင်တမံ ရှင်းလင်းဆောင်ရှုရပ်မှ ဆည်ရေသိုလှောင်ထားရှိမှု အခြေအနေကို ကြည့်ရှုသည်။ *စာမျက်နှာ ၅ ကော်လံ ၁* ❐

## မြန်မာ ယူ-၁၆ အသင်း ဗီယက်နမ်ကို သရေကစားပြီး ဆီမီးဖိုင်နယ် တက်ရောက်

**ရန်ကုန် ဩဂုတ် ၆**

၂၀၁၈ အာဆီယံ ယူ- ၁၆ ပြိုင်ပွဲ အုပ်စု (က) နောက်ဆုံးနေ့ကို ယနေ့ညနေပိုင်းက အင်ဒိုနီးရှားနိုင်ငံ၌ ဆက်လက်ကျင်းပရာ မြန်မာ ယူ-၁၆ အသင်းသည် ဗီယက်နမ်အသင်းကို နှစ်ဂိုးစီသရေကစားပြီး ဆီမီးဖိုင်နယ်သို့ တက်ရောက်သွားသည်။

မြန်မာ ယူ-၁၆ အသင်းသည် ဗီယက်နမ်အသင်းထက် ဂိုးကွာခြားချက်တွင် အသာရထားသောကြောင့် သရေကျရုံဖြင့် ဆီမီးဖိုင်နယ် တက်ရောက်ခွင့်ရမည်ဖြစ်ပြီး အုပ်စုဒုတိယဖြင့် တက်ရောက်ခွင့်ရခဲ့ခြင်းဖြစ်သည်။

လက်ရှိချန်ပီယံ ဗီယက်နမ်အသင်းသည် ယခုပွဲအနိုင်ရမှ နောက်တစ်ဆင့်တက်ခွင့်ရမည်ဖြစ်သောကြောင့် ကြိုးစားခဲ့သော်လည်း မြန်မာအသင်းကို ဦးဆောင်ဂိုးများ ပေးလိုက်ရသောကြောင့် သရေရလဒ်သာ ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာ ယူ- ၁၆ အသင်းသည် အမာခံ ကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့ပြီး ၁၂ မိနစ်တွင် လမင်းထွေးက ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ *စာမျက်နှာ ၅ ကော်လံ ၁* ❍

**ပြန်လည်ရောက်ရှိသူများမှ ခင်နန္ဒာ (ဗုဒ္ဓဂယာ) သို့ ပို့သမေတ္တာ မုဒိတာများ** ☎ ၀၉-၅၆၀၀၁၂၃

၁၂-၃-၂၀၁၈ အောင်ခိုင်ဆင့် ၀၉-၄၂၀၀၆၆၈၈၄

- သာသနာ့မြေတွင် သီလရှင်ဝတ်ခွင့်ရတာ ကျေးဇူးတင်ပါတယ်။ ဒေါ်ခင်ခင်ရီ (တောင်ကြီး ၀၉-၄၁၀၀၂၉၈၃)
- နောက်တစ်ခေါက်ထပ်လာပါဦးမယ်။ ဒေါ်ခင်သိန်း (တောင်ဒဂုံ ၀၉-၇၉၅၆၅၈၄၂၀)
- အလွန်ကျေနပ်ဝမ်းသာပီတိဖြစ်ပါကြောင်း။ ဒေါ်တင်ညီသက် (မန္တလေး ၀၉-၅၀၂၉၂၅၂)
- ထပ်မံသွားလိုပါသည်။ သရဖီအောင် (မန္တလေး ၀၉-၅၀၂၉၂၅၂)
- နောက်လည်း ခင်နန္ဒာနဲ့ဘဲ ဘုရားဖူးလိုက်ဖြစ်မှာပါရှင့်။ ဒေါ်ငွေငွေဝင်း (တောင်ကြီး ၀၉-၅၂၂၈၄၈၆)
- အထူးကျေးဇူးတင်။ ဒေါ်ခင်သိန်းမူ (သံတွဲ ၀၉-၉၆၈၈၈၀၆၇၇)
- အစစအရာရာကောင်းမွန်ပါသည်။ ဒေါ်ဖြူဖြူခင် (ဒဂုံ ၀၉-၅၁၅၃၀၃၀)
- ဒီထက်ပိုပိုကောင်းမွန်ပါစေ။ မယုယုခိုင် (မရမ်းကုန်း ၀၉-၄၂၅၃၂၆၇၀၈)
- အဆင်ပြေပါတယ်။ ဒေါ်ခင်မာ (ရွှေတောင် ၀၉-၉၆၅၈၉၅၇၇၀)
- တည်းခိုရပ်နား အရမ်းကောင်း။ ဒေါ်မြင့်မြင့်သန်း (မြစ်ကြီးနား ၀၉-၄၂၃၇၃၃၆၁၀)
- အားလုံးအဆင်ပြေပါတယ်။ ဒေါ်အေးအေးသိန်း (စစ်တွေ ၀၉-၇၉၀၂၆၀၆၅၁)

၁၄-၃-၂၀၁၈ ခွန်ကျော်နိုင် ၀၉-၇၉၅၂၈၂၁၃၅

- Good တယ်တော့။ လုပ်ငန်းတိုးချဲ့နိုင်ပါစေ။ ဒေါ်ခင်ဝင်းကြည် (ကျောက်ပန်းတောင်း ၀၉-၇၇၁၄၄၆၉၅၅)
- လေးစားဂုဏ်ယူမိပါသည်။ ဒေါ်စိန်မေ (ပုဇွန်တောင် ၀၉-၇၇၁၄၄၆၉၅၅)
- တိုးတက်အောင်မြင်ပါစေ။ စောမင်းလတ် (ကလေး ၀၉-၂၄၅၀၂၄၀)
- တတိယအကြိမ်သွားချင်ပါသေးသည်။ ဒေါ်ကြည်ကြည်လွင် (တောင်ဥက္ကလာ ၀၉-၂၆၁၇၉၉၅၈၂)
- အထူးကျေနပ်ပီတိဖြစ်ရပါသည်။ ဦးခင်မောင်ဝင်း (ဒိုက်ဦး ၀၉-၅၃၈၂၁၆၄)
- ဧည့်ခံ ၊ ကျွေးမွေး ၊ ဆက်ဆံရေးကောင်း။ ဒေါ်စန်းရီ (ဒိုက်ဦး ၀၉-၇၉၀၁၀၇၅၁၇)
- ကုသိုလ်တရားတိုးပွားအောင် ဆောင်ရွက်ပေးနိုင်၍ ကျေးဇူးတင်ပါသည်။ ဒေါက်တာမြင့်မြင့်စု (သံဖြူဇရပ် ၀၉-၅၃၂၁၁၂၅)
- ဝန်ဆောင်မှုအလွန်ကောင်း။ ဒေါ်ခင်စောမာ (လှိုင် ၀၉-၄၃၀၃၄၉၉၀)
- နောက်တစ်ခေါက်ဖူးမြော်ချင်ပါသည်။ ဒေါ်နုနုရွှေ (ဗိုလ်တစ်ထောင် ၀၉-၇၇၁၄၄၆၉၅၅)